ရွှေဟင်္သာ
တာမယ်



# ကျော်ကြယ်နန်း

## အေးမာ တရားခွင်မှအပြန်

စီစဉ်သူ.... မောင်တင်ဌေး

မျက်နှာဖုံးပန်းချီ.... ဝဏ္ဏဟန်နီ

အုပ်ရေ.... (၅၀၀)

တန်ဖိုး.... ၂၀၀ ကျပ်

ဒုတိယအကြိမ်

၂၀၀၀-ခုနှစ်။


# ကျော်မြသန်း

## အေးမာ တရားခွင်မှအပြန်

| | | |
|---|---|---|
| စာမူခွင့်ပြုချက် | ... | ၁၁၀/၂၀၀၀(၂) |
| မျက်နှာဖုံးခွင့်ပြုချက် | .... | ၁၇၅/၂၀၀၀(၃) |
| ထုတ်ဝေသူ | .... | ဒေါ်မြမြ(၀၁၆၆၃)<br>ဘိုးတော်စာပေ<br>ဖဆပလ၊ တိုက်(၇)၊<br>အခန်း(၆)၊ ရန်ကုန်မြို့။ |
| ပုံနှိပ်သူ | .... | ဒေါ်ခင်သန်း(၀၂၆၆၂)<br>နဝရတ်ပုံနှိပ်တိုက်၊<br>၁၇၊ သဂြိဟလမ်း၊<br>ကျောက်မြောင်း၊ တာမွေ၊ ရန်ကုန်မြို့။ |
| အဖုံးရိုက် | .... | ဒေါ်ခင်သန်း(၀၂၆၆၂)<br>နဝရတ်ပုံနှိပ်တိုက်၊<br>၁၇၊ သဂြိဟလမ်း၊<br>ကျောက်မြောင်း၊ တာမွေ၊ ရန်ကုန်မြို့။ |


# ဒို့တာဝန် အရေးသုံးပါး

ပြည်ထောင်စုမပြိုကွဲရေး .... ဒို့အရေး
တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေး .... ဒို့အရေး
အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး .... ဒို့အရေး

စည်းကမ်းလိုက်နာ ဘေးကင်းကွာ
စည်းကမ်းရှိမှ တိုးတက်မည်
စည်းမျဉ်းကိုက်ညီ ဘေးကင်းသည်။

နိုင်ငံတော် ဖွဲ့စည်းပုံ အခြေခံဥပဒေ ပေါ်ပေါက်ရေးသည်
ပြည်ထောင်စုသား အားလုံး၏
ပဓာနကျသော တာဝန်ဖြစ်သည်။

# ပြည်သူ့သဘောထား

- ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင် ဝါဒီများအား ဆန့်ကျင်ကြ။
- နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော် တိုးတက်ရေးကို နှောင့်ယှက် ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- နိုင်ငံတော် ပြည်တွင်းရေးကို ဝင်ရောက် စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
- ပြည်တွင်းပြည်ပ အဖျက်သမားများအား ဘုံရန်သူ အဖြစ် သတ်မှတ်ချေမှုန်းကြ။

အမိ အုပ်ထိန်းသော သမီးနှင့် အဖ အုပ်ထိန်းသော သမီးသည် မတူ၊ အမိ အုပ်ထိန်းသော သမီးက သိမ်မွေ့သည်၊ ဣန္ဒြေရှိသည်၊ လိမ္မာရေးခြားရှိသည်၊

အမိ အုပ်ထိန်းသော သားနှင့် အဖ အုပ်ထိန်းသော သားသည် မတူ၊ အဖ အုပ်ထိန်းသော သားက လိမ္မာရေးခြား ရှိသည်၊ အမိရော အဖပါ နှစ်ဦးစလုံး အုပ်ထိန်းသော သားသမီးများသည် ပို၍ လိမ္မာရေးခြား ရှိသည်၊ လူတော် လူကောင်းလေးများ ဖြစ်လာတတ်သည်၊

သမီး မိန်းကလေးကို အုပ်ထိန်းရန် အမိတွင် ပို၍ တာဝန်ရှိသည်၊ သား ယောကျ်ားလေးကို ထိန်းသိမ်း ကွပ်ညှပ်ရန် အဖတွင် ပို၍တာဝန်ရှိဘိ၏။

ဤသည်မှာ လောကနီတိ အဆိုဖြစ်၏။

## ဤစာအုပ်နှင့် ပတ်သက်၍

ဤစာအုပ်ပါ ဇာတ်လမ်း၏ ပင်မ ကျောရိုးမှာ တကယ့်အဖြစ်အပျက် ဇာတ်လမ်းဖြစ်၍ ဝတ္ထုတစ်ပုဒ် ဖြစ်လာအောင် သွယ်လျှားဖွဲ့ထုံးဖွဲ့ရာတွင်မူ စာရေးသူ၏ ထောင်အတွေ့အကြုံများကို ဖြည့်အားပေး၍ ရေးဖွဲ့ခဲ့ပါသည်။

လူ့ဘဝဇာတ်ခုံတွင် ဖြစ်လေ့ဖြစ်ထရှိသော ဇာတ်လမ်းပေါင်းများစွာ ရှိသည့်အနက် ယခု ဇာတ်လမ်းမှာ စိတ်ဝင်စားစရာ ကောင်းသလို သင်ခန်းစာယူစရာများ ပါဝင်သည့် ဇာတ်လမ်း တစ်ပုဒ်အဖြစ် စာရေးသူက ခံယူပြီး စာချစ်သူများထံ တင်ပြရခြင်း ဖြစ်ပါသည်။

ဇာတ်အိမ် ဖွဲ့စည်းရာတွင်မူ ယခင် စာရေးသူ၏ စာအုပ်များနှင့် မတူဘဲ တစ်မျိုးတစ်ဘာသာ ဖွဲ့စည်းမှု ပြုခဲ့ရာ အစပိုင်းတွင် အနည်းငယ် ရှုပ်ထွေးသယောင် ရှိမည် ဖြစ်သော်လည်း ဇာတ်သိမ်းပိုင်းတွင်မူ ကွက်ကွက် ကွင်းကွင်း ရှင်းလင်းသွားလိမ့်မည်ဟု ယူဆပါသည်။

**ဇာတ်ကောင်**များ၏ အမည်များကိုမူ ပြောင်းလဲ ထားပါသည်။

တကယ့် အဖြစ်အပျက် မှုခင်းနှင့် ထောင့်ဇာတ်လမ်း နှစ်ခြိုက်သည့် စာချစ်သူများအတွက် တစ်အုပ်နှင့် တစ်အုပ် မတူအောင် ကြိုးစားပြီး တင်ပြလျက်ရှိရာ အနည်းငယ်မျှသော ခွင့်မလွှတ်နိုင်ဖွယ်များနှင့် ချွတ်ယွင်းချက်များကို စေတနာနှင့် ခွင့်လွှတ်မှုထားရှိသလို ဝေဖန်စရာများကို ဝေဖန် အကြံပေးကြသည့် စာချစ်သူများကိုလည်း အထူးတလည် ကျေးဇူးတင်ရှိကြောင်း ပြန်ကြားအပ်ပါသည်။

ဤဝတ္ထုဇာတ်လမ်းကို စိတ်ရှည်လက်ရှည် မကွယ်မဝှက် ပြောပြခဲ့သော ဇာတ်ကောင်တစ်ဦးဖြစ်သည့် ကဗျာဆရာ မောင်ညိုယဉ် အမည်ခံ ဦးတင်အောင် အား ကျေးဇူးတင်ရပါကြောင်း မှတ်တမ်းပြု ဖော်ပြရပါသည်။

သန့်စင်သော ထာဝရမေတ္တာဖြင့်

**(ကျော်မြသန်း)**

## အခန်း (တစ်)

### ဦးရည်အောင် (ဗဟိုတရားရုံးရှေ့နေ)

ပန်းဆိုးတန်းရှိ ဗဟိုတရားရုံးရှေ့နေကြီး ဦးရည်အောင်၏ ရုံးခန်းမှာ ကျယ်ဝန်းသည်။ ထည်ဝါသည်။ နို့နှစ်ရောင် ပန်းမှန် အထူစားများနှင့် အကာအရံပြု ဖွဲ့စည်းထားသည့် အခန်းထဲတွင်ရှိသော ပရိဘောဂများမှာ သစ်လွင်တောက်ပသည်။ သပြေသီးမှည့်ရောင် လက်ကီလက်ထနေသည့် ဦးရည်အောင် ထိုင်သော စားပွဲကြီးမှာ ခန့်ညားမှု၏ အဆောင်အယောင်တစ်ခုအဖြစ် ရှိနေသည်။ လက်နှိပ်စက် တင်ထားသည့် စားပွဲ၊ စာရွက်စာတမ်းများ ထည့်ထားသည့် သံဗီရို၊ ဦးရည်အောင် ခဏတာ အနားယူဖို့ထိုင်သော နိုင်ငံခြားဖြစ် ပက်လက်ကုလားထိုင်အပြင် ဧည့်သည်များထိုင်ဖို့ ဆက်တီဘတ်စုံ ပါရှိနေသည်။ ထည်ဝါသော ရုံးခန်းတစ်ခန်းတွင် ရှိအပ်သည့် လက်နှိပ်စက်၊ ပန်ကာ၊ တယ်လီဖုန်း၊ ခေတ်မီ ရုံးသုံးကိရိယာများလည်း ပြည့်ပြည့်စုံစုံရှိနေရာ အဟန့်အထည်ကောင်းသော **ရုံးခန်းတစ်ခန်း**ဟု ဆိုရပေမည်သာ။

သူ၏ရုံးခန်းအနေအထားက ဦးရည်အောင်ကို အောင်မြင်နေသော ဥပဒေပညာရှင်တစ်ယောက်အဖြစ် ဖော်ညွှန်းပြနေသည်သို့ ရှိချေ၏။

ဦးရည်အောင်မှာ အသက်ငါးဆယ်ကျော်တန်းသို့ ဝင်ခနပြီဖြစ်သည့်တိုင် ပျိုမျစ်ကြော့ရှင်းရိပ် ထင်နေဆဲရှိရှာ အမြင်အားဖြင့် လေးဆယ်ကျော်လောက်တု ခန့်မှန်းနိုင်ရအောင် နုနုဖပ်ဖပ် အရွယ်တင်နေဆဲပင် ရှိနေသည်။ တရားခွင်နယ်ပယ်တွင် တရှိန်ရှိန် နာမည်တက်နေသူဖြစ်သည့်အတိုင်း၊ အမှုများကို လက်မလည်အောင် လိုက်နေရ၏။ အမှုလိုက် တော်သည်။ ဆက်ဆံရေး ပြေပြစ်သည်၊ သိက္ခာသမာဓိ ရှိသည်၊ ဥပဒေရေးရာတွင် ကျွမ်းကျင်သည်၊ အမှုလိုက်ရပြီးရောသဘောမမူဘဲ ကိုယ်လိုက်နိုင်မည့် အမှုများကိုသာ စိစစ်ရွေးချယ်ပြီး လက်ခံသူအဖြစ် အမှုသည်များ၏ချီးကျူးကျေနပ်မှုကို အပြည့်အဝရနေသူလည်း ဖြစ်သည်။

ဗဟိုတရားရုံးရှေ့နေကြီး ဦးရည်အောင်၏ ရုံးခန်းသို့ အေးမဇရောက်လာသည့်နေ့မှာ မိုးလယ်ကာလ၏ နေ့တစ်နေ့၊ အတိအကျဆိုရပါမူ ဇူလိုင်လ(၃)ရက်နေ့။

မိုးသေးမိုးဖွဲကလေးများမှာ မနက် မိုးလင်းကတည်းက စင် တဖွဲဖွဲကျနေသည်၊ ပို၍လည်းသည်းမလာ၊ တိတ်လည်း မသွားဘဲ ထီးမိုးမလွတ်အောင် တဖွဲဖွဲတစွေစွေ ရွာနေသည်။ စိမ့်စိမ့်လေး အေးနေသည်၊ ဦးရည်အောင်မှာ ထိုနေ့က တရားရုံးများသို့ သွားရန် မရှိသော်လည်း နောက်နေ့တွင်



ဗဟိုတရားရုံး၌ လျှောက်လဲချက်ပေးရမည့် အရေးကြီးသော အမှုအတွက် ပြင်ဆင်ရန်ရှိနေသဖြင့် သူ၏ရုံးခန်းသို့ အစောကြီးကတည်းက ရောက်နေသည်။

အလုပ်လုပ်နေဆဲ မိတ်ဆွေတစ်ယောက် ရောက်လာသဖြင့် လုပ်လက်စအလုပ်များကို ခဏရပ်ပြီး မိတ်ဆွေဖြစ်သူနှင့် စကားပြောနေ၏။ မိတ်ဆွေဖြစ်သူက ပက်လက်ကုလားထိုင်တွင်ထိုင်ပြီး ဦးရည်အောင်က သူ၏စားပွဲကို လက်နောက်ပြန်ထောက်၍ စကားပြောနေကြစဉ် သူတို့မျက်နှာတူရူရှိ တံခါးပွင့်လာသောကြောင့် သူတို့နှစ်ယောက်စလုံး၏ မျက်လုံးများမှာ တံခါး ဖွင့်ဝင်လာသူဆီသို့ ရောက်သွားရသည်။

ရုပ်ရှင်မင်းသမီးလေလားဟု ထင်မှတ်မှား ရလောက်အောင် ပြင်ဆင်ခြယ်သ ထုံမွှမ်းလာသည့် လှပသော မိန်းကလေးတစ်ယောက်။ တစ်ကိုယ်လုံးအနီ၊ ဖြူသောအသားနှင့် အနီမှာ လိုက်ဖက်သည်။ အနီသည် ရဲရင့်ခြင်း၏ အသွင်ကိုလည်း ဆောင်သည်။ တံခါးကိုမခေါက်ဘဲ တိုက်ရိုက် ဖွင့်ဝင်လာသည်ကိုက ရဲရင့်သည့်သဘော၊ ဘယ်သူဘယ်ဝါတော့ မသိစေကာမူ ဦးရည်အောင်က ကျင့်သားရနေသည့်အတိုင်း အပြုံးဖြင့် ဆီးကြိုလိုက်ရသည်။

ဝင်လာသူ မိန်းကလေးမှာ အခန်းထဲ ရောက်လာပြီး တံခါးနဲ့ရပ်သွားရသည်၊ မျက်ဝန်းထဲတွင် တွေ့လိုက်ရသည်မှာ နှစ်ယောက်၊ သူမ တွေ့ချင်သည်က တစ်ယောက်၊ တွေ့ချင်သူ ဘယ်သူဘယ်ဝါဖြစ်မည်ကို မဝေခွဲနိုင်သည့်ဟန်နှင့် လျှပ်တစ်ပြက် မျက်လုံး အပြောင်းအရွှေ့လုပ်ပြီး ကြည့်လိုက်၏။

ချိုမြိန်ရိပ်ထင်သောအကြည့်နှင့် ကိုယ်ပိုင်ချစ်စရာအပြုံးမှာ မှဲ့မှဲ့ထင်ထင်ရှိနေသည်။

ဦးရည်အောင်က ရမ်နေရာမှ နေရာကိုရွှေ့ပြီး ကုလားထိုင် ထိုးပေးလိုက်သည်။

အေးမာ၏မျက်လုံးများကို အကာအကွယ်ပေးထားသည့် နေကာမျက်မှန် ပြာလဲ့လဲ့လေးမှာ သူမ၏မျက်လုံးများကို ဖုံးကွယ်ထားနိုင်ခြင်းမရှိပေ။ ထိုးဖောက် မြင်နိုင်အောင်ပင် ကြည်ကြည်လင်လင်ရှိနေသည်။ လက်ကိုင်အိတ်အနီကို ဘယ်ဘက်လက်တွင်ချိတ်ထားပြီး ညာဘက်လက်နှင့်သောက်လက်စ စီးကရက်ကို ကိုင်ထားပုံမှာ ဟန်ဝင့်လှ၏ဟူ ဆိုရမည်သို့ ရှိနေသည်။

မိုးက တစွေစွေနှင့် ပျင်းစရာကောင်းသောနေ့တွင် အေးမာလိုမိန်းကလေးတစ်ယောက်ကို တွေ့လိုက်ရသည်မှာ ထိုင်းမှိုင်းနေသောစိတ်ကို လန်းဆန်းသွားစေပေလိမ့်မည်သာ။

အလှအပဟူသည် မျက်စိအာရုံကို လှည့်ဖြားနိုင်စွမ်း မရှိပါလေ။ အလှနှင့်တွေ့လျှင် ဘဝကို မေ့တတ်ကြသည်ဟူ ဆိုစကားရှိသည် မဟုတ်ပါလား။

ဦးရည်အောင်၏ညှော်သည်က အလိုက်တသိ နှုတ်ဆက်ပြီး ထ ပြန်သွားခဲ့သည်။

''ကျွန်တော် ရည်အောင်ပါ၊ ကိစ္စလေးအမိန့်ရှိပါ''

''ကျွန်မက အေးမာပါ၊ ဦးရည်အောင်နဲ့ တိုင်ပင်စရာလေးရှိလို့ လာတာပါ၊ အချိန်ပေးနိုင်ပါတယ်နော်''



''ဈတ်ကဲ့....ရပါတယ်၊ ဘယ်သူက လမ်းညွှန်လိုက်လို့ ပါလိမ့်''

''ကျွန်မဘာသာ စုံစမ်းပြီးလာတာပါ၊ ဦးရည်အောင်က သိက္ခာရှိတယ်၊ အမှုလိုက်တော်တယ်၊ နှစ်ဖက်လှ မလုပ်တတ်ဘူးဆိုတဲ့သတင်းက ကျော်ကြားနေပါတယ်လေ''

အေးမာ ပြောပုံဆိုပုံက အသွယ်အဝိုက်မပါ။ ဘိတိ ပပရှိသည်။ 'နှစ်ဖက်လှမလုပ်တတ်ဘူး' ဆိုသော အပြောကြောင့် ဦးရည်အောင်၏နှုတ်ခမ်းလွှာပေါ်တွင် အပြုံးရိပ် သဲ့သဲ့လေး ထင်သွားရသည်။

''ဒေါ်အေးမာက အမှုအကြောင်းတိုင်ပင်ချင်တယ်ဆိုရင် ပွင့်ပွင့်လင်းလင်း ပြောဖို့တော့ လိုလိမ့်မယ်နော်၊ အမှုဖြစ်ကြောင်းကို ပွင့်ပွင့်လင်းလင်းပြောမှ ကျွန်တော်တို့ ဥပဒေပညာရှင်တွေအနေနဲ့ ကိုယ့်အမှုသည်အတွက် ပြင်ဆင်နိုင်ပါတယ်၊ ဒီအတွက် ပြင်ပကိုမပေါက်ကြားဖို့တော့ ကျွန်တော် တာဝန်ယူပါတယ် ဒေါ်အေးမာ၊ စိတ်ချပါ''

ဦးရည်အောင် ထိုသို့ပြောလိုက်ရသည်မှာ အကြောင်းရှိ၏။ အေးမာလို လှပသောမိန်းကလေးများ အမှုကြောင်းဖြစ်လာပြီဆိုရင် ပြဿနာတွေ တစ်ခုပေါ်တစ်ခု ထပ်ပိုးပြီး ရှုပ်ထွေးလာတတ်သည်ကို သူ၏လုပ်သက် အတွေ့အကြုံအရ သိနေသဖြင့် ကြိုတင်ပြောထားလိုက်ရခြင်း ဖြစ်ပေသည်။

''ကျွန်တော်ပြောတာ ဒေါ်အေးမာ သဘောပေါက်ပါတယ်နော်''

"တုတ်ကဲ့....သဘောပေါက်ပါတယ်၊ အေးမာကလဲ ပွင့်ပွင့်လင်းလင်းပဲပြောတာဘဲပါတယ်၊ အေးမာ လာတိုင်ပင်ရတဲ့ကိစ္စက လောလောဆယ်တော့ ရုံးတို့ဘာတို့ မရောက်သေးပါဘူး၊ မကြာခင်ရောက်တော့မယ့် အခြေအနေမှာ ရှိပါတယ်၊ ဒါကြောင့် ကြိုပြီး လာတိုင်ပင်ရတာပါ"

"တုတ်ကဲ့-ဒေါ်အေးမာရဲ့ဖြစ်ကြောင်းလေး စရအောင်"

"အေးမာအကြောင်း နည်းနည်းပါးပါး ပြောသွားဖို့လိုမှာပေါ့"

"နည်းနည်းပါးပါး မတုတ်ပါဘူးလေ၊ များများပြောလေ ကောင်းလေပါ၊ ဇာတ်မြစ်ဆိုတာက အမှုအကြောင်းမှာ အရေးကြီးဆုံးပါ ဒေါ်အေးမာ"

"အေးမာရဲ့အဖေက ဆန်စက်ပိုင်ရှင် ကုန်သည်ကြီးပါ၊ အေးမာတို့မှာ ညီအစ်မသုံးယောက်ရှိပါတယ်၊ အေးမာက တက္ကသိုလ်မှာ ဘတီယနှစ်အထိ နေခဲ့ပါတယ်၊ အေးမာအဖေ ကွယ်လွန်သွားပြီးတဲ့နောက် မိသားစုနဲ့ မသင့်မြတ်တာနဲ့အေးမာ ဘော်ဒါဆောင်မှာ ပြောင်းနေခဲ့ပြီးလက်ရှိကတော့( )ရုံးမှာ ဝင်လုပ်နေပါတယ်၊ မိသားစု အမွေမခွဲသေးခင် အိမ်က တစ်လ ငါးရာ အသုံးစရိတ် ပေးသွားပါတယ်"

ဦးရည်အောင်က သောက်လက်စ စီးကရက် ပြာ ကို ပြာခွက်ထဲခြွေချလိုက်ပြီး ကြားဖြတ်မေးခွန်း ဝင်မေးလိုက်သည်၊



"ဒေါ်အေးမာ ကျောင်းထွက်လိုက်ရတာက...."

"အေးမာ ကျောင်းဆက်မနေချင်လို့ပါ၊ ဒီအကြောင်းတွေ နောက်ပိုင်းမှာ ပါလာပါလိမ့်မယ်"

"မိသားစုနဲ့ ပြဿနာဆိုတာကကော"

"အေးမာက ငယ်ငယ်ကတည်းက လွတ်လွတ်လပ်လပ်နေတတ်ပါတယ်၊ ယောကျ်ားလေးအပေါင်းအသင်း များတယ်၊ ခေတ်ဆန်တယ်၊ အေးမာတို့အဖေက အလိုလိုက်တယ်၊ အေးမာ နေတာထိုင်တာကို အမေနဲ့ အစ်မတွေက သဘောမကျဘူး၊ အဖေမရှိတဲ့နောက် သူတို့နဲ့ တွဲနေလို့ မဖြစ်တော့ဘူးလေ"

"ခုမှုဖြစ်ကြောင်းက အိမ်နဲ့ပတ်သက်တာလား"

"မဟုတ်ပါဘူး ဦးရည်အောင်၊ ကိုနိုင်ဦးဆိုတဲ့ လူတစ်ယောက်နဲ့ ပတ်သက်လို့ပါ၊ သူက (............)ဌာနက အရာရှိလေးပါ၊ ကျောင်းမှာကတည်းက အေးမာနဲ့ အတွဲ၊ အတွဲဆိုတာက အေးမာရဲ့ ပထမဆုံးချစ်သူပါ၊ အေးမာရဲ့ အသည်းကို ဟက်တက်ကွဲအောင် ခွဲသွားသူဆိုပါတော့လေ၊ ကျောင်းတုန်းက ဇာတ်လမ်းပြတ်သွားပြီးတဲ့နောက် ငါးနှစ်လောက်ကြာမှ ပြန်ဆုံခဲ့ကြတာပါ၊ ကိုနိုင်ဦးက ကျွန်မကို စိန်ထည်တချို့ ပေးခဲ့ပါတယ်၊ အဲဒါတွေကို သူအိမ်ကသိပြီး ပြန်လိုချင်လာတော့ နည်းအမျိုးမျိုးနဲ့တောင်းလာပါတယ်၊ ပြန်မပေးရင် တရားစွဲမယ်လို့ ခြိမ်းခြောက်ခဲ့တာပါပဲ"

"ကိုနိုင်ဦးက ခုထိ လွတ်လွတ်လပ်လပ်ပဲပေါ့"

"မဟုတ်ပါဘူး၊ သူက အိမ်ထောင်ကျသွားပြီးမှ ကျွန်မနဲ့ ပြန်ဆုံတွေ့တာ"

''ဒေါ်အေးမာကတော့ ခုထိ....'

''ဟုတ်ပါတယ်၊ ကျွန်မက လူလွတ်ပါ''

''ကိုနိုင်ဦးပေးတဲ့ စိန်ဆိုတာက ဘယ်လောက်များသလဲ''

''တစ်ဖက်ရှစ်လုံးပါတဲ့ စိန်ခြယ်နားကပ် တစ်ရန်၊ စိန်ခြောက်လုံးပါတဲ့ မြလက်စွပ်တစ်ကွင်း၊ စိန်အသေးအလတ် ၃၃လုံးပါတဲ့နာရီကြိုးတစ်ခုနဲ့ ပတ္တမြားလက်ကောက်တစ်ရန် ဒါပါပဲ''

''အို....မနည်းပါလား''

''ဟုတ်ကဲ့....ဆိုနိုင်ပါတယ်၊ အေးမာတို့အဖို့တော့ ဒါဟာ အသေးအဖွဲ့ပါ''

ဦးရည်အောင်၏ မျက်ခုံးနှစ်ဖက်မှာ အပေါ်သို့တွန့်တက်သွားပြီး တစ်ဝက်ကျိုးရုံလောက်သာရှိသေးသော စီးကရက်ကို ပြာခံခွက်ထဲ ထိုးချေမိလျက်သား ဖြစ်သွားရသည်။ မျက်နှာပေါ်တွင် လျှပ်တစ်ပြက်ထင်သွားသော အံ့ဩရိပ်ကိုမဖုံးကွယ်သာအောင် ဖြစ်သွားရသည်။

''ဒီလောက်ပစ္စည်းတွေကို အသေးအဖွဲ့ပါဆိုတာတော့''

ဦးရည်အောင်က စကားကိုဖြတ်ပြီး အေးမာမျက်နှာကို စူးစူးရဲရဲကြည့်လိုက်၏။

''ဦးရည်အောင် အတော့်ကို အံ့ဩသွားလေမလားပဲ၊ အေးမာကတော့ဒါမျိုးတွေ မကော်မှုမမက်မောတာကိုး၊ အရည်အသွေး ဘယ်လောက်ကောင်းလို့ တန်ဖိုးဘယ်လောက်ရှိမှန်းတောင် မသိဘူးလေ၊ သူ့ငယ်ချင်းတစ်ယောက်ကို ရောင်းခိုင်းပြီး သုံးပစ်လိုက်တာပဲ''



''ဟောဗျာ''

''မယုံရင် ပုံပြင်လို သဘောထားပါဆိုတဲ့ပမာစကားရှိပါတယ်လေ''

''ဆန်းနေသလားလို့ပါ၊ ဒီလောက်များတဲ့ ပစ္စည်းတွေ ဒေါ်အေးမာကို အလကားပေးတယ်၊ ဒေါ်အေးမာက သုံးပစ်လိုက်တယ်ဆိုတော့''

''သူကရော စိန်ထက် အေးမာကို မက်လို့ ဖြစ်မှာပေါ့လေ''

ဦးရည်အောင်မှာ ပခုံးနှစ်ဖက်ကို တွန့်ပြီး အငေးသား ဖြစ်သွားရသည်။

အေးမာက ချိုမြိန်ရိပ်ထင်သော မျက်လုံးနှင့် အထာပေးပြီး ချစ်စရာကိုယ်ပိုင်အပြုံးလေးနှင့် ငါးသုံးလုံးစီးကရက်ဘူးထဲက စီးကရက်တစ်လိပ်ကို ဟန်ပါပါလေး ဆွဲထုတ်လိုက်၏။ ဦးရည်အောင်ဆီသို့ စီးကရက်ဘူးကို ကမ်းလိုက်ရာ ဦးရည်အောင်က ခေါင်းခါပြီး သူ၏ရှမ်ဆွန်းမီးခြစ်မှ မီးတောက်ကလေး ဖွင့်ပေးလိုက်သည်။

''အင်းလေ လောကကြီးမှာ မဖြစ်သေးတာပဲ ရှိတယ်၊ မဖြစ်ဖူးတာမှ မရှိတာကိုး၊ သူတို့က ပစ္စည်းတွေတောင်းတော့ ကိုနိုင်ဦးဆီကပစ္စည်းတွေ ဒေါ်အေးမာ မရပါဘူးလို့ ငြင်းလိုက်တာပေါ့''

''မငြင်းလိုက်ပါဘူး၊ လုံးဝပြန်မပေးနိုင်ဘူးလို့ပဲ ပြောလိုက်ပါတယ်''

''အဲဒီတော့''

"သူတို့ဘက်က အနုနည်းနဲ့ချော့တယ်၊ အကြမ်းနည်းနဲ့လဲ ခြိမ်းခြောက်လာပါတယ်၊ စေ့စပ်ရေးသမားတွေလွှတ်ပြီး သုံးပုံ နှစ်ပုံ ပြန်ပေးဖို့ ပြောလာကြတယ်၊ အေးမာက ခေါင်းခါလိုက်တော့ တစ်ဝက်အထိ လျှော့လာပြန်ပါတယ်၊ ဒီကိစ္စနဲ့ ပတ်သက်လို့ နောက်ထပ်လာမပြောဖို့ အပြတ်ပြောလိုက်တဲ့ နောက်ပိုင်းတော့ လူကိုရန်ရှာမယ်၊ တရားစွဲမယ်လို့ အတိအလင်း ခြိမ်းခြောက်ခဲ့တာပါပဲ"

"ကိုနိုင်ဦးက ဒေါ်အေးမာကို ပစ္စည်းတွေ ပေးတုန်းက သက်သေသက်ကာယရှိပါသလား"

"မရှိပါဘူး နှစ်ဦးချင်းပေးတာပါ"

"ပေးပုံပေးနည်းက"

"သူအမွေရထားတဲ့ပစ္စည်းတွေ အေးမာသုံးချင်သလိုသုံးဖို့ဆိုပြီး ပေးတာပါ၊ သူ့ကိုပဲ မထုတ်အောင် လာဘ်ထိုးတာပေါ့လေ"

အေးမာအပြောကို သဘောကျသွားသမို့လား မသိ၊ ဦးရည်အောင်က ခပ်သောသောက်လေး ရယ်လိုက်သည်။

"မြူဆွယ်ပြီးယူတယ်ဆိုတဲ့သဘောတွေ သက်ရောက်တာပေါ့လေ"

"အေးမာအသည်းကိုခွဲပြီး အေးမာကို အရှက်တကွဲ အကျိုးနည်းအောင် စလုပ်သူက ကိုနိုင်ဦးပါ"

"ထားပါလေ၊ သူတို့ပေးတဲ့ စာရွက်စာတမ်းတွေ ထားခဲ့ပါ၊ ကျွန်တော် လေ့လာကြည့်ပါဦးမယ်၊ သန်ဘက်ခါ ထပ်တွေ့ကြတာပေါ့"



"ကျေးဇူးတင်ပါတယ် ဦးရည်အောင်၊ အေးမာက တရားရုံးမှာ ရင်ဆိုင်ဖို့ အဆင်သင့်ပါ၊ ဪ....ဒါထက် အမှုလိုက်ခ ဘယ်လိုများ သတ်မှတ်မှာပါလိမ့်"

"ဟိုနေ့ကျမှပဲ ပြောကြတာပေါ့"

အေးမာက သူ၏ဇာတ်ကြောင်းကို အဖုံးအပိတ် အထိမ်အချန်မပါဘဲ ဖွင့်အန်သွားခဲ့၏။

ဦးရည်အောင်မှာ အေးမာကို တစ်ချိန်လုံး အကဲခတ်ကြည့်နေခဲ့သည်။ သူမ၏အလှကို စေ့စေ့ငှငှ ရှာဖွေကြည့်ခဲ့သည်ဟု ဆိုရသော် ပို၍မှန်မည်ထင်သည်။

လှသော မိန်းကလေးတစ်ယောက်နှင့် ထူးခြားသောမှုခင်းတစ်ခု။

ကြွကြွရွရွလေး ထသွားသော အေးမာ၏ နောက်ကျောဘက် မြင်ကွင်းမှာသည်း လှပနေသည်သာ။

## အခန်း (နှစ်)

### အေးမာ သို့မဟုတ် ဒေါ်ရသီမြိုင်

ရစ်လိမ် ကွေ့ကောက်နေသော ဘူးညွန့်ကို ဖြောင့်လျှင် ကျိုးတတ်ဘိသို့ ဘူးညွန့်နှင့်တူသော အေးမာ၏ဘဝကို ဖြောင့်ရန်မှာ မလွယ်ကူပါလေ။

အေးမာ၏ ဇီဇာက ခပ်ဆိုးဆိုးမို့ သူမ၏ ဘဝခရီးလမ်းကြောင်းသည်လည်း ချောမွေ့ ဖြောင့်ဖြူးခြင်းမရှိဘဲ ကောက်တီကောက်ကွေ့ ရှိခဲ့၏။

အေးမာသည် လှ၏။

သူမ၏အလှမှာ ဖွံ့ထည်သည်၊ မြူးကြွသည်၊ ဆွဲဆောင်အား ပြည့်လျှမ်းသည်၊ လှသော မိန်းကလေးတိုင်း ဆွဲဆောင်အား မပြည့်ထင်။ အေးမာမှာမူ လှလည်း လှသည်။ ဆွဲဆောင်



အားလည်း ပြည့်လျှမ်းသည်။ တစ်ခုတော့ ဆိုစရာရှိ၏။ အေးမာ၏အလှမှာ ဂုဏ်ခြေမဆောင်၊ ကလက်တက်တက် အလှမျိုးထင်သည်ဟု ဆိုရမည်။ လျှပ်တစ်ပြက် အကြည့်ခံသော အလှဘက်ကို ယိမ်းနေသည်။ ယဉ်ယဉ်ကလေး လှသော အလှသည် ဂုဏ်ခြေရှိ၏၊ အကြည့်ခံ၏။ ကြာကြာကြည့်လေ ပိုလှလေ အထင်ရ၏။

ကလက်တက်တက် လှသော အလှမှာ အကြည့်မခံ၊ ကွမ်းတစ်ယာညက် အလှမျိုးထက် မြင်းတစ်ပြေး အလှမျိုးသို့နှယ်နှံ့ချေ၏။ သို့စေကာမူ ဆန့်ကျင်ဘက်လိင်တို့ စိတ်ဝင်စားသည်မှာ အေးမာတို့လို ကလက်တက်တက် အလှမျိုးသာ ဖြစ်ပေသည်။

ကိုယ်လုံးကိုယ်ပေါက်မှာ လှသည်ဟု ဆိုရမည်ထက် စိတ်ဝင်စားဖွယ်ရှိပအောင် အချိုးအဆစ်ပြေပြစ်သည်ဟု ဆိုရမည်။ အမို့အမောက် အချိုင့်အဝှမ်းတို့မှာ သွယ်ကျစ်ဝင်းမို့သည်။ အတိုအပ၊ အခံအထည် ပစ္စည်းများ မပါဘဲကို ကြည့်ကောင်းသော ကိုယ်လုံးမျိုး ဖြစ်သည်။ ဆင်ယင်ထုံးဖွဲ့ပုံမှာ ခေတ်ကို တစ်ဖြတ်လောက် ကျော်လွှားစမြဲ ရှိခဲ့သည်။

တစ်ခါလမ်းထွက်လျှင် အဝတ်အဆင် တစ်မျိုး၊ တစ်နေ့လျှင် တစ်မျိုးပြောင်းတတ်သော ဆံပင်ပုံစံကြောင့် အေးမာ၏မျက်နှာအလှမှာလည်း အမြဲတမ်း အပြောင်းအလဲ ရှိနေဘိသို့ ထင်ရသည်။

မျက်လုံးအကြည့်မှာ ချိမြိန်ရိပ်ထင်သည်။ နှုတ်ခမ်းအပြုံးမှာ နှစ်လိုရိပ်ထင်သည်။ လှုပ်ရှားဟန်မှာ မကီမင်ရိပ်ထင်

ပြန်သည်။ လမ်းလျှောက်ဟန်မှာ နုညက်သည်၊ နွဲ့နှောင်းသည်၊ လှပသည်။

တုန်လေ၏၊ ခါလေ၏၊ လှုပ်လေ၏၊ ယမ်းလေ၏၊ အရိပ်မျိုးမထင်ဘဲ ကြည့်ကောင်းသည်။ မွှေးရာပါ မဆိုစလောက် နိမ့်နေသော ခြေတစ်ဖက်ကို နိမ့်မှန်းမသိသာအောင် ထိန်း၍ လျှောက်သည့်ဟန်၊ ကျင့်သားရနေလို့လား မဆိုနိုင်၊ အေးမာ၏ လမ်းလျှောက်ဟန်မှာ တုန်ခါလှုပ်ယမ်းရိပ် မမှဲထင်စေဘဲ နုနုနွဲ့နွဲ့ သိမ်သိမ်မွေ့မွေ့ လှလှပပလေး ရှိနေသည်။

မတုန်သည်ကို တုန်အောင်၊ မလှုပ်သည်ကို လှုပ်အောင်၊ မခါယမ်းသည်ကို ခါယမ်းဟန်ထင်အောင်လုပ်၍ လျှောက်သူများကြားထဲတွင် အေးမာ၏ လမ်းလျှောက်ဟန်မှာ ရှေးခေတ် မင်းကတော်များ လျှောက်ဟန်အသွင် ထင်နေသမို့ တစ်မူထူးခြားဘိသို့ ရှိချေ၏။

အေးမာ၏ လမ်းလျှောက်ဟန် တစ်ခုတည်းကို ကြည့်ပြီး အကဲဖြတ်မည်ဆိုလျှင် အတော့်ကို သိမ်သိမ်မွေ့မွေ့ ရှိသည့် ဣန္ဒြေရှင်မိန်းကလေးတစ်ယောက်ဟု အမှတ်ပေးရပေလိမ့်မည်သာ။

သို့သော်....

## အခန်း (သုံး)

### ဦးထွန်းမြိုင်၊ ဒေါ်စိန်ညွန့်

အေးမာ၏အဖေ ကိုထွန်းမြိုင်မှာ တောဘုရားသား ပေါ်၊ အဝယ်တော်ကြီးတစ်ဦး၏ လက်ထောက်၊ နယ်လှည့် ပေါ်၊ အဝယ်သမားလေးအဖြစ် ကြိုးကြိုးကုတ်ကုတ် အလုပ်လုပ်ခဲ့ရသည်။

မျိုးခင်းထောင်ချိန်မှစပြီး တစ်ရွာဝင် တစ်ရွာထွက် ရွာတကာလှည့်ခဲ့ရသူ။ ကိုထွန်းမြိုင်၏အလုပ်မှာ တလင်းထဲ ပေါ်ရောက်ပြီးသည်အထိ နားရသည်မရှိဘဲ တစ်ရွာဝင် တစ်ရွာထွက် လှည့်နေရတုန်းရှိခဲ့၏။ ကိုထွန်းမြိုင် လုပ်ရသည့် အလုပ်မှာ လခစားအလုပ်မဟုတ်၊ များများဝယ်နိုင်မှ ကိုယ့်အတွက် မြတ်မြတ်ရသည့်အလုပ်။ အိမ်မဲ့နယ်တစ်ခြေကြာမှာ ကိုထွန်းမြိုင်ကို

ထင်သူရှိသလို ကိုထွန်းမြိုင် မရောက်ဖူးသော ရွာဟူ၍သည်း မရှိဟု ပြောရခလောက်အောင် ခြေဖွေ့ခမ့်ပြီး စီးပွားရှာဖွေခဲ့ရ သော နေပူသလေး မိုးရွာသလေး အခါမရွေးဘဲ လမ်းများများ လျှောက်နိုင်မှ ပါးစပ်အလှုပ် မှန်သည်ဟု အဆိုရှိသော အလုပ် ဖြစ်၏၊ အဝယ်တော်ဆိုသည်မှာ သူတစ်ယောက်တည်း ရှိသည် မတုတ်ဘဲ အပြိုင်အဆိုင် အဝယ်တော်သမားလေးတွေ အများ ကြီး ရှိခဲ့သည်။ ဝယ်နှုန်းစံချိန် မကောင်းလျှင် ကိုယ်စားလှယ် ကြီးများက နောက်တစ်နှစ် မခိုင်းတော့ပေ။ အဝယ်တော် ကိုယ်စားလှယ်ကြီးများ စပါးများများရအောင် ဝယ်နိုင်သူကို သာ မျက်နှာသာပေးသည်။

ထို့ကြောင့်လည်း ကိုထွန်းမြိုင်မှာ လူများခိုင်းသည့် အဝယ် တော်ထက် ကိုယ်တိုင်ဝယ်၊ ကိုယ်တိုင်ရောင်း အဆင့်မျိုးထိ ရောက်ဖို့ ရည်မှန်းချက်ထားပြီး လုပ်ကိုင်ခဲ့၏၊ စီးပွားရှာ ကောင်းသလောက် အသုံးအစွဲ ကျစ်လျစ်ပြီး ကုဘ်ကုတ်ကတ် ကာဘ် စုဆောင်းရှာဖွေခဲ့၏။ ဒိုတီပိုင်းတစ်ထည်နှင့် ကြိုးကလေး တစ်ချောင်း ပခုံးသိုင်းပြီး မြေပိုင်ရှင်ဖြစ်နေသည့် ချစ်တီးများ ကို စံထား၍ စုဆောင်းထားသည့်ငွေနှင့် စပါးပေး ပေး၍ သိုလှောင်ထားပြီး တက်စျေးမိချိန်မှ ပြန်ထုတ်ရောင်းသော လုပ်ငန်းနှင့် တစ်စတစ်စ ကြီးပွားလာခဲ့ရာ ၁၉၂၉-၁၉၃၀ ပြည့်နှစ် စီးပွားပျက် ကပ်ဆိုက်ပြီး စပါးစျေး အဆမတန် ထိုးကျချိန်တွင် ကိုယ်ပိုင်လယ်လုပ် လယ်သမားများမှာ သူတို့ ပိုင် လယ်ပွဲများကို အဆမတန်စျေးဖြင့် ရောင်းချကြရသည်ကို ကိုထွန်းမြိုင်က ဝယ်ယူထားနိုင်ခဲ့၏။



အလုပ်အကိုင်ကောင်းသော စပါးပွဲစား လယ်ပိုင်ရှင် ကလေး ကိုထွန်းမြိုင်မှာ သမီးရှင်တို့အသယ်တွင် မျက်နှာပွင့် လန်းခဲ့ရာမှ မြေပိုင်ရှင်သူကြီးသမီး မစိန်ညွန့်နှင့် အကြောင်း ပါခဲ့၏။ ကိုထွန်းမြိုင်က စီးပွားအရှာ ကောင်းသလောက် မစိန်ညွန့်က ဝင်လာသမျှငွေများကို ပြားကအစ အခလ အလွင့်မရှိအောင် ထိန်းသိမ်းနိုင်စွမ်းရှိသည့်အပြင် ငွေတိုးချ လုပ်ငန်းနှင့် ရှိရင်း အထုပ်အထည်ကို ပို၍ကြီးပွားလာအောင် လုပ်ခဲ့၏၊ စပါးပေး ပေးရာမှ ရလာသောစပါးများကို ကြိတ်ခွဲသိုလှောင်ပြီး ခေါက်ပြန်ပေး ခေါင်းရွက်သည်များဖြင့် ဆန်ကုန်သည်လည်း လုပ်လိုက်သေး၏။

အစားကို စည်းစနစ်နှင့် စားသောက်ပြီး အသုံးအစွဲ ကျစ်လျစ်သူများဖြစ်သည့်အတိုင်း ဝင်လာမစဲ တသဲသဲရှိသည့် ငွေများကို ရွှေ၊ စိန်များနှင့် ဖလှယ်ထားခဲ့၏၊ သည်ကြားထဲ ဘနာရှိရာ ရတနာစုဘီသို့ ကျောက်ချိန်မပါဘဲ ရွှေချိန်နှင့် အပေါင်ခံထားသည့် ပစ္စည်းတစ်စုမှာ ရွေးသူမပေါ်လာတော့ သဖြင့် ကျောက်ထည်များကိုထုတ်၍ ရွှေထည်များကိုကျိုချက် ရန် ကြည့်လိုက်သောအခါကျမှ ဥဿဖရားဆိုပြီး တန်ဖိုး မသင့်ဘဲ အလကားပဲတင်းပေးခဲ့သော ကျောက်များမှာ အဖိုး တန် ရှေးစိန်များ ဖြစ်နေသည်ကို တွေ့လိုက်ရ၏။

ဂျပန်ခေတ် တစ်နေ့သော မှောင်ရီပျိုးစအချိန်၊ ဦးထွန်း မြိုင်၏ လယ်ကိုယ်စားလှယ်နှင့်အတူ ကရင်ဗမာကပြား အဘိုး အိုတစ်ယောက်နှင့် အဘွားကြီးတစ်ယောက် ဦးထွန်းမြိုင်အိမ် သို့ ရောက်လာကြသည်။ မည်းညစ်နေသော အဝတ်စနှင့်

ထုပ်လာသည့် လက်ကောက်တစ်ရန်၊ လက်စွပ်သုံးကွင်းနှင့် နားကပ်တစ်ရန်ကို ရောင်းချလိုကြောင်းပြလာသည်။ ဦးထွန်းမြိုင်က ညကြီးမင်းကြီးမို့ မိုးလင်းမှလာရန် ပြောသော်လည်း သူတို့က ညတွင်းချင်း ခရီးထွက်စရာ အရေးကြီးနေကြောင်း ပြောပြီးမဝယ်လိုရင်အပေါင်ခံထားဖို့အကြောင်းထပ်လောင်း တောင်းပန်ခဲ့ကြ၏။ ဦးထွန်းမြိုင်နှင့် လယ်ကိုယ်စားလှယ်က သူနှင့်ခင်မင်ရင်းနှီးသော လူရိုးလူကောင်းများဖြစ်ကြောင်း အာမခံသည်ကတစ်ကြောင်း၊ အတိုးအိုနှင့်အဘွားအိုကို သနားသည်က တစ်ကြောင်းတို့ကြောင့် အပေါင်ခံဖို့သဘောတူလိုက်၏။ ရွှေထည်များတွင် ပေကျံနေသည့် ရွှံ့များကို အဝတ်နှင့် ပွတ်လိုက်သောအခါ ပြိုးပြိုးပြက်ပြက်အရောင်မှာ လက်ခနဲ ထွက်လာသော်လည်း ကျောက်များမှာမူ ရွှံ့ချေးများကြားကြိုကြားထဲတွင်ပါ ကပ်နေသဖြင့် အရောင်ထွက်မလာခဲ့ပေ။ ရှိစေတော့၊ ပစ္စည်းရှင်ကိုယ်တိုင်က ကျောက်ကိုတန်ဖိုးမသင့် ပါနှင့်ဟု ပြောထားရင်းရှိသဖြင့် ချိန်တွယ်ပြီး ရွှေထည်အတွက် ငွေပေးချေလိုက်၏၊ ခြောက်လ မရွေးရင်အဆုံးဟု စကားဆို ထားသော်လည်း တစ်နှစ်တိတိ စောင့်ခဲ့ကြ၏။ ပစ္စည်းပိုင်ရှင်များ အရွေးရောက်မလာသည့်အဆုံး ရွှေထည်များကို ဖျက်လိုက်တော့မှ အလကားပဲတင်းပေးသွားခဲ့သည့် ဥဿဖရား ကျောက်များမှာ အညီအသွေးကောင်းလှသည့် စိန်များ ဖြစ်နေသည်ကို တွေ့လိုက်ကြရတော့၏။

'ချမ်းသာချင်ရင် ကြံဖန်ဖြစ်' ဆိုဘိသို့ ကိုထွန်းမြိုင်တို့ လင်မယားမှာ အပွကြီး ပွလိုက်ကြသည်။



စစ်မဖြစ်ခင်ကတည်းက စုဆောင်းလာသည့် စိန်ရွှေများ အပြင် ဂျပန်တစ်ခေတ်လုံး ရသမျှ ကုဝယ်ခဲ့သည့် စိန်ရွှေများမှာ စစ်ပြီးခေတ်နောက်ပိုင်းတွင် ဘက်ဈေး တရိပ်ရိပ် မိခဲ့ရာမှ တစ်ရတီစိန်မှာ ဘူးထဲထည့်သိမ်းထားရင်း နှစ်ရတီ၊ သုံးရတီတန်ဖိုး ဖြစ်လာ၏။ သူတို့၏ စီးပွားရေးမှာ အကျမရှိဘဲ တက်ပြီးရင်းတက်ဆိုသလို ရှိခဲ့သည်ဟု ဆိုရပေမည်သာ။

မွေးချင်းသုံးယောက်တွင် အေးမာက အငယ်ဆုံး၊ အငိုအရယ် မရှိဘဲ အေးလွန်းသည့်ပြင် မာမာချာချာ ရှိခဲ့သမို့ အေးမာလို့ နာမည်ပေးခဲ့သည်။

အေးမာအောက် နောက်တစ်ယောက် မွေးသော်လည်း အဖတ်မတင်ခဲ့ပေ။

၁၉၄၈ ခု၊ ပြည်တွင်းစစ် ဖြစ်လာသည့်အခါ နယ်တွင် နေထိုင်ရန် မည်သို့မှမဖြစ်နိုင်သောအခြေအနေကြောင့် ရန်ကုန်သို့ ပြောင်းရွှေ့ခဲ့ကြသည်။ ရန်ကုန်ရောက်ပြီး အလုံဘက်တွင် အိမ်ငှားနေခဲ့ရာမှ ကြည့်မြင်တိုင်ဈေးကြီးပိုင်းတွင် အိမ်တစ်လုံးဝယ်လိုက်၏။ ဒေါ်ဂျစ်နှစ်စီးထောင်ပြီး စီးပွားရှာခဲ့ရာ တောကပါလာသည့် အထုပ်ကို မဖြေခဲ့ရပေ။ ဒေါ်ဂျစ်ကားတစ်စီးမှ နှစ်ထောင့်ငါးရာ သုံးထောင်ဈေးရှိသည့်အချိန် ပြည်တွင်းစစ်ကာလတွင် အချိန်ကောင်း အလုပ်ကောင်းကို မိလိုက်သဖြင့် စီးပွားဖြစ်ခဲ့၏။

လက်ဖက်ရည် တစ်ခွက် တစ်မူး၊ သုံးပဲ၊ ဆီတစ်ပိဿာ နှစ်ကျပ်၊ နှစ်ကျပ်ခွဲ၊ ငါးတစ်ပိဿာ သုံးလေးကျပ်၊ ကြက်တစ်ပိဿာငါးကျပ် အချိန်က တစ်နေ့ ဝင်ငွေနှစ်ဆယ် အစိတ်

ရှိခဲ့ရာ ဦးထွန်းမြိုင်တို့လို စည်းစနစ်နှင့် နေထိုင်သုံးစွဲသူများ အတွက် နေ့စဉ် ငွေပိုငွေလျှံအဝင် ပြနေခဲ့သည်။ ပြည်တွင်းစစ် အနည်းငယ် အေးချမ်းလာသောအခါ ဦးထွန်းမြိုင်တို့လို နယ်က ပြေးလာသူများ ကိုယ့်ရပ်ရွာနေ ပြန်ကြသော်လည်း ဦးထွန်းမြိုင်က မပြန်။ စီးပွားရေးလာဘ်မြင်သူ ဦးထွန်းမြိုင်နှင့် စီးပွားရှာလို့ကောင်းသည့်ရန်ကုန်မှာ တိုင်းရင်းသည့် ပက္ကလာ မိုးရွာသည်နှင့် အဆင်သင့်ဆိုသလို အံဝင်ခွင်ကျရှိခဲ့ရာ ဦးထွန်း မြိုင်က ရန်ကုန်တွင် အခြေချနေထိုင်ရန် ဆုံးဖြတ်လိုက်၏။

●

## အခန်း (လေး)

**အေးမာ**

အေးမာတို့မှာ ညီအစ်မသုံးယောက် ရှိသည်။ သုံးယောက် လုံး လှသည်။ အစ်မနှစ်ယောက်မှာ ညိုပြီး ယဉ်ယဉ်ကလေး လှသည်။ အေးမာကဖြူပြီး တလက်တက်တက် လှသည်။

အညိုနှင့်အဖြူမှာ အရောင်သဘောအရကွဲပြားသလို သူတို့ ညီအစ်မ၏ စိတ်နေစိတ်ထား အနေအထိုင် အပြုအမူချင်းသည် လည်း ကွဲပြားကြသည်။ အညိုနှစ်ယောက်က အေးသည်။ တည်သည်၊ ငြိမ်သည်။ အေးမာက တော့(တ) ဖြစ်သည်။ လှုပ်ရှားသည်၊ လှုပ်နေသည်။

ဦးထွန်းမြိုင်က အသားညို၊ ဒေါ်စိန်ညွန့်က အသား ဖြူသော်၊ အစ်မနှစ်ယောက်က ဖခင်ဘက် နွယ်သော်လည်း အေး မာက မိခင်ဘက်နွယ်သည်ထက် ပိုသွား၍လားမသိ တစ်မိသား

လိုးနှင့် မတူအောင်ကို အသားဖြူသည်။ မွေးချင်းထဲမှာ အငယ်ဆုံးမို့ အလိုလိုက်ခံရသည်မှာတော့ ပြောစရာမရှိ။ အဖေ့အချစ်တော်မို့ အစ်မတွေကလည်း ဘာမှမပြောရဲ မဆိုရဲ၊ မထိရဲ။ အစ်မတွေကို ထားဘိတော့၊ အမေကိုယ်တိုင်ပင် အေးမာကို ရဲရဲဝံ့ဝံ့ မကိုင်တွယ်ရဲရှိခဲ့သည်။ ဖခင်ဖြစ်သူ၏ တရားလွန် အလိုလိုက်ခံရလို့ ဆိုးသည်ဟု ဆိုရမှာလည်း အခက်၊ မိသားစု အလိုလိုက်ခံရလို့ ဆိုးပုံက တစ်မျိုး၊ အေးမာ ဆိုးပုံက တစ်ဘာသာ။ မိသားစုကို အရှက်တကွဲ အကျိုးနည်းဖြစ်အောင်ကို ဆိုးတာ။ အစ်မနှစ်ယောက်မှာ ဣန္ဒြေသိက္ခာ ရှိပါလျက် ညီမဖြစ်သူအတွက် မျက်နှာထားရခက် ဖြစ်ခဲ့ကြရသည်။

ရွှေဆောင်နွားလား ဖြောင့်ဖြောင့်သွားက နောက်နွားဖြောင့်ဖြောင့်လိုက်လေသည်ဟု ဆိုထုံးစကားရှိစေသော်လည်း မိဘနှင့် အစ်မများနောက် ဖြောင့်ဖြောင့်မလိုက်၊ ကောက်တိကောက်ကွေ့ လိုက်ခဲ့သည်။ ဘမိမျိုးမတူဘဲ သဝေထိုးခဲ့သည်။

အေးမာက နာမည်သာ အေးသည်၊ လူကမအေး၊ လှုပ်ရှားမှုနှင့် အမြဲဘမ်း ယဉ်ပါးနေရသည်ကိုမှ ကြိုက်နှစ်သက်သည်။ ကိုယ်လက်လှုပ်မနေရရင် မျက်လုံးလှုပ်နေရမှ၊ မျက်လုံးလှုပ်မနေရရင် ပါးစပ်လှုပ်နေရမှ၊ တစ်ခုခုလှုပ်နေရမှ အေးမာနေသာထိုင်သာရှိသည်။ အေးမာကို ငြိမ်သက်ခြင်းနှင့်မကြုံကြိုက်လိုသော မိန်းကလေးဟု ဆိုရမည်ထင်သည်။ ပို၍ဆိုးသည်မှာ အေးမာ အနားတွင် အေးမာနှင့် အတူရှိနေတတ်သူများမှာ နွဲ့နွဲ့နှောင်းနှောင်း မိန်းကလေးများ မဟုတ်မှုဘဲ ကျားကျား



ကျားလျား ယောကျ်ားလေးများချည်းသာ။ ပတ်ဝန်းကျင်ဆိုသည်မှာ အေးမာအတွက်မရှိ ဘယ်သူတွေ ဘာပြောပြော ဘာဆိုဆို အေးမာက မျက်ဝန်းစွေ၍ မကြည့်တတ်၊ နားငွဲ့၍ မထောင်တတ်။ ရိုးရိုးတည်တည် တွဲသည်က အကြောင်းမဟုတ်။ အေးမာတွဲပုံက အများမြင်ကွင်းတွင် မျက်စိနောက်စရာ ဖြစ်ခဲ့သည်၊ မိဘကိုထိခိုက်၍ ပြောလောက်စရာ ဖြစ်ခဲ့သည်။ အေးမာကို အရှေ့တိုင်းသူ၏ ရုပ်ခန္ဓာနှင့် အနောက်တိုင်းသူ စိတ်ရှိသူဟု ဆိုရမည်။

မိဘတွေ အစ်မတွေက သွေးကောင်းပါလျက် အေးမာက သွေးဆိုးသည်။ မိသားစုစရိုက်နှင့် ဆန့်ကျင်ရာဘက်သို့ မျက်နှာမူသောသားသမီးအရင်းထဲမှာ အေးမာကို ထည့်ရမည် မိဘက စရိုက်ဆိုး၍ သားသမီးက စရိုက်ဆိုးသည်မှာ မဆန်း၊ မိဘက စရိုက်မဆိုးဘဲ သားသမီးက စရိုက်ဆိုးသည်ကိုတော့ ဆန်းသည်ဟု ဆိုရမည်။

ခက်နေသည်မှာ ဖခင်ဖြစ်သူကိုယ်တိုင်က အေးမာကို ဆိုးသည်ဟု မမြင်နိုင်ခြင်းပင်။ ထို့ကြောင့်လည်း ခေတ်လိမ် ကွေ့ကောက်နေသော ဘူးသွန်းနှင့်တူသည့် အေးမာဖြစ်လာရသည်ဟု ဆိုရမည်ထင်သည်။

အစ်မနှစ်ယောက်က အမေ့အချစ်၊ အေးမာက အဖေ့ [illegible]သည်။

အစ်မနှစ်ယောက်မှာ မိရိုးဖလာ ထုံးစံအတိုင်း ဖေဖေ၊ မေမေဟု ခေါ်ဝေါ်သမှုပြုခဲ့သော်လည်း အေးမာက ဒယ်ဒီ၊

မာမီလို ခေါ်သည်။ ဒေါ်စိန်ညွန့်က မာမီဟူသော အခေါ်အဝေါ်ကို နားမယဉ်ပါးနိုင်သော်လည်း ဦးထွန်းမြိုင်ကာ ပီတီဖြစ်ခဲ့သည်။ ဦးထွန်းမြိုင် ဘယ်တုန်းကမှ မမက်ခဲ့သည့် ပေါင်မုန့်၊ ကြက်ဥ၊ ထောပတ်၊ ဘီစကွတ်တို့ကို အေးမာနှင့်ကျမှ မက်မင်လာသည်။ သမီးက ဒါတွေ စားရမှဆိုရင် အဖေကခေါင်းမခါ၊ သမီးစားတာကို စားရမည်ဆိုလျှင် အဖေက ခေါင်းညိတ်သည်။

'သမီး ဒီဂျစ်ကားမစီးချင်ဘူး' လို့ တစ်ခွန်းပဲ ပြောလိုက်သည်။ တစ်ပတ်အတွင်း ဆလွန်းကားနှင့် လဲပြီးသားဖြစ်စေခဲ့သည်။ သမီးပြောတာနှင့် အိမ်အကောင်းကြီးကို ဖျက်ပြီး တိုက်ဆောက်လိုက်သည်။ ဒေါ်စိန်ညွန့်မတော့ ရင်ဘတီစည်တီးဖြစ်ရသည်။

ခု ဦးထွန်းမြိုင် အခြေအနေကာ အိမ်မဲက ဦးထွန်းမြိုင်မဟုတ်တော့ပြီ။ သွင်းကုန်လုပ်ငန်းရှင်၊ ဆန်စက်ပိုင်ရှင်၊ ခေတ်ဆန်သော သမီးဒေါ်ရသီမြိုင်၏ဒယ်ဒီ ဦးထွန်းမြိုင် ဖြစ်ခဲ့ပြီကိုး။

လှိုင်းမြူး၍ လှေလူးသည်ဟု ဆိုရမည်သို့ရှိခဲ့၏။

* * *

## အာတီးချစ်မောင်

ယနေ့ခေတ်တွင် 'အာလူးပေးသည်' ဆိုသော တီထွင်မှုဝေါဟာရ ခေတ်စားသလို ဟိုခေတ်က 'အာတီးပေးသည်' ဆိုသော ဝေါဟာရ တာစားသည်။ အာလူးပေးသည်ဆိုသည်



မှာ အာတီးပေးသည် ဆိုသောစကားမှ ပြောင်းလဲဆင်းသက်လာခြင်းဖြစ်မည် ထင်သည်။

ချစ်မောင်မှာ မည်မည်ရရ အလုပ်အကိုင်မရှိစေကာမူ ... းစပ်နှင့်စားပြီး ထည်ထည်ဝါဝါနေနိုင်ခဲ့သူမို့ ချစ်မောင်ရှေ့မှ အာတီးဘွဲ့တစ်လုံးထပ်တိုးရလာခဲ့သူဖြစ်၏။

အသားညိုညို၊ အရပ်အနေတော်၊ ကိုယ်လုံးတုတ်တုတ်၊ မျက်နှာဝိုင်းဝိုင်း၊ ဗိုလ်အောင်ကျော်ဆံတောက်နှင့် ကျဲကော် ...င်းအနက် မျက်မှန်တပ်ထားသူ ချစ်မောင်မှာ အပြုံး အလွန်...က်ရောသူဖြစ်၏။ ဘယ်သူနှင့်တွေ့တွေ့ သူ့ထက်အဆင့်အတန်း ...ယ်လောက်ပင် နိမ့်သူဖြစ်ပါစေ တွေ့ရင် သူကစ၍ ပြုံးလိမ့် ...သ်သာ။ စကားပြောချိုသာသလောက် နားထောင်နေသူကို စိတ်ဝင်စားအောင် ပြောနိုင်စွမ်းသည့်နေရာတွင် နှစ်ယောက်မရှိဟု ပြောရလောက်အောင် စကားအရာ ကျွမ်းသူလည်းဖြစ်၏။

အထက်တန်း အဆင့်အထိ ပညာသင်ကြားခဲ့ဖူးသမို့ ဗဟုသုတအရာတွင်လည်း တီးမိခေါက်မိ အဆင့်ထက်သခ္ခလွန်အောင် ကြွယ်ဝသည်။

နယ်ချဲ့တော်လှန်ရေး သမိုင်းကြောင်းကို ပြောမလား၊ ဖက်ဆစ်တော်လှန်ရေးသမိုင်းကြောင်းကို ပြောမလား။ အင်္ဂလိပ်တို့ကတ်ပွဲ၊ ဖ ဆ ပလ ခေတ်သမိုင်းကြောင်းကို ပြောမလား။ သမိုင်းလှုပ်ရှားမှုတွင် ပါဝင်ခဲ့သူများ၏ နာမည်နာမ အတိ

အကျွန်ုပ် ပေးပြီးနားထောင်ရလောက်အောင် ပြောသွားလိမ့်မည်။ နယ်ချဲ့တော်လှန်ရေး၊ အမျိုးသားရေးလှုပ်ရှားမှု၊ ဖက်ဆစ်တော်လှန်ရေးလှုပ်ရှားမှု တိုက်ပွဲအကြောင်းများကို ပြောသည့်အခါ ကျွန်တော်က ဘယ်နေရာမှ ဘယ်လိုပါဝင်ခဲ့ပါသည်တု ဘယ်တော့မှထည့်မပြော။ နားထောင်နေသူက ဒီလူကိုယ်တိုင်အတော်အရေးပါသည့်အခန်းက ပါဝင်ခဲ့လိမ့်မည်ဟု စိတ်ထဲတွင် စွဲထင်သွားအောင် စကားပရိယာယ်ကြွယ်ကြွယ်ကြီး ပြောချသွားလိမ့်မည်။

နယ်ချဲ့တော်လှန်ရေးလှုပ်ရှားမှု၊ ဖက်ဆစ်တော်လှန်ရေး တိုက်ပွဲများတွင်အရေးပါသောအခန်းမှ ပါဝင်ခဲ့သူများနှင့်ပင် ယှဉ်ပြီးပြောရဲသည်။

အဲဒီလိုပြောကြပြီးဆိုရင် တစ်ဖက်လူက ခင်ဗျားကို မတွေ့ဖူးပါလားဟု မဆိုနိုင်အောင် ကာကွယ်မှုယူထားပုံမှာ ပိရိလှသည်။

အမေးရှိခဲ့သော် အရေးပါသောခေါင်းဆောင်ကြီးများ၏ လျှို့ဝှက်ဆက်သွယ်ရေး ကိစ္စများတွင် တာဝန်ယူခဲ့ကြောင်း ပြောလိမ့်မည်။ ကျွန်တော့်ကိုသာ ခင်ဗျားတို့က မသိတာ၊ ကျွန်တော် ခင်ဗျားတို့ကို ဘယ်လိုသိထားပါသည်ဟု ပြောနိုင်လောက်အောင်ကို လှေ့လာမှုတော်စွမ်းသူဖြစ်၏။

အာတီးဘွဲ့ရလောက်အောင်ကို အပြောမတော့ ငြဲဟု ဆိုလောက်သူပါ။ တကယ်တော့ ချစ်မောင်ကဘယ်လှုပ်ရှားမှု၊



ယ်တိုက်ပွဲတွင်မှ မပါခဲ့ဖူးပေ။ သို့စေကာမူ သခင်ချစ်မောင်သောအမည်နှင့် ဗိုလ်ချစ်မောင်ဆိုသော နာမည်ကိုတော့ ထဲနှင့်သုံး၊ တတ်သူပါတည်း။

ဥတုသုံးလီ ရာသီနှင့်ချိန်ခါမရွေး ပင်နီနှင့်ပင်ဖြူ တိုက်ပုံချုံတီဘမ်းဝတ်တတ်သည်။ အောက်ပိုင်းတွင် အင်းလေးပိုးသည်၊ ဗန်ကောက်လုံချည်ကို ရှိုးကျကျ ဘယ်လိုပဲဝတ်ဝတ် ပိုင်းတွင် သက္ကလတ်အင်္ကျီ တာဖက်တာ တိုက်ပုံအင်္ကျီ ဝတ်လေ့မရှိ။

ပင်ဖြူ၊ ပင်နီဝတ်ပြီး ဗိုလ်ခေအာင်ကျော် ဆံတောက်နှင့် ိုင်းကြောင်းတွင်ပါဝင်ခဲ့သူဟန် အပြည့် ဖမ်းထားလေ့ရှိသည်။

လွတ်လပ်ရေးခေတ်အစပိုင်းမှာ နိုင်ငံရေးက မတည်ငြိမ်၊ ားရေးက မတည်ငြိမ်၊ အစစအရာရာ အနည်မထိုင်သေး၊ ပြည်တွင်းစစ်မီးဘောက်ကာ ဝ ဟုန်းဟုန်း ထတောက်လာသည်။

ဂ္ဂန်လည်ထူထောင်ရေးနှင့် စီးပွားရေး လုပ်ငန်းတွေ ောင်ဖို့ကာ တစ်ပုံတစ်ပင်၊ ရှိနေသည့်လုပ်ငန်းဟူ သမျှ ကန့်ထ က် တွလက်ထဲ ဝကွက်အပ်နေရသည့်အချိန်။ သည်သို့သော ားက အာတီးချစ်မောင်တို့လို လူမျိုးတွေအတွက် ကွက်ဖြစ်နေသည်၊ ပွဲတော်ကြီးဖြစ်နေသည်။ ခြသောထဲ လို သည့် ထင်းရှူးပုံးကြီးကို ဝိုင်းတွယ်သည့်အထဲမှာ ်မောင် သည်။ ခြဘစ်ကောင်အဖြစ် ပါဝင်ခဲ့သည်။

သခင်ချစ်မောင်၊ ဗိုလ်ချစ်မောင်(ခေါ်)အာတီး အမေ
ကျောင်းလှသည့် ချစ်မောင်နှင့်ပုဂ္ဂိုလ်များမှာ တရင်းတနှီး
ကြသည်။ အဲဒီအချိန်က ကန်ထရိုက်လုပ်ငန်း တစ်ခုခုရပြီ
လျှင် သိန်းနှင့်ချီ မြတ်သည်။ ယောင်းလောက်အမြတ်ရသ
ဆိုသော အလုပ်ကအသေးအဖွဲ့မို့၊ အနီးသို့သောပုဂ္ဂိုလ်
များဆီ အစင်အထွက် လုပ်နိုင်သူ အာတီးချစ်မောင်တို့
လူမျိုးကို ငွေရှင်တွေက တဖူးဖူးမှုတ်ထားရသည့်အချိန်။

အာတီးချစ်မောင်က ရှစ်စစ်ကဂျင်ခြေလည်လာသူ။အစ်
ကြီးတို့၊ ဆရာကြီးတို့ကို မျက်နှာပြုရုံသာပြုသည်။ သူ တတ
ပေါင်းသည်က အစ်မကြီးတွေ၊ ကတော်ကြီးတွေ၊ အစ်မကြ
တို့၊ ကတော်ကြီးတို့ ဘာကြိုက်တတ်သည်ဆိုသည့် အထ
သဘောကို နေ့စဉ်ကျေနေအောင် သိသပ၊ သည်တော့ အလု
ဖြစ်သည်။

အာတီးချစ်မောင်တို့များ ဦးထွန်းမြိုင်ပေးထားသည့် ဂျ
ကားတစ်စီးနဲ့ ဟိုအိမ်ဝင်လိုက် သည်အိမ်ဝင်လိုက်နဲ့ အလု
ဖြစ်ခဲ့သည်။ အာတီးချစ်မောင်ကို ချည်ပြီး တုပ်ပြီး အပို
ကိုင်ထားသူက ဦးထွန်းမြိုင်။

အေးမာက အပျိုသွေးထင်စ။ အလှမှာ ပြန့်ပြန့်ကားထ
ကြီး မဖွင့်သေးသော်လည်း ဖူးရစ်နေသည့် အငုံအဖူးမှာ ပွင့်
လာရင် ရက်ရက် ယိုယိုလှမည့် အရိပ်ထင်နေသည်။ အေးမာ
အလှကိုကြည့်ပြီ အမဲရိုးက ဟင်းအိုးမှာအားမနာ ဖြစ်နေသ
မှာ အာတီးချစ်မောင်။



ဦးထွန်းမြိုင်က အာတီးချစ်မောင်ကိုပိုင်ပိုင်နိုင်နိုင်အသုံးချ
သည်၊ အဒေါ်ဂျစ်တောင်သောသူပ်ငန်းကို ဖြုတ်ပြီး ခနေ့ဒင်တို
ကိုမှာ ဆန်စက်တစ်လုံးတည်လိုက်သည်။ (၂၈)လမ်းမှာ
ဆောက်အအုံ သုံး၊ ကုန်မာပစ္စည်းဆိုင်ကြီး ဖွင့်လိုက်သည်။
င်းကုန်လိုင်စင် အမျိုးမျိုးရခဲ့သည်။ ပြန်ပည်ထူထောင်ရေး
လမို့ အလုပ်ဖြစ်လိုက်သည်မှာ အာပြောကောင်း၊ ငွေကို
ယ်ကမရှာရဘဲ ငွေကကိုယ့်ကိုလိုက်ရှာရသည့် အနေအထား
အထိ ဖြစ်ခဲ့သည်။

* * *

အေးမာ ကိုးတန်းရောက်သောနှစ် ကိုယ်လုံးကိုယ်ပေါက်
ဖွံ့ထွားစိုထွက်လာသည်၊ အကြောင်းအရစ်များ ထင်းထင်း
ပေါ်လာသည်၊ အပြင်အဆင် အခြယ်အသကလည်း
ဘူးထင်ထင်ရှိလာသည်။ တီဂျူးမား၊ အလာမုခ်၊ စိန်ဘရား
တွင် ခေတ်စားခဲ့သည့် တန်ဖိုးကြီး ပိုးပျော့လုံချည်များ
အေးမာ၏ ကိုယ်လုံးအလှကို ဖွံ့ဖွံ့ထည်ထည် ဝင့်ဝင့်ကြွယ်
ယ် ပေါ်လွင်စေခဲ့သည်။

ဦးထွန်းမြိုင်က စီးပွားရေး တက်နေချိန်၊ အေးမာက လှ
သွေးထင်နေချိန်၊ အဝတ်အစားဆိုတာ နေ့နှင့်မစုတ်၊ လမ်း
ထွက်ခါထွက်လျှင် တစ်မျိုးပြောင်းဝတ်ခဲ့သည်၊ အဆင်အသွေး

ပြောင်းသလို အရောင်အသွေးလည်း မထပ်စေခဲ့ပေ။ နှစ်ဆ
ရာစုနှစ်၏ ကျန်ရစ်ခဲ့သော နှစ်ပေါင်းနှစ်ဆယ်ကျော်ကာလ
ပိတ်ကားပေါ်က ရုပ်ရှင်မင်းသမီးများလို ဝတ်ဆင်ခြယ်သ
အလွန်ရှားပါတီ။ အရပ်ထဲတွင် ထိုသို့ ဝတ်ဆင်ခြယ်သသူ
အများ၊ နှာခေါင်းရှုံ့ခြင်းကိုသာ ခံရတတ်သည်။ မည်သူက
ကြည့်လို့ကောင်းလိုက်တာ လှလိုက်တာဟု မချီးပကြ။ လ
ပေါ် လော်လည်သူ အဖြစ်သာ အသိအမှတ်အပြု ခံရသ
လူကြိုက်တွေမှအပ လျှပ်ပေါ်လော်လည်သော ဝတ်ဆင်
ရှောင်ကြသည်။

အလှကိုဖွင့်ရာတွင် ရိုးရိုးယဉ်ယဉ် ဣန္ဒြေရရသာ မှ
စေကြသည့်ခေတ်။ သိမ်သိမ်မွေ့မွေ့ တည်တည်ကြည်ကြည်
ကို အကြည့်မွေ့လျော်သည့်ခေတ်။ အလှဆိုသည်မှာ ရှိတာ
ကို မဖော်၊ သိုသိပ်သိမ်မွေ့ခြင်းကို အလှဟု အသိအမှတ်
သည့်ခေတ်။

အဲသည်ခေတ်ကတည်းက အေးမာ၏ ဝတ်ဆင်ခြယ်သ
ဆင်ပုံမှာ ခေတ်ရှေ့ကို တစ်ဖြတ်လောက်ကျော်ပြေးနေသ

အကြည့်စူးရဲသည်။ ဣန္ဒြေတင်ပြီး တိတ်တခိုး ကြည့်
သည့် မိန်းကလေးများ၏ မျက်လုံးများသည်ပင် အေးမ
တွေ့လျှင် ဝိုင်းဝိုင်းလည်သွားရသည်။ အေးမာကတော့ ကြ
ချင်သလိုကြည့်။ ရှိုးတိုးရှန့်တန့် တစ်ချက်တလေးမှ မ
ရိုးတိုးရွှံ့တွန့် တစ်ချက်တလေးမှမဖြစ်၊ ကြည့်လေမေ့



အေးမာက အကြည့်ရဲသည်။ အပြောသွက်သည်။ အပြုံး
ဝေသည်။

ငယ်ငယ်ကတည်းက အေးမာ အမူအကျင့်မှာ သည်သို့ရှိခဲ့
သည်သာပ။

အမေတွေနဲ့တူတော့ ကွာမှကွာ၊ တခြားစီမှ တခြားစီ၊
အနေအထိုင်၊ အသွားအလာ၊ အဝတ်အဆင် လုပ်ရှားဟန်မှာ
ဘယ်လိုမှစပ်ဟပ်မရ။ မဥ္စူသက နတ်ပန်းနှင့် လက်ခုပ်ပွင့်သို့
နယ်၊ အကွာအခြားရှိချေ၏။ အစ်မနှစ်ယောက်ကို ကြည့်ပြီး
မျက်စိ အေးကြည်ကြသလေစတ် အေးမာကို မြင်လိုက်ပြီဆိုမှ
ပြင့် မျက်စိနောက်ပြီး ပူစပ်ပူပြာဖြစ်သွားကြရသည်။ အေးမာ
နှင့် ဘယ်လိုမှ မျက်စိမတည့်သူထဲမှာ မိခင်အရင်းဒေါ်စိန်ညွန့်
ပါဝင်တိုင်ပါသည်။ တိုးတိုးကြိတ်ကြိတ် ဆုံးမသည့်၊ ကျယ်ကျယ်
လောင်လောင် မြည်တွန်သည့်၊ ရိုက်မောင်းပုတ်မောင်းဟန်ပြင်
ပြီး ထိန်းကွပ်ခဲ့သည်။ မရရှိ၊ အကြောင်းမထူး၊ ကျွဲပါး
စောင်းတီးဘိသို့သာ ရှိခဲ့ချေ၏။

ဒေါ်စိန်ညွန့်က သမီးဖြစ်သူကို ဆိုပြော့ဆုံးမ၍မရသည်မှာ
အေန်း၊ အဖေက သမီးရှေ့မှ ကန့်လန့်ကန့်လန့် ခံနေသည်။
အေးမာက သူ့ကို ဆိုရင်ပြောရင်၊ ဆူရင်ကြိမ်းရင်စိတ်ကောက်
ပြီး အခန်းထဲက မထွက်တော့။ ဦးထွန်းမြိုင်က ထမင်းဝိုင်းမှာ
သားစုံစုံလင်လင် ဝိုင်းဖွဲ့မှကြိုက်သည်။ စကားစမြည်ပြော
ပြီး ထမင်းစားရမှ ထမင်းမြိန်သည်။ အမေဆူသောနေ့များ

တွင် အေးမာက ထမင်းဝိုင်းကိုဝင်မလာ၊ သည်အတော့တာဖြစ်၊ ဒေါ်စိန်ညွန့်သာ အဆူအကြိမ်း အဟန့်အမဲခံရသည်။

မိသားစုထမင်းဝိုင်းမှာ ဦးထွန်းမြိုင် မပြောသည်များကို လိုက်မီသူမှာ အေးမာ၊ အဖေခင်းသည့် စကားလမ်းကြောင်းထဲကို တစ်ထပ်တည်း တစ်သားတည်း ဝင်နိုင်သူမှာ အေးမာ၊ အလတ်မကမှ တော်သေး၊ အကြီးမ ကာဆို တောမိမ၊ နဂိုကတည်းက စကားပြောနည်းသည့်အထဲ ထမင်းဝိုင်းရောက်ရင် စကားမပြောတော့၊ ဒေါ်စိန်ညွန့်ကဆို ဦးထွန်းမြိုင် ပြောသည့် အကြောင်းများကို လိုက်မမီ၊ သည်တော့ အေးမာ မပါရင် ထမင်းဝိုင်းက မစည်၊ အေးမာ အသံလွင်လွင်စာစာနဲ့မှ ထမင်းဝိုင်းက စိုစိုပြည်ပြည်ရှိသည်၊ အေးမာ ထမင်းဝိုင်းဝင် မလာရင် ဒေါ်စိန်ညွန့် ခေါင်းကြိမ်းပြီသာမှတ်။

"ငါ့သမီး နေတာထိုင်တာ၊ ဝတ်တာစားတာကိုပဲ မင်းတို့က လိုက်ပြောနေ၊ ဒါ မင်းတို့ခေတ်မဟုတ်ဘူးကွ၊ ငါ့သမီး ခေတ်ပါစေ၊ ရှိလို့ဝတ်တာ၊ ခေတ်ဆန်တိုင်း ပျက်စီးတာ မဟုတ်ဘူး၊ ငါ့သမီးက ပွင့်ပွင့်လင်းလင်း ဟောဟောဒိုင်းဒိုင်း သမား၊ မင်း ဘာမှမစိုးရိမ်နဲ့၊ ငါမရှိရင်တောင် ငါ့လုပ်ငန်း တွေကို ငါ့သမီးကမှ ဦးစီးလုပ်နိုင်မှာ၊ စီးပွားရေးလုပ်တယ် ဆိုတာ အပေါင်းအသင်းဆံ့မှ ပြောရဲဆိုရဲရှိမှ လုပ်လို့ဖြစ်တာ၊ မဟုတ်မဟပ် သတင်းကြားရင် ငါ့ကိုပြော"

ဦးထွန်းမြိုင်က သည်သို့ စကားပိတ်ပြောထားသမို့ ဒေါ်စိန်ညွန့်မှာ အေးမာကို မပြောသာ မဆိုရဲဖြစ်ခဲ့ရသည်။ သမီး



မိန်းကလေးဆိုသည်မှာ အမိ၏အုပ်ထိန်းကွပ်ကဲမှုဖြင့် ကြီးပြင်း၍ ထုံးစံရှိသည်ဟု လောကနီတိအဆိုရှိသော်လည်း အေးမာ ကျတော့ အဖအုပ်ထိန်းမှုဖြင့်ကြီးပြင်းခဲ့ရသည်၊ အဖဆိုတာက အမိလိုသားသမီး တွေအပေါ်မှာ ကြက်တစ်အုပ်မလို ရင်အုပ် မကွာ ကြည့်နိုင်စွမ်းမရှိ၊ မတော်၍တော်၏၊ မသင့်၍သင့်၏ကို အဖသည် အမိကဲ့သို့မြင်နိုင်စွမ်းမရှိ၊ မြင်နိုင်စွမ်းရှိသည့်တိုင် အဖ မပြောသာသော စကား မပြောအပ်သော စကားဟူ၍ ရှိသေး သည်၊ ခု ဦးထွန်းမြိုင်က တစ်ချက်လွှတ် အမိန့် ထုတ်ဆင့်လိုက် သည်၊ အမိမဆိုနှင့် အဖဆိုမည်ဟူ၍၊

ဒေါ်စိန်ညွန့်က ဦးထွန်းမြိုင် သြဇာကို နည်းနည်းမှ မပယ်လှန်ဝံ့၊ အမြင်မတော်လို့ ပါးစပ်ယားလာရင် မျက်နှာ လွှဲနေလိုက်ရသည်၊ ခြေဟကြွကြွ ဖြစ်နေသူ အေးမာအဖို့ အောက်ခြေလွတ်ကိန်းကြုံလာသည်၊ သည်အရွယ် တင့်တင့်တို့ အရွယ်၊ အောက်ခြေလွတ်စပြုနေသူ အေးမာမှာ အဖိနှင့် မတွေ့ဘဲ အပွင့်နှင့်တွေ့ပြီမို့ လေမှာပျံ့ဝဲ ကြဲချင်တိုင်းကြဲပေ တော့ဟု လွှတ်ပေးလိုက်သည်သို့ ရှိခဲ့ချေ၏။

ကျောင်းမှာ အေးမာက စတား၊ အရုပ်ထဲက ကောင်လေး တွေ ပါးစပ်ဖျားမှာ ဖလား၊ ဝိုင်းဖွဲ့မိလို့ ပြောကြရင် အေးမာ အကြောင်းက မပါမပြီး၊ အေးမာနှင့်စပြီး အေးမာနှင့် ဆုံး ကြသည်၊ အေးမာက မိန်းကလေး အပေါင်းအဖော်ထက် ယောကျ်ားလေးအပေါင်းအသင်းများသည်၊ ယောကျ်ားလေး တွေနှင့် တတွဲတွဲရှိခဲ့သည်။

အေးမာက ပြုံးလာသူကို နှုတ်ခမ်းမစူတတ်၊ ကြည့်လာသူကို မျက်နှာမလွှဲတတ်၊ ပြောလာသူကို ခေါင်းမခါတတ်၊ မစံ့မရဲပြုံးလာသူကို စံ့စံ့ရဲရဲပြုံးလာအောင် အေးမာကချိုမြိန်သော အပြုံးကိုဆောင်ပေးတတ်သည်၊ ရှယ်တူကျောင်းသားများနှင့် တွဲသလို၊ တက္ကသိုလ်ကျောင်းသားကြီးများနှင့်လည်း တွဲသည်၊ကဗျာဆရာပေါက်စလေးတွေ၊ အဆိုတော်ဟပ်ဘွဲ့ ငြင်လေးတွေဆို အေးမာအနားမှာဝိုင်းဝိုင်းကိုလည်လို့၊ အေးမာကလည်း ဒါကို ကြည်ကြည်ပျပျ လိုလိုမင်မင်ရှိခဲ့သည်၊အေးမာကိုယ်တိုင်ကလည်း ကဗျာဆရာမလေးဖြစ်နေပြီကိုး၊

မောင်ညိုယဉ်၊

ကျော်ကြားစပြုနေသော ကဗျာဆရာလေး၊ ကဗျာနယ်မှာ ထွန်းတောက်စပြုနေသော ကြယ်တစ်ပွင့်၊ အေးမာ၏ တွဲဖော်ထဲမှာ မျက်နှာသာအပေးခံရဆုံး၊ အချစ်တော်လေးဟု တင်ပွန်းတပ်ခံရသူ၊

ကဗျာဆရာလေး မောင်ညိုယဉ်မှာ တခြားကဗျာဆရာတွေလို မုတ်ဆိတ်မွေးကားကားနှင့် တုတ်တုတ်ခိုင်ခိုင် ကျားကျား လျားလျားမဟုတ်၊ပါးပါးလျားလျား သေးသေးသွယ်သွယ် နွဲ့နွဲ့နောင်းနောင်း တို့ပတ်ကလေးတသသနှင့် ကြွကြွရွရွလေး နေတတ်သူ၊ သူဖွဲ့သောကဗျာများမှာ နူ၏၊ နွဲ့၏၊ ပျော့ညက်၏၊ အချစ်ခံစားမှုကဗျာများကို ရေးဖွဲ့ရာတွင် အောင်မြင်လှ၏၊ မောင်ညိုယဉ်၏ ကဗျာများမှာ မဂ္ဂဇင်းတိုင်းတွင် မလွတ်တမ်းပါနေသည်၊ မဂ္ဂဇင်းအဖွင့်ကဗျာ နေရာအတော်များများကို ရယူထားနိုင်သူလည်း ဖြစ်၏၊



မောင်ညိုယဉ် နာမည်ကြီးလာပြီးနောက် သူ၏ရေးထုံးဖွဲ့စည်းမှုပုံစံနှင့် ဆင်ဆင်တူပြီး နာမည်ထွက်လာသူမှာ ကဗျာဆရာမလေး ပွင့်မာအေး၊

အေးမာကို ကဗျာဆရာမလေး ပွင့်မာအေး ဖြစ်လာအောင် ကဗျာဆရာ မောင်ညိုယဉ်က ဖန်တီးပေးရသည်၊ လေးငါးရှက်စာစောင်လေးများကအစ လစဉ်ထုတ်မဂ္ဂဇင်းများတွင် ပွင့်မာအေး ကဗျာတွေပါအောင် စွမ်းဆောင်ပေးရသည်၊ အေးမာက ကဗျာဖွဲ့ရသ၊ ကဗျာ့ဖွဲ့စည်းပုံအစီအမ်အနက်သဘောကို နားမလည် မခံစားတတ်၊ စိတ်ကူးယဉ်ဉာဏ်လည်း မကွန့်မြူးတတ်၊ သို့သော်ငြားလည်း ပွင့်မာအေး၏ ကဗျာများမှာ တစ်လ သုံးပုဒ်လောက်တော့ မဂ္ဂဇင်းများတွင် တွေ့ရစမြဲရှိနေသည်၊ စာမေအသိုင်းအဝိုင်းမှ ကဗျာဆရာမလေး ပွင့်မာအေးအဖြစ် အသိအမှတ်ပြု အဆက်ဆံခံရသည့်အဆင့်သို့ ရောက်ခဲ့သော်လည်း အေးမာ၏ အားထုတ်မှုဟူ၍ စိုးစဉ်းမျှမပါ၊ မောင်ညိုယဉ်က ရေးပေးရသည်၊ မဂ္ဂဇင်းများမှာပါအောင် လုပ်ပေးရသည်၊

အေးမာ အားထုတ်ရတာ တစ်ခုတော့ ရှိလေရဲ့၊ မောင်ညိုယဉ် ရေးဖွဲ့လာသမျှ ကဗျာတွေကို ကိုယ့်လက်လေးနှင့် ပြန်ကူးရခြင်း၊ တစ်ခါတစ်ရံ မဂ္ဂဇင်းတိုက်များသို့ ကိုယ်တိုင်သွားပေးရခြင်းမျှသာတည်း၊

"မမအေး၊ ကျွန်မ အော်တိုစာအုပ်ကလေးထဲမှာ မမ လက်မှတ်ကလေး ထိုးပေးပါနော်၊ အမှတ်တရ ရေးပေးပါနော်"

"မမအေး၊ ကျွန်မ ကဗျာလေးကို ဖတ်ပြီး ဝေဖန်ပေးပါဦး၊ ပြင်ဆင်အကြံပေးပါဦး"

"မမအေး လက်မှတ်ထိုးပေးတဲ့ မမအေးရဲ့ ဓာတ်ပုံကလေး ချင်လိုက်တာ"

"မောင်မောင့်ထံ အယူခံလွှာ ကဗျာကို အမှတ်တရ သိမ်းဆည်းထားချင်လို့ မမအေးလက်နဲ့ ရေးပေးပါနော်"

"မမအေးနဲ့တွေ့ချင်လိုက်တာ၊ ရန်ကုန်သာရင် အိမ်ဝင်ခဲ့မယ်နော်" စသည် စသည့်အော်တိုရေးခိုင်းသူ မိတ်ဆက်လွှာပို့သူ၊ ဓာတ်ပုံတောင်းသူ၊ ကဗျာဝေဖန်ခိုင်းသူတွေ အဘွက်စာပြန်ရ၊ ဓာတ်ပုံပို့ရအလုပ်ကိုတော့ မောင်ညိုယဉ် အကူအညီမပါဘဲ အေးမာ လုပ်နိုင်သည်။

"ကျွန်မရဲ့ကဗျာကို ဝေဖန်၊ ပြင်ဆင် အကြံဉာဏ်ပေးပါလား မမရယ်" လို့ ဆိုသည်မျိုးရှိလာရင် မောင်ညိုယဉ်လက်ထဲ ထည့်ပေးလိုက်ရသည်။

ကဗျာသည် ခံစားမှုမှပေါက်ဖွားလာရသည်ဟု အဆိုရှိသော်လည်း အေးမာအတွက်မှာမူ ကူးယူခြင်းမှ ပေါက်ဖွားရသည်ဟု ဆိုရပေမည်သာတည်း။



ဆယ်တန်းရောက်သည့်နှစ်တွင် ပွင့်မာအေးနာမည် စတင်ကြီးလာသည်။ အေးမာမှာ ပွင့်မာအေးမှ တက္ကသိုလ်ပွင့်မာအေး အမည်သို့ ပြောင်းလဲ၍ ဟန်ရေးထည်နိုင်ခဲ့ပြန်သည်။

အေးမာကို အရပ်ထဲက မလိုတမာ အမည်တပ်၍ ရှပ်တေးမ ဟု ခေါ်ခဲ့ကြ၏၊ အေးမာကလည်း သည်သို့ခေါ်စေအောင်ကို နေခဲ့သည်။

အေးမာက သည်သို့သည်ပုံနေထိုင်ခဲ့စေကာမူ ပညာရေးဘက်တွင်အဆင့်မနိမ့်ခဲ့ပေ။ တက္ကသိုလ်ဝင်စာမေးပွဲကိုနှစ်ချင်းပေါက် အောင်မြင်ခဲ့သည်။ တက္ကသိုလ်ရောက်ဖို့များ ဝေးပါသေးရဲ့ဟု ပြောခဲ့သူများမှာ ပါးစပ်အဟောင်းသား ဖြစ်သွားကြရသည်။ အရပ်ထဲက မဲ့တာ ရွဲ့တာ အမနာပပြောဖို့စောင့်နေသူများ ပါးပေပိတ်သွားကြသည်၊ သည်လိုတော့လဲ ဒီကောင်မလေးက မဆိုးဘူးလို့ မချီးမွမ်းချင် ချီးမွမ်းချင်စကားဆိုခဲ့ကြရသည်။

ဦးထွန်းမြိုင်ကမူ....

"ငါ့သမီးအကြောင်း တွေ့ပြီမဟုတ်လား" ဟု ဦးထွန်းမြိုင်က အကြွားတဝေဝေ ရှိခဲ့သည်၊ 'စာမေးပွဲအောင်တဲ့အတွက် ငါ့သမီး ဘာလိုချင်သလဲ၊ ဘာလုပ်ချင်သလဲ လုပ်စမ်း' လို့ ခွင့်ပေးခဲ့သည်၊

ဦးထွန်းမြိုင်က စန္ဒရားတစ်လုံး ဝယ်ပေးသည်၊ အေးမာ တူ စာမေးပွဲအောင်သည့် အထိမ်းအမှတ် ... တီပေးသည်။

ယောကျ်ားလေးတွေချည်းက တစ်နေ့၊ မိန်းကလေးတွေချည်းက တစ်နေ့၊ ရက်ခွဲပြီး လုပ်ခဲ့သည်။ ပါတီပွဲမှာ မြိုင်မြိုင်ထည်ထည် ရှိလှသည်။

မောင်ညိုယဉ်လည်း အေးမာနှင့် အတူတူ စာမေးပွဲအောင်ခဲ့သည်။ နာမည်ကြီးနေသည့် ကဗျာဆရာလေး မောင်ညိုယဉ်နှင့် နာမည်ရစ ကဗျာဆရာမလေး ပွင့်မာအေးတို့ စာမေးပွဲ အတူအောင်ကြသည်မို့ အဓိပတိလမ်းပေါ် လက်တွဲ လျှောက်ကြရတော့မည်မှာ သေချာနေသည်။ အေးမာ၏ အချစ်ကို ရယူရန် စောင့်ဆိုင်းနေကြသူများမှာလည်း အလိုလို ရှဲသွားကြပြီ။

အချစ်၏ချမ်းသာခြင်း၊ အချစ်၏ဆင်းရဲခြင်း၊ အချစ်၏ အတိမ်အနက်၊ အချစ်၏သရုပ်သကန်၊ အချစ်၏ ခံစားမှုရသ၊ အချစ်၏ ဆွတ်ပျံ့ကြည်နူးဖွယ်၊ အချစ်၏ ပျော်ရွှင်ချမ်းမြေ့ခြင်း၊ တမ်းတခြင်း၊ လွမ်းတခြင်းများကို အပြိုင် ရေးဖွဲ့နေသူနှစ်ဦး၏ နှလုံးသားရေးရာမှာ ကွာဟမှုရှိလိမ့်မည်ဟု မထင်အပ်ရာသည့်အတိုင်း တစ်သားတည်း တစ်ထပ်တည်း ရေသားပြင်ကဲ့သို့သာ ရှိနေလိမ့်မည်ဟု ထင်ခဲ့ကြပေသည်။

စာမေးပွဲ မအောင်သည်ကို အထိမ်းအမှတ် ပြုပေးခဲ့သည့် ပါတီပွဲကိုပင် မောင်ညိုယဉ်နှင့် အေးမာတို့၏ အကြို အထိမ်းအမှတ်ပွဲဟူ၍ မထိတထိ ကလိခဲ့ကြ၏။



မည်သို့ပင်ဆိုစေ ချစ်တတ်သူများစွာ ချစ်ကြသူများကို ကြည်ကြည်သာသာပင် ခွင့်လွှတ်နိုင်ခဲ့ကြ၏။

မောင်ညိုယဉ်ကို ဘယ်လိုမှကြည့်မရသူမှာ အမဲရိုးအာတီး ချစ်မောင်ပါတည်း။

## အခန်း (ငါး)

### တက္ကသိုလ်ပရိဝုဏ်

ပညာရှာမှီးလိုသူများအတွက် စာဥယျာဉ်တွေ တင်စား သလို၊ အချစ်ကို ရှာလိုသူများအတွက် အချစ်ဥယျာဉ်အဖြ တင်စားရသောမေတ္တာပန်းတို့ ပွင့်လန်းရာ မြကျွန်းသာ လိပ်ပြာတာလေးအေးမာ ပျံဝဲရောက်သွားခဲ့ပေပြီ။

အေးမာ စရိုက်က အထိန်းအချုပ်ကိုမကြိုက်၊ လွတ် မှုကို ကြိုက်သည်။ တက္ကသိုလ်ဆိုသည်မှာ ဘဝအဆစ်ပိုင်း လွတ်လပ်မှုအရသာကို ပြည့်ပြည့်ထင်ထင် ခံစားရဆုံးသော အခေါင်အဖျား နေရာလေးပါ၊ ဘဝတစ်ကွေ့တွင် ဆုံတွေ့ ကြည်နူးမဆုံး၊ ပျော်စရာ အကောင်းဆုံးမှာ တက္ကသိုလ် ကျောင်းသား ဘဝသည်သာ ဖြစ်ချေ၏။



လွတ်လပ်သည်။ ကိုယ့်ကို သူများက ထိန်းသည်ထက် ကိုယ့်ကိုယ်ကို ထိန်းရသောနေရာ၊ စည်းကမ်းသတ်မှတ်ချက် ရှိသော်လည်း ချုပ်ချယ်မှုကင်းပေ၏။ အေးမာတို့ တက္ကသိုလ်ကျောင်းသားဘဝကဆို ဆရာများမှာ သင်ကြားမှုအပိုင်းကိုသာ အလေးထားသည်။ ထိန်းသိမ်းမှုအပိုင်းကို အလေးမပေး။ သူတို့အရွယ်တွေက ဖင်ရ ဟန့်ရ၊ တုတ်ပြရမည့် အရွယ်တွေ မဟုတ်။ ကိုယ့်ကိုယ်ကို ထိန်းနိုင်လောက်သည့် ဗဟုသုတ အတွေ့အကြုံ ကြွယ်ဝပြီးသားအရွယ်၊ အကောင်းအဆိုးကို ပိုင်းခြား ချင့်ချိန်နိုင်သည့်အရွယ်။

မိဘ၏ အရိပ်အာဝါသအောက်မှာ ပူပင်ကြောင့်ကြမှု မရှိဘဲ လွတ်လွတ်လပ်လပ် ပျော်ပျော်ပါးပါး နေရသည့် ကာလတာမှာ တက္ကသိုလ်ကျွန်းရိပ်သာတွင် နားခိုရသည့် အခိုက်အတန့်လေးမျှသာ၊ သူတို့ အစွမ်းကုန် ပျော်ကြမည်။ ပညာရှာသလို ဘဝကြင်ဖော်ကိုလည်း ရှာကြသည်။ မက်မင် ဖွယ်ရာကောင်းလှသော တက္ကသိုလ်ကျောင်းသားဘဝကို စွန့် ခွာရသူတိုင်း မျက်ရည်စို့ရသည်။ တက္ကသိုလ်မြေသင်းနံ့ကို တသသရှိရသည်။ သင်းပျံ့ပျံ့ ကံ့ကော်နံ့ကို ရှူရှိုက်ချင်စိတ် တဖွားဖွား ပေါ်ရသည်။ အင်းလျားရေသိုးနံ့များမှာ နှာ ခေါင်းထဲတွင် စွဲထင်နေမြဲရှိခဲ့၏။ နောက်ဆုံးနှစ်စာမေးပွဲ ဖြေ ဆိုရသောအချိန်တွင် ဝေဒနာသစ်တစ်မျိုးကို ခံစားရစမြဲရှိ ကြ၏။

ဘဝ၏ ချမ်းမြေ့ရိပ်မြုံသည် တက္ကသိုလ် ပရိဝုဏ်သာ ဖြစ်ဘိ၏။ တက္ကသိုလ်ရင်ခွင်ကို စွန့်ခွာရသည့်နှစ် မည်မျှပင်ကြာ

ရှည်စေအောမှု ထိုအနားမှဖြတ်သန်းမိတိုင်း ရင်ထဲမှာတလှပ်လှပ် ဖြစ်ကြစမြဲရှိရပေသည်သာ။

ကတ္တရာခင်းလမ်းပေါ် လျှောက်ရတာချင်း အတူတူ အဓိပတိကတ္တရာလမ်းပေါ် လျှောက်ရသည်က နူးညံ့သည်၊ ငြိမ်သက်သည်၊ စီးစီးပိုင်ပိုင်ရှိသည်၊ အရသာပို၍ ပြည့်လျှမ်းသည်ဟု ခံစားရစမြဲရှိပေ၏၊ ဆန်းသစ်သော ဗိသုကာလက်ရာ ခေတ်နှင့်မယှဉ်သာသည့် ဘွဲ့နှင်းသဘင် အဆောက်အအုံကြီးမှာ ကျောင်းသားတို့၏ မျက်ဝန်းထဲတွင် ခေတ်နောက်ကျနေသည်ဟု မမြင်နိုင်ကြ၊ ရင့်ကျက်သော ကျက်သရေဆောင် အဆောက်အအုံအမြင်သာ ထင်ကြစမြဲရှိနေသည်။

မြကမ္ဗလာနှင့်တင်စားရသော မျက်ခင်းပြင်များမှာ စိုပြည်သည်၊ ကျောင်းသူကျောင်းသားတိုင်း၏ မျက်ဝန်းမှာကြည်မြသည်၊ လန်းဆတ်သည်၊ ပြုံးသက်နေကြသည်၊ အနှစ်သာရ အပြည့်ဆုံးသော အပြုံးများမှာ သူတို့လေးတွေမျက်နှာပေါ်မှာပဲ ထင်ကြလေရော့သလားမသိ၊ ချစ်သူအတွဲလေးများကိုပဲ ကြည့်ကြည့်၊ ချစ်သူမဖြစ်တော်ဖြစ်တတ်၊ ဟပ်ဘွိုင်အတွဲလေးများကိုပဲ ကြည့်ကြည့် ပြုံးနေကြသည်၊ ရယ်နေကြသည်၊ ရွှင်နေကြသည်၊ လန်းလန်းဆန်းဆန်း ရှိနေကြသည်။

လွတ်လပ်မှုကို နှစ်ခြိုက်လွန်းသော အေးမာအတွက် လွတ်လပ်သော ကမ္ဘာလေးထဲမှာ ပျော်ဝင်ဖို့ တာစူလိုက်ပေပြီ၊

ခေတ်ဆန်သော လှသော ကိုယ်ပိုင်ကားနှင့်ကျောင်းတက်နိုင်သော အပြောချိုသူ၊ အကြည့်ရဲသူ၊ အပြုံးဝေသူ၊ အေးမာ၏



အမည်မှာ ကျောင်းသားများ၏ ပါးစပ်ဖျားတွင် တစ်နှစ်ပြည့်ခင် ဖေးဘရိတ်စကား ဖြစ်လာသည်၊ အေးမာကို အပြုံးနှင့် ကြိုဆိုသော ကျောင်းသား အရေအတွက် တိုးပွားလာသည်၊ အေးမာရှိနေသောနေရာတွင် ရယ်သံမောသံ စည်ပင်သလို၊ အေးမာကိုတွေ့လျှင် မျက်နှာလွှဲသော ကျောင်းသူ အရေအတွက်လည်း တိုး၍တိုး၍လာသည်၊ အေးမာအနားမှာ ယောကျ်ားလေးတွဲဖော်တွေ တစုတဝေး ရှိခဲ့သည်၊ အေးမာ လှုပ်ရှားနေရာတိုင်းတွင် တစ်ယောက်မဟုတ်၊ တစ်ယောက်သော ကျောင်းသားသည် အရိပ်ပမာ ကပ်ပါစမြဲရှိခဲ့၏။

အေးမာက နေ့ကျောင်းသူ၊ အဆောင်နေသူများထက် ပို၍လွတ်လပ်သည်၊ ကလပ်(စ်)ပြီးမှလည်း သွားလို့ရသည်၊ ကလပ်(စ်)မတက်ဘဲလည်း လစ်လို့ရသည်၊

ခေတ်ဆန်လိုက်သည်မှာဘာပြောကောင်း၊ ကျောင်းသူလို့ ပြောစရာ အရိပ်လုံးဝမထင်၊ အိမ်ကကားကို ကျောင်းအလာတွင်သာ စီးသည်၊ ကျောင်းက အိမ်ကိုတန်းပြီး ပြန်သည်လို့ ရှိစဖူး၊ မြို့ထဲမှာ ခြေဖွမွှေ့ပြီးမှ အိမ်ပြန်တတ်သည်၊ အေးမာ အိမ်ပြန်ရောက်ချိန်မှာ အနည်းဆုံး နေညို့သန်းချိန်၊ တစ်ချ ဘစ္စရှိသည်၊ အေးမာက သူတွဲသမျှ ဆောင်ဈေးတွေကို ဖခင်ကြီးနှင့် မိတ်ဆက်ပေးလေ့ရှိသည်၊ ဦးထွန်းမြိုင်က တပြုံးပြုံး အေးမာလုပ်သမျှ အားလုံးကောင်းပါသည် ဖြစ်နေသည်၊

အေးမာ ဝါသနာထုံခဲ့သည်မှာ ဗိုလ်ချုပ်ဈေးသွားသည်၊ ဒါတွေကလွဲရင် အေးမာကို မခေါ်နဲ့ ခေါ်ခါမည်။

အပေါ်စား ဆန်အောင်မလိုက်လျော၊ ကိုယ့်ကိုယ်ကိုတော့ တန်ဖိုးသင့်အောင် ထိန်းထားသည်။ အချစ်ကို ပါးစပ်က ပေးကောင်းပေးမည်။ လက်တွေ့မပေးခဲ့။ ဒါကြောင့်လည်း ခွာသူမရှိခဲ့ပြီး အေးမာသွားသည့် နေရာမှန်သမျှ မောင်ညိုယဉ်လည်း အမြဲပါနေသည်။ ထိန်းပေးသည်။

ဒုတိယနှစ်တွင်မှု အေးမာ အချစ်ကိုပုံအောရမည့် ... တစ်ယောက်နှင့် တွေ့ခဲ့သည်။

## အခန်း (ခြောက်)

### ကိုနိုင်ဦး

ဝင်းမှတ်နေအောင် အသားဖြူသည်။ အရပ်မနိမ့်မမြင့်။ ...ပ်ဖြောင့်သည်။ ထူထဲသောမျက်ခုံးကြီးမှာ ဖြူသောအသား ...ါတွင် ထင်ထင်းလင်းလင်း ပေါ်လွင်နေသည်။

လှိုင်းပြေး ရေးရေးထနေသော ဆံပင်ကို ညာခွဲမခွဲဘဲ ...ယ်ခွဲခွဲထားပုံမှာ ဆစ်မျိုးပင် ကြည့်ကောင်းသလိုရှိနေသည်။ ...ောက်ကိုင်းအနက် မျက်မှန်မှာ ဖြူသောအသားနှင့် ဖြောင့် ...းသော နှာတံပေါ်တွင် ရှုပ်ရှုပ်ထွေးထွေး မမြင်သာ၊ လိုက် ...က်သည့်အသွင်ထင်နေသည်။ နိုင်ဦး၏မျက်နှာပေါ်မှ နှစ်လို ...ယ်ရာအရိပ်မှာ မျက်လုံးနှင့်အပြုံး၊ စိုသောမျက်လုံးနှင့် ချို ...သောအပြုံးမှာ နိုင်ဦး၏ စိတ်ဝင်စားဖွယ်ရာအမှတ်အသားတွ ...င်စားရမည်သို့ ရှိချေ၏။

ဖြူဝင်းစင်ကြယ်နေသော မှန်သားနောက်မှ စိုသော မျက်လုံးမှာ စကားပြော အလွန်ကောင်းသည်။ နိုင်ဦးက အေးမာထက် နှစ်နှစ်စောပြီး ထက္ကသိုလ်ရောက်ခဲ့သူ ဖြစ်ရ ပန်းအလှလေးများကို ရစ်သိုင်းသီကုံးရာတွင် အထာကျနေသူ ဖြစ်၏။

ရဲအရာရှိကြီးဦးမြင့်ဦးနှင့် ရတနာကုန်သည်ကြီး ဒေါ်မ လေးတို့၏ တစ်ဦးတည်းသောသား၊ကိုယ်ပိုင်ကားနှင့် ကျောင်း တက်နေသူ၊ စာတော်သည်ထက် နာမည်ကြီးသူများထဲတွင် တစ်ယောက်အပါအဝင်မို့ ကျောင်းသူများကြားတွင် ရေပန်း စားခဲ့သူ။

နိုင်ဦးက ကဗျာဆရာလေး မောင်ညိုယဉ်မှတစ်ဆင့် အေး မာနှင့် အသိဖွဲ့လာသည်။ အသိဖွဲ့လာပုံက စင်းစင်းရိုးရိုး လေးသာ။

''ကျွန်တော် နိုင်ဦးပါ၊ ပွင့်မာအေးရဲ့ကဗျာတွေကို နှစ် ခြိုက်ခဲ့ရတာ ကြာပါပြီ၊ ခုမှပဲ ကိုညိုယဉ်ကြောင့် လူချင်း ကျွမ်းဝင်ရတာမို့ သိပ်ကိုဝမ်းသာရပါတယ်''

''တွေ့တက်ကွဲ....ကျေးဇူးတင်ပါတယ် ကိုနိုင်ဦး၊ ကဗျာချစ်သူ များကို အေးမာ သိပ်ခင်တတ်ပါတယ်''

''ဘယ်မှာတွေ့တွေ့ ခင်ခင်မင်မင် ရင်းရင်းနှီးနှီး ဆက်ဆံ ခွင့် ရပါရစေလား မအေးမာ''



''အေးမာက ကိုယ့်ကိုခင်သူအပေါ် အညှိုးမထင်တတ်ပါ ဘူးလေ၊ ချိုသာတဲ့အပြုံးနဲ့ ကြိုဆိုတတ်သူပါ''

''ကျွန်တော်တော့ မအေးမာရဲ့ ပွင့်လင်းမှုကို သိပ်သဘော ကျသွားပြီလေ''

''ကျေးဇူးကမ္ဘာပါ ကိုနိုင်ဦး''

''ကျွန်တော့်ကို ခွင့်ပြုပါဦး၊ မကြာခင် ထပ်တွေ့နိုင်ခွင့် ကြုံပါရစေလို့၊ ကလပ်စ်ဝင်ဖို့ ရှိနေလို့ပါ''

''ကြုံမှ မဟုတ်ပါဘူးလေ၊ အချိန်မရွေးပါ ကိုနိုင်ဦး''

တွေ့ဆုံခြင်းအစမှာ သိမ်သိမ်မွေ့မွေ့ ဣန္ဒြေရရရှိဘိ၏။

''ပွင့်မာအေးရဲ့ကဗျာတွေကို နှစ်ခြိုက်ခဲ့ရတာ ကြာပါပြီ'' ဟု နိုင်ဦး စကားဆိုလာစဉ်က အေးမာအတွက် ကဗျာတွေ ရေးဖွဲ့ပေးခဲ့ရသူ မောင်ညိုယဉ် အနားမှာ ရှိနေသည်။

ဒါပေသိ အေးမာက ကိုယ့်လိပ်ပြာ ကိုယ် မလန့်ဘဲ ကဗျာချစ်သူများကို အေးမာက ခင်တတ်ပါတယ်'လို့ ပြုံး ာန်မပျက် တုံ့ပြန်စကား ဆိုနိုင်ခဲ့သည်ပ။

ယနေ့ စာပေလောကမှာလို အမည်ခံ စာရေးဆရာတွေ ခေတ်မထခင်ကတည်းကပင် ကဗျာမထုံးဖွဲ့တတ်သူ အေးမာ တစ်ယောက် ကဗျာပန်းဥယျာဉ်မှာ မွှမွှထင်ထင် အသိအမှတ် ပြုခံရသော ကဗျာဆရာမလေး ဖြစ်ခဲ့သည်။

ရှိဒိုးခေတ်ကို အေးမာစ ခဲ့သလားဟု ဆိုရလေမလားမသိ။

တျန်ရစ်ခဲ့ပြီးသော နှစ်ပေါင်းဆယ်စုနှစ်စုကျော်ကာလက မို့ သည်သို့ဆိုရသည်။သည်ကနေ့စာပေလောက အနေအထား အရဆိုပါမူ ရှဲဒိုးဆိုသည်မှာ မဆန်း၊အမည်ခံစာရေးဆရာတွေ မှိုလိုပေါက်နေသည့်ခေတ်၊ စာရေးဆရာထက် စာရေးဆရာမ တွေထဲမှာ အမည်ခံတွေ ပိုများလာသည်။ သူတို့သည်း အေး မာ လိုသာပ၊ ဟိုတုန်းက ရှဲဒိုးဆိုတာ အလွန်ရှားသည်၊ မရှိ အောင်ကို ရှားသည်။

သည်နေ့အနေအထားက တစ်မျိုး၊ စာပေအသိုင်းအဝိုင်း အကုန်လုံးက ဘယ်သူပါဆိုတာ သိနေပေမည့် စာပေပွဲသစင် တွေမှာ သူတို့ ရှေ့ဆုံးကပါစမြဲရှိနေသည်၊ ဆရာမစာအုပ်တွေ သိပ်ကြိုက်တာပဲပြောလျှင် အပြုံးကလေးတဝေဝေ ရှိနေတတ် သည်၊ ကြီးကြီးကျယ်ကျယ် ကြော်ငြာဆိုသူတို့ချည်း၊ အဲ ရှဲဒိုး ဆိုပြီးတော့ အထင်တော့မသေးနဲ့၊ သူတို့က ဘက်(စ်)ဆယ် လာ စာရင်းဝင်တွေဖြစ်နေကြသည်၊ မည်သို့ပင်ရှိပါစေ ရှဲဒိုး ဆိုသည်မှာ ခုမှပေါ်သည်မဟုတ်၊ ရှေးလွန်လေပြီးသော ကာလကတည်းက စာပေလောကမှာ ရှိနေသည်ဟု ဆိုရပေ မည်သာ။

နိုင်ဦးက ကဗျာကိုယိုးမယ်ဖွဲ့ပြီး ကဗျာဆရာမလေး အေး မာနှင့် မိတ်ဖွဲ့လာသည်၊ တွေ့ဆုံခြင်းအစမှ သုံးရက်မြောက် နေ့တွင် မောင်ညိုယဉ်မှတစ်ဆင့် စာလေးတစ်စောင် အေးမာ လက်ထဲ ရောက်လာသည်။

ဝိုင်းဝိုင်းသေးသေး စာလုံးလေးများနှင့် ရေးထားသည် စာမှာ တိုတိုလေး။



ကျွန်တော် နှစ်ခြိုက်မြတ်နိုးရပါသော ကဗျာရှင် ကို ဂုဏ်ပြုသည့်ခံပါရစေ၊အားလပ်သည့် နေ့နှင့်အချိန် ကို ဆရာမအကြိုက်ရွေးပါ၊ ကိုညိုယဉ်ကိုပါ ဖိတ်ထား ပါသည်။

"တို့ပြန်ခင်မင်မှုကို ရပါရစေ"

ခင်မင်မှုများစွာဖြင့်

နိုင်ဦး

နိုင်ဦးထံမှစာကိုဖတ်ပြီး အေးမာ၏ နှုတ်ခမ်းစုံပေါ်မှ အပြုံးယဲ့ယဲ့လေး ထင်သွားရသည်၊ခေတ်စကားနှင့်ပြောရရင် "တော်တော်တုံးတဲ့လူ" တု ဆိုချင်ဟန်ထွက်သွားသည်ပ။

နိုင်ဦး ချဉ်းကပ်လာပုံက တောထဲကကျွားအသွင်မှ မပြဘဲ း၊ တိရစ္ဆာန်ရုံထဲကကျားအသွင် ထင်စေခဲ့သည်၊ အေးမာကို ချဉ်းကပ်လာဖူးသမျှတွေထဲမှာ နိုင်ဦး ချဉ်းကပ်လာပုံက းစင်းလွန်းနေသည်၊ အေးမာ အတွေ့များသည်မှာ တောထဲ ကျားတွေသာ။

တောထဲကကျားက တွေ့ရင် ခုန်အုပ်ချင်သည်၊ အစာကို ဘာသာသူတို့ ရှာသည်၊ တိရစ္ဆာန်ရုံထဲကကျားက သူတို့ ာဝကို မွေ့တေ့တော့ရှိနေပြီ၊ အစာကိုကျွေးမှ စားတတ် ည်၊ အေးမာက နိုင်ဦးကို တိရစ္ဆာန်ရုံထဲကကျားလို့ပဲ ထင် သည်၊

တကယ်တော့ နိုင်ဦးက အရိုင်းမဟုတ်၊ အယဉ်၊ မိန်းကလေးများနှင့်ပတ်သက်လို့ အထာကျွမ်းပြီးသား၊ အတွေ့ယဉ်ပြီးသား အကိုင်အတွယ် ကျင်လည်ပြီးသား၊ အတွေ့အကြုံရင့်ကျက်ပြီးသား၊ ကြောင်ပေါက်မဟုတ်၊ ကြောင်ဖား၊ ဒါပေသိ မခုတ်တတ်သည့်ကြောင်အသွင် ဆင်ပြီး အဝင်ညက်သည်၊ ဆူးချုံဆို ယုန်ဟာဘယ်လိုတိုးမှာပါ၊ ယုန်တိုးသာဖို့ဆူးကင်းသော ချုံမှန်းသိသာအောင် ပြလိုက်သည့်ထင့်။ ညက်ညက်ညောညော အထာပေးပြီး ဝင်လာသည်။

အေးမာက နိုင်ဦးဖိတ်ခေါ်လာသည်ကိုမငြင်း၊ လွယ်လွယ်ကူကူ ခေါင်းညိတ်၍ နန်းဆင်းမှာဆုံကြဖို့၊ တနင်္ဂနွေနေ့ကို ရက်သတ်မှတ်ပေးပြီး အိမ်မှလာခေါ်ဖို့ပါ မေဇင်ညိုယဉ်မှ တစ်ဆင့် အမှာစကားပါးခဲ့၏။

အေးမာက သူ့ဆီ ချဉ်းကပ်လာသူမှန်သမျှကို သူမ၏ အိမ်သို့ အရင်ခေါ်လေ့ရှိသည်မှာ အေးမာ၏အလေ့အထ၊ သူတို့သားစု အခြေအနေ၊ အနေအထားကို ပြသရာတွင် မသူတော်ခုနစ်ပါးမလုပ်တတ်၊ ကိုယ့်ကိုယ်ကိုဖော်ရမည့်ထက် သူတို့က အရင် မျက်ဝါးထင်ထင် တွေ့မြင်စေသည်၊ အခြေကြီး အနေကြီး ပါလားဆိုသည်ကို မျက်မြင်ကိုယ်တွေ့ရှိစေသည်၊ အပေါ်စားအသွင်မြင်ပြီး အထက်ဆီးက မဆက်ဆံနိုင်အောင် ကြိုတင်ဟန့်တားထားသည့်သဘောလေလား၊ ဖြူကော်မှန်း သိအောင် ဆူးတောင်ကို ကြွပြထားသည့်သဘောလေလား။ အထင်သေး အမြင်သေး အပေါ်စားအသွင်မြင်ပြီး အချိုး



ဓထည်လေနဲ့ ဆူးတောင်ကို ခါထုတ်လိုက်မည်ဟု သတိပေးသည့်နှယ် ပြုမူသောအလေ့ဟု ဆိုရမည်လားမသိ။

အိမ်က အမေတို့ အစ်မတို့နှင့် မသင့်မြတ်သည်မှာလည်း သည်အကြောင်းမှာ အဓိက အေးမာ၏ ယောကျ်ားလေး အပေါင်းအဖော်တွေက အိမ်ကိုဝင်လာမစဲ တသွဲသွဲရှိနေသည်။ သူတို့ပြောပုံ၊ ဆက်ဆံပုံ၊ ပြုမူပုံတွေက ဒေါ်စိန်ညွန့်မျက်စိနဲ့ ဘယ်လိုမှမတည့်၊ ဒေါ်စိန်ညွန့်က အိမ်မဲမှာနေတုန်းကလိုပင် အရိုးခံအတိုင်း နေတတ်သည်၊ သမီးအကြီးနှစ်ယောက်ကို အိမ်ရှေ့မျက်နှာစာလမ်းဘက်ထွက်မျှော်သည်ကိုပင်ခွင့်မပြု။ ဒေါ်စိန်ညွန့်မှာ ခေတ်ရေစီးကြောင်း၊ အပြောင်းအလဲကို မမြင်တတ် မကြည့်တတ်၊ ခေတ်အမြင် ခေတ်အတွေးမရှိ။ ခေတ်အထာ၊ ခေတ်အညာနှင့် အံမဝင်၊ ဒေါ်စိန်ညွန့် သိသည်မှာ ငွေစုဖို့၊ ငွေကုန်မည့်ကိစ္စဆို ဒေါ်စိန်ညွန့် ဘယ်လိုမှ မကြည်။

အေးမာ အပေါင်းအသင်းတွေ အိမ်လာပြီဆိုရင် ကြောင်အိမ်ထဲရှိသမျှ ကုန်ရော၊ မနက်ကမှဖွင့်သည့်မုန့်ဘူး တစ်နေ့တည်းနဲ့ ပြောင်ချင်ပြောင်သွားတာ၊ သမီးအကြီးနှစ်ယောက်က ဒေါ်စိန်ညွန့်ထားသလိုနေသည်၊ ဒေါ်စိန်ညွန့် ပဲ့ကိုင်သလို လှော်ရသည်။ အေးမာလှော်သည်ကိုတော့ ဒေါ်စိန်ညွန့် ပဲ့ကိုင်လို့မရ။

လေစုံကို တည့်တည့်လိုက်ပါဆိုပေသိ၊ လှေဦးကို ကန့်သန့်တိုက်ပြီး လှော်ချင်လှော်တာ။

အေးမာဘက်မှာ ဦးထွန်းမြိုင်တာ အမြဲဘမ်းရှိနေသည်။ ယောကျ်ားလေးအပေါင်းအသင်းကို မမြင်ကွယ်ရာမှာ တွဲဘာထက် မိဘရှေ့မှောက်ခေါ်လာရဲသည့် အေးမာ၏ ပွင့်လင်းမှုကို ဦးထွန်းမြိုင်က သဘောကျသည်။ သမီးအကြီးတွေတုန်းက အတန်းကုန်အောင် ကျောင်းမထားခဲ့သည့် ဒေါ်စိန်ညွှန့်၏ အစီအမံကို ခေါင်းညိတ်ခဲ့သည့် ဦးထွန်းမြိုင်မှာ အေးမာနှင့်ကျမှ ဒေါ်စိန်ညွှန့်ပြောသမျှ ခေါင်းခါနေသည်။

အေးမာက ယောကျ်ားလေးများနှင့် ဆက်ဆံရာမှာ ပွင့်လင်း၍ ပရိယာယ်ကြွယ်ခဲ့သော်လည်း အသားစားယဉ်ပါးသည့်ကျားနှင့် မတွေ့ခင်၊ အေးမာ ပရိယာယ်ကြွယ်သမျှ အရာထင်ခဲ့သည်ပဲ။ အသားစားယဉ်ပါးနေသော ကျားနှင့်တွေ့သောအခါတွင်မူ ပရိယာယ်အစုစုသည် သဲထဲရေသွန်ဘိသို့ အရာမထင်ရှိခဲ့ချေ၏။ မရှောင်သာ မတိမ်းသာဖြစ်ခဲ့ချေ၏။

တနင်္ဂနွေနေ့မနက်။

နိုင်ဦး သူ့ကားလေးနှင့်ရောက်လာသည်။ မြန်မာဆန်ဆန် တိုက်ပုံအင်္ကျီနှင့် အင်းလေးလုံချည်ဝတ်လာသည့် နိုင်ဦး၏ ဟန်ပန်မှာ ဣန္ဒြေရနေသည်၊ မောင်ယဉ်ညိုသည်၊ အဘူပါလာသည်။ အေးမာက နိုင်ဦးကို လက်ဖက်ရည်ပွဲနှင့် ဧည့်ခံရင်း အိမ်တွင်ရှိနေသော ဖခင်ကြီးနှင့်ပါ မိတ်ဆက်ပေးခဲ့သည်။ နိုင်ဦး၏ ယို့ယို့ကျိုးကျိုး ရည်ရည်မွန်မွန် သိမ်မွေ့သော အပြုံးနှင့် ဦးထွန်းမြိုင်ကို တရိုတသေဆက်ဆံခဲ့၏၊ ဦးထွန်းမြိုင်



၏ အမေးရှိလာသည့်အတိုင်း သူ၏မိဘများမှာ ဘယ်သူ ဘယ်ဝါများဖြစ်ကြောင်း ပြောပြခဲ့ရာ ဦးထွန်းမြိုင်မှာ ခေါင်းတညိတ်ညိတ်နှင့် အပြုံးရိပ်ထင်နေသည်။ သမီးဖြစ်သူ၏ ပေါင်းသင်းဆက်ဆံရေး၊ အဆင့်အတန်း အရည်အသွေးကို သဘောတွေ့နေသည်။ သူ့သဘောတွေ့နေသည့်အကြောင်းကို ထမင်းဝိုင်းကျရင် ပြောလို့မဆုံး။ ညနေညထမင်းဝိုင်းမှာ အေးမာအကြောင်း ချီးမွမ်းခန်းဖွင့်ဦးမည်မှာ သေချာသည်။ ဦးထွန်းမြိုင်နှင့် နိုင်ဦးတို့ လေကြောမသွားပြီမဟုတ်ပါလား။

နန်းဆင်းမှာ စားကြသောက်ကြရင်း အေးမာနှင့် နိုင်ဦးတို့ လေကြောထပ်မိပြန်သည်။ မနက်ပိုင်းတွင် အေးမာက သူတို့မိသားစုအကြောင်း လှစ်ပြခဲ့သလို နိုင်ဦးကလည်း သူတို့မိသားစုအကြောင်းကို ကြွားဟန်ကြွားလုံးမပါ၊ ဇာမချဲ့ အမွှမ်းမတင်ဘဲ ပြောပြခဲ့၏။ တစ်ဦးတည်းသော သားဖြစ်သူ သူ့အမေ ဘယ်အတိုင်းအတာအထိ အလိုလိုက်ပိုး ဘာမဆို သူ့သဘောကျဖြစ်စေခဲ့ပုံ၊ အိမ်ထောင်ဖက် ရွေးရာတွင်ပင် သူ့သဘောကျအလို မိဘတွေကလိုက်လျောမည်ဟု ကတိပေးထားပုံများကို ရယ်စရာ ရွှင်စရာ စကားညှပ်တလေးများဖြင့် ရွှမ်းရွှမ်းဝေအောင် ပြောပြသွားခဲ့၏။ ဘေးမှနားထောင်နေသူ ကိုညိုယဉ်ကိုလည်း သက်သေတည်လိုက်သေး၏။ ပြီးမှ ကဗျာအကြောင်း နည်းနည်းပါးပါး ပြောပြပြီး ရုပ်ရှင်အကြောင်း အများကြီး ပြောကြသည်။ ရုပ်ရှင်ဝါသနာထုံသော နိုင်ဦးနှင့် ဟောလီဝုဒ် မင်းသား

မင်းသမီး နာမည်များကို အလွတ်ရနေသော အေးမာတို့ စကားဝိုင်းမှာ စုံပြည်သည်၊ အတိုင်အဖောက်ညီသည်၊ အပေး အယူတည့်သည်၊ ခင်မင်ရင်းနှီးမှု အထုံးအဖွဲ့မှာ တစ်ထိုင် တည်းနှင့် ခိုင်ကျည်သွားသည်။

"ဝမ်းတေဘယ်(လ်)ဆိုရင် ကိစ္စပြတ်ပါတယ်ကွာ" လို့ ပြောလေ့ပြောထရှိသော စီးပွားရေးသမားတို့၏ ယနေ့အသုံး စကားအတိုင်း ပြောရသော် နိုင်ဦးနှင့် အေးမာတို့မှာလည်း ဝမ်းတေဘယ်(လ်)နှင့် ကိစ္စပြတ်သွားကြပြီဟု ဆိုရပေမည်သာ။

ညှို့ငင်သောအလှသည် ဖမ်းစားနိုင်စွမ်းရှိဘိ၏၊ သို့သော် သံလိုက်ခဲတက်ကဲ့သို့ ဆွဲငင်ထားနိုင်အား ရှိပါမည်လား။

နိုင်ဦး၏ အပြောကြွယ်ပုံ၊ ချိုမြအေးသက်သော အမူအရာ ရှိပုံ၊ ရည်မွန်သော ဟန်ထင်ပုံတို့က အေးမာ သဘောတွေ့ သလို စိုသောမျက်လုံးနှင့် ချိုသော အပြုံးကိုလည်း စွဲထင်သွား ခဲ့ရသည်။

ထို့နောက်ပိုင်း အေးမာကို တစ်ယောက်တည်း မတွေ့ သလို နိုင်ဦးကိုလည်း အေးမာမပါဘဲ တွေ့ရလေ့ မရှိပေ။ နိုင်ဦး၊ ကားထဲမှာ အေးမာ၏ သင်းပျံ့ပျံ့ နံ့သာနံ့သည်သာ စွဲထင်စေခဲ့၏။

ကျောင်းမှာလည်း တွဲသည်၊ အပြင်မှာလည်း တွဲသည်၊ နေ့လည်း တွဲသည်၊ ညလည်း တွဲသည်၊ မြို့ခတော် ရန်ကုန်၏



အစည်ကားဆုံး လမ်းမကြီး ငါးသွယ်ကို အလျားဖြတ် စွန်း ကျော်ထွက်နေသည့် ဆူးလေဘုရားလမ်းပေါ်မှာ သူတို့အတွဲ ကို ခြေကျင်တွေ့သလို ကားနှင့်လည်း တွေ့ရစမြဲ ရှိခဲ့သည်။

အေးမာ၏အလှကို နိုင်ဦးက ကြုံကြုံဖန်ဖန် တင်စားချီး ကားဆိုခဲ့သည်မှာ 'အေးမာ၏အလှသည် ရေဝတီမြစ်နှင့် တူ သေ၏တဲ့'။ ရေဝတီ၏အလှသည် ဘယ်တော့မှမရိုး၊ ဘယ်အချိန် ကြည့်ကြည့် လှရည်လွှမ်းနေသလို အေးမာ၏ အလှသည်လည်း အမြဲဘမ်း လှရည်ရွှမ်းနေပါသတဲ့။

သည်စကားကို ပေလီရောက်တုန်းက နိုင်ဦး ပြောခဲ့သည်။

တိုနှစ်၏ နွေလယ်ကာလတွင် ရေသိုးနံ့ ထင်းသော အင်း များကို ကျော်ခိုင်းပြီး ဆားနံ့သင်းသော ပေလီထိ ခြေဆန့် [illegible]သည်။ ဘယ်တိမ်း ညာယိမ်း နွဲ့လျက် ကနေတတ်သော [illegible]လီ အုန်းလက်ရိပ်များအောက်တွင် တူတူပုန်းတမ်း ကစား [illegible]၏၊ ပေလီခရီးမှာ အေးမာအတွက် မမေ့သာအောင် [illegible]သည်။ ချစ်တတ်သူတို့၏ အစွမ်းကုန် အလိုလိုက်မှုများမှာ [illegible] ယ သော တမ္ဘာငယ်လေးတစ်ခု တည်ဆောက်လိုက်ရဘိသို့ [illegible]ချ၏။

နင့်နင့်ပိုးပိုး ချစ်ခဲ့သည်မှ အတုံ့အပြန် အလိုဖြည့်စွမ်းမှု [illegible] မှ ချစ်တတ်သူတို့၏ နယ်နိမိတ်အဆုံးသို့တိုင် ရောက်ခဲ့ရ [illegible]၏။

စိတ်၏ နိုးကြားတက်ကြွမှုမှာ သာယာမှု လမ်းဆုံးသို့တိုင် ရောက်ခဲ့ရပေသည်။

ညှို့ငင်သော အလှသည် ဖမ်းစားနိုင်စွမ်း ရှိဘိ၏။

သို့သော်....

## အခန်း (ခုနစ်)

### သူတို့နှစ်ယောက်

အေးမာ၏ ချစ်မေတ္တာကို သိမ်းပိုက်ရယူမည့်သူ ဖြစ်လိမ့်သြော်တု အများ၏ အထင်ကြီးခြင်း၊ သတ်မှတ်ခြင်းကို ခံနေရသူ ကဗျာဆရာ မောင်ညိုယဉ်။

အေးမာ၏ ချစ်မေတ္တာကို သိမ်းပိုက်ရယူနိုင်ရန် အရှိန်မပျက် ကြိုးစားနေသူမှာ အာတီးချစ်မောင်။

ကျော်ကြားသော ကဗျာဆရာအဖြစ် အောင်မြင်မှု တိုင်ထိပ်သို့ ရောက်လုရောက်ခင် ဖြစ်နေသော မောင်ညိုယဉ်မှာ တက္ကသိုလ် ပရိဝုဏ်မှ ကဗျာဝါသနာရှင်မလေးများ အလယ်တွင် သူ၏ ကျော်စောမှု အရှိန်အဝါမှာ ထွန်းထွန်းပေါက်ပေါက် ရှိနေသည်။ မောင်ညိုယဉ်နှင့် ခင်မင်ရင်းနှီးခွင့် ရလိုသော ကဗျာ ဝါသနာရှင်မလေးများမှာ မောင်ညိုယဉ်က အပြုံးမဖွင့်ရဘဲ သူတို့က ချစ်စရာအပြုံးလေးများဖွင့်ပြီး ပေါ်ပေါ်ကြွယ်ကြွယ် မိတ်ဆက်နေကြသည်။

သူဘာသာဆွတ်ရင် အသွတ်ခံဖို့၊ ငိုက်ပေလို့သူ ပန်းပွင့်ကလေးများမှာလည်း ဝေဝေဆာဆာ ရှိနေကြသည်။

ဒါပေသိ မောင်ညိုယဉ်က ညို့ငင်သောအလှသည် အခြားတွင် ရှိအံ့မမြင်။ အေးမာတွင်သာ ရှိနေသည်ဟု ထင်နေသည်။ အေးမာ၏ အလှနှင့်တူသော တိမ်းမူးမက်မင်ဖွယ်ရာအလှကို ရှာမတွေ့နိုင်ဘိသို့ ရှိနေချေ၏၊

အေးမာကို ကျော်ကြားမှုနယ်ပယ်သို့ တွန်းတင်ပေးခဲ့သည်၊ လစဉ်ထုတ် မဂ္ဂဇင်းများတွင် သူ၏ကဗျာ မပါသော်ရှိစေ၊ တက္ကသိုလ် ပွင့်မာအေး ကဗျာပါဖို့တော့ အားစိုက်ခဲ့သည်၊

တက္ကသိုလ် ပွင့်မာအေးနာမည်ကို ကျော်ကြားမှု အထွတ်အထိပ်ရောက်အောင် ပို့ဆောင်ပေးခဲ့သည်၊

'အချစ်တရားစီရင်ခြင်းနှင့် အချစ်အယူခံလွှာ'

ကဗျာစာအုပ် ထွက်လာသည့်အထိ ကြိုးပမ်းပေးခဲ့သည်၊

မောင်ညိုယဉ်က သူ့ လိုချင်တမ်းမက်သည့်အရာကို အေးမာဆီ တောင်းခဲ့သည်မှာ ကြာပြီ၊ နှုတ်မှ ဖွင့်ဟစကား မဆိုခဲ့စေကာမူ လှပသောအက္ခရာနှင့် တင်စားဖွဲ့ကျူးခဲ့သည်မှာ ကြာပြီ၊

ငါ၏သန့်စင်သော ဝိညာဉ်သည်၊

တုနှိုင်းရာမရှိသော၊

ညို့ငင်တိမ်းမူးဖွယ်၊



သင်၏အလှ အကျဉ်းထောင်တွင်၊

ကျခံရမည့်နေ့ကို၊ စောင့်နေရသည်မှတစ်ပါး၊

အခြားမရှိပြီတည်း။

သည်သို့ဖွဲ့ဆိုခဲ့၏။

မောင်ယဉ်ညို၏အားနည်းချက်မှာ သူတို့မိသားစု၏စီးပွားရေး အနိမ့်အမြင့်ဇယားနှင့် အေးမာတို့မိသားစု၏ စီးပွားရေး အနိမ့်အမြင့်ဇယား ကွာဟချက်ကို ကျဉ်းချုံ့ပေးရန်မတတ်နိုင်ခဲ့သည်မို့၊ တောင်းဆိုရသူအဖြစ်မှ လိုက်လျောခံရသူအဖြစ်ကို အချိန်ပေး၍ စောင့်နေခဲ့၏၊ စီးပွားရေးစကားမပြောနိုင်သဖြင့် ပညာစကားပြောရန် ဘွဲ့ရသည်အထိ စောင့်ရမည်ဟု ဆုံးဖြတ်ထားခဲ့၏။

သူ စိုက်ပျိုးထားသည့်ပန်း မညှိုးနွမ်းအောင်သာ အနီးကပ် ထိန်းနေခဲ့ရသည်၊

* * *

အေးမာ၏ချစ်မေတ္တာကို ရယူပိုင်ဆိုင်ဖို့အတွက် ဝေပုလ္လတောင်ဖျားက ပတ္တမြားဇောတိရသ်နှင့် လက်စွပ်က ထမင်းကျောက်သို့နှယ် ခြားနေသည့် အနေအထားရှိစေကာမူ မျှော်ဆင့်ခြင်း ဆန္ဒကို တစ်ချက်ကလေးမှ အတိမ်းမခံဘဲ ပပဝတီနှင့် မင်းကုသထုံးကို နှလုံးမူပြီး အခါအခွင့် အချိန်အခါကို သဲကြီးမဲကြီးစောင့်နေသူမှာ အာတီးချစ်မောင်။

အေးမာ ဘယ်တော့မှ အမှာစကားမရှိစေကာမူ အေးမာအတွက် ဝယ်ခြမ်းလာတတ်သည့် လက်ဆောင်ပစ္စည်းများမှာ သူတစ်ယောက်တည်း သယ်လို့မနိုင်နိုင်အောင် တနင့်တပိုးရှိခဲ့၏။ အေးမာက ရွှေရေးပန်းကန်တက်မဖြစ်အောင် တစ်ချက်မှ မျက်နှာသာမပေးခဲ့၊ အပြုံးမရှိသည့်ကြားက မတော်ဘဲမဝယ်နှင့် မခေါ်ဘဲမလည်နှင့် ပမာဆိုထုံးကို နှလုံးမမူဘဲ အပြုံးမပျက် ခံစားလျက်သာရှိနေသည်။

သူမှာ နောက်ဆုံးအနေအထားတွင် အနိုင်ရိုက်နိုင်မည့် ဖဲဖဲ့ရှိသည်၊ ဦးထွန်းမြိုင်ကို အပိုင်ကိုင်နိုင်မည့် နိုင်ကွက်များရှိထားသည်။

အာတီးချစ်မောင်က ဖဲကိုမထုတ်သုံးသေးဘဲ အချိန်ကိုစောင့်ရင်း အေးမာသတင်းကို နားတစွင့်စွင့်လုပ်ပြီး အလွတ်စုံထောက်ကြီး လုပ်နေခဲ့သည်။

ခုတော့ အေးမာက အနီးကပ်ထိန်းပြီး အလှ အကျဉ်းထောင်မှာ ကျခံပါရစေတော့ တောင်းခံနေသည့် မောင်ညိုယဉ်နှင့် အလွတ်စုံထောက်ကြီး အာတီးချစ်မောင်တို့ကို မျက်လှည့်ပြလိုက်သည်။

ဟော့ကြည့်ဗျနော် ရှင်းရှင်းလေး၊ ဖြည်းဖြည်းလေး၊ ငွေရောင်ကို အုပ်လိုက်ပြီး ဟောဒီမှာ ရွှေရောင်ကို ပြောင်းအုပ်တယ်၊ ငွေရောင်တာဒီဘက်မှာ ရွှေရောင်က ဒီဘက်မှာ ကြည့်နေသူတွေက မျက်စောင်မခတ် ရှင်းရှင်းလေးပဲမြင်လိုက်ကြသည်။



ရွှေရောင်က ဘယ်ဘက်မှာ၊ ငွေရောင်က ညာဘက်မှာ၊ ပိုက်ဆံတွေကျလာသည်။ ရွှေရောင်ဘက်မှာ ငွေတွေပုံလို့ ဖွင့်လိုက်တော့ ငွေရောင်။

အေးမာဖွင့်လိုက်တော့ ပေါ်လာသူက နိုင်ဦး။

ဘယ်တိမ်း၊ ညာတိမ်း ကစားနေတတ်သော ငပလီ၏ နန်းလက်များနှင့်အတူ အေးမာနှင့်နိုင်ဦးတို့မှာလည်း လမင်းကို မရှက်ကြပြီလား မသိ၊ ချစ်တတ်သူတို့၏ သဘာဝအတိုင်း ပလီမှာ ဇာတ်အိမ်တည်ခဲ့ကြသည်။

အဆုံးမထင်သော မိုးကုပ်စက်ဝိုင်းဆီမှ အပြန်၌တွင် သူတို့အကြောင်းမှာ မဖုံးသာမဖိသာဖြစ်ခဲ့ရသည်။

မောင်ညိုယဉ်မှာ ခံပြင်းစိတ်မှပေါ်လာသော နာကြည်းမှုဝေဒနာကို "အလှအကျဉ်းထောင်မှ ကြိုးမိန့်ခံအကျဉ်းသား" ကဗျာဝတ္ထုကြီးဖြင့် ဖွဲ့သီပြလိုက်သည်။

သူ့အာဒါပဲတတ်နိုင်သည်။

အာတီးချစ်မောင်ကမူ သူ၏ထောက်လှမ်းရေးအစီရင်ခံစာကြီးကို ဦးထွန်းမြိုင်ဆီ တင်သွင်းလိုက်ပြီး သူ၏လိုလားချက်ကို ပြောင်ပြောင်တင်းတင်း တောင်းခံလိုက်သည်။

သမီးဖြစ်သူ၏သတင်းကို ကြားရသည်ထက် အာတီးချစ်မောင်၏ ဟင်းအိုးအားမနာသည့် တောင်းဆိုချက်ကြောင့် ဦးထွန်းမြိုင်၏မျက်နှာကြီးတစ်ခုလုံး နီရဲသွားရသည်။

"ခွေးလေးအရောဝင်တော့ ပါးလျက်နားလျက်၊ ကျီးကန်းဘောင်းမြှောက် ချေးခြောက်ကောက်စား" ဟု ပုံပမာ

စကားကို တင်ပြီး ပစ်ပစ်ခါခါ ပြောပစ်လိုက်သည်။ သူ၏ အလုပ်ခန်းထဲကနေ ခွေးလေခွေးလွင့်တစ်ကောင်ကို မောင်းထုတ်ဘိသို့ မောင်းထုတ်ပစ်လိုက်သည်။

ချစ်မောင်က ဝှက်ဖဲကို လှစ်ပြလိုက်သည်။

ဦးထွန်းမြိုင်မှာ အသားတွေဆတ်ဆတ်တုန်နေပြီး ကိုယ်ထိလက်ရောက်သည်အထိ လုပ်မည်ပြုပြီးမှ ဒေါသကို အတင်းပြန်ထိန်းလိုက်ရသည်။

"မင်း ဒီပုံချိုးရင် ငါကြောက်သွားလိမ့်မယ်မျှား ထင်လို့လား၊ ချစ်မောင်၊ အေး....မင်းဟာ ထောင်နှုတ်ခမ်း လျှောက်ရဲတော့ ငါ့ဟာ ဘာလို့ ထောင်ထဲမဝင်ရဲရမှာလဲ၊ အထွာချင်းတိုင်း၊ ချင်သပဆို တိုင်းကြည့်ကြသေးတာပေါ့၊ ဒီတော့နေ... စပြီး မင်းမျက်နှာကို ငါလုံးဝမကြည့်ချင်ဘူး၊ ဒါပဲ"

ချစ်မောင်၏ တောက်ခေါက်သံမှာ ဦးထွန်းမြိုင်အခန်း... စသုံးလုံး ရုံးခန်းသို့တိုင် ရိုက်ခတ်သွားခဲ့၏။

●

အခန်း (၅ ခြောက်)

**ဦးရန်ပိုင်**

ပြည်သူ့ပိုင်ပစ္စည်း ကာကွယ်ရေးရဲအဖွဲ့(**Public Property Protection Police**) ပီဖိုးမှ ပြောင်းလဲလာသော ...သုံးလုံးခေါ် အထူး စုံစမ်းစစ်ဆေးရေးဌာန(**Bureau Of Special Investigation**) ယန္တရားပီပီပြင်ပြင် လည်ပတ်နေသောအချိန်။

စွန့်စားမှု၊ (**Bravery**)

စေတနာရှိမှု၊ (**Sincerity**)

စာရိတ္တကြံ့ခိုင်မှု၊ (**Integrity**)

ဤသည်မှာ '**စသုံးလုံး၏ဆောင်ပုဒ်**'

ဆောင်ပုဒ်သုံးခုကို အတိုကောက် ပေါင်းစပ်လိုက်သည်မှ (စ)သုံးလုံးဟူ၍ အခေါ်တွင်ခဲ့သည်။

စသုံးလုံးအဖွဲ့ကြီး တိတိပပပေါ်လာပြီးနောက် ပြည်သူ့ဘဏ္ဍာ ယိုဖိတ်မှုများနှင့် ဝန်ထမ်းများ၏ အဂတိလိုက်စားမှုများကို တစ်ခုပြီးတစ်ခု ဖော်ထုတ်ခဲ့သည်နှင့်အတူ နိုင်ငံခြားသား ကုန်သည်များနှင့် ပူးပေါင်း၍ လိမ်နည်းအမျိုးမျိုးဖြင့် ပြည်သူ့ဘဏ္ဍာငွေများကို ပြည်ပသို့ ခိုးထုတ်နေကြသော အ[illegible]များကိုပါ ဖော်ထုတ်အရေးယူနေသောကာလ။

၁၉၅၄-ခု။

အချိန်မှာ၊ မနက်ကိုးနာရီခန့်။

တန်ခူးနေ၏ အပူရှိန်မှာ မိုးလင်းကတည်းက သူ၏စွမ်းအားကို ထုတ်ပြလာသည်။ လမ်းသွားလမ်းလာများမှာ မနက်ပိုင်းပင်ဖြစ်စေကာမူ လက်ကိုင်ပဝါနှင့် မျက်နှာကို ခဏခဏ ပွတ်ပေးနေရသည်။

၄၅ လမ်းထိပ်ရှိ စသုံးလုံးရုံးသို့ စသုံးလုံးအရာရှိကြီးငယ်များနှင့် ရုံးဝန်ထမ်းများမှာ တဖွဲဖွဲ ရောက်ရှိနေကြသည်။ ကုန်သည်လမ်းဘက်က အပေါက်မှ ဝင်သူရှိသလို ၄၅ လမ်းဘက် အပေါက်မှလည်း ဝင်သူများရှိကြသည်။

ကုန်သည်လမ်းဘက် အဝင်ပေါက်ရှိ စုံစမ်းရန်နှင့် သတင်းပေးတိုင်ကြားရန် ဖွင့်ထားသည့်အခန်းထဲတွင် အင်္ကျီအဖြူ အရှည်နှင့် ဒိုတီဝတ်ထားသည့် မာရပါရီလူမျိုး၊ အိန္ဒိယအမျိုးသားတစ်ယောက်၊ ဘောင်းဘီဝတ် ကုလားကပြား တစ်ယောက်နှင့် မြန်မာတစ်ယောက်တို့ ထိုင်နေကြသည်။



ထိုသူများမှာ သတင်းပေးသူများဟန်မပေါက်၊ တစ်စုံတစ်ခုသော ပြစ်မှုကြောင်းအရ အစစ်ဆေးခံရန်အတွက် ရုံးသို့ လာရောက်နေကြဟန် ရှိသည်။ သူတို့ သုံးယောက်စလုံး၏ မျက်နှာများမှာ ရွှင်ရွှင်ပျပျမရှိဘဲ စူးစိုက်မိရာသို့ စူးစိုက်ငေးမောနေကြသည်။

အပေါ်ထပ်မှ လက်ဆွဲအိတ် ကိုင်ထားသည့်အရာရှိတစ်ဦး ဆင်းလာပြီး ဘယ်ဘက်အခန်းမကြီးထဲသို့ ဝင်သွားသည်။ သူပြန်ထွက်လာသောအခါ သူ၏နောက်မှ လူနှစ်ယောက် လိုက်ပါလာသည်။ နောက်ထပ် ပါလာသူနှစ်ယောက်မှာ အရာရှိငယ်များ ဖြစ်ဟန်ရှိ၏။ ပထမလူနှင့် ရင်ပေါင်တန်း လိုက်ဘဲ နောက်က ခပ်ယို့ယို့ဟန်နှင့် လိုက်လာကြသည်။

ရှေ့မှသွားနေသူက ညာဘက်သို့ချိုးပြီး ၄၅ လမ်းဘက် ဝင်ပေါက်ဆီသို့ ရှေးရှုသွား၏။ ၄၅ လမ်းထဲတွင် အသင့်ရပ်ထားသော ကားနားရောက်သောအခါ ရှေ့မှသွားနေသူက ရပ်နေလိုက်သည်။ နောက်ကလိုက်ပါလာသူနှစ်ယောက် ဂျစ်ကားနောက်ပိုင်းတွင် ဝင်ထိုင်ပြီးမှ ပထမလူက ကားမောင်းသူဘေးတွင် ဝင်ထိုင်လိုက်သည်။ လူလေးယောက်ပါသော ဂျစ်ကားလေးမှာ ၄၅ လမ်းထဲမှထွက်ပြီး ဘယ်ဘက်သို့ချိုးကွေ့၍ မဟာဗန္ဓုလလမ်းအတိုင်း အရှေ့မှ အနောက်သို့ မောင်းခဲ့၏။

ပန်းဆိုးတန်းထိပ်ရောက်သောအခါ ဂျစ်ကားလေးမှာ [illegible]ခနဲ ရပ်သွားရသည်။ ပန်းဆိုးတန်းလမ်းအတိုင်း အထက်မှ

အောက်သို့ မောင်းလာသည့် ရုံးကြိုကားနှင့်အနောက်မှ အရှေ့သို့ မောင်းလာသည့် ခရီးသည်တင်ကားတစ်စီး တိုက်မိကြသဖြင့် လမ်းပိတ်နေသည်။ ကားနှစ်စီးမှာ လမ်းလယ်ခေါင်တွင် ကန့်လန့်ဖြတ် ပိတ်မိနေသည့်ပြင် ဝိုင်းကြည့်နေသည့် လူအုပ်ကြီးကြောင့် ကားများမှာ ရှေ့မတိုးသာ နောက်မဆုတ်သာဘဲ ရောက်သည့်နေရာတွင် ရပ်နေကြရသည်။ ကားမောင်းသူဘေးတွင် လိုက်ပါလာသူက တိုက်ပုံအင်္ကျီအဖျားကို လှန်၍ နာရီကို ကြည့်လိုက်ပြီးနောက်၊ နောက်ခုံတွင် ထိုင်နေသူများအား စကားလှမ်း ပြောလိုက်၏။

ထိုစဉ်မှာပင် မော်တော်ဆိုင်ကယ်နှင့် ယာဉ်ထိန်းရဲများ ရောက်လာပြီး လမ်းပိတ်နေသောကားများကို ရှင်းလင်းပေးလိုက်သဖြင့် ရပ်တန့်စောင့်ဆိုင်းနေသော ကားများမှာ တစ်စီးပြီးတစ်စီး ဖြည်းဖြည်းချင်း မောင်းထွက်လိုက်ကြသည်။

ဂျစ်ကားလေးမှာ ပန်းဆိုးတန်းကို လွန်ပြီးသည်နှင့် အရှိန်မြှင့်မောင်းလိုက်၏။ လမ်းတွင် နောက်ထပ် အနှောင့်အယှက် မတွေ့ဘဲ ၂၈ လမ်းထိပ်အရောက်တွင် ညာဘက်သို့ ချိုးကွေ့လိုက်၏၊

ဖရေဇာနှင့် မဟာဗန္ဓုလဘလောက် ၂၈ လမ်းအလယ်လောက်ရှိ မြန်မာ့ဂုဏ်ရောင်ကုမ္ပဏီရှေ့သို့အရောက်တွင် ဂျစ်ကားလေးမှာ ညင်ညင်သာသာ ထိုးရပ်သွားသည်။

မြန်မာ့ဂုဏ်ရောင် ကုမ္ပဏီ ဆိုင်းဘုတ်ကြီးမှာ ထည်ဝါသလောက် ရုံးအပြင်အဆင်မှာလည်း ခံ့ညားသည်။ အာရုံ



ဆွဲတံခါးကို ဖွင့်မထားသော်လည်း တံခါးနားတွင် ခွေးခြေပုလေးနှင့် လူတစ်ယောက် ထိုင်နေသည်။စားပွဲသုံးလုံး ရှိသည့်အနက် အနောက်ဘက် အစွန်ဆုံးစားပွဲတွင် လူတစ်ယောက်ထိုင်ပြီး လက်နှိပ်စက် ရိုက်နေသည်။

ဂျစ်ကားပေါ်မှဆင်းလာသူက ခွေးခြေပုလေးနှင့် ထိုင်နေသူထံ လျှောက်သွားပြီး ဦးထွန်းမြိုင် ရောက်မရောက်မေးမြန်းခဲ့ရာ ခွေးခြေပုနှင့်ထိုင်နေသူက ဦးထွန်းမြိုင် မရောက်သေးကြောင်း မကြာခင်လာမည့်အကြောင်းပြော၍ အထဲဝင်ထိုင်ရန် တံခါးဖွင့်ပေးလိုက်၏။ ကားပေါ်တွင်ပါသူ သုံးယောက်လုံး အခန်းထဲသို့ဝင်ခဲ့ကြပြီး ဧည့်သည်များထိုင်ရန် ထားသည့် ကုလားထိုင်စုံ စားပွဲဝိုင်းတွင် ဝင်ထိုင်လိုက်ကြသည်။

လက်နှိပ်စက် ရိုက်နေသူက ဝင်လာသူများကို မျက်လွှာတစ်ချက်လှန်ကြည့်လိုက်ပြီး သူ၏အလုပ်ကိုဆက်လုပ်နေသည်။

တံခါးဖွင့်ပေးသူက မှန်ကာအခန်းထဲသို့ ဝင်သွားပြီး စီးကရက်ဘူးနှင့် မီးခြစ်လာချပေး၏။ ဝင်လာသူများကို ကုန်သည်များ အထင်ဖြင့် လုပ်နေကျအတိုင်း ဧည့်ခံမှု ဝတ္တရားအရ စီးကရက်ဘူးနှင့် မီးခြစ်လာချပေးသော်လည်း ထိုင်နေသူများက သူတို့အိတ်ထဲမှ စီးကရက်ဘူးများကိုသာ ထုတ်၍ သောက်လိုက်ကြသည်။

စားပွဲပေါ်တွင် အသင့်ရှိနေသည့် သတင်းစာကို ယူဖတ်သူက ဖတ်၍ မဂ္ဂဇင်းစာအုပ်လှန်သူက လှန်နေသည်။ လက်နှိပ်စက်ရိုက်သံသာ မှန်မှန်ထွက်နေသည်။

သူတို့ရောက်လာပြီး ဆယ်မိနစ်ခန့် အကြာတွင် ပြောင်ထွက်နေသော ကားနှစ်စီး ပြိုင်တူရပ်လာသည်၊ ရှေ့ကားမှာ ကုမ္ပဏီရှေ့တွင် မရှိတော့။ စောင့်နေသူများက ကုမ္ပဏီရှေ့တွင် ရပ်လာသည့်ကားဆီသို့ မျက်စိဝေ့ကြည့်လိုက်၏။ ခွေးခြေပုနှင့် ထိုင်နေသူက ကမျာကတာသီ တံခါးဖွင့်၍ အောက်ဆင်းသွားပြီး ကားတံခါးကိုဖွင့်ပေးလိုက်ရာ ကားနောက်ခန်းတွင် ထိုင်နေသူမှာ အေးအေးသက်သာပင် ကားပေါ်မှဆင်းလိုက်သည်။

ဦးထွန်းမြိုင်။

ကုန်သည်တို့၏ အလေ့အတိုင်း မျက်နှာပေါ်တွင် အပြုံးရိပ်သမ်းနေသည်။

နောက် ကားထဲမှ ဆင်းလာသူများမှာ တမာရိုးနှင့်ပွတ်ထားသဖြင့် ပြောင်လက်နေသောသွားများ အဖွေးသားပေါ်နေသည့် ဘာဘူကြီး သုံးယောက်။

ဦးထွန်းမြိုင်က ဘာဘူများကို ဦးစားပေးသည့်အနေဖြင့် ရှေ့ကဝင်ရန်လက်ပြပြီး သူက နောက်မှ ဝင်လိုက်လာသည်။

လွန်ခဲ့သော ငါးရက်ကတည်းက ဦးထွန်းမြိုင်၏ မြန်မာ့ဂုဏ်ရောင် ကုမ္ပဏီကို စောင့်ကြည့်ခဲ့ကြသည်၊ ထည်ထည်ဝါဝါ မြန်မာ့ဂုဏ်ရောင် ဆိုင်းဘုတ်တင်ထားသော ဦးထွန်းမြိုင်၏ ကုမ္ပဏီသို့ နေ့စဉ်ဝင်ထွက်နေသူများတွင် မြန်မာက အနည်းသား၊ ဘာဘူကြီးများ အထည်စကို ကိုင်ကြည့်ရုံနှင့် ချည်



ဘယ်နှစ်ပင်ပါသည်ကို မလွဲတန်းပြောနိုင်သော မာရဝါရီ အမျိုးသားကြီးများသာ အဝင်အထွက်များသည်။

ခုလည်း ဦးထွန်းမြိုင်နှင့် တစ်ပါတည်း ဘာဘူကြီးများပင် ပါလာကြသည်။ စသုံးလုံးအရာရှိ၏မျက်နှာပေါ်တွင် ရေငတ်တုန်း ရေတွင်းတွေ့လိုက်သူပမာ မွဲထင်သောအပြုံးရိပ် ယှက်သန်းသွားသည်။

ဦးထွန်းမြိုင်က ထိုင်နေသူများကို မသိစေတာမူ ကုန်သည်ပီသသကြီး ပြုံး၍ ခေါင်းညိတ်နှုတ်ဆက်ပြီးမှ သူ၏အခန်းထဲသို့ ဝင်သွားခဲ့သည်။

အဖွဲ့ကို ခေါင်းဆောင်လာသူ စသုံးလုံး အရာရှိကြီးက ဦးထွန်းမြိုင်နှင့် ဘာဘူကြီးတို့ဝင်သွားပြီး ငါးမိနစ်ခန့်ကြာမှ တံခါးစောင့် မတားဆီးနိုင်ခင် အထဲကို ဝင်လိုက်သွားသည်။ ကျန်နှစ်ယောက်ကမူ ထိုင်နေမြဲနေရာမှ မထကြပေ။

ဦးထွန်းမြိုင်က တံခါးဖွင့်ဝင်လာသူကို ကြည့်ပြီး အံ့သြသွားသလို သူ၏မျက်နှာပေါ်တွင် အလိုမကျဟန်လည်း ပေါ်သွားသည်။ ညွှဲသည်ရှိနေမှန်းသိလျက် ဝင်လာရကောင်းလားဟု ရှုသိုးသိုးအကြည့်ဖြင့် လှမ်းကြည့်ပြီး သူ၏တပည့်ကို သံမာဆတ်ဆတ်နှင့် လှမ်းအော်လိုက်သည်။

''ဟေ့....ချစ်ညွှန့်၊ မင်း ဘာလုပ်နေသလဲ''

''ကုတ်ကွဲ....ဆရာကြီး လာပါပြီ''

ချစ်ညွန့် အခန်းထဲသို့ ကပျာကသီရောက်လာသော်လည်း ဦးထွန်းမြိုင်မှာ သူပြောချင်သည့်စကားကို ဆက်မပြောသာဘဲ ဖြစ်သွားရသည်။

အပြုံးဆောင်ထားသည့် စသုံးလုံးအရာရှိ ထုတ်ပြလိုက်သည့် မှတ်ပုံတင် ကတ်ပြားပေါ်မှ ရာထူးအဆင့်အတန်းနှင့် စသုံးလုံးတံဆိပ်မှာ ဦးထွန်းမြိုင်၏ မျက်ဝန်းထဲတွင် ရှဲ့ဆင်းသွားပြီ။

ဦးထွန်းမြိုင်မှာ မျက်နှာကွက်ခနဲ ပျက်သွားသော်လည်း ချက်ချင်း ဣန္ဒြေပြန်ဆည်ပြီး 'ဩော်.... ဩော်.... ဦးရန်ပိုင် ထိုင်ပါခင်ဗျာ' ဟု နေရာပေးပြီးမှ 'ဟော့....ချစ်ညွန့် မင်းသွားတော့' ဟု ဟပည့်ဖြစ်သူကို တစ်ဆက်တည်းလှမ်းပြောလိုက်၏။

"ဟုတ်ကဲ့....ဦးထွန်းမြိုင်တို့ကို အနှောင့်အယှက်ပေးသလို ဖြစ်သွားတဲ့အတွက် အများကြီးအားနာပါတယ်၊ ဝတ္တရားမို့ အခုလိုဝင်ခဲ့ရတာပါ"

"ကျွန်တော်လဲ ရုတ်တရက်ဆိုတော့"

"ဟုတ်ကဲ့....ကျွန်တော် နားလည်ပါတယ်၊ ကျွန်တော်တို့ အပေါ်သာ ရိုင်းပျတယ်လို့ သဘောမယူဘဲ ခွင့်လွှတ်ပါလို့ တောင်းပန်ပါရစေ"

ဘာဘူကြီး သုံးယောက်မှာ ဦးထွန်းမြိုင်ကို တစ်လှည့် ဦးရန်ပိုင်ကိုတစ်လှည့် ကြည့်ရင်း သူတို့အချင်းချင်းလည်း တစ်



ယောက်ကို တစ်ယောက်ကြည့်ပြီး မျက်လုံးစကားစ ပြောနေကြသည်။

ကမ္ဗဝါမဖတ်ရုံတစ်မည် မြန်မာရည်လည်နေသော ဘာဘူကြီး သုံးယောက်မှာ ကုန်သည်အထာ ကျွမ်းဝင်သူများပီပီ အခြေအနေကို အရိပ်အကဲ ဖမ်းလိုက်နိုင်ကြသည်၊ သူတို့က ဦးထွန်းမြိုင်ကိုနှုတ်ဆက်ပြီး ထိုင်နေရာမှထမည့်ဟန်ပြင်လိုက်ရာ ဦးရန်ပိုင်က ခဏပြန်ထိုင်ဖို့ မေတ္တာရပ်ခံလိုက်၏။

"ကျွန်တော် စသုံးလုံးက ရန်ပိုင်ပါ၊ ဘာဘူကြီးတို့ရဲ့ နာမည်နဲ့ လိပ်စာလေးများ ပေးခဲ့စေလိုပါတယ်၊ ပြီးရင် ဘာဘူကြီးတို့ သွားနိုင်ပါတယ်"

မြန်မာရည် အတော်လည်ဟန်ရှိသော ဘာဘူကြီးက သူ၏ ဖောင်းအိနေသော ထောပတ်ရည်ဝနေသည့် ပါးကြီးနှစ်ဖက်ကို ပါးစုန့်ကြီးများထွက်လာအောင် ပြုံးလိုက်ပြီး....

"ကျွန်တော်တို့က ဧည့်သည်တွေပါ၊ အရောင်းအဝယ် ကိစ္စအတွက် လာတာမဟုတ်ပါဘူး၊ ဘုရားအတွက် အလှူ ကိစ္စအတွက် လာကြတာပါ"

ဘာဘူကြီးပြောပုံက ပရိယာယ်ကြွယ်လွန်းသည်၊ ဦးရန်ပိုင်ကို လှည့်ခြောက်လိုက်သည့်သဘော၊ ဘုရားကိစ္စအတွက် ဘာတာကို ခင်ဗျားက နာမည်တွေ ဘာတွေ ယူဦးမလားဟု ပြောလိုက်သည့်စာန်။

ဦးရန်ပိုင်က သူ၏အပြုံးကို ပို၍ဆဲ့ထင်အောင် ပြုံးလိုက်ပြီး တစ်ပြိုင်နက်တည်း မျက်နှာအမူအရာ နှစ်မျိုးလုပ်ပြလိုက်ရှ၏။

တစ်မျိုးက ထိတ်လန့်စိုးရွံ့သွားသည့်ဟန်။

တစ်မျိုးက ဒီအပေါက်မျိုးမချိုးနဲ့ ရိုးနေပြီဆိုသည့်ဟန်။

တစ်ချိန်တည်းမှာ မျက်နှာတစ်ပြင်တည်းက အမူအရာနှစ်မျိုးလုပ်ပြရသည်မှာ မလွယ်ပါ၊ သို့စေကာမူ အတွေ့အကြုံရင့်ကျက်နေပြီဖြစ်သော ဦးရန်ပိုင်အဖို့ ဒီလိုလုပ်ခဲ့ရပေါင်းများလှချေပြီမို့ လွယ်လွယ်ကလေးလုပ်တတ်နေသည်။

ဦးရန်ပိုင်မှာ ၁၉၃၂–ခုနှစ်၊ မန္တလေး ဆပ်ကျောင်းဆင်းရဲလုပ်သက် ဆယ့်ရှစ်နှစ်လောက်ရပြီးမှ စသုံးလုံးအဖွဲ့ကို ပြောင်းလာသူ။

နယ်ချဲ့ခေတ်က အက်(စ်)အိုင်၊ ပီ။

ဖက်ဆစ်ခေတ်တွင် ရဲပိုလ်။

လွတ်လပ်ရေးခေတ်၊ ပီဖိုး၊ ထိုမှ စသုံးလုံး။

"ရက်ဆာ၊ ရက်ဆာ" ခေတ်ကိုလည်း မီခဲ့သည်။

"ယောရော်ရှိ၊ မာစတာ၊ မာစတာယောရော်ရှိ" ခေတ်ကိုလည်း မီခဲ့သည်။

"ဟုတ်ကဲ့ဝန်မင်း၊ ဟုတ်ကဲ့ဝန်မင်း" ခေတ်ကိုလည်း ကျွမ်းဝင်ခဲ့သည်။



အတွေ့အကြုံစုံခဲ့ပြီ၊ အင်တာရိုဂေးရှင်းခေါ် အမှုစစ်ရာတွင် ဝေရီယာယ်အထာ အလွန်ကြွယ်သည်။ တရားခံ၏ အရိပ်အကဲကို ဖမ်းရာတွင် အလွန်တော်သည်။ အမှုတစ်ခု၏အစကို ဘယ်တစကိုင်၍ ဘယ်လိုအဆုံးသတ်ရမည်ကိုလည်း အလွန်သိ၏။ စေ့စပ်သေချာသည့်နေရာတွင် နှစ်ယောက်မရှိဟု ဆိုစမှတ်ပြုရသူ။

"ဘူး" သုံးလုံးကို ဖွင့်ရာတွင်လည်း ဦးရန်ပိုင်လိုလူမျိုး နှစ်ယောက်မရှိဟူ၍ ပြောစမှတ်တွင်ခဲ့သူ"

"ကျွန်တော်မသိဘူး၊ ကျွန်တော်မပါဘူး၊ ကျွန်တော်မလုပ်ဘူး" ဟူ၍ 'ဘူး' ဆောင်သူများမှာ ဦးရန်ပိုင်နှင့်သာတွေ့ 'ဘူး' ပွင့်သွားရမည်သာ။

"ဒီလိုပါ၊ ခုကိစ္စက ခင်ဗျားတို့နဲ့ ဘယ်လိုမှမသက်ဆိုင်ပါဘူး၊ ဒါပေမယ့် ကျွန်တော်တို့ စစ်ဆေးဖို့လာတဲ့အခါမှာ အဲဒီနေရာမှာ တွေ့တဲ့လူတိုင်းရဲ့ လိပ်စာကို ယူထားဖို့ဟာ ကျွန်တော်တို့ဆောင်ရွက်ရမယ့် ဝတ္တရားထဲမှာ ပါပါတယ်၊ ဒါ့ထဲမှာ ဘယ်လိုမှ စနိုးစနောင့်မဖြစ်ပါနဲ့၊ နာမည်နဲ့ လိပ်စာလေးပေးပြီးရင် ခင်ဗျားတို့သွားလိုရာကို စိတ်ကြည်ကြည်လင်လင် လွတ်လွတ်လပ်လပ် သွားနိုင်ပါတယ်"

ဘာဘူကြီးများက အထွန့်မတက်သာတော့၊ သူတို့နာမည်နှင့် လိပ်စာပေးကြသည်။ ဘာဘူကြီးများပေးသည့်

နာမည်နှင့် လိပ်စာများကို ဦးရန်ပိုင်က သူ၏ စာအုပ်ထဲတွင် ရေးမှတ်ပြီး သွားခွင့်ပြုလိုက်၏။

ဘာဘူကြီးများ မထခင် ဦးရန်ပိုင်မှာ ခနဲ့စကားတစ်လုံး သွင်းလိုက်သည်။

"အေးဗျာ....ကျွန်တော်တို့က လခစားတွေဆိုတော့ ငွေပိုငွေလျှံ မရှိဘူးလေ၊ ကြုံကြိုက်ပါလျက်နဲ့ ဘုရားအတွက် အလှူငွေ မထည့်နိုင်တာကိုတော့ ဘယ်လိုမှ မအောက်မေ့နဲ့နော်"

"ကိစ္စမရှိပါဘူး ဦးရန်ပိုင်၊ ကျွန်တော်တို့က ကုန်သည်တွေဆီမှာပဲ အလှူခံတာပါ"

သူတို့ထသွားကြသည်ကို ဦးရန်ပိုင်က ချိုသာသော အပြုံးဆောင်ပြီး ကြည့်နေလိုက်သည်။ ဦးရန်ပိုင်၏ နှုတ်ခမ်းပေါ်တွင် အပြုံးဆောင်ထားသော်လည်း မျက်လုံးမှာတော့ စကားပြောလိုက်သည်။

"တစ်နေ့ကျတော့ တွေ့ကြသေးတာပေါ့။"

ဘာဘူကြီးများက ပြန်ရန် နှုတ်ဆက်ပြီးအထတွင် ဘာဘူတစ်ယောက်က ဦးထွန်းမြိုင်ကို မသိမသာ မျက်စိတစ်ဖက် မှိတ်ပြလိုက်သည်။ ဦးရန်ပိုင်ကလည်း သူတို့ဘာလုပ်သွားသည်ကို မြင်ဖြစ်အောင် မြင်လိုက်သည်။

ချန်ဆို နားခွက်မှာ မီးတောက်သည်ဟု ဆိုစကားရှိသလို ဦးရန်ပိုင်မှာလည်း ရိပ်ခနဲဆို မြင်တတ်သည့် မျက်လုံးရှိသည်။



ဘာဘူကြီးများ ပြန်သွားပြီးမှ လိုရင်းကိစ္စကို ဆက်ရသည်။

"ကျွန်တော်တို့ ဦးထွန်းမြိုင်ရဲ့ ကုမ္ပဏီက စာရွက်စာတမ်းများနဲ့ စာရင်းစာအုပ်များကို သိမ်းဆည်းရပါမယ်၊ ဦးထွန်းမြိုင်အနေနဲ့ အစီအစဉ်လုပ်ပေးဖို့ မေတ္တာရပ်ခံပါရစေ"

"ဟုတ်ကဲ့၊ တစ်နာရီအတွင်း အားလုံးအဆင်သင့် ဖြစ်စေပါမယ်"

"ကျေးဇူးတင်ပါတယ် ဦးထွန်းမြိုင်"

"အထူးတလည် ကြည့်ချင်တဲ့ စာရင်းကျ ဘာလဲဆိုတာ ပြောပါရစေ"

"ကျွန်တော်တို့ကတော့ အားလုံးပဲ ကြည့်ရမှာပါ"

"ဪ....ဪ....ဟုတ်ကဲ့"

ဦးထွန်းမြိုင်က စာရေးကြီးကို လှမ်းခေါ်ပြီး လိုအပ်သည်များကို ပြင်ဆင်လိုက်သည်။ ရုံးခန်းထဲမှ အပြင်ထွက်ပြီး သူ၏ [illegible]ဘာကို တိုးတိုးပြော၍ အပြင်သို့ လွှတ်လိုက်၏။

ဦးရန်ပိုင်၏တပည့် အရာရှိငယ်နှစ်ယောက်က သူတို့လှုပ်ရှားမှုကို မျက်ခြည်မပြတ် စောင့်ကြည့်နေခဲ့ရုံမက ဘာဘူကြီးများ စီးလာသည့် ကားနံပါတ်ကိုလည်း မှတ်သားပြီး ဖြစ်နေသည်။

“ဦးထွန်းမြိုင်က ရုံးခန်းထဲပြန်ဝင်လာပြီး စကားပြောနေ ရတာနဲ့ ညွှဝတ်ပြုဖို့တောင် မေ့သွားတယ် ဦးရန်ပိုင်ခေ ဦးရန်ပိုင်တို့ ဘာစားများသုံးဆောင်မလဲ၊ အမိန့်ရှိပါဦး၊”

“ကျေးဇူးတင်ပါတယ် ခင်ဗျာ၊ ကျွန်တော်တို့ အားလုံး စားသောက်ပြီးခဲ့ပါပြီ၊ ကျွန်တော်တို့အတွက် ဘာမှ....”

“အို....မှတ်တာ၊ မိတ်ဖြစ်ဆွေဖြစ် ညွှဝတ်ပြုတာက တော့ မပယ်လှန်ကောင်းပါဘူးလေ”

“ဟုတ်ကဲ့....ဘယ်လိုမှ စိတ်မရှိဖို့ တောင်းပန်ပါရစေ၊ ကျွ တော်တို့မှာ စောင့်စည်းရမယ့် စည်းကမ်းရှိနေလို့ပါ”

“ဦးရန်ပိုင်က မင်းမှုထမ်း ပီသလှန်းတာကိုး”

“အကျင့်ဖြစ်နေလို့ပါ ခင်ဗျာ”

ဦးထွန်းမြိုင်က သူ၏အခန်းထဲရှိ မီးခံသေတ္တာကို ဖွင့်ပြ ဖိုင်တွဲများကိုထုတ်၍ ဦးရန်ပိုင်ရှေ့သို့ တင်ပေးလာသလို သူ စာရေးကြီးကလည်း စာရင်းစာအုပ်များကို စားပွဲပေါ် တင်ပေးလာသည်။

ဦးရန်ပိုင်က အရာရှိငယ်များကို ခေါ်လိုက်ပြီး စာ စာတမ်းများနှင့်စာအုပ်များကိုအမှတ်အသားပြုလုပ်၍ စေ တစ်ခုပြုစုရန် ခိုင်းလိုက်၏။

ထိုစဉ်မှာပင် ဦးထွန်းမြိုင်ကား ပြန်ရောက်လာသ အေးမာလည်း ပါလာသည်။



“ဦးရန်ပိုင်....ဒါ ကျွန်တော့်သမီးပါ၊ အေးမာလို့ ခေါ် ပါတယ်၊ တက္ကသိုလ်မှာ ကျောင်းနေဆဲပါ”

“ဟုတ်ကဲ့”

“ကျွန်တော့် သမီးအတွက် စကော့ဈေးပို့ပေးဖို့ ချိန်းထား ပါတယ်၊ ဒီမှာလဲ ကိစ္စကြီးနဲ့ဆိုတော့....”

“အို....ကိစ္စမရှိပါဘူး၊ သိပ်မကြာရင် သွားနိုင်ပါတယ်၊ ကျွန်တော်တို့လဲ ဒီမှာ စာရင်းတွေ ကြည့်ရဦးမှာပါ”

“နာရီဝက်လောက်ပါစေ”

“ရပါတယ်ခင်ဗျာ၊ သွားပါ”

“လိုတာတွေတော့ ကျွန်တော့် စာရေးကြီးနဲ့ မေးပါ၊ သူက ကျွန်တော့် ထက် ပိုသိပါတယ်”

“ဟုတ်ကဲ့”

ဦးရန်ပိုင်က တပည့်ဖြစ်သူကို မျက်ရိပ်ပြလိုက်၏။ အတွေ့ အကြုံရှိသော တပည့်ဖြစ်သူက ဘာကိုဆိုလိုသည်ကို သိပြီးဖြစ် သည့်အတိုင်း အပြင်သို့ထွက်သွားပြီး ဦးထွန်းမြိုင်တို့မသွားခင် ပြန်ဝင်လာသည်။

ဦးထွန်းမြိုင်တို့သားအဖ ထွက်သွားသည့် ကားနောက်တွင် ဆိုင်းသူ တစ်ယောက်တည်းသာပါသည့် ဂျစ်ကားလေးမှာ လမ်းမပေါ်မှ ကပ်လျက် လိုက်ပါနေသည်။

ဦးထွန်းမြိုင်တို့ ကားမှာ စကော့ဈေးကို ဝင်သည်ဆိုင်ဝင်ပြီး မင်္ဂလာဒုံအောက်ဘက်ရှိ တိုက်တစ်တိုက်ရှေ့တွင် ရပ်သွားသည်။ ထိုမှ သူ၏ကုမ္ပဏီသို့ပြန်လာပြီး ဦးထွန်းမြိုင် ဆင်းနေခဲ့သည်။ အေးမာက ကားယူပြီး ထွက်သွားသည်။

"စုံလောက်ပါပြီထင်တယ် ဦးရန်ပိုင်"

"တုတ်ကဲ့.... စုံပါလိမ့်မယ်လို့ ထင်ပါတယ်၊ လိုရင်လဲ နောက်မှ တောင်းပါ့မယ်၊ ဦးထွန်းမြိုင် ကျွန်တော်တို့ရုံးကို ခေတ္တကြွခဲ့ဖို့ပါ၊ ကျွန်တော်တို့နဲ့အတူတူ သွားတာပေါ့"

"ဗျာ....ဘယ်လို"

"ကျွန်တော်တို့ အထက်အရာရှိနဲ့ တွေ့ဖို့အတွက် ရုံးကို ကြွဖို့ပါ"

"ကျွန်တော့်ကို ဖမ်းတဲ့သဘောပါလား"

"မဟုတ်ပါဘူး ခင်ဗျာ၊ လိုအပ်တာတွေ မေးဖို့ပါ"

"ကျွန်တော့်ကား အခုပဲပြန်ရောက်လာပါလိမ့်မယ်၊ ခဏစောင့်ပါလို့"

"ရပါတယ်၊ ကျွန်တော့် တပည့်တစ်ယောက် စောင့်နေပါလိမ့်မယ်၊ စာရွက်ကြီးတွေမှာ လက်မှတ်ထိုးပြီးပါပြီ၊ ကျွန်တော်တို့ ယူသွားမယ့် ဖိုင်တွဲနဲ့ စာရင်းစာအုပ်မှာ ဦးထွန်းမြိုင် လက်မှတ်ထိုးဖို့ပါ"



ဦးရန်ပိုင်တို့ ပြန်ထွက် လာကြသည်။ မြန်မာ့ဂုဏ်ရောင် ကုမ္ပဏီနှင့် ခပ်လှမ်းလှမ်းတွင် ရပ်ထားသော ဂျစ်ကားပေါ် ရောက်သည်နှင့် ယဉ်မောင်းသူ၏ အစီရင်ခံချက်ကိုကြားလိုက်ရသည်။ သူတို့၏ ဂျစ်ကားကို မင်္ဂလာဒုံဘက်သို့ ဦးတည်ပြီး တပည့်ဖြစ်သူအား မင်္ဂလာဒုံထိပ်တွင် ချပေးခဲ့ပြီးမှ ဦးရန်ပိုင် ရုံးသို့ပြန်ခဲ့သည်။

စစ်ဆေးခြင်းမှ....

## အခန်း (ကိုး)

### ဦးရည်အောင်

ထိုနေ့နံနက်က ရာသီဥတု သာယာကြည်လင် နေသည်။ မိုးလေဝသဌာနက မိုးရွာလိမ့်မည်၊ ရွာရန်ရာခိုင်နှုန်း ငါးဆယ် ဟု ကြေညာထားသော်လည်း တိမ်ရိပ် မဆင်လာသေးပေ။ ကောင်းကင်ပြင်တွင် မိုးရိပ်မိုးသား ကင်းစင်ပြီး ကြည်လင် နေတောက်ပနေသည်။

အပြာရင့်ပေါ်တွင် အဖြူပန်းခက်ကလေးများ ဖော်ထားသည့် လုံချည်မှာ အေးမာ၏ ဖြူသောအသားနှင့် လိုက်ဖက် လှသည်။ ဖြူသောအသားကို ပို၍ပေါ်လွင်စေသည်။ စီးကရက် လက်ကြားညှပ်လျက် ဝင်လာသည့် အေးမာက ဦးရည်အောင် ကို တွေ့လိုက်သည်နှင့် အပြုံးဖွင့်လိုက်သည်။



ချိုမြိန်မက်မင်စရာ လှပသောအပြုံး၊

ဦးရည်အောင်နှင့် မျက်နှာချင်းဆိုင် ဝင်ထိုင်လိုက်သည့် အေးမာက သူ၏စီးကရက်မီးခိုးများကို ဦးရည်အောင်ဘက် မရောက်စေရန် ပြတင်းပေါက်ဘက်သို့ လှည့်ထုတ်လိုက်သည်။

''ကျွန်တော် သူတို့ပေးတဲ့ စာတွေကို လေ့လာပြီးပါပြီ၊ တရားဥပဒေ သဘောအရတော့ ဘယ်လိုမှ အရေးမပါပါဘူး၊ တကယ်လို့ အမှုဖွင့်မယ် ဆိုရင်တော့ သက်သေခံစာ အဖြစ် တင်ပြကောင်း တင်ပြပါလိမ့်မယ်၊ ဒေါ်အေးမာက မစွဲစပ် ချင်ဘူးဆိုရင်တော့ စာပြန်ဖို့မလိုပါဘူး''

''အေးမာကတော့ လုံးဝမစွဲစပ်ပါဘူး၊ ဒါပေမယ့် စာပြန်ချင်တယ်''

''ဟုတ်ကဲ့....ဆိုပါဦး''

''သူတို့က ရွှေနေကတစ်ဆင့် စာပေးတာမို့ အေးမာကလဲ ရှေ့နေကတစ်ဆင့် စာပြန်ချင်တယ်''

''နောက်ဆုံး အခြေအနေက....''

''အမှုလုပ်ဖို့ သေချာနေပါတယ်''

''အမှုလုပ်ရင် ပုဒ်မ ၄၀၃၊ ၄၂၀၊ ၄၀၆ တစ်ခုခု ဘောင်ဝင်အောင်လုပ်လိမ့်မယ်၊ သူတို့ဘက်က ဖိအားကောင်း ရင်တော့ ၄၀၆ လုပ်လိမ့်မယ်ထင်တယ်''

“လုပ်ချင်တာလုပ်ပါစေလေ”

“သူတို့ဘက်က ဖိကောင်းသလို ဒေါ်အေးမာဘက်ကလဲ တွန်းလှန်အားရှိဖို့ လိုမယ်နော်၊ ဦးနိုင်ဦးအပေါ် အပုပ်ချ ပြီးရောဆိုရင်တော့ မလွယ်ဘူးဖြစ်လိမ့်မယ်”

“နောက်ဆုံး ထောင်ကျရုံပဲမဟုတ်လား၊ အေးမာ ထောင် ကျခံနိုင်ပါတယ်”

“ဗျာ....”

“အေးမာ ထောင်ကျခံနိုင်ပါတယ်လို့”

“ကျွန်တော့်ကို ငှားပြီးမှ ထောင်ကျရမယ် ဆိုတော့”

“နောက်ဆုံး အနေအထားကို အေးမာ ပြောတာပါ”

“ဒီလိုလုပ်ပါလား ဒေါ်အေးမာ၊ သူတို့ ဘာလုပ်မလဲ ဆိုတာ စောင့်ကြည့်ပြီးမှ ဆက်လုပ်ဖို့အကြံပေးပါရစေ”

“စာမပြန်ဖို့ဆိုချင်တာပေါ့နော်”

“ဟုတ်ပါတယ်”

“အေးမာအနေနဲ့ ပြန်ရင်ကော”

“အကြောင်းထူး ထူးမယ် မထင်ပါဘူး၊ ဒါပေမယ့် ဒေါ်အေးမာ ဆန္ဒသိပ်ပြင်းထန်နေရင်တော့ တားမြစ်နိုင်ခွင့် မရှိပါဘူး”



“ကျေးဇူးတင်ပါတယ် ဦးရည်အောင်၊ အမှုတိုင်ပင်ခ အတွက်”

“ကူညီတဲ့သဘောပဲ ထားလိုက်ပါ၊ အကယ်၍ အမှုဖြစ်လာရင်သာ”

“မဟုတ်ပါဘူးလေ၊ အမှုကျတော့လဲ တစ်မျိုးပေါ့၊ အခု ကူညီတဲ့အတွက်သာ”

“ခင်မင်မှုကို ငွေကြေးနဲ့ မဆုံးဖြတ် ပါရစေနဲ့လား ဒေါ်အေးမာ”

“ကျေးဇူးတင်ပါတယ် ဦးရည်အောင်၊ အေးမာကို ခွင့်ပြုပါဦး”

ဦးရည်အောင်က ပြုံး၍ ခေါင်းညိတ်လိုက်သည်။

လှသော မိန်းကလေးထံမှ သင်းပျံ့ပျံ့ ကိုယ်နံ့မှာ ဦးရည်အောင်၏ ရုံးခန်းထဲတွင် စွဲထင်ကျန်ရစ်ခဲ့သည်။

ဦးရည်အောင်က အေးမာကို ကြည့်ပြီး လှ၍ကြော့ကော့စရာ ကောင်းသော မိန်းကလေး တစ်ယောက်ပါလားဟု....။

* * *

**ကိုနိုင်ဦး**

နောက်တစ်နေ့....

မိုးသဲသဲမဲမဲ ရွာနေသည်။

ဦးရည်အောင်မှာ ဗဟိုဘုရားရုံးမှ ပြန်ရောက်ပြီးစ မီးခိုးရောင် သက္ကလတ်အပါးစား တိုက်ပုံအင်္ကျီနှင့် ချောကလက်ရောင် အင်းလေးလုံချည် အကွက်စိပ် ဝင်ထားသည့် လူတစ်ယောက် ဝင်လာသည်၊ သူ၏ကိုယ်ပေါ်မှာ မိုးစက်အနည်းငယ် ထင်နေသည်။ ကိုယ်ပိုင်ကားနှင့်လာ၍ ကားပေါ်မှအဆင်း သူ၏ရုံးခန်းသို့ အကူးတွင် မိုးစက်အနည်းငယ် စဉ်လာဟန်ရှိသည်။

ဦးရည်အောင်က ကုလားထိုင်တွင်ထိုင်ရန် ညွှန်ပြလိုက်ပြီး ဧည့်သည်၏စကားအလာကို စောင့်နေလိုက်သည်။

"ကျွန်တော် နိုင်ဦးပါ"

"ဩော်....ဩော်....ဒေါ်အေးမာရဲ့...."

"ဟုတ်ပါတယ် ခင်ဗျာ"

"အကြောင်းကိစ္စဆိုပါဦး၊ ဦးနိုင်ဦး"

"ဦးရည်အောင်နဲ့ တိုင်ပင်ချင်လို့ပါ၊ အဲ....အဲ....တိုင်ပင်တယ်ဆိုတာထက် အကူအညီတောင်းချင်လို့ပါ"

"ဟုတ်ကဲ့....ဆိုပါ"

"အေးမာ ကိစ္စပါ၊ အေးမာက ဦးရည်အောင်နဲ့ တိုင်ပင်တာကို ကျွန်တော် သိနေပါတယ်၊ ပစ္စည်းတွေရဲ့ တန်ဖိုးကို အေးမာက ပေးဖို့ပါ၊ အဲဒီအတွက် ငွေကို ကျွန်တော်က ပေးပါ့မယ်၊ အဲဒါကို ဦးရည်အောင်ကများ ဆောင်ရွက်ပေးနိုင်မလားလို့ အကူအညီတောင်းရအောင် လာတာပါ"



"အေးမာက ပြန်လျော်တယ်ဆိုတဲ့သဘောအနေနဲ့ ပေးရမယ်ပေါ့"

"ဟုတ်ပါတယ် ဦးရည်အောင်"

"ဒါဆို ဦးနိုင်ဦး ဒေါ်အေးမာနဲ့ပြောရင် ပြီးမှာပေါ့"

နိုင်ဦး၏ခေါင်းမှာ သာသာလေး ယမ်းသွားသည်။

"ပြောပြီးပါပြီခင်ဗျာ၊ အေးမာက လက်မခံလို့ပါ"

"ဒေါ်အေးမာက ခေါင်းတော်တော်မာတယ် ဦးနိုင်ဦး၊ ကျွန်တော် ကြားဝင်လို့လဲ ဖြစ်လိမ့်မယ်မထင်ဘူး"

"ကျွန်တော်တို့ အကြောင်းတော့ အေးမာ ပြောထားလို့ ဦးရည်အောင် သိပြီးပါပြီနော်"

"ဟုတ်ကဲ့....နည်းနည်းပါးပါး ဆိုပါတော့"

"ကျွန်တော် ရဲ့ အခက်အခဲကို စာနာတဲ့အနေနဲ့ ဦးရည်အောင် ကြိုးစားကြည့်ပေးဖို့ တောင်းပန်ပါရစေ"

"အင်း....လွယ်လိမ့်မယ်တော့ မထင်ဘူး ဦးနိုင်ဦး၊ ဒါပေမယ့် ကျွန်တော် ကြိုးစားကြည့်ပါ့မယ်လေ"

"ကျေးဇူးပါပဲ ဦးရည်အောင်ရယ်၊ ဒီကိစ္စကို ဆောင်ရွက်ပေးတဲ့အတွက် အမှုတစ်ခု လိုက်ပေးသလို သဘောထားပြီး ကျေးဇူးဆပ်ပါ့မယ် ဦးရည်အောင်"

"ဒီစကားတော့ စောလွန်းပါတယ် ဦးနိုင်ဦး"

"တုတ်ကဲ့၊ ကျွန်တော် တောင်း...."

"ကိစ္စမရှိပါဘူးလေ"

"ဦးရည်အောင်ရဲ့ အချိန်ကို အနှောင့်အယှက် ပေးသလို ဖြစ်နေပြီ၊ ကျွန်တော့်ကို ခွင့်ပြုပါဦး ခင်ဗျာ"

"ကောင်းပါပြီ ဦးနိုင်ဦး"

အခန်းထဲမှ ပြန်ထွက်သွားသော နိုင်ဦး၏ ကျောပြင်ကို ငေးကြည့်နေမိသည့် ဦးရည်အောင်၏ ခေါင်းမှာ မသိမသာ ခါယမ်းသွားသည်။

'နှစ်ဖက်လုံး မလုပ်ဘတ်ဘူးဆိုတဲ့ သတင်းတော ကျော်ကြားနေပါတယ်'လို့ အေးမာပြောခဲ့သည့် စကားလုံးများမှာ သူ၏ နားထဲသို့ ပြန်လည်တိုးဝင်လာသည်။

ဗဟိုတရားရုံး ရှေ့နေကြီး ဦးရည်အောင်မှာ နေရင်း ထိုင်ရင်း အမှုပွဲစား ဖြစ်ရမည်သို့။

●

## အခန်း (တစ်ဆယ်)

**ဦးဇေယျာ**

.... .... .... .... ....

ဦးရန်ပိုင်၏ အသက်အရာရှိ။

ဦးရန်ပိုင် အစီရင်ခံနေသည်ကို ခေါင်းတညိတ်ညိတ်နှင့် ...းထောင်ရင်း ကြားဖြတ် မေးခွန်းများကို ဖြတ်မေးလိုက် ...း ဦးရန်ပိုင်မှာ အဖြေရခက်ခက်သွားသည်။

ဦးဇေယျာမေးသည့် မေးခွန်းများမှာ သံသယောင်လိုက်ပြီး ...ဖျူးသည့် မေးခွန်းမျိုးမဟုတ်။ ဦးရန်ပိုင် သတိမမူလိုက် ...သည်များကို ဖြည့်ပေးသည့် ထောက်ပြမေးခွန်းများ ဖြစ်၏။ ဦးထွန်းမြိုင်နှင့် အပေါင်းပါ ဘာဘူများကို စစ်ဆေးရာ ... လိုအပ်သည့် အချက်များကို ဦးဇေယျာက ထောက်ပြ ...လို တပည့်ဖြစ်သူကိုလည်း ချီးကျူးစကားဆိုခဲ့၏။

ဦးရန်ပိုင် စွဲတင်သည့် အမှုပေါင်း... ကိုးဆယ်ရာခိုင်နှုန်း အပြစ်ဒဏ် ချမှတ်ခြင်းခံရသည်။

၁၉၅၄-ခုနှစ်တွင်

| | |
|---|---|
| တိုင်တန်းသည့် အမှုပေါင်း | ၁၀၈၄ မှု |
| တရားစွဲတင်သည့် အမှုပေါင်း | ၅၀၇ မှု |
| အပြစ်ကျသည့် အမှုပေါင်း | ၄၆၈ မှု |
| ပစ္စည်းနှင့် ငွေတန်ဖိုး | ၄ သန်းကျော် |
| ပြန်ရသည့် ပစ္စည်းတန်ဖိုး | ၉ သိန်းကျော် |
| ဒဏ်ငွေ | ၅ သောင်း |

ဦးထွန်းမြိုင်အမှုနှင့် ပတ်သက်၍ အလွန်အကြူး ခက်ခ ခဲခဲ မစစ်ဆေးခဲ့ရပေ။ ပထမတော့ ဦးထွန်းမြိုင်တို့က ဘူးကွ ကြသေးသည်။ ခိုင်လုံသော အထောက်အထားများနှင့် ဦးရ ပိုင်၏ ပရိယာယ်ကြွယ်ဝမှုကို မခံနိုင်သည့်အဆုံး ဝန်ခံချ ပေးခဲ့ကြရသည်။

ပိုးထည်များ တင်သွင်းရန် ရရှိခဲ့သည့် လိုင်စင်ကို တ အထည်ကုန်သည် နှစ်ယောက်နှင့် ပူးပေါင်း၍ အမျိုးအ ညံ့သော ချည်ထည်များကို ပိုးထည်အဖြစ် အသွင်းပြပြီး နိုင ခြားတွင် ငွေချန်ခဲ့မှုဖြစ်၏။ သူတို့သွင်းခဲ့သည့် အထည်သေတ္တ များတွင် ပိုးထည်သုံးသေတ္တာသာပါ၍ ကျန်သေတ္တာအား မှာ ချည်ထည် အညံ့စားများသာ ဖြစ်၏။

ဦးရန်ပိုင် တင်ပြချက်များကို နားထောင်ပြီးသည့်အ ဦးဇေယျာက ဦးထွန်းမြိုင်နှင့် ကြံရာပါ ဘာဘူနှစ်ယော အမှုဖွင့်၍ ဖမ်းဆီးရန် အမိန့်ပေးလိုက်၏။



သူတို့အမှုတွင် အဓိက တရားလိုပြသက်သေမှာ အဖတီး ချစ်မောင်။

ဦးရန်ပိုင်ကိုယ်တိုင် မောင်းလာသော ဂျစ်ကားပေါ်တွင် ဦးထွန်းမြိုင်မှာ တဏ်တခေါက်ခေါက်ဆိုနှင့် လိုက်ပါလာသည်။ န်းဘဲတန်း ရဲဌာနတွင် အမှုဖွင့်ပြီးနောက် ဦးထွန်းမြိုင်တို့ ထောင်ထဲရောက်သွားသည်။

မြွေပွေးကို ခါးပိုက်ထဲ ထည့်ထားမိသည့် ဦးထွန်းမြိုင်မှာ ထောင် အုတ်ရိုးမည်းမည်းကြီးကို မြင်လိုက်ရတော့သည်းရွာ ရင် ထဲမှာ တလှပ်လှပ် ဖြစ်သွားရသည်။

ထောင်ထဲရောက်တော့ ဘာပြောကောင်း။

ဦးထွန်းမြိုင်တို့သုံးယောက် ထောင်ထဲဝင်ခါနီးတွင် ဦးထွန်း မြိုင်အား မျက်စိတစ်ဖက် မှိတ်ပြခဲ့သည့် ဘာဘူကို ဦးရန်ပိုင်က ပြုံးလေးကြည့်ပြီး မျက်စိတစ်ဖက် မှိတ်ပြလိုက်၏။

## အခန်း (တစ်ဆယ့်တစ်)

**အေးမာ**

ဦးထွန်းမြိုင် ထောင်ထဲရောက်သွားကတည်းက အေးမာ တို့ တစ်အိမ်သားလုံး မျက်ရည်နှင့် မျက်ခွက် ဘာလုပ်ရမှန်း မသိ၊ အပြင်မှာ လှုပ်လှုပ်ရှားရှား လှုပ်နိုင်သူက အေးမာ တစ်ယောက်တည်းရှိသည်။

ဦးထွန်းမြိုင်ကလည်း အေးမာကိုပဲ အားကိုးသည်။

'ငွေကုန်ချင်သလောက် ကုန်ပစေ၊ သမီး လိုက်စမ်း' ဟု အားကိုးတကြီး ခိုင်းခဲ့သည်။

နှင့်နှင့်ပိုးပိုးချစ်ခဲ့ရသူ နိုင်ဦး၏မျက်နှာမှာ အေးမာ မျက် ဝန်းထဲတွင် ပထမဆုံးပေါ်လာသည်။ နိုင်ဦးတို့အဖေဟာ အတော်ကြီးသည့် အရာရှိကြီးမို့ နိုင်ဦးကတစ်ဆင့် အကူ အညီတွေ အများကြီးရလိမ့်မည်ဟု အထင်ရောက်ခဲ့ရသည်၊



အရင်ဦးဆုံး ကျောင်းမှာသွားရှာသည်၊ မတွေ့၊ အိမ်ကို ိုက်သည် မရှိ။ နိုင်ဦးကိုရှာမရသည့်အဆုံး ဦးထွန်းမြိုင်သွား င်းထားသည့်နေရာများသို့သွားရင်း ရင်တုန်ပန်းတုန်းအောင် ်ထဲဆာလာသည်။ ခရီးလမ်းကလည်း ကြုံနေသမို့ အိုရီ င့်ကို ဝင်လိုက်သည်။

အိုရီယင့်လှေကားပေါ် တက်လိုက်သည်နှင့် အေးမာ မျက် ်းတွေ ပြာသွားသည်၊ ခေါင်းထဲမှာ မိုက်ခနဲဖြစ်သွားသည်၊ ်သ့်ကိုယ်ကို မနည်းပြန်ထိန်းလိုက်ရသည်၊

ရှာတုန်းက မတွေ့၊ မရှာတော့မှ လာတွေ့သည့်နိုင်ဦး၊ ်ခနလိုက်တာများ မွှဲမွှဲလဲ့လဲ့ ရှိပါပေ့၊ မစင်ပုံကြီးကြီး ်မိသည့် သုနကွောမျက်နှာမျိုး၊ အေးမာကို မမြင်သည်ဖဲ့ ့။ မြင်လျက်နဲ့ မမြင်ယောင်ဆောင်နေသလားမသိ၊ သူ့ ်မှာ ထိုင်နေသည့် ကပြားမချော ချောလေးကို အပြုံး ်ောခဝနှင့် စကားဖောင်နေသည်၊

ိုယ်ကတွေ့ချင်သူမို့ သူတို့ အကြည်ဆိုက်နေသည်ကို ်ကျိုးကျွန်ပြုပြီး နိုင်ဦးတို့စားပွဲနား သွားရပ်လိုက်ရသည်။ ်ာမှ နိုင်ဦးက မျက်လွှာလှန်ကြည့်လိုက်သည်၊ မွှဲမွှဲလဲ့လဲ့ ်ုံးမှာ ဘယ်ဆီရောက်သွားသည်မသိ၊ ရှက်ခြည်း အံ့သြ ်ဘင်သော မျက်နှာထားသို့ ပြောင်းလဲသွားပြီး "ဩော်.... ်အေးမာ ထိုင်လေတဲ့"

အေးမာမျက်နှာ နီရဲသွားသည်။ သည်အသုံးအနှုန်းမျိုး သူမမသုံးဖူးတာ။ ပြောပုံဆိုပုံက သူစိမ်းဆန်လိုက်ပါဘိ။ ခါတိုင်းဆို ပျာပျာသလဲထားလို့၊ အဖက်မလုပ်ချင်သည့်ဟန် အထင်းသားပေါ်နေသည်။

အေးမာတွေမထိုင်။ ကပြားမလေးကို စူးစူးရဲရဲကြည့်လိုက်သည်။

"ဒါ....ကိုယ်နဲ့အင်ဂေ့(ချ်)လုပ်ထားတဲ့ စတယ်လာတဲ့ သူဇာ ကဗျာဆရာမ"

နိုင်ဦးပါးစပ်က နောက်ထပ်စကားမဆက်နိုင်ခင် အေးမာ၏ လက်ကိုင်အိတ်က နိုင်ဦးမျက်နှာပေါ် ရောက်သွားသည်။ နောက်ပိုင်း ဘာတွေဖြစ်ကျန်ခဲ့သည်မသိ။ အေးမာ ချာခနဲ လှည့်ဆင်းလာပြီး ကားကို တစ်ရှိန်ထိုးမောင်းထွက်ခဲ့သည်။

စိတ်လှုပ်ရှားသည်ကတစ်ကြောင်း၊ မျက်ရည်ဥများ သုတ်မနိုင်အောင် စင်နေသည်ကတစ်ကြောင်းကြောင့် အေးမာ အတော်ကြီးသတိထားပြီး ထိန်းမောင်းခဲ့ရသည်။ အေးမာ၏ အောက်နှုတ်ခမ်းသားလေးမှာ သွေးစို့နေသည်။ တစ်ပတ် ပြန်လှည့်ပြီး သူတို့နှစ်ယောက်စလုံးကို ဓားနှင့်တိုက်ပစ်လိုက်ဖို့ စိတ်ပေါ်လာသော်လည်း ဖခင်ကြီးမျက်နှာကို ရုတ်ခနဲ မြင်ပြီး ခံပြင်းနာကြည်းမှုကို ပြန်လည်ချုပ်တည်းထားလိုက်ရသည်။



လုံးဝအိပ်မရသောည။

မပြေလျော့နိုင်သောဒေါသစိတ်ကို မျက်ရည် ဒလဟော သွန်ထုတ်ပြီး ချုပ်တည်းခဲ့ရသည်။

မိဘအတွက် လည်ရုံသာလည်တတ်သော မျက်ရည်ဟူသည် ချစ်သူအတွက်ဆို မိုးရွာလေဘိသို့။

အချစ်သည် တပ်မက်ခြင်းမှစသည်။

တပ်မက်ခြင်းသည် ဒုက္ခ။

အချစ်မှန်သမျှ ဒုက္ခ၏အစသာ။

• * •

**စတယ်လာ**

ကပြားမလေးစတယ်လာ ချောသည်ကိုတော့ ပြောစရာ မလို၊ ဖြောင့်စင်းသော နှာတံ၊ ပြာလဲ့လဲ့မျက်လုံးတို့မှာ သူမ၏ အလှအပကို တင်စားရသို့ရှိချေ၏။ စူးစူးမိမိကြည့်သော စတယ်လာ၏အလှက ပို၍တောက်ထင်လေ၏။ အေးမာ၏ အလှနှင့် ယှဉ်ကြည့်လျှင် ရုတ်တရက် အမြင်မှာ သူမသာ ယ်မသာတူ ဆိုနိုင်သော်လည်း မျက်လုံး၊ မျက်ခုံး၊ နှာတံ၊ နှုတ်ခမ်း၊ ကော့ဘင်နေသော မျက်တောင်နှင့် မျက်နှာ သည်းပုံမှာ စတယ်လာက သာသည်။ ကိုယ်လုံးအလှတွင် အေးမာက သာသည်ဟုဆိုနိုင်သော်လည်း ထူးထူးထင်ထင်

သာသည်မျိုးမတွေ့တဲ့ မတိမ်းသာ မယိမ်းသာ ပွတ်ထား
သိကာ သာသည်မျိုးမျှသာ။

နိုင်ဦးပြောသလို စတယ်လာနှင့်နိုင်ဦးတို့မှာ လူကြီးချင်း စေ့စပ်စကားမပြောပြီးသား၊ လူငယ်များကိုလည်း အသိပေး ပြီးသား။ သူတို့၏စေ့စပ်စကားဆိုပွဲကို နိုင်ဦးနှင့်အေးမာတို့ ပေလီခရီးအပြန်တွင် လုပ်ခဲ့ကြသည်။

စတယ်လာတို့အဖေမှာ နိုင်ဦးတို့အဖေထက် ရာထူးနှစ်ဆင့် လောက်ကြီးသော အထက်အရာရှိကြီးတစ်ဦး ဖြစ်၏။ ကို အဝဝကို နိုင်ဦးအနေမက ရှေ့ဆောင်စီစဉ်ခဲ့သည်။ နိုင်ဦး ကလည်း မငြင်း။ ကျွန်တော့်မှာချစ်သူရှိသည်ဆိုသော စကား မျိုး မဆိုခဲ့။ စဉ်းစားပါရစေလို့ မပြောခဲ့။ စတယ်လာကို တွေ့ပြီးသည်နှင့် မှတ်သင်ညိုလုပ်လိုက်သည်။

အေးမာကို ခေါင်းထဲမှာမထည့်သလို သူတွဲခဲ့သည့် စရာလေးများကိုလည်း မေ့ပစ်လိုက်သည်။ တသသ စွဲ တပ်မက်သည့်အချစ်ကို နိုင်ဦးက လွယ်လွယ်ပင် မေ့နိုင် သည်။

အိုရီယင့်တွင် တွေ့သည့်နေ့က နိုင်ဦးအနေနှင့် အေးမာ သည်လိုသည်ပုံ မဆက်ဆံရင်မဖြစ်။ အေးမာက ခါတိုင်း ပွင့်ပွင့်လင်းလင်းဆက်ဆံလာမည်ကိုလန့်ပြီး နောက်မှ ရှင်း သလို ရှင်းရစေတော့ဟု သာမန်မိတ်ဆွေသဖွယ် ဆက် လိုက်ရခြင်းဖြစ်ပေသည်။



အေးမာ ဒီလောက်ထိ စိတ်ကြီးလိမ့်မည်၊ စိတ်မြန်လိမ့် မည်ဟု မထင်။ အေးမာလုပ်သွားပုံက ဆိတ်ရေကိုလှန့်သွားဘိ သို့နှယ် ရှိချေ၏။ ဆင်သေကိုမြင်နေရယျက် ဆိတ်ကလေး ပါလို့ ဘယ်လိုဖြေရှင်း၍ ရမှာပါ။

နိုင်ဦးတို့မှာ ဆိုင်ထဲက ချက်ချင်းထွက်ခဲ့သည်။ တစ်လမ်း လုံး စတယ်လာကို ချော့ခဲ့ရသည်။ သူ့ကို တစ်ဖက်သတ်ချစ် နေသော မိန်းကလေးတစ်ယောက်ကို ပြတ်ပြတ်တောက် တောက် မဆက်ဆံခဲ့မိလို့ သည်အဖြစ်မျိုးရောက်ရပါသည်ဟု ထုချေလွှာ တင်သွင်းခဲ့သည်။ စတယ်လာက လက်မခံ။ နိုင်ဦး၏ ဒယ်ဒီနှင့် မာမီကို တိုင်ခဲ့သည်။

အတိုးကြီးက ရှူးရှူးရှဲရှဲ ဖြစ်သွားသည်၊ နိုင်ဦးဆိုတာ ခေါင်းမဖော်ရဲ၊ အေးမာအဖေဆီကို နိုင်ဦးကို ချက်ချင်းသွား တိုင်ရမည်ဟု စတယ်လာရှေ့မှာတင် အမိန့်ပေးပြီး ချက်ချင်း သွားခိုင်းခဲ့သည်။ ဖြေရှင်းခိုင်းခဲ့သည်။

နိုင်ဦးကို ကယ်တင်လိုက်သည်က အေးမာအဖေ ထောင် ထဲရောက်နေသည့်အကြောင်း၊ နိုင်ဦးက ဦးထွန်းမြိုင် ထောင် ထဲရောက်နေကြောင်း ဇာတ်ကြောင်းလှန်ပြလိုက်မှ အတိုးကြီး စိတ်ပြေသွားသည်။ စတယ်လာဘက်ကိုလှည့်ပြီး၊ "အဲဒါသာ ကြည့်ပေတော့ သမီး၊ ဘယ်လိုမျိုးရိုးတွေလဲဆိုတာ" လို့ပြော လိုက်မှ စတယ်လာ နည်းနည်း စိတ်ပြေသွားသည်။

နောက်တစ်နေ့ နိုင်ဦးက သူမာမီအစီအစဉ်အရ ငွေငါးရာ အိတ်ထဲထည့်ပြီး တီဂျူးမား၊ စိန်ဘရားသား၊ အာလာမုန့် ဘူးများကို လှည့်ပို့ပြီး စတယ်လာကို ချော့ခဲ့ရသည်။

တစ်ပတ်ပင်မကြာ၊ စေ့စပ်ကြောင်းလမ်းခြင်း သတင်းပါလာသည်။

ကျောချမှုမားပြမှန်းသိရသူ အေးမာမှာ ရှိတာလေးပါသွားရပြီ။ သည်ကိစ္စကိုဖြေရှင်းဖို့ထက် အဖေ့အမှုအတွက်က ပိုအရေးကြီးနေသည်မို့ "တွေ့ကြသေးတာပေါ့ နိုင်ဦးရယ်" လို့သာ ကြိမ်းဝါးလိုက်နိုင်သည်။

ဖွတ်ထွက်မှ တောင်ဝှီမှန်းသိလို့တော့။

●

## အခန်း၊ (တစ်ဆယ့်နှစ်)

### ဦးရည်အောင်

နိုင်ဦး၊ လာသွားပြီး နောက်တစ်နေ့၊ ဦးရည်အောင်က ညနေ သူ့ရုံးခန်းကိုဝင်ခဲ့ဖို့ အေးမာဆီ ဖုန်းလှမ်းဆက်ထိုက်သည်။

ညနေ လေးနာရီခွဲသာသာတွင် အေးမာ ရောက်လာသည်။ ဆည်းဆာနှင့် အပြိုင်လှနေရော့သလားလို့ ထင်ရသည်။ ထူးခြားသည်မှာ အေးမာ ခါတိုင်းလာသလို အေးမာ တစ်ယောက်တည်း မလာဘဲ အဖော်တစ်ယောက် ပါလာခြင်းပင်။

အေးမာနှင့် အတူပါလာသောအမျိုးသမီးမှာ အေးမာလို မလှသော်လည်း မျက်နှာမှာ ကြည့်လို့ခနေသည်၊ သဘောကြည့်ဝမည့်သူ ပွင့်လင်းမည့်သူဖြစ်ကြောင်း အမျိုးသမီး၏ မျက်နှာပေါ်မှာ မဖုံးသာမကွယ်သာ ပေါ်လွင်နေသည်။

အေးမာက သူနှင့် ဓာတ်ဒါဆောင်တွင် အတူနေသည့် အခင်မင်ဆုံး သူငယ်ချင်းအဖြစ် မိတ်ဆက်ပေးသည်။ နိုင်ဦးနှင့် အေးမာတို့ကိစ္စကိုအကုန်လုံးသိထားသူအဖြစ်လည်း မိတ်ဆက်ပေးသည်။

သူမ၏အမည်မှာ မလေးသီ။

နာမည်က မဆန်းသော်လည်း ရိုးရိုးကလေးနှင့် ခေါ်လို့ အာဒတ္တမည့် နာမည်။

ဦးရည်အောင်က တွေ့ရတာဝမ်းသာကြောင်း ပြောပြီး မလေးသီကို နှုတ်ဆက်လိုက်ရသည်။ မလေးသီက စကားနည်းဟန်ရှိသည်။ နှုတ်မပွင့်ဘဲ အပြုံးဝင့်၍ ခေါင်းလေးညိတ်ပြီး တုံ့ပြန်လိုက်သည်။ သွားတက်ကလေးနှစ်ဖက်က သူမ၏အပြုံးကို ပို၍လှပစေသည်သို့ ရှိနေသည်။

"ကဲ....ဒေါ်အေးမာရေး့အရေးတော်ပုံလေးတော့ ပေါ်နေပြီ"

"စာုတ်ကဲ့ ဦးရည်အောင်၊ ဘယ်လိုများပါလဲ"

"အခုပြောမယ့်အကြောင်းကို မပြောခင် ကျွန်တော် ဒေါ်အေးမာကို တစ်ခုတော့ ကြိုတင်သတိပေးပါရစေ၊ ကျွန်တော် နှစ်ဖက်လှမလုပ်တတ်ဘူး၊ဆိုတဲ့ အသိကို ခိုင်ခိုင်မြဲမြဲ ထားပါလို့"



ဦးရည့်အောင်က သည်သို့စကားပလ္လင်ခံပြီးမှ နိုင်ဦးလာသွားသည့်အကြောင်း၊ သူပြောသွားသည့်ကိစ္စ သူ့အနေနဲ့ကြားမဝင်သင့်ဘဲ ဝင်ရပုံများကို ပြောပြခဲ့၏။

အေးမာက ဦးရည်အောင် ပြောသမျှကို အပြုံးဖွင့်၍ နားထောင်ခဲ့ပြီး ဦးရည်အောင် စကားဆုံးသွားသည်နှင့် သူမ၏ ခေါင်းကို သွက်သွက်ကလေး ယမ်းခါပစ်လိုက်သည်။ပြီးမှ အေးမာနှုတ်ဖျားမှ စကားစုလေး ထွက်လာသည်။

"တော်တော်သတ္တိနည်းတဲ့လူပဲ" ဟူပါ၍၊

မလေးသီက ကြားဝင်စကား ဆိုလာသည်။

အကျယ်အကျယ် အရှည်အဝေး ဖြစ်မည့်အစားတော့ သည်နည်းက မဆိုးကြောင်း သည်ကိစ္စကို သည်မှာတင်ဖြတ်လိုက်ဖို့ကောင်းကြောင်း အေးမာကိုပြောသလိုနှင့် ဦးရည်အောင်၏ သဘောထားကိုပါ တောင်းလိုက်၏။

ဦးရည်အောင်က ရှေ့နေပီသစွာ ယတိပြတ် သဘောထားမပေးဘဲ အမှုတစ်ခုဆိုတာ မဖြစ်ရင် အကောင်းဆုံးပါ၊ ဖြစ်လာရင်လဲ ရှည်တာထက်တိုတာက ပိုကောင်းပါတယ်၊ပါးကိုက်လို့ နားကိုက်မယ်ဆိုတဲ့သဘောမျိုး မထားသင့်ပါဘူး၊ အမှုရှင်တွေဟာ ဥသျှစ်သီးလိုပါပဲ ထုတဲ့ဘက်ကော ခံတဲ့ဘက်ကော ကွဲတတ်ပါတယ်၊ ဒါက ရည်အောင်ဆိုတဲ့ ကျွန်တော့်ရဲ့သဘောထားပါ၊ ရှေ့နေတစ်ယောက်အနေနဲ့ ပြော

ရှင်တော့ အမှုမျှားလေ ကြိုက်လေ၊ အမှုရှည်လေ ကြိုက်လေပါ”

“အေးမာတော့ လက်မခံနိုင်ဘူး ဦးရည်အောင်၊ အမှန်အတိုင်း ဝန်ခံရမယ်ဆိုရင် သူ့ပစ္စည်းတချို့ တစ်ဝက် အေးမာ လက်ထဲမှာရှိနေပါတယ်၊ ပြန်ကိုမပေးချင်လို့ မပေးတာပါ”

“ကျွန်တော်ကတော့ ဘယ်လိုလုပ်ပါလို့ အဆုံးအဖြတ်မပေးလိုပါဘူး၊ ဒေါ်အေးမာရဲ့ သဘောထားကို ပြန်ပြောလိုက်ရုံပါပဲ”

“အေးမာကို သူပေးထားတဲ့ဒဏ်ရာက ကြီးလွန်းပါတယ်လေ၊ သူ့ကိုလဲ ဒဏ်ရာတစ်ခုလောက်တော့ ပြန်ပေးရမှာဖြို”

“လက်စားချေတယ်ဆိုတာ မမှန်ပါဘူး ဒေါ်အေးမာ၊ လက်စားချေခြင်းရဲ့ရလဒ်ဟာအောင်ပွဲမဖြစ်ဘတ်ပါဘူးလေ”

“ဦးရည်အောင်ကိုတော့ အတော်အားနာဖို့ ကောင်းနေပါပြီ၊ ကျေးဇူးလဲတင်ပါတယ်၊ ဦးရည်အောင် အေးမာကို ပြန်ခွင့်ပြုပါဦး”

“ကောင်းပါပြီတဲ့ဗျာ”

အေးမာက ပြန်ဖို့အထတွင် စာအိတ်တစ်အိတ် ဦးရည်အောင်ရှေ့သို့ချပေးပြီး ဦးရည်အောင် ဘာမှ မပြောနိုင်ခင် အခန်းထဲမှ ကသောကမျော ထွက်သွားခဲ့၏။



ဦးရည်အောင်မှာ ဘာမှမပြောတော့၊ ဒေါင်းမာသော မိန်းကလေးကိုထိန်းချုပ်ဖို့ ကြိုးစားခြင်းသည် အချည်းနှီးဟု သဘောမှုလိုက်သည်။

စာအိတ်ထဲမှာ ရာတန်ငါးရွက်။

* * •

**မလေးသီ**

နယ်မှလာ၍ ရန်ကုန်ရုံးတွင် အလုပ် ဝင်လုပ်နေသော အရာရှိပေါက်စ၊ ရုပ်မှချောသော်လည်း ကြည့်ပျော် ရှုပျော်ရှိသည်။ မလေးသီ၏ မျက်နှာကလေးမှာ ကြည်လင်သလို အပြောအဆို တည်ကြည်သည်။ အနေအထိုင် ဣန္ဒြေရသည်။ ဘော်ဒါဆောင်တွင် နေထိုင်သော မိန်းကလေး အများစုမှာ ယောကျ်ားကလေး မကြောက်သူကများသည်။ ကစားစရာလို သဘောထားပြီး ရှုပ်ရှုပ်ထွေးထွေး နေတတ်ကြသည်။ ဘယ်သူ့ ဆီက ဘာရသည် ဆိုသည်ကို ဂုဏ်တုဂုဏ်ပြိုင် ပြောလေ့ရှိ၏။ ရှက်ရကောင်းသည်လို့ သဘောမမှုကြ။ အဝတ်အထည် လဲဝတ် သလိုပဲ သဘောမှုကြသည်၊ ငွေ့တွေအကြောင်းကို ရုပ်ရှင် အကြောင်းပြောသလို မြိန်ရေရှက်ရေ ပြောတတ်ကြလေ၏။ အားလုံးတော့ မဟုတ်၊ မလေးသီတို့လို ဣန္ဒြေရရ၊ ရိုးရိုး

တည်ဘည် နေသူများလည်း ရှိကြသည်၊ ဒါပေသိ မလေးသီ တို့လို လူမျိုးက အနည်းစု။

မလေးသီတို့နေထိုင်သည့် ဘော်ဒါဆောင်မှာ အတော် ကို ညီးကမ်းကြီးသည်။ အထိန်းအကွပ်လည်း ကောင်းသည်။ အပြင်မှာ ဖြစ်ကြတာကိုတော့ မတတ်နိုင်။

အေးမာက မလေးသီတို့လို အနည်းစုထဲမှာမပါ။ အများ စုထဲပါသည် ဆိုပေမယ့်လို့ အပေါစားတော့မဆန်။ ရုပ်ရှင် တစ်ပွဲ၊ အင်္ကျီစတစ်စ၊ ထဘီဘစ်ထည် အတွက် ဆိုတာမျိုး တော့ မဟုတ်။

မလေးသီက အများစု အမျိုးသမီးများနှင့် ရောရောနှော နှော မနေခဲ့သော်လည်း အေးမာနှင့်ကျတော့ ဘာဖြစ်လို့မှန်း မသိ၊ ရောရောနှောနှော တရင်းတနှီး နေခဲ့သည်။ အေးမာကို ချစ်လည်း အလွန်ချစ်သည်။ အေးမာ၏ အနေအထိုင် အပြုအမူ များကို အားမပေးမစကာမူ အေးမာနှင့် သွားသွား၊ လာလာ တွဲတွဲပြုပြုရှိခဲ့သည်။ ရုပ်ရှင်အတူကြည့်တာမျိုး၊ ဈေးဝယ်အတူ သွားတာမျိုးကို အေးမာခေါ်ရင် ဘယ်တော့မှမငြင်း၊ အေးမာ ကလည်း ဘော်ဒါဆောင်တွင် ဘယ်သူနှင့်မှမပေါင်း၊ မလေးသီ တစ်ယောက်ကိုသာ ပေါင်းသည်၊ တိုင်ပင်စရာရှိသည်ကို တိုင်ပင် သည်၊ မလေးသီကလည်း အေးမာကို ထိန်းပေးသည်။ ဘော်ဒါ ဆောင်မှာဆို သူတို့နှစ်ယောက်က အမြဲတမ်း တပူးတွဲတွဲ ရှိခဲ့ကြသည်၊ မိန်းမလင်မယားဟု ကင်ပွန်းတပ်ခံရသည်အထိ တစ်အိပ်ရာတည်း နှစ်ယောက်တွဲပြီး အိပ်ချင်အိပ်ကြသည်၊



အနေအထိုင် ရိုးရိုးနေတတ်သူ မလေးသီနှင့် ဆန်းဆန်း ...ခထွ နေတတ်သူ အေးမာကို တစ်မျိုးတစ်မည် စွပ်စွဲခဲ့ကြ ...သည်။

အေးမာ ယောကျ်ားလေးများနှင့် ထွေးရောယှက်တင် ...သည်မှာ ငွေအတွက် မဟုတ်သည်ကိုတော့ မလေးသီက ...သည်။ ပြီး အေးမာက ကာမပိုင်ရှိသော ယောကျ်ားမျိုး ... ဘယ်တော့မှမတွဲ၊ နိုင်ဦး တစ်ယောက်မှအပ ပျိုရွယ်သူ ...လေးများကိုသာ တွဲသည်။

နိုင်ဦးအကြောင်း ပြောတုန်းက မလေးသီ အမျိုးမျိုး ...က်ခဲ့သည် မရ။ ဘယ်လိုပြောပြော နားမထောင်၊ နှစ်ပတ် ...သာက် တစ်ယောက်နှင့် တစ်ယောက် စကားမပြောသည် ...ထိ စိတ်ကောက်ဖြစ်ခဲ့ကြသည်။ နောက် အေးမာကပဲ ...ချော့ခဲ့သည်၊ မလေးသီလည်း စိတ်ပြေသွားသည်၊ အမှား ...း မမှားအောင် ဝင်ထိန်းပေးခဲ့သည်။

ခေါင်းကြောမာလွန်းသည့် အေးမာကိုတော့ မလေးသီ ...သည်း လက်လျှော့လိုက်ရသည်။

ခုတော့ ရိုးရိုးအေးအေး နေတတ်သည့် အမျိုးသမီး ...လေးသီတစ်ယောက် သူကြီးအမှုရှာပတ် ဆိုသလို ကန့်လန့် ...န့်လန့် ပါနေရပါပြီ။

နိုင်ဦးက မလေးသီရုံးကို လာ...အားကြီးလို့ ဘေးဘီကျ ...င် ဘာလိုလို ပြောလာကြပြီ။

ပုဏ္ဏားတိုင် ယိုင်လဲရမည်သို့ ရှိနေချေသည်မို့ နယ်ပြန်ရန် ခွင့်စာတင်လိုက်ရသည်။ ခွင့်တင်ထားသည့် အကြောင်းကိုမူ အေးမာကို မပြောသေး၊ ပြောရင် ဒေါသူပုန်ထသွားမည်။

လောကသဘာဝ အရှုပ်အထွေးများသည် တစ်ခါတစ်ရံတွင် ကိုယ်က မပြုသော်လည်း ပြုဘိသို့ ငြိတွယ်လာတတ်ပေသတည်း။

●

## အခန်း (တစ်ဆယ့်သုံး)

### ဦးထွန်းမြိုင်

သူရှာခဲ့သည့်ငွေက သူ့ကို ထောင်ထဲပို့လိုက်သည်။ ပြန်ထုတ် ကျတော့ ထိုငွေတွေက မတတ်နိုင်။ သူ ရှာဖွေခဲ့သမျှငွေတွေ မှာ သူ့အတွက် ဘယ်သို့မှ တန်ဖိုးမရှိတော့။ သချာနှင့် အမှတ် အသားပြုလျှင် သုည။ ထောင်ထဲမှာ အထူးတန်း အခွင့်အရေး ခံစားရသည်။ အိမ်က အစားအသောက်ပစ္စည်း လိုလေ သေးမရှိရအောင် ပို့ပေးခဲ့ရသည်။ ဦးထွန်းမြိုင် ခုတင်အောက် ထဲင်းရှူးသေတ္တာထဲမှာ ဆားငန်သီးက အစ ပန်းသီး၊ မွှော်သီး၊ ချောကလက်ထိ အစုံရှိသည်။ ဒါပေသည့် စား သောက်ဖွယ်ရာ ပစ္စည်းများသည် သူ၏လျှာကို အရသာ အောင် မစွမ်းဆောင်နိုင်ခဲ့ပေ။ အသွန်အမင်း စိတ်ညစ်

နေသည့်ဒဏ်၊ စိတ်မကြည်လင်သည့် ဒဏ်ကို ခံရဖန်များလာသောအခါ အိပ်ပျက်ရက်ထပ်လာသည်။ မက်မင်ဖွယ်ရာ အစာ၊ အစာများသည် ဘယ်လိုမှ အရသာမထင်။ စားကောင်းစရာများကို မမက်မင်နိုင်အောင် ဖြစ်ခဲ့ရသည်။

နေ့တစ္ဂ မြင်ရသည့် အုတ်ရိုးကြီး၏ ခြောက်လှန့်မှုမှာ ရိုးမသွား၊ ချောက်ချားမှုကိုခံနေရဆဲ၊ နေ့စဉ်ကြားနေရသည့် သံချောင်း ခေါက်သံမှာ ကြားရိုးကြားစဉ် ဖြစ်စေကာမူ သံချောင်းခေါက်သံကြားတိုင်း ရင်ထဲမှာပေါ်လာသည့် လှုပ်ခတ်မှုမှာ ပျောက်မသွား။ တံခါးမရှိသော အိမ်သာတွင် နောက်ဖေးသွားတိုင်း အစာဟောင်းများမှာ ရှောရှောရှူရှူ ဘယ်တော့မှမထွက်။ ပြန်ထွက်လာအောင်လုပ်ဖို့ ကျင့်သား မရသေး။ ညဉ့်ဘက် နောက်ဖေးသွားရမည်ကိုတော့ အလွန် ကြောက်။ ဂန်ဖလားခေါ် အင်တုံအသေးကလေးပေါ် ထိုင် စရာ အခုအခံမရှိဘဲ မကုန်းမကွထိုင်ပြီး နောက်ဖေးသွားတိုင်း ချွေးစီးတွေပြန်လာစမြဲ။ အထဲကအကောင်က ထွက်ရိပ်ပြပြီးမှ ပြန်၍ ငုပ်လျှိုးသွားတတ်သည်။ ထိုရောအခါတွင် ဗိုက်ထဲမှာ မအီမလည်ဖြစ်ပြီး တစ်ညလုံးအိပ်၍မရတော့ပေ။ မနက်စာကို စားရသည်မှာ စိတ်မထင့်သော်သည်း ညစာကိုစာ သည်မှာ စိတ်တထင့်ထင့်ရှိဘိ၏။ ညစာကို တမင်ပင် လျှော့၍စားရသည်။ ဂန်ဖလားကိုကြောက်ပြီး မစားရဲ မသောက်ရဲ ဖြစ်ရသည်။

နေရသည်မှာ အများနှင့်ရောနေရသည့် အခန်းကျယ်ကြီး ထဲမှာမို့ သီးသီးသန့်သန့်မရှိ၊ လူပေါင်းအစိတ်သုံးဆယ်စုနေ



သည့်နေရာ။ ဘူခနဲဘင်ခနဲ မပေါက်ရဲဘဲ ဖျစ်ညှစ်၍ တိုးတိုး ကသာ အောင့်အည်းပြီးမှ ထုတ်လိုက်ရသည်၊ အီးနံ့မှာ ောင်းခနဲ ထောင်းခနဲထွက်လာတတ်သည်။ ဆေးလိပ်မီးခိုး သည်။ တထောင်းထောင်း၊ ဆေးပြင်းလိပ်သောက်တတ်သူ သည်။ ပါသမို့ အနံ့ဆိုးများကို မရှုချင်ပေမယ့် နှာဝကို ပြီး ကလိတတ်ပြန်သည်။ အများနှင့် ရောနေရသည်မို့ ပြောသာ။ ရေလိုက်ငါးလိုက် နေတတ်အောင် နေရသည်။

ခုတင်၊ မွေ့ရာ၊ ခြင်ထောင်နှင့် အကျအန အိပ်ရသည်မှာ ၏၊ မွေ့ရာမှာ အုန်းဆံမွေ့ရာပင် ဖြစ်သော်လည်း ကြမ်း ပေါ်မှာ အိပ်ရသည်ထက်တော့ ကျောနာ၊ ခါးနာ သက် သည်။ သို့စေကာမူ ဦးထွန်းမြိုင်မှာ တောင်ထဲရောက် တည်းက နှစ်နှစ်ခြိုက်ခြိုက် အိပ်ပျော်သောညဟူ၍ တစ်ည ရှိသေးပေ။ အိပ်ချိန်မရောက်ခင်. စကားပြောဖော်တွေ သည်မို့ ကိုယ်က မပြောသည့်တိုင် သူတို့ ပြောသည်များကို ထောင်ရင်း အချိန်ဖြုန်းလို့ရသည်၊ အဲ....အိပ်ရာထဲဝင်ပြီ သည်နှင့် အိမ်အကြောင်း၊ စီးပွားရေး လုပ်ငန်းများ ကြောင်း၊ အမှုအကြောင်းများမှာ အစီအရီ အလျှိုလျှို ါင်းထဲဝင်လာပြီး အလှုပ်ပေးပါလေတော့၏၊ သူတို့ခေါင်း ဝင်မလာဖို့ တားလို့မရ။ ပုတီး နိုင်သည်၊ ပုတီးနှင့် စိတ်က ခြားစီ၊ အာနာပါန ကမ္မဋ္ဌာန်းရှုကြည့်သည်၊ ပိုဆိုးပါလေ စိတ်ကိုထိန်းဖို့ ကြိုးစားကြည့်ကာမှ စိတ်လေပွေက က်ချင်သလို နှောက်လာသည်၊ အဲသည်အခါမျိုးကျရင်

နေသည့်ဒဏ်၊ စိတ်မကြည်လင်သည့် ဒဏ်ကို ခံရဖန်များလာသောအခါ အိပ်ပျက်ရက်ထပ်လာသည်။ မက်မင်ဖွယ်ရာ အစားအစာများသည် ဘယ်လိုမှ အရသာမထင်။ စားကောင်းစရာများကို မမက်မင်နိုင်အောင် ဖြစ်ခဲ့ရသည်။

နေ့တစ္ဆဝ မြင်ရသည့် အုတ်ရိုးကြီး၏ ခြောက်လှန့်မှုမှာ ရိုးမသွား၊ ချောက်ချားမှုကိုခံနေရဆဲ၊ နေ့စဉ်ကြားနေရသည့် သံချောင်းခေါက်သံမှာ ကြားရိုးကြားစဉ် ဖြစ်စေကာမူ သံချောင်းခေါက်သံကြားတိုင်း ရင်ထဲမှာပေါ်လာသည့် လှုပ်ခတ်မှုမှာ ပျောက်မသွား၊ တံခါးမရှိသော အိမ်သာတွင် နောက်ဖေးသွားတိုင်း အစာဟောင်းများမှာ ရှောရှောရှူရှူ ဘယ်တော့မှမထွက်။ ပြန်ထွက်လာအောင်လုပ်ဖို့ ကျင့်သားမရသေး။ ညဉ့်ဘက် နောက်ဖေးသွားရမည်ကိုတော့ အလွန်ကြောက်။ ဂန်ဖလားခေါ် အင်တုံအသေးကလေးပေါ် ထိုင်စရာ အခုအခံမရှိဘဲ မကုန်းမကွထိုင်ပြီး နောက်ဖေးသွားတိုင်း ချေးစီးတွေပြန်လာစမြဲ၊ အထဲကအကောင်က ထွက်ရိပ်ပြုပြီးမှ ပြန်၍ ငုပ်လျှိုးသွားတတ်သည်။ ထိုရောအခါတွင် ဗိုက်ထဲမှာ မအီမလည်ဖြစ်ပြီး တစ်ညလုံးအိပ်၍မရတော့ပေ။ မနက်စာကို စားရသည်မှာ စိတ်တီမထင့်သော်သည်း ညစာကိုစားရသည်မှာ စိတ်တထင့်ထင့်ရှိဘိ၏။ ညစာကို တမင်ပင် လျှော့၍စားရသည်။ ဂန်ဖလားကိုကြောက်ပြီး မစားရဲ မသောက်ရဲ ဖြစ်ရသည်။

နေရသည်မှာ အများနှင့်ရောနေရသည့် အခန်းကျယ်ကြီးထဲမှာမို့ သီးသီးသန့်သန့်မရှိ၊ လူပေါင်းအစိတ်သုံးဆယ်စုနေ



သည့်နေရာ။ ဘူခနဲဘင်ခနဲ မပေါက်ရဲဘဲ ဖျစ်ညှစ်၍ တိုးတိုး က်သာ အောင့်အည်းပြီးမှ ထုတ်လိုက်ရသည်၊ အီးနံ့မှာ ောင်းခနဲ ထောင်းခနဲထွက်လာတတ်သည်။ ဆေးလိပ်မီးခိုး လည်း တထောင်းထောင်း၊ ဆေးပြင်းလိပ်သောက်တတ်သူ သည်။ ပါသမို့ အနံ့ဆိုးများကို မရှူချင်ပေမယ့် နှာဝကို ပြီး ကလိတတ်ပြန်သည်။ အများနှင့် ရောနေရသည်မို့ ပြောသာ။ ရေလိုက်ငါးလိုက် နေတတ်အောင် နေရသည်။

ခုတင်၊ မွေ့ရာ၊ ခြင်ထောင်နှင့် အကျအန အိပ်ရသည်မှာ ၏။ မွေ့ရာမှာ အုန်းဆံမွေ့ရာပင် ဖြစ်သော်လည်း ကြမ်း ပေါ်မှာ အိပ်ရသည်ထက်တော့ ကျောနာ၊ ခါးနာ သက် သည်။ သို့စေကာမူ ဦးထွန်းမြိုင်မှာ တောင်ထဲရောက် တည်းက နှစ်နှစ်ခြိုက်ခြိုက် အိပ်ပျော်သောညဟူ၍ တစ်ည မရှိသေးပေ။ အိပ်ချိန်မရောက်ခင်. စကားပြောဖော်တွေ သည်မို့ ကိုယ်က မပြောသည့်တိုင် သူတို့ ပြောသည်များကို းထောင်ရင်း အချိန်ဖြုန်းလို့ရသည်၊ အဲ....အိပ်ရာဝင်ပြီ သည်နှင့် အိမ်အကြောင်း၊ စီးပွားရေး လုပ်ငန်းများ ကြောင်း၊ အမှုအကြောင်းများမှာ အစီအရီ အလျှိုလျှို ေါင်းထဲဝင်လာပြီး အလုပ်ပေးပါလေတော့၏။ သူတို့ခေါင်း ဝင်မလာဖို့ တားလို့ရ၊ ပုတီးကိုင်သည်၊ ပုတီးနှင့် စိတ်က ခြားစီ၊ အာနာပါန ကမ္မဋ္ဌာန်းရှုကြည့်သည်၊ ပို၍ဆိုးပါလေ ၊ စိတ်ကိုထိန်းဖို့ ကြိုးစားကြည့်ကာမှ စိတ်လေပွေက ောက်ချင်သလို ချောက်လာသည်။ အဲသည်အခါမျိုးကျရင်

မိုးသာ စင်စင်လင်းသွားရော၊ အတွေးစဉ်က မပြတ်နိုင်အော ရှိပြန်သည်။

နေ့လယ်နေ့ခင်းဘက် တရေးတမက် အိပ်စက်ဖို့အသည် မလွယ်၊ ထောင်ဆိုတာက မိုးလင်းကထည်းက တိ တိ ဆိတ်ဆိတ် ရှိသည်မဟုတ်။ လူတစ်ထောင်ကျော် နှစ်ထော နီးပါးရှိသည့် လူစုလူဝေးကြီးမှာ အပြင်လောကမှာလို ပြန့်ကျ မနေဘဲ အုတ်ရိုးလေးဖက် ကာရံထားသည့် နေရာအတွင်းသာ စုဝေးနေကြသဖြင့် အသံများမှာလည်း စုချ၍ထွက်လာတ သည်။ အုတ်ရိုးကို ပဲ့တင်ခတ်၍ ပြန်လာတတ်သည်။ မအိပ်ခ သူများက စကားပြောကြသည်၊ တီးကြမှုတ်ကြသည်။ အဆ ဆုံးက ပဆစ်ဝိုင်း၊ ပဆစ်ဝိုင်းက အသံထွက်လာပြီဆို စိ ညံခနဲ၊ စံပြထောင်ဆိုတော့လည်း ပုံစံထောင်လိုမဟုတ်။ လူ လွတ်လပ်လပ်မို့ ပို၍ ဆူဆူညံညံရှိသည်။

စားကောင်း သောက်ဖွယ်တွေ ရှိပါလျက် အထုတ်ခ သည်ကိုကြောက်ပြီး စားချင်သည်ကို ဝဝလင်လင် မစားခ အမျှားနှင့် ရောနှောနေရသဖြင့် မလွတ်လပ်၊ ခုတင်၊ မွေ့ရာ ခြင်ထောင်နှင့် အိပ်ရပါလျက် မအိပ်နိုင်။ သည်ထက်ဆိုးသ ဘဝ အဖြစ်မျိုး လောကမှာ ရှိအံ့မထင်။

ဦးထွန်းမြိုင်မှာ ကိုယ်ပိုင်တိုက်ရှိသည်၊ သုံးချင်သလိုသုံး ငွေကြေးအပြည့်အစုံရှိသည်၊ သွားချင်ရာသွားဖို့ ကားရှိသည် ခုတော့ ဒါတွေက တန်ဖိုးမရှိ အလကား၊ တစ်မိုင်လော ခရီးဘာကိုင် လွတ်လွတ်လပ်လပ် ခြေဆန့်ခွင့် မရသ အကျဉ်းခံဘဝ။



ငွေကို ပုံအောပြီးလိုက်သည်၊ မြန်မာပြည်တွင် အကျော် ကြားဆုံး ဝတ်လုံကြီးများကို ငှားခဲ့သည်၊ ဗေဒင်နှင့် ယတြာ ဘက်ပင် ငွေငါးထောင်ကျော်နေပြီ၊ ဒါပေသိ အမှုအခြေ အနေမှာ မကောင်း။

ဦးထွန်းမြိုင်မှာ စိတ်မောရသည်၊ သောကများရသည်၊ ဦးအတွက် ပူရပင်ရသည်။

မျက်ရည်စို့ချင်လာပြီး ထမင်းစားပျက်ပြီ၊ အိပ်ရေးပျက်ပြီ၊ ပြင်တုန်းကမရှိသော ရောဂါတစ်ခု ဦးထွန်းမြိုင်မှာ စွဲကပ် လာသည်။

နှလုံးရောဂါ။

*　　*　　*

## ငွေငါးရာတန် ခဲတံတစ်ချောင်း

စာရေးသည့် ခဲတံ တစ်ချောင်း၏ တန်ဖိုးမှာ ငါးမူး၊ တစ်မတ်၊ တစ်ကျပ်ဆိုတာ အလွန်ဆုံး ထားပါတော့၊ နှစ်ကျပ် သတိတန်သော ခဲတံရှိပါသည်တု ဆိုလာလျှင် လက်ခံနိုင်ဖွယ် သေးသည်။ တစ်ချောင်းလျှင် ငွေငါးရာကျပ်တိတိတန်သော ခဲတံတူသည် ကမ္ဘာ့အမှု ခြေဆန့်၍ရှာသော်မှ တွေ့အံ့မထင်၊ တ်ကား (၅၁) ဖောင်တိန်တစ်စုံကို ငွေတစ်ရာကျော် ဈေး သော အချိန်က ဦးထွန်းမြိုင်သည် ခဲတံတစ်ချောင်းကို ငွေ းရာပေးခဲ့ရသည်။

ဦးထွန်းမြိုင်ကိုယ်တိုင် ဝယ်ယူခြင်းတော့မဟုတ်၊ ဦးထွန်းမြိုင် ညွှန်ပြစေခိုင်းသည့်အတိုင်း အေးမာကဝယ်ယူပြီး ဦးထွန်းမြိုင် လက်ထဲ ထည့်ပေးခဲ့ရခြင်းဖြစ်၏။

အနီ ငါးရာတန်ခဲတံကို မြင်လိုက်ရစဉ်က အေးမာမျက်လုံး များ ဝိုင်းဝိုင်းလည်သွားခဲ့ရသည်။

ဆိုပါမည်။

ထောင်ထဲရောက်သူအများစုမှာ သူတို့၏ အမှုများ၊ အတွ တရားဥပဒေအရ ကာကွယ်ဖို့ လိုက်ပါဆောင်ရွက်မည့် ဥပဒေ ပညာရှင်များထက် ဗေဒင်နှင့် ယတြာကို ပို၍အားကိုးကြ ယုံကြည်ကြ၏။ အိမ်ကလူထောင်ဝင်စာလာလျှင် ဗေဒင်မေး နှင့် ယတြာချေဖို့ ကိစ္စကို မမေ့မလျော့ မှာကြားကြ၏။ ထောင်ထဲရောက်မှ ကြားဖူးသည့် ဆရာအကျော်အမော်များ ထံလွှတ်ကြ၏။

အချို့ကလည်း အကြားအမြင် ဆရာဆိုသူများထံ မေး ပါဦး ဆိုကြသည်။

အိမ်သူသက်ထားများကမူ မိန်းမတို့၏သဘာဝအလျော အကြားအမြင်ဆရာ ဗေဒင်ဆရာတို့ထက် နတ်ကတော်များ ပို၍ယုံကြည် အားကိုးကြသည်။

ခုလည်း ဦးထွန်းမြိုင်မှာ သူနှင့်တစ်ခုတင်ကျော်မှ ထော နှစ်နှစ်ကျခံနေရသူညွှန်းသော ဆရာတစ်ယောက်အကြောင်း စိတ်ဝင်တစား နားထောင်နေခဲ့သည်။



"လူကငယ်ပေမယ့် ပညာကမသေးဘူးဗျ၊ ကျွန်တော့် ဆရာလေး ပုတီးစိပ်တာများတွေ့ရင် ခင်ဗျားတစ်ခါတည်း အံ့ဩသွားမယ်၊ တစ်နေ့ကိုပုတီးပတ် တစ်ထောင်တစ်ရာ တစ်ဆယ် တစ်ပတ်စိပ်တာ နေ့စဉ်ဝတ်မပျက် စိပ်တာနော်၊ ဒါကြောင့်လဲစွမ်းတာပေါ့"

သက်သေသာခံကအနေနဲ့တော့ လိုလောက်နေပြီ၊ ခိုင်လုံနေပြီ၊ ဦးအေးထွန်းက ဒလံမဟုတ်၊ ပွဲစားမဟုတ်၊ တစ်ဆင့်ကြားလည်းမဟုတ်၊ ကိုယ်တွေ့ကိုပြောနေတာ၊ စေတနာနဲ့ ပြောနေတာ အယူခံမှာ ဦးအေးထွန်းအမှု အခြေအနေကောင်းနေကြောင်း ဦးထွန်းမြိုင်က ကြားပြီးသား၊

အမေးအမြန်းထူစရာ ဘယ်လိုတော့မှာပ။

ဆရာ့လိပ်စာနှင့် ဦးအေးထွန်းဆီက မိတ်ဆက်စာတိုလေး တောင်းထားလိုက်သည်။

အေးမာ ထောင်ဝင်စာလာပြီး အပြန်မှာ ပါသွားပြီ၊ အေးမာထောင်ဝင်စာကအပြန် ဘယ်မှမဝင်ဘဲ ဦးထွန်းမြိုင် ခိုင်းလိုက်သည့်အတိုင်း ဆရာ့ဆီကို အပြေးအလွှား သွားခဲ့ရသည်။

ဆရာ့အိမ်က ကျောက်မြောင်းမှာ၊ အိမ်အနေအထားက ခပ်သေးသေး၊ အိမ်အခင်းအကျင်းကလည်း ထည်ထည်ဝါဝါ မရှိ၊ ဘုရားစင်ကြီးကတော့ ဟိန်းနေသည်၊ အေးမာရောက်

သွားသောအချိန်တွင် ဆရာက အိမ်မှာမရှိ။ အပြင်ထွက်သွားသဖြင့် စောင့်နေရသည်။

အိမ်က ကလေးတစ်ယောက် ထွက်သွားပြီး မကြာခင် အခေါ်သွားသူကလေးနှင့်အတူ ဆရာပါလာသည်။ ဆရာ့ကို မြင်လိုက်တော့ အေးမာ အတော်လေး စိတ်ပျက်သွားမိသည်။

ဦးထွန်းမြိုင်ပြောပြချက်အရ အပြတ် သားနားလိမ့်မည့် ဆရာဟု ထင်ခဲ့သည်။ အထင်နှင့်အမြင်မှာ ပါစင်အောင်လွဲသည်ဟု ဆိုရမည့် အနေအထားမျိုး တွေ့လိုက်ရ၏။

စွပ်ကျယ်အင်္ကျီနှင့် ဆေးပေါ့လိပ်လက်ကြားညှပ်ပြီး သွားတွေ အနီဖွေးသားပေါ်အောင် ပြုံးလာသည်။ ဗေဒင်မေးမည့်သူ ရောက်နေသည်ကို သိပါလျက် လမ်းမှာတွေ့သူများနှင့် ရပ်ပြီး စကားပြောနေသေးသည်။ လမ်းလျှောက်ဟန်မှာမူ ထည်ထည်ဝါဝါရှိသည်။ အိမ်ပေါ်တက်လာပြီး အေးမာကို အပြုံးတစ်ချက်ပေးပြပြီး နောက်ဖေးဘက်ကို တန်းဝင်သွားပြန်သည်။ တော်တော်နှင့်ထွက်မလာ။ အိမ်ကချာတိတ်ကလေးကို မေးကြည့်ရသည်။

ကဲ....ကောင်းရော။

ဗေဒင်ကြည့်မည့် သီးသန့်အခန်းတွေ ဘာတွေသည်း တွေ့ရ၊ ဘုရားစင်အောက်မှာ စားပွဲသေးသေးတစ်လုံးနှင့် ခုံခြေနှစ်လုံးသုံးလုံးတွေ့သည်။ ဗေဒင်ဆရာ့စားပွဲလို့ပဲ ခန့် န်းရသည်။



ဦးထွန်းမြိုင်ကိစ္စဖြစ်မှ အေးမာ ဗေဒင်နှင့် လက္ခဏာဆရာ အတော်များများဆီရောက်ခဲ့ဖူးပြီ။ အားလုံးလိုလိုပင် ဟိတ်ကြီးဟန်ကြီးရှိကြသည်။ အနည်းဆုံး အခန်းဆီး လှလှလေးနှင့် ဗေဒင် လက္ခဏာကြည့်မည့် သီးသန့်အခန်းများ ရှိကြသည်၊ အခံဆောင်အယောင်ပစ္စည်းတွေကလည်း ထည်ထည်ဝါဝါရှိကြသည်။ အင်္ဂလိပ်စာအုပ် အထူကြီးတွေဆိုတာ အဘပ်လိုက်၊ အထပ်လိုက်။ လက်ဝါးပြင်ကို ကြည့်သည့် မှန်ဘီလူးကြီးဘီးကိုက အကြီးကြီး၊ လက်ဝါးပြင်ကို အုပ်လိုက်လျှင် မှန်ဘီလူးအောက်မှာ လက်ဝါးတစ်ပြင်လုံး မြုပ်သွားအောင်ကို ကြီးသည်၊ အကြီးကြီးတော့ ငွေလည်း နင့် နဲနေအောင်ယူကြသည်။

ရှိစေတော့။

ခု အေးမာ လာတွေ့သည့်ဗေဒင်ဆရာက ဟိတ်ဟန်မရှိသမို့ ငွေလည်းနည်းနည်းပဲယူလိမ့်မည်ဟု ထင်ခဲ့သည်၊ ပြီးမှ အေးမာ့ရှေ့ရှိ ကုလားထိုင်မှာ လာထိုင်သည်။

ကိစ္စလေးအမိန့်ရှိပါဦးဆိုတော့ အေးမာက စာလေး ထုတ်ပြပြီး ဖြစ်ကြောင်းကုန်စင်ပြောပြရင်း ဗေဒင်ဆရာကို လည်း အကဲခတ်ကြည့်ရသည်။

အသားညိုသည်။ မျက်နှာကဗိုင်းပြီးကြီးသည်၊ နှာတံက ပေါ်တပေါ်၊ မျက်လုံးကဆွဲဆောင်အားထင်သည်၊အပြုံးက

ထွင်ထင်းသည်၊ ခေါင်းတုံးဆံတောက်နှင့် နှုတ်ခမ်းမွေးရေးရေး ရှိသည်၊ အသံမှာ အသံသြဇာရှိသောအသံမျိုး။ ကိုယ်လုံးက တုတ်ထည်သည်။

"ဇာတာခွင်ထားခဲ့ပြီး နက်ဖြန်မှလာပါလား" တဲ့။

"ဆရာက အခုချက်ချင်း မကြည့်ဘူးပေါ့နော်"

အေးမာအမေးက မာသယောင်ယောင် ရှိသွားသည်။

"ကျွန်တော်က ချက်ချင်းကြည့်၊ ချက်ချင်းဗေဒင်ဟောပြီး ချက်ချင်းပိုက်ဆံတောင်းတဲ့ ဗေဒင်ဆရာမဟုတ်ဘူး"

သူ၏ဖြေသံက မာ၍ပြတ်တောင်းသည်။

အေးမာလေသံပျော့ရပြီ။

"ဆရာ့အလေ့အထကို မသိလို့ ကျွန်မပြောမိတာပါ စိတ်မဆိုးပါနဲ့နော်"

အေးမာလေသံ ပျော့သွားမှ သူ့လေသံလည်း ပျော့လာသည်။

"ဟုတ်ကဲ့၊ ကျွန်တော်က လူနဲ့ဟိတ်ဟန် ပြစားတဲ့လူ မဟုတ်ပါဘူး၊ ပညာကိုတန်ဖိုးထားတဲ့လူပါ၊ ကျွန်တော့် အကျင့်က ဗေဒင်တွက်တော့မယ်ဆိုရင် အဓိဋ္ဌာန်ပုတီးစိပ်ပြီးမှ တွက်ပါတယ်၊ မပိုင်ရင်မဟောဘူး၊ မပိုင်ပဲနဲ့လဲ ယတြာ မပေးဘူး"



လူကပုံမလာသော်လည်း ပညာစကားက ပုံလာသမို့ အေးမာပင် ခပ်ရှိန်ရှိန်လေးဖြစ်သွားရသည်။

"ဒါဖြင့် ကျွန်မ မနက်ဖြန် ဘယ်အချိန်လောက် လာရပါမလဲ"

"ဘယ်အချိန်ဆိုတော့ ဒီကညီမရဲ့အဖေဇာတာ စနေသား၊ ညီမက တနင်္ဂနွေသမီး၊ မနက်ဖြန်က သောကြာနေ့၊ အဲဒီတော့ ၇+၁+၆=၁၄-၅ နုတ်၊ ၉ ကျန် မနက်ဖြန် ကိုးနာရီလာ"

"ဒါဖြင့် ကျွန်မကို ခွင့်ပြုပါဦး"

"ကောင်းပါပြီ၊ မနက် ၉-နာရီကို ဆက်ဆက်လာယူပါ"

"ဟုတ်ကဲ့ပါ ဆရာ"

ဗေဒင်ဆရာအိမ်မှ ပြန်ထွက်လာချိန်တွင်မူ ဆရာ့အပေါ် အထင်အမြင် သေးခဲ့သည့်စိတ်များ လွင့်ပြယ်သွားခဲ့ပေပြီ၊ အထင်မကြီးသေးသည့်တိုင် အထင်မသေးဝံ့ပေ[illegible]၊ ဆရာ့အပြောက သဘောကျစရာ ဖြစ်ခဲ့သည်။

နောက်တစ်နေ့ကျတော့ ချိန်းထားသည့် အချိန်အတိုင်း ရောက်အောင်သွားခဲ့သည်၊ ငါးမိနစ်လောက်တောင် စောနေသည်၊ ဆရာက သူ၏ဟောစာတမ်းကို ကိုးနာရီတိတိမှ အေးမာလက်ထဲ ထည့်ပေးခဲ့သည်၊ ဟောစာတမ်းကတော့ အထင်ကြီးစရာပါ၊ ဘယ်လောက်မှန်သည်ကိုမူ ဦးထွန်းမြိုင်မှ အတိအကျ ပြောနိုင်ပေလိမ့်မည်။

"ကျွန်မတို့ ဘာဆက်လုပ်ရဦးမလဲ ဆရာ"

"လုပ်ရမှာကတော့ ရှိပါတယ်ဗျာ၊ အမှု အနေအထား မကောင်းဘူးလေ၊ ယတြာပိုင်မှနိုင်လိမ့်မယ်၊ အဲဒီလို ပြနေတယ်၊ ညီမရဲ့ဇာခင်ကြီးနဲ့ တိုင်ပင်ကြည့်ပါဦး"

"လုပ်စရာရှိတာသာ ဆက်လုပ်ပေးပါဆရာ"

"ဒီလိုရှိတယ်လေ၊ ယတြာရဲ့ကုန်ကျစရိတ်က များမယ်"

"တုတ်ကဲ့....ဘယ်လောက်များ ကျမလဲဆရာ၊ အမိန့်ရှိပါဦး"

"ငါးရာလောက် ကျလိမ့်မယ်"

အေးမာ ရုတ်တရက် ဘာမှပြန်မပြောရမှန်းမသိ ဖြစ်သွားသည်။ ဟိတ်ဟန်မပြသမို့ နည်းနည်းပါးပါးပဲ ဘောင်းလိမ့်မည်ဟု ထင်ထားသည်၊ တောင်းလိုက်သည်က နှင့်ခနဲ ရှိစေတော့ ပေါက်တဲ့နှုတ်မှ မထူးပြီ၊ စကား ပြန်စလိုက်ရသည်။

"ဒါဖြင့် မြန်မြန်နဲ့ပဲလုပ်ပေးပါဆရာ"

"မြန်မြန်ဆိုရင် ၉ ရက် ကြာမယ်၊ ကျုပ်က ကိုးရက် အစိဋ္ဌာန်ဝင်ရမယ်"

"ဒီထက်မြန်လို့ မရဘူးလားဆရာ၊ ဖေဖေ စိတ်ပူနေမှာ စိုးလို့ပါ၊ ဖေဖေက ဆရာ့ကို သိပ်အားကိုးနေပါတယ်"

"ကိုးရက်ကတော့ အနည်းဆုံးပဲဗျာ၊ ညီမတို့လာတာ ပိပ်နောက်ကျနေတယ်လေ"



"ဒါဖြင့်လဲ လုပ်ပါဆရာ၊ ကျွန်မ ဘယ်အချိန် လာရမယ် ဆိုတာ အမိန့်ရှိပါ"

"ဒါကတော့ အခုပြောလို့ မရသေးဘူးဗျာ"

"အဲဒီနေ့ကျမှပဲ အချိန်ပြောနိုင်လိမ့်မယ်၊ မှန်းမတိမ်းခင် လာခဲ့ပေါ့ဗျာ"

"ကျွန်မ ငွေပေးခဲ့ပါရစေ"

ဆရာက ခေါင်းညိတ်လိုက်သည်။

ရာတန်ငါးရွက်က စားပွဲပေါ်မှာ...။

ဦးထွန်းမြိုင်ထံ အေးမာ ဟောစာတမ်းသွားပေးခဲ့သည်။ ဦးထွန်းမြိုင်က ဖတ်ပြီး အတော့်ကို သဘောတွေသွားပြီး ယတြာအတွက် ဆရာတောင်းသည်ထက်ပင် ပိုပေးရန် သမီးကို မှာလိုက်သည်။

ကိုးရက်မြောက်သောနေ့တွင် ချိန်းဆိုထားသည့် အတိုင်း မနက်(၈)နာရီမှာပင် အေးမာ ဆရာ့အိမ် ရောက်သွားသည်။

ထိုနေ့ကတော့ ဆရာက ဆပ်သပ်ရပ်ရပ်၊ ပိတ်ဖြူဝတ်စုံနှင့် စိတ်ပုတီးကို ညာဘက်လက်မှာပတ်ထားသည်၊ အေးမာရောက် သွားသောအခါ မနက်ဆယ်နာရီတိတိတွင် အရောက်ပြန်လာ ရန်နှင့် အနီရောင်ဝတ်စုံကိုဝတ်ပြီး နှင်းဆီ အဖြူပွင့် တစ်ပွင့် ခေါင်းတွင် ထိုးလာရန်ပါ မှာလိုက်၏။

အေးမာ အိမ် တစ်ခေါက်ပြန်ပြီး အဝတ်လဲနေရသည်၊ နှင်းဆီပွားယ်ပြီး ခေါင်းမှာထိုးရသည်၊ ပြီးမှ ဆရာ့အိမ်ကို ပြန်သွားရသည်၊ ဆရာပေးမည့် ယတြာပစ္စည်းက ဘာများ ဖြစ်လေမလဲဟုလည်း စိတ်စောပြီး ရင်လည်း နည်းနည်း မောသလိုရှိခဲ့ရသည်ပ။ တော်တော်ချေးထူတဲ့ ဆရာတူလည်း စိတ်ထဲမှ ပြစ်တင်စောရသည်။

ဆရာ့အိမ်ရောက်ပြီ။

ဘုရားစင်ရှေ့မှာ ပိပိပြားပြား ထိုင်ရပြီး ဆရာ ရှေ့မှ ကြောင်းပေးသည့်အတိုင်း လိုက်ဆိုခဲ့ရသည်။ ပြီးမှ ဆရာက ယတြာပစ္စည်းကို အေးမာလက်ထဲသို့ ထည့်ပေးလိုက်သည်၊

အေးမာနှုတ်ဖျားမှ 'ဟင်'ခနဲ အသံမှာ လွတ်ခနဲ ထွက် သွားပြီး ဆရာ့ကိုလည်း စူးစူးစိုက်စိုက်ကလေး ပြန်ကြည့်လိုက် မိသည်၊ အေးမာမျက်နှာပေါ်မှာ အံ့ဩရိပ် ထင်နေသည်မှာ ဖွင့်ပြောစရာမလို။ ဟုတ်ပ၊ တကယ့်ကို အံ့ဩလောက်ပါသည်၊

ဆရာပေးသည့် ယတြာပစ္စည်းမှာ....

ခဲတံလေးတစ်ချောင်း၊ ထိပ်ဘက်မှ မြဲနေအောင်ချွန်ထား သည့် ခဲတံလေးတစ်ချောင်းမျှသာ။

ကိုးရက်ကြီးများတောင် စောင့်ပြီးမှ အဝတ်အစား တစ် ခေါက်ပြန်လဲပြီး ယူလိုက်ရသည့်ခဲတံအတွက် ပေးရမည့် တန် ဖိုးမှာ ငွေငါးရာကျပ် တိတိ။



အေးမာမျက်နှာပေါ်တွင် အံ့ဩရိပ်ထင်နေသလို၊ ဆရာ့ မျက်နှာပေါ်တွင်မူ အပြုံးရိပ်ထင်နေသည်၊ ထင်သမှ ဆရာ့ သွားတွေ အကုန်လုံးပေါ်အောင်ကို အပြုံးရိပ်ထင်နေသည်။

ညိုသောအသားနှင့် ဖြူသောသွားများ။

''ညီမက သိပ်အံ့ဩသွားတယ်ထင်တယ်၊ ယတြာပစ္စည်း က ခဲတံလေးတစ်ချောင်းမို့ သိပ်အံ့ဩနေသလား''ဒီလိုမေး ပြီး ဆရာက သူ၏မေးစေ့လုံးလုံးကလေးကို လက်နှစ်ချောင်း နှင့် ပွတ်နေသည်။

''ဟုတ်ကဲ့ဆရာ....ကျွန်မတော့''

ဆရာက လက်ဝါးကာပြလိုက်ပြီးမှ....

''ကျွန်မတော့ ငွေငါးရာ ဉာဏ်ပူဇော်ခပေးပြီးမှ ခဲတံ လေးတစ်ချောင်းပဲ ရသလားလို့ ဆိုချင်တာမဟုတ်လား''

''ဒီလိုတော့ မဟုတ်ပါဘူးဆရာရယ် ငွေကို လိုးဝ ထည့် တွက်မိပါဘူး၊ ဖေဖေတာဆို ဉာဏ်ပူဇော်ခကို ပိုပေးဖို့တောင် မှာလိုက်ပါတယ်၊ ယတြာပစ္စည်းအတွက်သာ''

အေးမာက စကားကိုဖြတ်ပြီး ဆရာ ဘာဆက်ပြောမည် ကို စောင့်နေလိုက်သည်။

ဆရာက သူ့အသံအောအောကြီးနဲ့အားရပါးရရယ်ပြီးမှ....

"အင်း....ပညာသတော နားမလည်တော့လဲ ခက်သပေါ့၊ ဒီခဲတံကိုကြည့် ဘာတွေလဲ"

အေးမာက မဖြေတတ်၊ ခဲတံမှာ ဘာမှမပါဘဲဟာ၊ ဘာတွေလဲမေးသည်ကို ဘယ်လိုဖြေရမှာပ၊

"ဒီမှာကြည့်၊ ကာတွန်းအရုပ်ကလေးတွေ တွေ့တယ် မဟုတ်လား"

ခဲတံပေါ်က ကာတွန်းအရုပ်ကလေးများကိုပြပြီး မေးလိုက်သည်၊

"ဟုတ်ကဲ့ ဆရာ"

"အဲဒါ အလကားမဟုတ်ဘူး"

အေးမာတာမှု ခေါင်းတညိတ်ညိတ်၊

ဆရာက သူ၏ရှင်းလင်းချက်ကို ဆက်လိုက်သည်၊

"ဒီခဲတံကို ညီမရဲ့ဖခင်အိတ်ထဲမှာ နေ့ရော ညရော ထည့်ထားရမယ်၊ ရုံးထွက်တဲ့အခါမှာတော့ ဘယ်လိုမှမေ့ပြီး မကျန်စေနဲ့၊ ဒီခဲတံကို တစ်သက်လုံး ဆောင်ထားပေတော့၊ လာမယ့်အန္တရာယ်မှန်သမျှကို ကာမယ်၊ တွန်းမယ်၊ ဖျက်မယ်၊ ဒဏ်ပြန်ခုခံမယ်၊ ရှင်းတယ်နော်"

"ဟုတ်ကဲ့ဆရာ ရှင်းပါတယ်"

"ပညာသတောအရယူတော့ ဘာမှမဟုတ်ဘူးလို့ ထင်စရာက အဲဒီလိုဖြစ်လာရတာယ်လေ"



ကာမယ်၊ တွန်းမယ်၊ ဖျက်မယ်၊ တန်ပြန်မယ်စာ ရှင်းချက်ထုတ်လိုက်သောခဲတံကိုယူပြီး ကျေးဇူးတင်စကား အထပ်ထပ်ဆို၍ ဆရာ့ဆီမှ ပြန်ခဲ့ရသည်၊

ထိုနေ့မှစ၍ ဦးထွန်းမြိုင်၏အိတ်ထဲတွင် ခဲတံတစ်ချောင်းကို ထိုးထိုးထောင်ထောင် တွေ့မြင်ရသည်မှာ သူ့ကို ထောင်ဒဏ်နှစ်နှစ်ချမှတ်သည့် စီရင်ချက် ချလိုက်သော နေ့သို့တိုင်အောင်ပါတည်း။

## အခန်း (တစ်ဆယ့်လေး)

**နိုင်ဦး စတယ်လာ**

နိုင်ဦးနှင့် စတယ်လာတို့၏ မင်္ဂလာပွဲကို မြို့တော်ခန်းမတွင် စည်ကားသိုက်မြိုက်စွာ ကျင်းပခဲ့သည်။ အင်းလျားလိပ်တို့ ကရဝိက်တို့ မပေါ်သေးခင်က မြို့တော်ခန်းမတွင် မင်္ဂလာသဘင်ဆင်ယင်သည်မှာ ရောမဂုဏ်တစ်ရပ်။

အစားအသောက်များကို ဆန်းကဖေးမှ စပါယ်ရှယ်မှာယူ ကျွေးမွေးဧည့်ခံခဲ့သည်။ ဟိုခေတ်က လူတစ်ယောက် ဆယ့်ငါးကျပ်ဆိုသည်မှာ နည်းနည်းနောနောမဟုတ်။ ဗိုက်ရိုက်စားနိုင်သည်။ အစားမကြီးသူဆိုလျှင် ကုန်ပင်မကုန်၊ လူ လေးယောက်စာ စားပွဲတစ်ဝိုင်းမှာ အစားအသောက် ပန်းကန်များဖြင့် ပြည့်နှက်နေသည်။



ဂီတလုလင်မောင်ကိုကို၏ ငြိမ့်ညောင်းသော စန္ဒရားသံမှာ သင်းညင်းသဲ့သဲ့လေး ထွက်ပေါ်လာနေသည်။ နာမည်ကြီး ချုပ်ရှင်မင်းသမီးများ၏ တေးသံသာမှာ ကြွရောက်လာသူ မင်းဂရိုသတ်၏ အဝင်ကို လှိုမ့်လှိုမ့်လှဲလှဲကလေး စွဲငြိသွားစေခဲ့သည်။

သြဘာစာချီးမြှင့်သည့် ဦးစိန်အောင်မင်း၏ အသံဝါကြီးမှာ အောင်မြင်ခန့်ညား ဝင့်ထည်သလို လှိုက်လှိုက်လှဲလှဲရှိပါဘိ။

မြို့တော်ခန်းမ လှေကားအဘက် ထပ်တွင် ထားသော လက်ဖွဲ့ပစ္စည်းတင်သည့် စားပွဲကြီးသုံးလုံးပေါ်တွင် လက်ဖွဲ့ပစ္စည်းများမှာ မို့မောက်နေသည်။ နောက်မှ လူတစ်ယောက်မတ်တတ်ရပ်နေလျှင် မမြင်သာအောင်ပင်ရှိနေသည်။ ဒါတောင်အိမ်ကို သီးခြားပေးပို့သည့် လက်ဖွဲ့ပစ္စည်းများ မပါသေး၊

ရဲအရာရှိကြီးနှစ်ဦး၏ သားနှင့်သမီး မင်္ဂလာဆောင်ဖို့ဟာ။ နယ်ကလှမ်းပို့သည့် လက်ဖွဲ့ပစ္စည်းပင်လျှင် မြင်မကောင်းအောင်ရှိခဲ့သည်ဟု ပြောစမှတ်တွင်ခဲ့သည်။

မင်္ဂလာသဘင် ဆင်ယင်ကျင်းပပုံသတင်းကို ဆောင်ယူလာသူမှာ မောင်ညိုယဉ်။

မောင်ညိုယဉ်က အေးမာမေတ္တာကို ခံယူဖို့ စောင့်မျှော်နေဆဲပင် ရှိသေးသည်။

အေးမာ၏ တက်ခေါက်သံမှာ ပြင်းထန်လှ၏။ လက်ထဲ တွင် ကိုင်ထားသည့် လီမွော်ရည်ဖန်ခွက်ကို နံရံဆီသို့ ပေါက်လိုက်သည်။

မောင်ညိုထည်....

နုနုနွဲ့နွဲ့ ကဗျာဆရာလေး မျက်လုံးပြူးထွက်သွားရသည်။ နှလုံးတုန်၍ ရင်ခုန်သွားရသည်။ အေးမာကို တောင်းတော ပန်ပန် နှုတ်ဆက်ပြီး တစ်ချီးတည်း ထလစ်ခဲ့သည်။ အေးမာ ကို တော်တော်နှင့် မလာရဲ။

သူတို့ မျော်နေကြသည်။

အေးမာ ငိုနေသည်။

* * *

## နိုင်ဦး

နိုင်ဦး မျှော်လင့်ချက် တစ်ခွဲသားနှင့် ဦးညည်အော ရောက်လာသည်။ လာရကျိုးမနပ်၊ မျှော်လင့်ချက်မပြည့်၊ ဦး အောင်၏ ခါယမ်းနေသော ခေါင်းကိုကြည့်ပြီး သူ၏ခေါ လည်း ငိုက်စိုက်ကျသွားသည်။

အေးမာ ရယ်နေသည်။

နိုင်ဦး မဲ့ခနသည်။

## အခန်း (တစ်ဆယ့်ငါး)

### အာတီးချစ်မောင်

ဦးထွန်းမြိုင်မှာ အောက်ရုံးက ထောင်ဒဏ်နှစ်နှစ် ချမှတ်ခဲ့ ဘ်သည်။ အယူခံတွင် ထောင်ဒဏ်နှစ်နှစ်မှ တစ်နှစ်သို့ ...ချခံရသည်။

ယခင်က အချုပ်ရက်ကို ထောင်ကျရက်တွင် မသတ်မှတ် ... အချုပ်ရက် အပါအဝင် နှစ်နှစ်နီးပါး ထောင်ထဲ နေခဲ့ရသည်။ ထောင်တံ ရောက်ပြီးမှ စွဲကပ်လာသည့် ...းရောဂါမှာ အပြင်သို့ ရောက်သည့်တိုင် မသက်သာ ... အပြင်ရောက်သည့် အချိန်တွင် ဆေးကောင်းဝါး ...င်းများဖြင့်ရှသော်လည်း အာတီးချစ်မောင်ကြောင့် ရော ...၍တက်လာပြန်သည်။

ဒီတစ်ခါတော့အာတီးချစ်မောင်ရှာ အေးမာကိုမတောင်း ငွေကို တောင်းလှာသည်။ ဦးထွန်းမြိုင်နှင့်ပတ်သက်၍ ဖော်ရော အမှုရှိသေးသည်။ ဖော်မည့်အကြောင်းကို အသေးစိတ် ဖော်ပြပြီး ငွေညှစ်ခဲ့သည်။

အာတီးချစ်မောင်က သူ၏စာထဲမှာ သည်သို့ ဖော်လိုက်သေးသည်။

"ငွေတောင်းသည့်ကိစ္စကို တစ်စုံတစ်ယောက်အား ပြောခဲ့သည်ရှိသော်၊ သို့မဟုတ် တိုင်ကြားခဲ့သည်ရှိသော် ဦးထွန်းမြိုင် လုပ်ခဲ့သမျှ အကုန်လုံးဖော်ပြီး သူပါ ထောင်ကျခံမည် ဟူပါ၏"

ဦးထွန်းမြိုင် ဘာတွေလုပ်ခဲ့သည်ကို အာတီးချစ်မောင် အသိဆုံး၊ သူလုပ်သမျှ မှန်တာရော၊ မမှန်တာရော အာတီးချစ်မောင်ပါခဲ့သည် မဟုတ်ပါလား။

ဦးထွန်းမြိုင်မှာ ချစ်မောင်ထံမှစာကိုဖတ်ပြီး ကိုယ့်ကိုယ်ကို အတော်ကြီး ပြန်လည်ထိန်းသိမ်းရလောက်အောင် တုန်လှုပ် ချောက်ချားသွားခဲ့သည်။

ထောင်ထဲသို့ နောက်တစ်ခေါက်ပြန်ဝင်ရမည်ကို ဦးထွန်းမြိုင် အလွန်ကြောက်သည်။ စိတ်ကူးထဲမှာပင် ထည့်မစဉ်းစားရဲ၊ တစ်ခါတစ်ရံ သွေးလေချောက်ချားပြီး ထောင်နှင့် ပတ်သက်လို့ အိပ်မက်သည့်အခါ တမန်းတတန်းထပြီး အော



သောက်ခဲ့ရသည်။ အပြင်ရောက်ပြီးမှ ထောင်နားကို ငေ့လို့မှ သီခဲ့။ မြို့ထဲလာလျှင် ထောင်ရှေ့က ဘယ်တော့မှမဖြတ်၊ အပြင်ရောက်ပြီးနောက် သွင်းကုန်ထုတ်ကုန်လုပ်ငန်းကို ဖျက်သိမ်းပစ်လိုက်ပြီး ဆန်စက်လုပ်ငန်းကိုသာ ဇောက်ချပြီး လုပ်ခဲ့သည်။

ချစ်မောင်ထံမှ စာရတုန်းက သမီးဖြစ်သူနှင့် တိုင်ပင်ဖို့ စဉ်းစားလိုက်သေးသည်။ သမီးက စိတ်ဆတ်သမို့ ဝုန်းဝုန်း ဒိုင်းဒိုင်း လုပ်လိုက်လျှင် ကိုးရိုးကားရား ဖြစ်သွားမည်ကို ကြောက်ပြီး မတိုင်ပင်ဖြစ်။ စိတ်ထဲမှာတော့ တနုံ့နုံ့ဖြစ်နေသည်။

ချစ်မောင်တောင်းသည့်ငွေက သူ့အဖို့ မဖြစ်လောက်၊ ချစ်မောင်ကိုခိုင်းထားပြီးရသည့်ငွေက သူတောင်းသည့်ငွေနှင့် စာသော် အပုံငါးဆယ်ပုံမှ တစ်ပုံသာရှိမည်။

ချစ်မောင်တောင်းသည့်ငွေက တစ်သောင်း။

နောက်ထပ်အမှုတစ်ခုဖြစ်လျှင် ထောင်ထဲပြန်ဝင်ရမည်သာ ဆိုက တစ်သောင်းထက်မတသော ငွေကုန်ဦးမည်ဖြစ်ရာ ချစ်မောင် တောင်းသည့်ငွေကို ပေးဖို့ ဆုံးဖြတ်လိုက်၏။

ချစ်မောင်နှင့် အချိန်းအချက်လုပ်ပြီး တွေ့ကြသည်။ ချစ်မောင်နှင့်တွေ့ခဲ့ရကြတွင် စကားပြော အဆင်မပြေသော်လည်း အချိုသတ်ပြီး အပေးအယူလုပ်လိုက်ရသည်။ ပေးလိုက်

ရသည့်က ငွေတစ်သောင်း၊ ပြန်ရသည့်ကတိမှာ နောက်ထပ် ငွေမတောင်းတော့ပါဆိုသော ကတိတစ်လုံး။

ဦးထွန်းမြိုင်မှားသွားပြီ။

ချစ်မောင်လိုလူဆီက ကတိ ဆိုသည်မှာ ဘယ်သို့ လျှင် တည်ကြည်မှုရှိမှာပ။

တကယ်ကတော့ ချစ်မောင်က တောခြောက်ကြည့်လိုက်ခြင်းသာဖြစ်သည်။ သားကောင်ထွက်လာရင်ဖမ်းမည်။မထွက်လာသော်နေ။ ချစ်မောင်သာ နောက်ထပ် ဖော်ကောင်လုပ်ရင် သူလည်းစက်ကွင်းမလွတ်။ သူပါ ထောင်ထဲဝင်ရမည်။ သူလည်း ထောင်ထဲမဝင်ရဲ။ တောခြောက်ကြည့်လိုက်တာနဲ့ သားကောင်က အလွယ်တကူထွက်လာသည်၊ သူ့ထောင်ထား သော ပိုက်ကွန်းထဲ တိုးဝင်လာသည်။

ချစ်မောင်က သည်အကွက်ကို အပိုင်ကိုင်ဖို့ ဆုံးဖြတ်လိုက်သည်။

ခြောက်လပင်မပြည့်၊ ဒုတိယစာရောက်လာပြန်သည်။

သည်အစ်ကြိမ်တောင်းသည်က ငါးသောင်း။

ရာဇသံပါ ပါလာသည်။ သုံးရက်အတွင်းတဲ့၊ သုံးရက်အတွင်းမပေးရင် သက်ဆိုင်ရာကိုပို့မည့်တိုင်တန်းစာကိုပါ ပူးတွဲပို့လိုက်သည်။ ချစ်မောင်ထံမှပို့လိုက်သည့် ... ဦးထွန်းမြိုင်၏ အသားဆိုင်များကို တဆက်ဆက် တုန်လှုပ်သွားစေရုံ



...က အချိန်မီသာ မဆော်သြလိုက်ရင် ပိုင်းခန့် လဲကျသွားမည်သို့ ဖြစ်ခဲ့ရသည်။ ချစ်မောင်ထံမှစာကို အစိတ်စိတ် ...မြွှာမြွှာ ဆုတ်ဖြဲပြီး တက်ခေါက်သံဖြင့် ဒေါသကို ထိန်း ...မ်းလိုက်ရသည်။

ချစ်မောင်ပေးစာအရဆိုလျှင် အဖမ်းခံရဖို့ သေချာရုံမက ...၏ဆန်စက်လုပ်ငန်းကိုပါ ထိခိုက်တော့မည်မို့ အကြီး ...ကျယ် တုန်လှုပ်သွားခဲ့ရသည်။

ချက်ကိုစလိုဗေးကီးယားမှသွင်းခဲ့သော စဒပွ(စ်)သပ်(စ) ...လွန်တွေကိစ္စသာ တိုင်လိုက်လျှင် ထောင်ထဲကို နာရီမဆိုင်း ...ဝင်ရမည်မှာ သေချာနေသည်။

ဦးထွန်းမြိုင်မှာ မီးပုံနှင့် ဆူးချုံအလယ်သို့ ရောက်နေသူ ...ာ ဖြစ်ခဲ့ရချေ၏။ ရှေ့လည်းမတိုးသာ နောက်သည်းမဆုတ် ...ာ ဘယ်သူ့ကိုမှလည်း တိုင်ပင်လို့မဖြစ်။ ကိုယ့်ဟာကိုယ် ...သည်း ဘာလုပ်ရမှန်းမသိဘဲ ထွေးမနိုင် မျိုမရဆိုသလို ဖြစ် ...နေခဲ့သည်။

ပထမတစ်ရက် သွားမတွေ့။

ဒုတိယနေ့ သွားမတွေ့။

ချစ်မောင်နှင့် မတွေ့အောင် စိတ်... ...တင်းပြီး နေခဲ့သော် ...သည်း နေမထိထိုင်မသာဖြစ်ခဲ့ရ၏။ တတိယနေ့တွင်မူ စိတ်ကို ...င်းထားလို့မရတော့၊ ချစ်မောင်အိမ်ကိုသွားခဲ့ရသည်၊ အပြင်

ထွက်ပြီး မရမ်းကုန်းဘက်က တရုတ်ဟိုတည်တစ်ခုမှာ တွေ့ပြီး ရှင်းကြသည်။ ဘယ်လိုမှပြေလည်မှုမရ။ ချစ်မောင်၏ မခန့်လေးစား ဆက်ဆံမှုနှင့် မထိတထိခြိမ်းခြောက်မှုကိုသာ ကြိတ်မှိတ်ခံခဲ့ရသည်။

အိမ်အပြန်ခရီးတွင် ဦးထွန်းမြိုင်စိတ်မှာ အလွန်အမင်း လှုပ်ရှားနေခဲ့သည်။ အိမ်ပြန်ရောက်ပြီး သူ့အခန်းထဲဝင်လိုက်သည်နှင့် ချုပ်တည်းထားရသော ဒေါသမှာ ပေါက်ကွဲထွက်သွားသည်။ ဦးထွန်းမြိုင်၏စားပွဲကို လက်သီးနှင့်ထုပြီး တအားကုန် အော်လိုက်သံကြောင့် ဒေါ်စိန်ညွန့်နှင့်သမီးကြီးတို့ ပြေးဝင်သွားသည့်အခါ ခုတင်ဘေးတွင်လဲနေသော ဦးထွန်းမြိုင်ကို တွေ့လိုက်ကြရသည်။

ထိုအချိန်က အေးမာ အိမ်မှာမရှိ။

အိမ်နီးနားချင်း အကူအညီဖြင့် ဆရာဝန်ပြေးခေါ်သူက ခေါ်၊ ဦးထွန်းမြိုင်ကို ခုတင်ပေါ်ပွေ့တင်သူကတင်၊ ဆေးရုံကို ပို့ဖို့ အကြံပေးသူကပေး ရှိနေစဉ် ဆရာဝန်သွားခေါ်သူများ ကားနှင့်ပြန်ရောက်လာကြသည်။ ဆရာဝန်လည်း ပါလာသည်။

အတွေ့အကြုံ ရင့်ကျက်နေပြီဖြစ်သော ဆရာဝန်က ဦးထွန်းမြိုင်၏ အနေအထားကို သိလိုက်သော်လည်း သေချာအောင် စမ်းသပ် စစ်ဆေး ကြည့်ရှုလိုက်ပြီးနောက် ဒေါ်စိန်ညွန့်နှင့် သမီးနှစ်ယောက် ငိုသံမှာ....

* * *



**မိသားစုအနေအထား**

ဦးထွန်းမြိုင် မရှိတော့သည့်နောက် အေးမာတစ်ယောက် လွတ်ချင်တိုင်း လွတ်သွားသည်။ နေချင်သလိုနေသည်။ သူစရိုက်အတိုင်း ယောကျ်ားကလေးအတွဲများနှင့် အိမ်အပြန် အချိန်မမှန် ဖြစ်လာခဲ့ရာ မိသားစုအတွင်း အကြီးအကျယ် စကားများကြသည်။ နဂိုကမှ မသင့်မြတ်သည့်ကြားထဲ သည်တစ်ခါ စကားများတော့ သုံးယောက်နှင့် တစ်ယောက်၊ အေးမာ မျက်နှာကို မကြည့်ချင်ပါဘူး အားလုံးက ဆိုလာသည်။ အေးမာဘက်က ရပ်မည့်သူလည်း မရှိပြီ။ အေးမာ မခံနိုင်ဖြစ်ရသည့်ကိစ္စမှာ ဦးထွန်းမြိုင်အမှုအတွက် ကုန်ကျသည်က နည်းနည်း၊ အေးမာ သုံးဖြုန်းပစ်သည်က များများဟု စွဲချက်တင်လာခြင်းပင်။

ဦးထွန်းမြိုင်မှ မရှိတော့တာ၊ ဘယ်သူ့ကို သက်သေထူရမှာပ။

အေးမာ ချေပသည်များကို မဲ့ထား ရွဲ့ကာ နားထောင်ကြပြီး အေးမာကို ဝိုင်း၍ ကလိကြသည်။ ထေ့ကြသည်။ သရော်ကြသည်။

နောက်ဆုံးတွင် မိခင်ဖြစ်သူက အဆုံးအဖြတ် ပေးလိုက်သည်။ ဖြစ်ပြီးတာ ရှိစေတော့၊ နောက်ပိုင်းလုပ်ငန်းကို ဒေါ်စိန်ညွန့်ကိုယ်တိုင် ဦးစီးမည်။ သူတို့စည်းကမ်းအတိုင်း မနေနိုင်လို့ ကိုယ့်သဘောနှင့်ကိုယ် နေချင်သပဆိုရင် သူတို့နှင့် အတူနေလို့ မဖြစ်နိုင်ကြောင်း အေးမာကို အဆုံးအဖြတ် ပြုခိုင်းသည်။

အေးမာက အမွေစကား ပြောလိုက်ရာ အိမ်ထဲက အသံများ အိမ်ပြင်သို့ ရောက်သည့်တိုင်အောင် ပွက်လောရိုက်သွားကြသည်။

အေးမာက ကိုယ့်သဘောနှင့် ကိုယ့်ဟာကိုယ် နေမည်ဟု အဆုံးအဖြတ် ပေးလိုက်သည်။ အေးမာကို တစ်လငါးရာ ပေးရန် ဒေါ်စိန်ညွှန့်က သဘောတူလိုက်သည်။

ဆန့်ကြမ်းကလည်း ဆန့်ကြမ်း၊ ကောက်ညှင်းကလည်း ကောက်ညှင်း ဆိုသလိုဖြစ်ပြီး မိသားစု တနေအထားမှာ အကျည်းတန် အရုပ်ဆိုးခဲ့ရပြီး အေးမာက မြို့လယ်ကျောင်းမှ အမျိုးသမီး ဘော်ဒါဆောင်သို့ ပြောင်းရွှေ့နေထိုင်လိုက်သည်။

မိဘအုပ်ထိန်းခြင်းမှ ကင်းလွတ်ခဲ့ပြီး မိသားစု၏ ဥပေက္ခာ အပြုခံရသည့် လူပျို စိတ်ဝင်စားစရာ ပြည့်လျှမ်းနေသော မိန်းကလေးတစ်ယောက်မှာ ကိုယ့်ခေါင်းကိုယ်ထိုးပြီး ပဲခူးရောက်မလား၊ ချင်းတွင်းရောက်မလား၊ မေခ မလိခ ရောက်မလား ဆိုသည်ကိုမူ ပိတ်ကားပေါ်က ဇာတ်လမ်းတွင် ဆက်လက် ရှုစားကြရပေတော့မည်သာတည်း။

●

## အခန်း (တစ်ဆယ့်ခြောက်)

### အေးမာဆိုသည့် အေးမာ

ညို့တံမှ လွတ်ထွက်သွားသည့် မြားပမာသို့ အေးမာ တစ်ယောက်လည်း အရှိန်ရှိသလောက် လွတ်ထွက်သွားခဲ့၏။

အေးမာ ရုံးတစ်ရုံးမှာ ဝင်လုပ်သည်။ သူမ ရသော လခ နှင့် အိမ်ကပေးသော ငွေငါးရာမှာ အေးမာလို အမျိုးသမီး တစ်ယောက်အတွက် ဆင်ပါးစပ် နှမ်းပက်သလိုသာ ရှိခဲ့သည်။ သည်တော့ ကိုယ့်ဆန္ဒလည်း ပြည့်စေ၊ လိုတာလည်း ရစေ လမ်းကို လိုက်ခဲ့သည်။

တစ်ခုတော့ရှိသည်။ အေးမာက သူ့ထက် ငယ်သူများကို ဆာ တွဲသည်။ အချစ်ငှိုကာ မဖွဲ့နှဲ့၊ နှလုံးသား စကားမပြောနဲ့၊ အသည်းစကား မဆိုနဲ့၊ သည်နေ့တွေ့ပြီး နောက်တစ်နေ့ကို လည်း မမျှော်နဲ့။

အေးမာက မတွဲချင်ပြီဆိုလျှင် အကြောင်းပြစရာ မလို ကိုယ်တော်လေး ကြွပေတော့လို့ ပြောလိုက်ရုံသာ။

မေတ္တာတို့ သစ္စာတို့နဲ့ ဇာတ်ထမ်းစလာလျှင် အေးမာက ခေါင်းခါပစ်လိုက်မည်။ 'သည်အနံ့(ဒ်)ပဲ' အများအမြင်ခံပြီး ခြေကျင် လျှောက်သွားရမည်ဆိုလျှင် အေးမာနား မကပ်နဲ့ အေးမာဆီက လိုချင်တာရှိလျှင် ကိုယ်က အရင် ပေးရမည်။ အေးမာဝင်သည့်ဆိုင်ကို ပွဲပေးပြီး အေးမာ ဝယ်သမျှ ခြ… သမျှ စာရင်းရှင်းနိုင်ရမည်။ ဒဏ်မခံနိုင်လျှင် စောစောကခွာ… တွဲချင်တိုင်းလည်း မကပ်နဲ့၊ အေးမာက အတွဲခံသည်မဟုတ်။ လူများသည့်နေရာမှာ လတ်လျားလတ်လျားရှိုးပြတွဲချင်သူမျိုး ဆို အေးမာနှင့်မဖြစ်။ ရုပ်ရှင်ကိုပင် အတူတွဲမကြည့်ရ။ စကား ပြောစရာရှိလျှင် သီးသန့် အခန်းရှိသော စားသောက်ဆိုင်… နေရာမှာပြော၊ ရုံးကို လိုက်မလာနဲ့၊ ဘော်ဒါဆောင်… လိုက်မလာနဲ့။ တယ်လီဖုန်းကိုပဲ သုံး၊ တယ်လီဖုန်းကို ဘယ် အချိန် သုံးရမည်ကို အေးမာက သတ်မှတ်ပေးထားသည်။

အဲသည်လိုနေခဲ့သမို့ အေးမာသတင်းက ထွက်တော့ထွက် သည်။ ဟုတ်မှဟုတ်ပါလေရဲ့လားလို့ သံသယနှင့် လက်ခံရမည့် သဘင်းမျိုးသာ ထွက်ခဲ့သည်။ ဒါကြောင့်လည်း တော… အကြောင်းသိသူများက အေးမာနားကပ်ဖို့ လန့်ကြသည်။ ကြားပွဲစားတို့ဘာတို့လည်းမရှိ၊ အေးမာက သူတွဲချင်ပြီဆို… သူကအရိပ်ပြသည် သူများအရိပ်ပြတာကို လက်မခံ။



အေးမာသတင်းကို နိုင်ဦး သိုးသိုးသန့်သန့် ကြားခဲ့သည်။ အေးမာနှင့်ပြန်ဆက်ခွင့်ရအောင် ကြိုးစားလာသည်။ အေးမာ ခွေးပြောခွေးဆို ပြောခဲ့ဆိုခဲ့သည်ကို ခေါင်းလျှို့ပြီး ဝင်လာခဲ့ သည်။ နိုင်ဦးနှင့် စတယ်လာတို့ အိမ်ထောင်ရေးက သိပ်အဆင် …ပြေ။ စတယ်လာအနိုင်ကျင့်သမျှ နိုင်ဦး ခံနေရသည်။ အိမ် …ပြန် အချိန်မမှန်သည်က နိုင်ဦးမဟုတ်ဘဲ စတယ်လာဖြစ်နေ …သည်။ အိမ်ထောင်မှုဆက်ဆံရေးတွင် အပေးအယူမမျှ၊ နိုင်ဦး …က ခံဘက်ချည်း၊ မစွန်းရင်းရှိ၍ ကန်စွန်းခင်းငြိခဲ့ဖူးသည့် …အေးမာဘက် ပြန်လှည့်ခဲ့သည်။

အေးမာနှင့် ပြန်ဆက်မိကြသည်။ အေးမာက အကြံနှင့် နိုင်ဦးကို ပြန်တွဲပြီးခတာက်ဆဲ့ဖြစ်အောင် လုပ်ထားလိုက် …သည်။ နိုင်ဦးက အေးမာ၏အထာ အေးမာ၏ဟန်ကို ညက် …သားမို့ ဘာလိုသည်ကို ပြောစရာမလို၊ အပေးအယူမျှကြ …သည်၊ အေးမာပြောသမျှ နိုင်ဦးငြင်းသည် မယ်သည်ဟူ၍ မရှိ …သာ အနေအထားမျိုး ရောက်သည်အထိ အေးမာက သူမ၏ …သာကို ညက်ညက်ထင်ထင် ပြနိုင်ခဲ့သည်။

အတိတ်ကာလက သဲသဲပိုးပိုး နင့်နင့်သီးသီး ချစ်ခဲ့ရသူမို့ …းမာ၏ အပြုအမူက သာလွန်သည်လား မဆိုနိုင် သံပတ် …ကလေးနိုင်ဦးမှာ အေးမာသံပတ်ပေးသလို လှုပ်ရှားရသည့် …နေအထားသို့ ရောက်လာသည်နှင့်အမျှ အေးမာက တိခနဲ …ချလိုက်သည်။

နိုင်ဦးဘယ်နေနိုင်တော့မှာပါ။ အေးမာမှ အေးမာဖြစ်နေ[illegible]
တိုး။

မိန်းမစာမျက်ရည်ခံမထိုးရတဲ့ ယောက်ျားက မျက်[illegible]
မိုးပြီး အေးမာဖြစ်စေချင်သမျှ နိုင်ဦးဘာမဆိုလုပ်ပါမည် [illegible]
လာပြီး နောက်တော့ အေးမာလက်ထဲ စိန်ထည်တွေ[illegible]
လာသည်။

အေးမာလက်ထဲရောက်လာသည့် ပစ္စည်းများမှာ [illegible]
လာပစ္စည်းတွေ၊ စတယ်လာက ခေတ်ဆန်လွန်းသူမို့ [illegible]
စိန်ထည်တွေမဝတ်၊ စတယ်လာကသိမ်းထားဖို့ပေးထား[illegible]
ပစ္စည်းများကို နိုင်ဦးက အေးမာလက်ထဲထည့်ခဲ့သည်၊ နေ[illegible]
ကြောင်းက နောက်ရောက်ရေး လောလောဆယ် အေ[illegible]
ကျေနပ်ဖို့ နိုင်ဦး ဖန်တီးလိုက်သည်။

နိုင်ဦး၊ စတယ်လာပစ္စည်းတွေ ယူလာပြီး အေးမာ[illegible]
ခဲ့သည့်အကြောင်းကို စတယ်လာသိအောင် တစ်ဖက်လှ[illegible]
သတင်းပေါ်းလိုက်သူမှာ အေးမာ။

အေးမာက သည်ယုန်မြင်လို့ သည်ချုံထွင်ထားတာ[illegible]
ချုံကိုတိုပြီးဆိုမှတော့ သူ့စရိတ်နဲ့သူ သွားပြီပေါ့။

ခုတော့ နိုင်ဦး ခေါင်ချာဆိုင်းနေပြီ၊

အေးမာကလည်း နိုင်ဦးခေါင်ချာဆိုင်းအောင် လုပ်[illegible]
ပြီကိုး၊



တရားစွဲရဲရှင် စွဲကြည့်စမ်းဟု အေးမာက ချဲလင်းလုပ်
သားပြီ၊

မြေမခသတုက်မကျိုးနည်းနှင့် ပြေငြိမ်းရန် နည်းလမ်း
အသွယ်သွယ်ကို စဉ်းစားနေရသူမှာ နိုင်ဦး၊

မဆီမဆိုင် ကန့်လန့်ကန့်လန့်ပါနေရသူနှစ်ဦးမှာ ဦးရည်
အောင်နှင့် မလေးသီ၊

ခုနစ်ရက် သားသမီးများကို ဒုက္ခပေးဖို့ အေးမာကို မွေး
လာလေသလား။

## အခန်း၊ (တစ်ဆယ့်ခုနစ်)

**မောင်ညိုယဉ်**

သည်သတင်းကိုဖွင့်လာသူမှာ မောင်ညိုယဉ်၊ ကာယကံရှင် ကိုယ်တိုင်က ပြောသည့်သဘင်းအဖြစ် အေးမာ ဆီကိုသတင်း စကားပေါ်လာသည်။

မောင်ညိုယဉ် စကားဆုံးသွားသည်နှင့် အေးမာ ငိုင်ကျ သွားသည်၊ မောင်ညိုယဉ်ကို တွေ့ပြီးကြည့်နေသည့် အေးမာ ၏ ချိုမြိန်ရိပ်ထင်သော မျက်အိမ်တွင်းမှ မျက်ရည်များ စီးကျ လာသည်။

သဲ့သဲ့လေး ရှိုက်သံမှာ တောက်ခေါက်သံနှင့် အဆုံး သတ်သွားသည်။



မောင်ညိုယဉ် ရုံးကိုလာသွားသည့်နေ့က အေးမာ နေ့ တစ်ဝက်ခွင့်ယူပြီး ပြန်သွားခဲ့သည်၊ အဆောင် ပြန်ရောက်မှ ခေါင်းအုံးနှင့်မျက်နှာအပ်ပြီး တဝကြီး ငိုချလိုက်ရသည်။

တကယ်တော့ မောင်ညိုယဉ်က သူရလာသောသတင်းကို မပြောသင့်၊ အသိကိုအသိအတိုင်းသာ ထားသင့်သည်၊ မျက်နှာလို မျက်နှာရ ပြောလာခြင်းဖြစ်သော်လည်း ခံရသူအဖို့ နင့်နင့်သီးသီးရှိလှ၏။

အထူးသဖြင့် အတွေးရခက်လှသော အေးမာလိုစိတ်မျိုး ရှိသူကို ဘယ်လိုမှ မပြောသင့်၊ နိုင်ဦးတို့ကိစ္စတုန်းက သေနတ် တစ်လက် ရှာခိုင်းသည်ကို မောင်ညိုယဉ်သိပါလျက် ပြော လာသည်မှာ သူ့အမှား။

''မလေးသီပြန်လာတော့ အေးမာက မလေးသီကို ဖက်ငိုပြီး အကျိုးအကြောင်း ပြန်ပြောပြသည်၊ မလေးသီက သူ့ သိအတိုင်း ''အဟောင်းကိုအသစ်ပြန်မဖြစ်ပါစေနဲ့၊ ပြုသူသာ သူ့အကြောင်းနဲ့သူ ခံရပါလိမ့်မယ်'' ဟု နှစ်သိမ့်စကား ဆို ခဲ့၏။

အေးမာက ဘယ်နေမှာပါလိမ့်။

သည်သတင်းအမှန်ဟုတ်မဟုတ် နည်းလမ်းအသွယ်သွယ်နှင့် စုံစမ်းခဲ့သည်။

အထောက်အထားပြစရာ မရှိပေမယ့် မောင်ညို ယဉ်ပြော သည့်သတင်း အမှန်ဖြစ်ကြောင်းကို သိရပြီးနောက် ဆုံးဖြတ် ချက်တစ်ခု ချလိုက်သည်။

အာတီးချစ်မောင်နောက်ကို တွေ့ရသာချိန်း ခေါးမဆိုင် သဘောမူပြီး လိုက်တော့သည်။

ချစ်မောင်က ဦးထွန်းမြိုင်ကို မသတ်ခဲ့စေကာမူ သေစေခဲ့ သည်။ ဒါကိုကော့ အေးမာက ခွင့်မလွှတ်နိုင်။

အေးမာက မလေးသီကို ဖွင့်ပြီးတိုင်ပင်ခဲ့သည်။

"ဒီမှာ မာ၊ လက်စားချေမှု မှန်သမျှဟာ ကောင်းတဲ့ ရလဒ်ကို မပေးစွမ်းတတ်ဘူးလေ၊ ကိုယ်ကသူ့ အပေါ် အနိုင်ယူ လိုက်နိုင်ပေမယ့် ကိုယ်ကော ပြန်မခံရဘူးလား၊ ခံရမှာပဲ ချစ်မောင်လိုလူကို လက်စားချေပြီး မာ ထောင်ထဲဝင်မလား အသွားချည်းပဲ မရှိဘူးနော်၊ အသွားအပြန်ဆိုတာရှိတယ်၊ မာ့ စိတ်ကို ပြင်ပစ်လိုက်တော့၊ လောကမှာ သူ့ အကြောင်းနဲ့ သူ့ အကျိုးနဲ့ ဖြစ်နေတာချည်းပဲ၊ အကြောင်းရှိလို့ ဖြစ်ခဲ့တာ နောက်ထပ် အကြောင်းထပ်ပြုရင် အကျိုးဖြစ်လာဦးမှာပဲ မာဟာ ပညာတတ်တစ်ယောက်၊ ကိုယ့်ဟာကိုယ် ပြန်စဉ်းစား ကိုယ့်မိသားစုမှာ တိုက်ပိုင်ကြီးရှိလျက်သားနဲ့ မာ ဒီဘော်ဒါ ဆောင်မှာ လာနေရတာကိုကြည့်၊ ချစ်မောင်ကိစ္စဟာသက်သေ ပြစမ်းဆိုရင် မာ ဘာကိုသက်သေပြမလဲ၊ ပြီးတော့ သတင်းစာ ထဲမှာ ကွယ်လွန်သွားတဲ့ကိုယ် အဖေနာမည် ပြန်ပါလာတော့ မယ်၊ တစ်ကြောင်းမဟုတ် တစ်ကြောင်း ထိခိုက်တော့မယ် မာ ကွယ်လွန်သွားတဲ့သူကို ဒုက္ခထပ်မပေးပါနဲ့တော့ မာ



င်းဟာ မိန်းမသားပါ၊ မိန်းမသားစိတ်ကိုပြန်မွေးစမ်းပါဦး၊ ဒီကတော့ မာ့ကို အကုန်လုံးပြင်ပစ်စေချင်တယ်၊ စိတ်ခေါတ် ရော အနေအထိုင်ရော အပြုအမူရော အားလုံးပေါ့၊ မာ လေးလေးနက်နက် ပြန်စဉ်းစားပါလေ၊ ကိုယ်ပြောနိုင်တာက တော့ ဒီလောက်ပဲ၊ ကိုယ်ခွင့်တင်ထားတယ်၊ စိတ်ပြေလက် ပျောက်လဲ ဖြစ်အောင် မာလဲခွင့်ယူပြီး ကိုယ်နဲ့လိုက်ခဲ့၊ မာ ရားတွေဘာတွေ ထိုင်ဖူးသလား"

အေးမာက ခေါင်းကို သာသာလေး ယမ်းပြလိုက်သည်။

"အနည်းဆုံး ခုနစ်ရက်လောက်တော့ ထိုင်ကြည့်စမ်းပါ၊ သေတတ်ပန်ဖြစ်တာတို့၊ နိဗ္ဗာန်ရောက်တာတို့ကိုထားဦး၊ မခွ တ်ကလေး ပျော့ပျောင်းနူးညံ့သွားမှာတော့ သေချာတယ်၊ တာ ဘယ်သူ့ အကူအညီမှမပါဘဲ ကိုယ့်ကိုယ်ကို ထိန်း တ်လာလိမ့်မယ်၊ ထိန်းနိုင်သူတစ်ယောက် ဖြစ်လာလိမ့် ယ်၊ ပျက်ခြင်းသည် အဟောင်း၊ ဖြုပြင်ခြင်းသည် အသစ်တဲ့ ၊ ဒီသဘောကို ခုလိုပြောလို့တော့ မာ သဘောပေါက် မဟုတ်ဘူး၊ တရားထိုင်ကြည့်မှ သဘောပေါက်လာလိမ့် ၊ သဘောပေါက်ပြီဆိုတာနဲ့ မာ့ဘဝခရီးဟာ ဖြောင့် းသွားလိမ့်မယ်။ ကိုယ် မာ့ကို ကူညီနိုင်တာလေး ကူညီပါ လား မာရယ်"

ပုလဲဥများ ရွဲသင်နေသည့် အေးမာ၏ မျက်လုံးအစုံမှာ ဘောစားပွဲပေါ်ရှိ ငွေဘောင်ကွပ်ထားသည့် ဖခင်ကြီး ဓာတ်ပုံပေါ်သို့ စူးရောက်နေသည်။

''မာ စဉ်းစားဦးလေ၊ စဉ်းစားပြီး ရတဲ့အဖြေကို မာ ကိုယ့်ကိုပြောလိမ့်မယ်လို့ ကိုယ်တော့ ယုံကြည်တယ်''

''မမသိရယ်....မဉ္စာဝဟာ ဘာလို့များ ဒီလောက် ဆိုး လဲလို''

''ပြုခဲ့တဲ့အကြောင်းပေါ့ မာ၊ ပြုခဲ့တဲ့အကြောင်းပေါ့''

''ပြင်လို့ကော ထူးပါဦးမလား မမသိရယ်''

''ထူးပြီလား မာ၊ သိပ်ကိုထူးလိမ့်မယ်၊ ပထမထူးမှာ မာဟာ မိသားစုရှိလျက်နဲ့ ခွဲနေရတဲ့အဖြစ်က လွတ်ထွက် သွားလိမ့်မယ်၊ လူသားတွေ သယ်ပိုးထမ်းဆောင်ရမယ့်တာဝန် တွေကို မာ သိလာလိမ့်မယ်၊ မေတ္တာတရားဟာ သန့်သန့် စင်ရှိနေတာကို မာ သိလာလိမ့်မယ်၊ ကိုညိုယဉ်မှာ သန့်စင်တဲ့ မေတ္တာရှိနေတာကို မာ ဘာလို့များ မျက်နှာလွှဲရသလဲကွယ်''

''မာက ဒီအခြေအနေမျိုးရောက်နေမှ''

''သူက စောင့်နေသူပါ မာ၊ ခွင့်လွှတ်နိုင်သူပါ''

''အင်းလေ....မာ စဉ်းစားပါဦးမယ် မမသိ''

''စဉ်းစားစမ်းပါ မာရယ်၊ စဉ်းစားချင့်ချိန် သုံးမိန့်တဲ့ စဉ်းစဉ်းစားစား ချင့်ချင့်ချိန်ချိန်လုပ်တာဟာ အမှားနဲ့ ဝေး ချည်းပါပဲ မာရယ်''

* * *



ဦးတွန်းမြိုင် ထောင်ကလွတ်လာပြီး နောက်တစ်နေ့ ပြော ခဲ့သည့် စကားများ အေးမာနားထဲတွင် ပြန်လည် ကြား ယောင်လာသည်။

''သမီး....ဆင်းရဲခြင်းဆိုတာလေ ကြယ်မြင် လမြင် တဲ့ပုတ် ကလေးနဲ့ နေရတာမဟုတ်ဘူး၊တစ်ထည်လဲပြီး တစ်ထည်သာ ဝတ်စရာရှိတာလဲ ဆင်းရဲခြင်းမဟုတ်၊ တစ်နပ်စားပြီး နောက် တစ်နပ်အတွက် ပူပင်ရတာလဲ ဆင်းရဲခြင်း မဟုတ်သေးဘူး၊ တကယ့်ဆင်းရဲခြင်းဟာ ထောင်ထဲမှာနေရတဲ့ ဘဝပဲ၊ ဒုက္ခ အပေါင်းကို မှတ်မှတ်ထင်ထင် ခံစားရတဲ့နေရာဟာ ထောင်ပဲ သမီး၊ ဖေဖေ ပြုခဲ့တဲ့အမှားကြောင့် ဖေဖေတော့ ခံခဲ့ရပြီ၊ ဖေဖေ နောက်ထပ် မပြုတော့ဘူး၊ ကုမ္ပဏီလဲ ဖျက်လိုက် တော့မယ်၊ ရှိတဲ့ ဆန်စက်လုပ်ငန်းကိုပဲ မှန်မှန်လုပ်ပြီး အေး အေးနေတော့မယ်''

* * *

နိုင်ဦးမျက်နှာကို ပြန်မြင်လာသည်။ နိုင်ဦးနဲ့ဖြစ်ခဲ့တုန်းက နိုင်ဦးက အဓမ္မကျင့်ပြီး ကိုယ့်မေတ္တာကို ယူခဲ့တာမဟုတ်ဘဲ ကိုယ်ကပေးခဲ့တာ၊ လိုက်လျောခဲ့တာ၊ ထိန်းသိမ်းရမည့်အပိုင်း

ကို ဆက်လွှတ်စပယ်ပြုခဲ့တာက ကိုယ်၊ သူ့ကို တောထဲက ကျားအသွင် မမြင်ဘဲ တိရစ္ဆာန်ရုံထဲကကျားအသွင် ထင်ခဲ့တာ က ကိုယ်၊ ကိုယ်ကသာမလိုက်လျောခဲ့ရင် နိုင်ဦး ဘာတတ် နိုင်မှာလဲ၊ ထိန်းသိမ်းရမည်ကို မထိန်းသိမ်းသူက ကိုယ်၊ မယုံ ကြည်ရမည်ကို ယုံကြည်ခဲ့သူက ကိုယ်၊ မပေးအပ်ရာသည်ကို ပေးအပ်ခဲ့သူက ကိုယ်၊ ခုလဲ ကိုယ့်ဟာကိုယ် ထင်ရာစိုင်းပြီး ကိုယ့်လှေကိုယ် ထိုးနေပြန်ပြီ၊ နစ်နာမှုက ဘယ်သူလဲ ယောကျ်ားဆိုတာက ရရင် အရှောင်ခဲသား၊ ရင်မောကျန်ရစ် သူမှာ မိန်းမသားပဲဖြစ်မည်၊ နိုင်ဦးမှာ အပြစ်တော့ရှိသည်၊ ကိုယ့်အပြစ်က ပိုကြီးသည်၊

နိုင်ဦးမျက်နှာကိုပြန်မြင်ပြီး ပေါ်လာသည့်အတွေးစဉ်က အေးမာ၏ခေါင်းကို ခါခါယမ်းယမ်း ဖြစ်သွားစေခဲ့သည်၊

“မျက်ခြင်းသည် အဟောင်း၊ ပြုခြင်းသည် အသစ်တဲ့”

ကိုညိုယဉ်....

“ကိုညိုယဉ်မှာ သန့်စင်တဲ့မေတ္တာရှိနေတာကို မစက ဘာ လို့ မျက်နှာလွှဲရတာလဲကွယ်”

တစ်နေ့ကပဲ ပြောသွားသေးသည်၊

“မာ ပိုးထားရတဲ့ ဒုက္ခဝန်ပိုးကြီးကို ကူမ ပိုးပေးပါရစေ လားတဲ့”

အေးမာအကြောင်းကို ကကြီးကအစ အအထိသိနေပါ လျက် ခွင့်လွှတ်နိုင်စွမ်းသူ။



မေတ္တာကို တန်ဖိုးထားသူက သူ၊ တန်ဖိုးမထားသူက ကိုယ်၊

သည် အခြေအနေမျိုးရောက်မှ ကိုညိုယဉ်ကို ပေးရမည် မှာ တရားမျှတသော ပေးအပ်ခြင်းဖြစ်ပါ့မလား။

သူ့မေတ္တာက သန့်စင်ပေမယ့် ကိုယ့်မေတ္တာက သန့်စင် ပါ့မလား၊ ကြည်သောရေနှင့် နောက်သောရေကို ပေါင်းစပ် ဘိသို့သာ ရှိချေမည်၊

ကိုညိုယဉ်နှင့်ပတ်သက်သည့် အတွေးစဉ်များကို ခေါင်း ထဲမှ ပယ်ထုတ်လိုက်ရသည်၊

* * *

## မလေးသီ

မလေးသီရသောလခမှာ သူ့အိမ်က လစဉ် ပေးနေသော ငွေထက်မင် နည်းသေးသည်။ မလေးသီမှာ အဝတ်အစား ဆယ့်ငါးစုံထက် ပိုမရှိ။ ဒါပေသိ မလေးသီကို ဘယ်နတော့ ကြည့်ကြည့် သပ်သပ်ရပ်ရပ် ကြော့ကြော့ရှင်းရှင်း၊ လှလှပပ ရှိနေသည်၊ တောခွင်းမှာအကွပ် လူမှာအဝတ်ဆိုပေသိ စနစ် တကျ ကွပ်ထားသောဘောင်းဖြစ်ဖို့သာ ပဓာန။

မိဘများထံသို့လည်း လစဉ်ငွေပို့နိုင်သေးသည်။ စေတနာမပါသော ယောကျ်ားတို့ အပေးအကမ်းနှင့်လည်း ကင်းကွာအောင် နေနိုင်သည်။ ဝတ်နိုင်စားနိုင် သုံးနိုင်ဖြုန်းနိုင်သည်က အဓိကမဟုတ်၊ လူကလေး၏ ခွေးကခန့်ဖို့သာ အဓိက၊ မလေးသီထက် သူက အဝတ်အစားပိုဝတ်နိုင်သည်၊ အလှအပပစ္စည်းတွေ အကောင်းဆုံးသုံးနိုင်သည်၊ ငွေကိုဖြုန်းနိုင်သည်၊

ဒါပေသိ ဘယ်သူက ပို၍ ဂုဏ်ရှိသလဲ၊ သိက္ခာရှိသလဲ မလေးသီက မိသားစုနှင့် ကြည်ကြည်သာသာရှိသည်၊ ပျော်ပျော်ရွှင်ရွှင် နေနိုင်သည်၊ သူမှာအမေရှိသေးပါလျက် မမေးမခေါ်နိုင်၊ ခြေဆုပ်လက်နယ်မပြုနိုင်၊

သည်အတွေးစဉ်က အေးမာ၏ မျက်နှာကို သီသီသာသာ ညှိုးပျသွားစေခဲ့သည်၊ ဆက်တွေးလိုက်လျှင် သူ့အမှားတွေ တသီတစဉ် ထင်ပေါ်လာတော့မည်မို့ အတွေးစဉ်ကို ရပ်ပစ်လိုက်ရသည်၊

## အခန်း (တစ်ဆယ့်ရှစ်)

### ညဉ့်ဆယ်နာရီ

ဗိုင်းခနဲ မြည်ဟိန်းသွားသည့် သေနတ်သံမှာ ချွယ်ချွယ်လောင်လောင် စူးစူးမျှမျှရှိလှ၏၊

လူခြေတိတ်ဆိတ်ချိန် မဟုတ်သော်လည်း အသံတိတ်ဆိတ်ချိန်မို့ သေနတ်သံမှာ ကျယ်လောင်သည်ဟုဆိုနိုင်၏၊

ညဉ့်ဆယ့်တစ်နာရီခွဲ၊

အေးမာတို့ ဆော်ဒါဆောင်သို့ အရပ်ဝတ် အရပ်စားနှင့် ရဲအရာရှိတစ်ဦး အဆောင်မှူးနှင့် လာရောက် တွေ့ဆုံခဲ့သည်၊

ရဲအရာရှိက အေးမာအဆောင်သို့ရောက်လာပြီး အဆောင်စည်းကမ်းလိုက်နာမှုနှင့် အေးမာ၏ အနေအထိုင်၊ သည်ကနေ့ည အေးမာ အပြင်သို့ ထွက်၊ မထွက်၊ အဆောင်တွင် အေးမာ ရှိ၊ မရှိ၊ အေးမာနှင့် အခင်မင်ဆုံး တွဲဖော် မည်သူမည်ဝါဖြစ်သည် စသည်များကို မေးမြန်းပြီး အေးမာအား ပြန်မပြောရန် မေတ္တာရပ်ခံ၍ ပြန်သွားသည်။

* * *

သေနတ်သံထွက်လာသည့်နေရာမှာ အေးမာတို့ နေသည့် ဘော်ဒါဆောင်နှင့် အဝေးကြီးဖြစ်သော်လည်း သေနတ်ယမ်းငွေ့က အေးမာဆီသို့ လူးဝေ့လာသည်။

သေနတ်သံ ထွက်ပေါ်လာသည့် နေရာမှာ ရွာလမ်းရှိ နိုင်ဦးနှင့် စဘယ်လာတို့နေသည့် တိုက်ပုလေးအတွင်းမှဖြစ်၏။ သေနတ်သံကြားကြားချင်း နောက်ဖေးဆောင်တွင် သီးခြားနေထိုင်ကြသည့် အိမ်ဖော် လင်မယားနှစ်ယောက် ဦးဆုံးရောက်သွားကြသည်။ နိုင်ဦးတို့ အိပ်သော အိပ်ခန်းထဲတွင် အကျည်းတန်သော မြင်ကွင်းကို တွေ့လိုက်ကြရသည်။ ကြမ်းပြင်ပေါ်တွင် ဘေးစောင်းလှဲကျနေသော နိုင်ဦးကိုယ်ပေါ်မှ



သွေးများမှာ မြင်မကောင်း၊ လောက်အောင် အိုင်ထွန်းနေသည်။

အခင်းဖြစ်ချိန်တွင် စဘယ်လာမှာ အိမ်တွင်မရှိ။

အိမ်ဖော်လင်မယားက ခြံနီးပါးချင်းများကိုခေါ်ပြီး အကူအညီတောင်းခဲ့ကြသည်၊ တစ်ဦးသောပုဂ္ဂိုလ်က နိုင်ဦးအဖေအိမ်သို့ တယ်လီဖုန်းဆက်ပြီး အကြောင်းကြားလိုက်သည်။

နာရီဝက်ခန့်အတွင်း နိုင်ဦးအဖေရောက်လာသလို နိုင်ဦးတို့အဖေနှင့် မရှေးမနှောင်းမှာပင် ကြည့်မြင်တိုင် ရဲစခန်းမှ ရဲဝန်ထောက်နှင့် ရဲအရာရှိကြီးများလည်း ရောက်လာကြသည်။ နိုင်ဦးကိုကြည့်ကြသည်။ အသက်မရှိတော့။ စားပွဲပုလေးပေါ်တွင် သောက်လက်စ အရက်ပုလင်းနှင့် ဆော်ဒါပုလင်းမှာ စားပွဲပေါ်တွင်လဲကျပြီး ရေခဲထည့်သည့်ဖန်ခွက်နှင့် ဖန်ခွက်မှာမူ ကြမ်းပြင်ပေါ်၊ ရောက်နေသည်။ ဖန်ခွက်မှာ အစိတ်စိတ် အမြွှာမြွှာကွဲနေသည်။

နိုင်ဦး၏ ညာဘက်လက်ထဲမှာ ၃၈ ဗို့ ခြောက်လုံးပြူး တစ်လက် ကိုင်လျက်သားအနေအထားတွေ့ရသည်၊ ကျည်ဆန်မှာ အာခေါင်ထဲမှဝင်ပြီး ဦးနှောက်ကို ဖောက်ထွက်သွားသည့် အနေအထားကို တွေ့ရသည်။

မြင်ကွင်းအနေအထားအရ ကိုယ့်ကိုယ်ကို သတ်သေသည်ဟု ယူဆနိုင်ဖွယ်ရှိသော်လည်း ရေခဲထည့်သည့်ခွက်နှင့် ဖန်ခွက်

လွင့်စဉ် ကျနေခြင်းနှင့် အရက်ပုလင်းများ လဲနေခြင်းက မသက်သာဖွယ် အကြောင်းတစ်ရပ်အဖြစ် ရှိနေသည်။

လက်ထောက် ရဲမင်းကြီး ဦးမြင့်ဦးမှာ သားဖြစ်သူ၏ အလောင်းကိုတစ်လှည့်၊ ကွဲကြေနေသောဖန်ခွက်၊ ပိန်ချိုင့်နေသော ရေခဲခွက်ကို တစ်လှည့်ကြည့်ရင်း ခေါင်းထဲမှာ အတွေးအထင် အမျိုးမျိုးဖြစ်နေသည်။

ထိုစဉ်မှာပင် ဗမာ့ခေတ်နှင့် ဟံသာဝတီသတင်းထောက်တို့ ရောက်လာကြသည်။ သတင်းထောက် နှာခေါင်းက ကြောင်နှာခေါင်းထက် အနံ့ခံကောင်းသေးတာပဲဟာ။ ညဥ့်နက်သန်းခေါင်သန်းလွဲမှာဖြစ်တဲ့ မှုခင်းဖြစ်ပါစေ၊ သူတို့ရောက်လာစမြဲ ရှိကြ၏။ ဗမာ့ခေတ် သတင်းထောက်မှာ လက်ယားနေသည်။ လွယ်အိတ်ထဲက ကင်မရာလေး ဆွဲထုတ်ပြီး မီးမှုိင့်ကလေး လက်ချင်နေပြီ။ လက်ထောက် ရဲမင်းကြီးနှင့် ပတ်သက်နေသည်ကိစ္စမို့ လက်ထောက်ရဲမင်းကြီး၊ ဘာပြောမည်ကို စောင့်ရင်း ရင်ထဲက ယားကျိကျိ ဖြစ်နေသည်ကို လက်ဝါးချင်း ပွတ်၍ ထိန်းနေရသည်။

လက်ထောက် ရဲမင်းကြီး ဦးမြင့်ဦးက သတင်းခေတ်ပုံကိုထားဘိတော့၊ သတင်းမပါဖို့ကိုပင် အနူးအညွတ် တောင်းပန်ပြီး မေတ္တာရပ်ခံနေသည်။

စတယ်လာ ပြန်လာသည်။ ကားနှင့်လိုက်ပို့သူ အမျိုးသားက အိမ်ထဲမှာ ဘာဖြစ်နေသည်ကိုမသိဘဲ အရက်သံလေးလေး



အောအောကြီးနဲ့ စတယ်လာကို တခုတာဘိုင့်ဘိုင် လုပ်ပြီးမှ ကားမောင်းပြီး ပြန်ထွက်သွားခဲ့သည်။

နှမ်းလျှသာဟန်ရှိသော စတယ်လာ၏ ခြေလှမ်းများမှာ သွက်သွက်လက်လက် မရှိ။ တိုက်ထဲအဝင်တွင်မှု စတယ်လာ၏ ခြေလှမ်းမှာ တုံ့ခနဲ ရပ်သွားရသည်။ တိုက်ထဲမှာ မမျှော်လင့်သောသူများကို တွေ့ရသမို့ အံ့သြတကြီး ဖြစ်သွားဟန်နှင့် စတယ်လာ မျက်လုံးအစုံမှာ ဝိုင်းဝိုင်းလည်သွားရသည်။

ဦးမြင့်ဦးက စတယ်လာကို လှမ်းခေါ်လိုက်သည်။ ဘာတွေဖြစ်ခဲ့သည်ကို သွက်သွက်လေး ရှင်းပြ၍ အိပ်ခန်းထဲသို့ လက်တွဲခေါ်သွားပြီး ပြလိုက်သည်။

အဝတ်ဖြူနှင့် ဖုံးအုပ်ထားသည့် နိုင်ဦး၏မျက်နှာကိုကြည့်ပြီး ဦးမြင့်ဦးကို လှမ်းကြည့်လိုက်သည်။ ဦးမြင့်ဦးက တိုးတိုးကလေးမေးသည်ကို ဖြေဖြေသာသာ ခေါင်းခါပြလိုက်သည်။

လင်ဖြစ်သူ၏ မျက်နှာကို မကြည့်လို ဆိုပါအလား။

မျက်ရည်တစ်စက်တစ်ပေါက်သော်မှ ထွက်မလာ၊ ဝမ်းနည်းရိပ်မထင်သော မျက်နှာနှင့် ဧည့်ခန်းမှ ဆိုဖာကုလားထိုင်တွင် သွားထိုင်နေလိုက်သည်။

ဗမာ့ခေတ် သတင်းထောက်က ဟံသာဝတီသတင်းထောက်ကို လက်ကုတ်၍ စတယ်လာဆီသို့ မျက်ရိပ်ထိုးပြီး ပြလိုက်ရာ ဟံသာဝတီ သတင်းထောက်က ခေါင်းညိတ်ပြလိုက်သည်။

ဘယ်လောက်များ ရေးလို့ကောင်းမယ့် သတင်းကြီးပါလဲ။ ဗမာ့ခေတ်အထာနှင့်တော့ မီးလိုက်မည့်ဖြစ်ခြင်း၊ ဗမာ့ခေတ်ခေ သတင်းထောက်မှာ မျက်နှာဖုံးသတင်းကြီးနှင့် နောက်ဆက်တွဲ သတင်းတွေ တစ်ပုံတစ်ပင်ကြီးရှိနေမည့် မှုခင်းသတင်းကို လက်လွှတ်ရတော့မည်မို့ စိတ်ထဲတွင် မချင့်မရဲကြီး ဖြစ်နေသည်။

သတင်းထောက် နှစ်ယောက်မှာ လာရကျိုးမနပ်ဘဲ ခါလီ ပြန်ထွက်လာကြရသည်။ တိုက်သို့ အပြေးအလွှား ပြန်လာပြီး အယ်ဒီတာချုပ်ထံ ဖုန်းဆက်ကြသည်။ အယ်ဒီတာချုပ်က သူ့ဆီ ဦးမြင့်ဦး တယ်လီဖုန်းဆက်၍ တောင်းပန်ဖြေတွာရပ်ခဲ့သည့် အကြောင်းပြောပြီး နောက်တစ်နေ့မှ မီးစဉ်ကြည့်ကာ ရအောင် ကိုယ့်ရဲဘော်ကြီး၊ အနားယူလိုက်ပါဦးဟု တာဝန် ကျေပွန်သော သူ့ရဲဘော် သတင်းထောက်ကြီးကို နှစ်သိမ့်စကား ပြန်ကြားခဲ့၏။

သတင်းထောက်တို့မည်သည် သတင်းကောင်းတစ်ပုဒ် လက်လွှတ်ရသည်ကို ကိုယ့်ချစ်သူကို လက်လွှတ်ရဘိသို့ ခံစားရ၏။ ဗမာ့ခေတ်သတင်းထောက် အိပ်မပျော်သောညမှာ ထိုနေ့ညပင် ဖြစ်လိမ့်မည်သာ။

အလောင်းကို ဆေးရုံပို့ရန် စီစဉ်ပြီး စတယ်လာကို ဦးမြင့်ဦးကိုယ်တိုင် သူ၏ဖခင်ကြီးအိမ်သို့ပို့လိုက်ပြီး ဖြစ်ခဲ့သည့်ဖြစ်ရပ်ကို ပြောပြခဲ့၏။ ရဲဝန်ထောက်ကြီးမှာ မှုခင်းဖြစ် တိုက်တွင် ကျန်ရစ်ခဲ့ပြီး ဓာတ်ပုံရိုက်ခြင်း၊ လက်ဗွေပုံစံရှာဖွေခြင်း စသော လုပ်ငန်းများကို ဆက်လက် လုပ်နေခဲ့ကြ၏။



စတယ်လာကို လိုက်ပို့သည့် ဦးမြင့်ဦး၊ ပြန်ရောက်လာသော အခါ အိမ်ဖော် လင်မယားနှစ်ယောက်ကို ခေါ်၍ ဦးမြင့်ဦး ကိုယ်တိုင် စစ်ဆေးခဲ့၏။

ထိုသို့ မစစ်ဆေးမီ ကျောက်တံတားရဲဌာနသို့ ဖုန်းဆက်၍ အေးမာအကြောင်း စုံစမ်းခိုင်းလိုက်သည်။

* * *

အိမ်ဖော် လင်မယား၏ ထွက်ဆိုချက်မှာ....

ထိုနေ့ညနေက စတယ်လာနှင့်နိုင်ဦးတို့ စကားများကြသည့် အကြောင်း၊ တော်တော်လေး ကြီးကြီးကျယ်ကျယ် စကားများပြီးမှ စတယ်လာက ထမင်းမစားဘဲ ထွက်သွားခဲ့ကြောင်း၊ နိုင်ဦးက ထမင်းပွဲပြင်ဆင်ထားသည်ကိုသိမ်းခိုင်းပြီး အရက်ပွဲကို သူ့အိပ်ခန်းထဲတွင် ပြင်ဆင်ခိုင်းသဖြင့် ပြင်ဆင်ပေးခဲ့ရကြောင်း၊ အရက်စားပွဲပြင်ဆင်ပြီးသည်နှင့် သူတို့ကိုအိမ်ပြန်ခိုင်းကြောင်း၊ သည့်အရင်ကလည်း လင်မယားနှစ်ယောက် အမြဲတမ်း စကားများကြသည့် အကြောင်းများကို ခရေစေ့တွင်းကျ ပြောပြခဲ့ကြသည်။

"ဒီလို သေနတ်သံမကြားခင် ဝုန်းဝုန်းဒိုင်းဒိုင်း အသံတွေဘာတွေ မကြားဘူးလား"

"မကြားမိပါဘူး ဆရာကြီး"

"ခြံထဲကို ဘယ်သူတွေ လာသေးလဲ"

"မတွေ့မိပါဘူး ဆရာကြီး၊ ဧည့်သည်လာရင် ခြံတံခါးကို ကျွန်တော်ကိုယ်တိုင် ဖွင့်ပေးရတာပဲ၊ ညဦးကလဲ ကျွန်တော်ကိုယ်တိုင် ခြံတံခါးပိတ်ပြီးမှ အိမ်ထဲဝင်ခဲ့တာပါ"

ဦးမြင့်ဦးက မမေးကောင်းသည်များကိုချန်ပြီး ထိုမျှသာ မေး၍ အိမ်ဖော်လင်မယားကို တိုက်တံခါးများ လုံလုံခြုံခြုံ ပိတ်ပြီး ပြန်အိပ်ခွင့်ပေးလိုက်၏။

ဦးမြင့်ဦးတို့ ပြန်သည့်အချိန်မှာ ညဉ့်နှစ်နာရီ၊

အပြန်တွင် ရဲဝန်ထောက်ကြီးကို သူ၏ကားနှင့် လိုက်ရန် ခေါ်ပြီး လမ်းကျမှ ထင်မြင်ချက်ကို မေးမြန်းခဲ့၏။

"မောင်ကိုကြီး...ဘယ်လိုထင်သလဲဟေ့"

"ဟုတ်ကဲ့ မင်းကြီး အတိအကျပြောဖို့တော့ ခက်ပါတယ် ခင်ဗျာ၊ ကိုယ့်ကိုယ်ကိုစူဆိုက်လုပ်တယ်လို့ ထင်ရတဲ့အကြောင်း က အလေးသာနေတယ်လို့ ပြောရမလို ရှိနေပါတယ်ခင်ဗျာ"

"အရက်ပုလင်းတွေ လဲပြီး ဖန်ခွက်တွေ ဘာတွေကွဲနေတာ တော့ စဉ်းစားစရာပဲကွ"

"ဟုတ်ကဲ့ မင်းကြီး"

"ကိုယ့်ကိုယ်ကို စူဆိုက်လုပ်ခင် ဘာဖြစ်ခဲ့သလဲလို့ မစဉ်း စားသင့်ဘူးလား"

"ဟုတ်ကဲ့....မင်းကြီး၊ ကျွန်တော်တို့ စုံစမ်းရေးတော့ ဆက်လုပ်ပါလိမ့်မယ် ခင်ဗျာ"



"မောင်ကိုကြီး ထင်မြင်ချက်ကို ပွင့်ပွင့်လင်းလင်း ပြော စမ်းကွာ"

"ဟုတ်ကဲ့ မင်းကြီး၊ ကျွန်တော် ထင်တာတော့ စူဆိုက် လုပ်ခင် မခံမရပ်နိုင်တဲ့ ဒေါသဖြစ်စရာ အကြောင်းတစ်ခု ကြောင့် စားပွဲပေါ်က ပစ္စည်းတွေကို ယမ်းချပစ်လိုက်တယ် လို့လဲ ယူဆနိုင်ပါတယ်၊ ဒါမှမဟုတ် လဲကျသွားတုန်း စားပွဲ ဆွဲလိုက်မိသလားလို့လဲ ယူဆနိုင်ပါတယ်ခင်ဗျာ၊ မနက်ကျ ပတ်ဝန်းကျင်နဲ့ အဘက အနေအထားတွေကို ကြည့်ပါမယ် မင်းကြီး"

"အေးကွာ.... ဘာပဲဖြစ်ဖြစ် စေ့စေ့စပ်စပ်ကလေးတော့ စုံစမ်းပေါ့"

"ဟုတ်ကဲ့ပါ မင်းကြီး"

**အခန်း (တစ်ဆယ့်ကိုး)**

**ကျောက်တုံးတား ရဲစခန်း**

မနက် (၆) နာရီ။

အပြင်ပတ္တာရောင် ညဥ့်တာဝန်ကျသူများ ပြန်ရောက်လာကြပြီ။ ညဥ့်ဂျူတီတာဝန်ခံ ဒုရဲအုပ် ဦးရွှေမင်းကို သတင်းပို့ကြသည်။

အကြောင်းထူး မရှိ။

ဦးရွှေမင်းကား သူ၏နေ့စဉ်မှတ်တမ်းတွင် သတင်းပို့သူများ၏ သတင်းပို့မှတ်တမ်းကို ရေးသွင်းပြီး အညောင်းဆန့်လိုက်စဉ် တယ်လီဖုန်းသံ မြည်လာသည်။



ဂျူတီထွက်ခါနီး အမှုဖြစ်သတင်း မဖြစ်ပါစေနဲ့ဗျာ ဆုတောင်းပြီး တယ်လီဖုန်းကို ကောက်ကိုင်လိုက်ရာ သူ၏ကိုယ်နှင့်မှာ ဆတ်ခနဲတောင့်သွားသည်။

"ဟုတ်ကဲ့... ကျွန်တော် ရွှေမင်းပါ မင်းကြီး"

"ဟုတ်ကဲ့....ချက်ချင်း သတင်းပို့လိုက်ပါတယ်"

"ဟုတ်ကဲ့....မင်းကြီးခင်ဗျား ဟုတ်ကဲ့"

ဦးရွှေမင်း လက်ပတ်နာရီကိုကြည့်၍ လက်ထောက် ရဲမင်းကြီး တယ်လီဖုန်းဆက်သည့်အချိန်ကို နေ့စဉ် မှတ်တမ်းတွင် ရေးမှတ်ပြီး အပေါ်ထပ်သို့ အပြေးအလွှား တက်သွားသည်။

ရဲမှူးဦးမောင်မောင်မှာ အိပ်ရာက မထသေး၊ အရေးကြီး၍ အိပ်ရာမှနှိုးခိုင်းပြီး တယ်လီဖုန်းသတင်းကို အစီရင်ခံလိုက်ရသည်။

"သူကိုယ်တိုင်လာမယ်တဲ့လား"

"ဟုတ်ပါတယ်ဆရာ၊ ခုနစ်နာရီထိုးလောက် ရောက်လာမယ်လို့ ပြောပါတယ်"

"ဘာများထူးလို့လဲမသိဘူးဟေ့၊ သူကိုယ်တိုင် လာမယ်ဆိုတော့ ဘာတွေများ ထူးတာပါလိမ့်၊ တို့အပိုင်းမှာ ထူးထူးခြားခြား ဘာများ ဖြစ်ထားတာရှိသလဲ"

"မရှိပါဘူးဆရာ"

"ကဲဒါဖြင့် ကိုရွှေမင်း၊ စန္ဒရိကာအစ အားလုံး ဖောင်း သပ်သပ်ရပ်ရပ်ဝတ်ပြီး အသင့်ရှိပါစေ၊ လက်ဖက် ပွဲအတွက်လဲ စီစဉ်လိုက်ပါ၊ ကျွန်တော် အခုပဲဆင်းလာခဲ့မယ်"

ရဲစခန်းတစ်ခုလုံး လှုပ်လှုပ်ရှားရှားဖြစ်သွားသည်၊ ဦးမောင်မောင်အပါအဝင် ရဲသားအားလုံးမှာ ယူနီဖော သပ်သပ်ရပ်ရပ်နှင့် အဆင်သင့်ရှိနေကြသည်။

ဦးမောင်မောင်မှာ အထဲဝင်လိုက် အပြင်ထွက်လိုက် ဂနာမငြိမ်ဖြစ်နေသည်။ ကိုယ်ဟန်လှုပ်ရှားပုံသာ ဂနာမ ဖြစ်နေသည်မဟုတ်၊ စိတ်လှုပ်ရှားမှုဖြစ်နေသည်မှာလည်း ပြောစကားများအရ ပေါ်လွင်နေသည်။

"တို့မသိဘဲ တစ်ခုခုဖြစ်သလား၊ အရေးပေါ်ကိစ္စပဲ ဌာနချုပ်မှာတော့ ဘာတွေထူးသေးသလဲ၊ ကိုရွှေမင်း မ စပတ်လမ်းကို ဘယ်သူသွားသလဲ၊ သူတို့ဌာနချုပ်မှာ န လူတွေဘာတွေ ရောက်သလား" စသည်ဖြင့် မေးခွန်း လျှောက်မေးနေသည်။

ပြင်ဆင်ထားသော လက်ဖက်ရည်ပွဲ သပ်သပ်ရပ်ရပ် ကိုလည်း သူကိုယ်တိုင် ဂရုတစိုက်ကြည့်ပြီး၊ ကိုယ်တိုင်ပင် ဇွန်ခွက်ယောက် အထားအသို နေရာပြင်နေပြန်သည်၊



လက်ထောက်ရဲမင်းကြီးဆိုတာက တော်ရုံတန်ရုံကိစ္စနှင့် ခန်းကို လာရိုးထုံးစံမရှိ၊ မေးစရာခိုင်းစရာရှိလျှင် ရုံးကိုသာ ခေါ်လေ့ရှိသည်၊ ခုတော့ ကိုယ်တိုင်လာမည်၊

ရဲမှူးဦးမောင်မောင်က ဌာနာရှေ့မလက်ဖောင်းတွင် ရပ်ပြီး အသင့်စောင့်ကြိုနေစဉ် လက်ထောက်ရဲမင်းကြီး ဦးမြင့်ဦး ကား ရောက်လာသည်။ ဦးမောင်မောင်က အလေးပြုပြီး သတိအနေအထားနှင့်ရပ်နေစဉ် ရဲမင်းကြီးက ဌာနာထဲသို့ရှေ့မှဝင် သွားရာ ဦးမောင်မောင်လည်းနောက်မှကပ်လျက်ပါသွားရ၏၊

"ကဲ....ကိုမောင်မောင် ခင်ဗျားအခန်းထဲမှာပဲ စကား ပြောရအောင်"

"ဟုတ်ကဲ့ မင်းကြီး၊ အားလုံး ပြင်ဆင်ထားပါတယ်"

ဦးမောင်မောင်က သူ၏အခန်းထဲသို့ဝင်သည့် ဆင်နား ရွက်တံခါးကို ဖွင့်ပေးပြီးမှ သူပါအခန်းထဲသို့ ဝင်လိုက်သည်။ သူထိုင်နေကျ ကုလားထိုင်တွင် ရဲမင်းကြီးထိုင်ရန် အဆင်သင့် လုပ်ပေးပြီး သူက သတိအနေအထားနှင့်ပင် ရပ်နေသည်။

"ထိုင် ကိုမောင်မောင်"

ရဲမင်းကြီးက ထိုင်ဖို့ပြောမှ ကုလားထိုင်ကို အသံမြည် အောင်မဆွဲပြီး ဖြည်းဖြည်းထိုင်ချလိုက်၏၊ ရဲမင်းကြီး၏ အမူ အရာမှာ အေးအေးဆေးဆေးပင်ရှိနေသော်လည်း ဦးမောင် မောင်၏ ရင်ထဲမှ လှုပ်ရှားနေသည်မှာမူ မငြိမ်းသေးပေ၊

"ကျုပ်လာတာက ကိုယ့်ရေးကိစ္စတစ်ခုကြောင့်ပါ၊ တယ်လီဖုန်းနဲ့ ပြောလို့လဲ မကောင်းဘူး၊ ကျုပ်ကလဲ ဒီနေ့ ရုံးမတက်ဘူးလေ"

"ဟုတ်ကဲ့ မင်းကြီး အမိန့်ရှိပါ ခင်ဗျာ"

"ကျုပ်သားကြီး မနေ့ညက သေသွားတယ် ကိုမောင်မောင်"

"ခင်ဗျာ"

"ရိုးရိုးသေတာတော့ မဟုတ်ဘူး၊ သေနတ်ဒဏ်ရာနဲ့ သေသွားတာ၊ သူ့ကိုယ်သူပဲလား၊ ပြင်ပလူဖြစ်သလားဆိုတာတော့ ကိုကိုကြီးတို့ စုံစမ်းနေတုန်းပဲ"

"စိတ်မကောင်းစရာ သတင်းပါလား မင်းကြီးခင်ဗျာ"

"ဒါပေါ့လေ...ဖြစ်လာမှတော့ ဘယ်တတ်နိုင်မလဲ၊ ဒီကိစ္စနဲ့ ပတ်သက်ပြီး ကိုမောင်မောင်ဘက်ကလဲ လုပ်ပေးစေချင်တာလေးတစ်ခုရှိလို့"

"ဟုတ်ကဲ့ အမိန့်ရှိပါ မင်းကြီး၊ ကျွန်တော် တာဝန်ယူပါတယ်"

"ကျုပ်သားနဲ့ ငြိစွန်းဖူးတဲ့ မိန်းကလေးတစ်ယောက်က ကိုမောင်မောင် အပိုင်ထဲမှာရှိနေတယ်၊ ကျောင်းမှာအတူတည်းက



သူတို့ချင်းဖြစ်နေတာ၊ ကျုပ်သားက စတယ်လာကို ယူလိုက်တော့ ကောင်မလေးက တော်တော်ကို မကျေမနပ်ဖြစ်ခဲ့တယ်၊ ကောင်မလေးက စိတ်လဲသိပ်ကြီးတယ်၊ တစ်ခုခု ဖြစ်လိမ့်မလားလို့ ကျုပ်လဲစိုးရိမ်ခဲ့တယ်၊ ဒါပေမယ့် အဲဒီအချိန်မှာ သူ့အဖေ အဖမ်းခံရတဲ့ကိစ္စဖြစ်လာတော့ ကောင်မလေးက သူ့အဖေအတွက် လုံးပန်းရင်း ဒီဘက် မျက်ခြည်ပြတ်သလို ဖြစ်သွားရတယ်၊ ကျုပ်သားကလဲ ဒီကောင်မလေးကို တော်တော်စွဲနေတော့ နောက်ပိုင်း သူတို့ချင်း ပြန်ဆက်မိကြတယ်၊ ကောင်မလေးက သားဆီက စိန်ထည်တွေ ယူလိုက်တယ်၊ ရုံးပြင်ကူနားမရောက်ဘဲ စိန်ထည်တွေပြန်ရဖို့ လုပ်နေကြတုန်းပဲ၊ ကောင်မလေးမိဘတွေက ချမ်းသာတယ်၊ ကောင်မလေးက ဆတ်ဆတ်ကြဲ သူ့အိမ်နဲ့မတည့်ဘူး၊ ဒါကြောင့် ဝိုင်-အမ်-စီ-အေ အမျိုးသမီးအဆောင်မှာ သွားနေတယ်၊ ခုကိစ္စမှာ သူနဲ့ပတ်သက်မှု ရှိမရှိ ကျုပ်သိချင်တယ်"

"ကောင်မလေးကို မသင်္ကာမှုနဲ့ ဖမ်းပြီး စစ်လိုက်တာပေါ့ မင်းကြီး"

"အေး...အဲဒီလိုလုပ်လို့ မဖြစ်တဲ့အကြောင်းတွေ ရှိနေလို့ ကျုပ်ကိုယ်တိုင်လာတာပဲ၊ ဒီစိန်ထည်တွေကိစ္စနဲ့ ပတ်သက်ပြီးတော့ ကောင်မလေးက ပြန်မပေးဘူး၊ တရားဆိုင်မယ်ဆိုပြီး ရှေ့နေကြီးတစ်ယောက်နဲ့ အမှုအပ်ပြီး ပြင်ဆင်ထားတယ်၊ ကိုမောင်မောင်တို့ သိပါလိမ့်မယ်လေ ဦးရည်အောင်"

"တုတ်ကဲ့....မင်းကြီး၊ သိပါတယ်"

"ကျုပ်တို့က ဟိုးလေးတကျော် အဖြစ်မခံနိုင်ဘူး၊ စတယ်လာတို့ဘက်ကရော ကျုပ်တို့ဘက်ကပါ ကြည့်ရမယ်၊ နို့မတုတ်ရင် ကိစ္စပြီးသွားပြီပေါ့၊ ကြားတာ မလိုအပ်တဲ့ နောက်ကွက်တွေ ဝင်မလာအောင် သတိထားပြီး လုပ်နေရတာ၊ ဒါကြောင့် ဖမ်းဟယ် ဆီးဟယ်လုပ်လို့တော့ မဖြစ်ဘူး၊ ပိပိရိရိစုံစမ်းပြီး ပိုင်မှ လုပ်သင့်တာလုပ်ရမယ်၊ သတင်းစာထဲမပါဖို့နဲ့ သူတို့ ဒီအကြောင်းကို အနံ့မခံမိဖို့က အရေးအကြီးဆုံးပဲ၊ ဒီတော့ ခုကိစ္စကို ကိုမောင်မောင်ကိုယ်တိုင် ကိုင်စေချင်တယ်၊ ကိုမောင်မောင် တစ်ယောက်ပဲသိပြီး၊ ကျုပ်နဲ့ တိုက်ရိုက်ဆက်သွယ်ပြီး လုပ်ပါ"

"တုတ်ကဲ့ မင်းကြီး၊ ကျွန်တော် နားလည်ပါပြီ၊ ကျွန်တော် ကြိုးစားပါ့မယ်"

"အကြောင်းထူးရင် ထူးသလို ကျုပ်အိမ်ကိုပါ ဖုန်းဆက်ပေါ့"

"တုတ်ကဲ့ မင်းကြီး"

"ကျုပ်ပြန်မယ်"

"တုတ်ကဲ့ပါ မင်းကြီးခင်ဗျား"

* * *



**ဝိဝါဒမကွဲသော မှုခင်း**

လက်ထောက် ရဲမင်းကြီး ဦးမြင့်ဦး၊ ကျောက်တံတားရဲဌာနသို့ ရောက်ရှိနေချိန်တွင် ရဲဝန်ထောက် ဦးကိုကိုကြီးမှာ ဝိဝါဒကွဲသေးသော မှုခင်း ဖြစ်ပွားရာတိုက်သို့ ရောက်ရှိနေသည်၊ မနေ့ညက သေသေချာချာ မရှာဖွေရသေးသော မှုခင်းဖြစ်ဇာတ်မြစ် သဲလွန်စ တွေ့လိုတွေ့ငြား စူးစူးစမ်းစမ်း ပြန်လည်ရှာဖွေခဲ့၏၊

သို့သော်လည်း မသင်္ကာဖွယ်ရာနှင့် မည်သို့သော သဲလွန်စကိုမှ ရှာဖွေမတွေ့ခဲ့ပေ၊

သေဆုံးသူလက်ထဲတွင် ရှိနေသော သေနတ်မှာ နိုင်ဦး လိုင်စင်နှင့် ကိုင်ဆောင်သော သေနတ်ဖြစ်နေသည်က သူ၏ အယူအဆကို ပို၍ခိုင်မာစေခဲ့သည်၊

ပြင်ပမှ တစ်စုံတစ်ယောက်သောသူက သတ်ဖြတ်သွားခြင်း ဖြစ်လိမ့်မည်ဟူသော ယူဆစရာ အကြောင်းလည်းမတွေ့၊ သူ၏ အတွေ့အကြုံအရ ကိုယ့်ကိုယ်ကို စူဆိုက်လုပ်ခြင်းသာ ဖြစ်လိမ့်မည်ဟု ဆိုရန် အကြောင်းက အလေးသာနေသည်၊

အိမ်ဖော်လင်မယားကို ထပ်၍စစ်ဆေးသည့်အခါ နိုင်ဦးတို့ အိမ်ထောင်ရေးအဆင်မပြေသည့် အကြောင်းသာ ထူးထူးခြားခြား ပါလာသည်၊

မှုခင်းနှင့်ပတ်သက်ပြီး ဆက်လိုက်ရမည့် သဲလွန်စကို ဖော်မပေးနိုင်ကြပေ။

စတယ်လာကို စတွေ့ဖို့ အချိန်ယူရမည်။ သူ့ထံက သဲလွန်စ ထွက်လာနိုင်သည်။ သို့သော် စတယ်လာက သူတို့အသိ ရဲအရာရှိကြီး၏ သမီး။

လူတစ်ယောက်သေဆုံးခြင်းတွင် တစ်ပါးသောသူက သတ်သလား၊ ကိုယ့်ကိုယ်ကို သတ်သလားဆိုသည်ကို လွယ်လွယ်နှင့် ဆုံးဖြတ်ချက်ချ၍မဖြစ်။ သူတစ်ပါးကို သတ်ဖို့လွယ်သလောက် ကိုယ့်ကိုယ်ကိုသတ်သေဖို့ဆိုသည်မှာ မလွယ်။ သာ၍ပင် ခက်သည်။ တခြားသူကိုသတ်ခြင်းထက် ကိုယ့်ကိုယ်ကို သတ်ဖို့က ပို၍ခက်ခဲသည်။

ကိုယ့်ကိုယ်ကို သတ်သေသည်ထား၊ သတ်သေလောက်သည့် အကြောင်းအချက်ရှိရမည်။

အလုပ်အကိုင် အဆင်မပြေသော ပြဿနာ။

စီးပွားရေးကမောက်ကမ ဖြစ်နေသော ပြဿနာ။

မိသားစုအတွင်း မဖြေရှင်းနိုင်လောက်သောပြဿနာ။

ကိုယ်ရေးကိုယ်တာ အရှက်တကွဲအကျိုးနည်းဖြစ်စေမည့် ပြဿနာ။



စသည်ဖြင့် တစ်ခုခုရှိရမည်။ ဒါမှမဟုတ် ကိုယ့်ဘဝကို ကိုယ့်ဟာကိုယ်မကျေနပ်မှုမှ ဖြစ်ပေါ်လာတတ်သော အလွန်အကျွံ စိတ်ကျရောဂါရှိရမည်။

ယင်းသို့သော ပြဿနာများရှိနေသည့်တိုင် လူသားတို့၏ အားမာန်သတ္တိမှာ အခက်အခဲပြဿနာများကို အလျော့ပေးနိုး ထုံးစံမရှိ။ ဖြစ်သည့်နည်းနှင့် ခုခံဖြေရှင်းကြသည်သာ။

နိုင်ဦး ကိုယ့်ကိုယ်ကို သတ်သေလောက်သည့်အကြောင်း မည်သို့ရှိသည်ကို ပြောနိုင်သူမှာ စတယ်လာသာဖြစ်လိမ့်မည်။

ဦးကိုကိုကြီးက စတယ်လာဆီ သွားဖို့ဆုံးဖြတ်ပြီး တိုက်တံခါးများကိုပြန်ပိတ်မိုင်းနေစဉ် ခြံထဲသို့ ကားလေးတစ်စီး ဝင်လာသည်။

စတယ်လာ။

ကားပေါ်မှဆင်းလာသော စတယ်လာက ဦးကိုကိုကြီးကို 'ဂွတ်မောနင်းအန်ကယ်' ဟု ပြုံးပြုံးရွှင်ရွှင် နှုတ်ဆက်စကား ဆိုလာခဲ့သည်။

လျှပ်တစ်ပြက်အမြင်တွင် ထူးခြားမှုကလေးများတွေ့လိုက်ရသည်။

စတယ်လာ ပြင်ဆင်ခြယ်သလာပုံမှာ မနေ့ညက အဖြစ်အပျက်နှင့် မည်သို့မှ မသက်ဆိုင်သလိုရှိနေသည်။ ခံစားမှုမရှိ

သော အခိုပ်အဆောင်မှာ စတယ်သာ မျက်နှာအနေအထား တွင် သဲသဲစင်စင် ထင်နေသည်။

အသည်းမာလွန်သော မိန်းကလေးလား။

မကျေနပ်မှုအတိုင်းအဆ လွန်ကဲနေသော မိန်းကလေး လား။

ခံစားမှုမဲ့ ပျောက်လွယ်သော မိန်းကလေးလား။

မည်သို့ပင်ဖြစ်စေ မေးခွန်းရှင် ဦးကိုကိုကြီး အတွက် မမျှော် လင့်ဘဲ လွတ်လွတ်လပ်လပ်မေးရမည်မို့ ပို၍အဆင်ပြေသွား သည်။

"စတယ်သာ အချိန်ရတယ်မဟုတ်လား၊ အန်ကယ် မေး စရာနည်းနည်းပါးပါးရှိလို့"

"ရပါတယ် အန်ကယ်"

"အေးကွ၊ အန်ကယ်က စတယ်အာခင်ပွန်းသေဆုံးတာ ကို သူ့ကိုယ်သူ စူဆိုက်လုပ်တယ်လို့ပဲ ယူဆတယ်၊ စတယ်သာ သဘောကတော့..."

"ဒါပဲဖြစ်မှာပေါ့ အန်ကယ်၊ သူက အရှုပ်အထွေးကြီးနဲ့ လူပဲဟာ"

"စတယ်လာနဲ့ သူနဲ့ အဆင်မပြေကြဘူးထင်တယ်"



"မပြေတာတော့ မဟုတ်ဘူး အန်ကယ်၊ ကိုယ့်သဘောနဲ့ကိုယ် နေလာကြတာ ကြာပြီပဲဟာ"

စတယ်လာက ပွင့်လင်းသမို့ မေးရသည်မှာ အဆင်ပြေလှ သည်။ သွယ်သွယ်ဝိုက်ဝိုက်မေးစရာမလို။

"စတယ်လာတို့ အဆင်မပြေကြတာ လူကြီးတွေတော့ သိကြဘူးထင်တယ်"

"သိတန်သလောက်တော့ သိမှာပါ၊ ကိုဦး၊ မာမီဆိုရင် သူ့ သား အရှုပ်တွေကိုရှင်းလို့မှ မနိုင်ပဲဟာ"

"သူ့အရှုပ်တွေ စတယ်လာသိသလောက် အန်ကယ်ကို ပြောပြနိုင်မလား၊ အမှုအတွက်ပါ"

"သူနဲ့ ကျောင်းတုန်းက အဆက်၊ အေးမာဆိုတဲ့မိန်းကလေး နဲ့ ပြန်ဖြစ်ကြတာမှာ စိန်ထည်တွေတောင် ပါသွားတယ်လေ၊ သိရှင်းလို့မှမရသေးဘဲ ဟိုကျ သူ့ကို ကန်ထုတ်လိုက်တယ် လေ၊ ဟိုးလေးတကျော်ဖြစ်မှာစိုးလို့ ခုထိကျိတ်ရှင်းနေရတုန်း၊ ကစာရေးမလေး တစ်ယောက်ကိစ္စကလဲ မပြီးမပြတ်သေး ဘူး၊ သူငယ်ချင်းတစ်ယောက်ရဲ့ နှမကိစ္စမှာတော့ သူ့မှာ မရှု မကယ်နိုင်ဖြစ်နေတယ်လေ၊ သူ့နှမကို တိတိလင်းလင်းယူ ပါယူ၊ မယူရင် သတ်မယ်လို့ ကြိမ်းထားတာ၊ ဒါက စတယ် လာ သိသလောက်ပဲ၊ မသိတာတွေလဲ အများကြီးရှိဦးမှာပဲ အန်ကယ်"

''ဒါတွေကို သူက စတယ်လာကို ပြော့ပြုသလား''

''ဘယ်ပြောမလဲ အန့်ကယ်ရယ်၊ စတယ်လာလဲ စုံစမ်းယူရတာပေါ့''

''အဲဒီလူတွေရဲ့လိပ်စာတွေ စတယ်လာ သိမှာပေါ့''

''သိပါတယ်''

''ဒီလိုမဖြစ်ခင် သူ့ရဲ့ ထူးခြားတဲ့ အမူအရာတွေကို စတယ်လာ သတိထားမိသလား''

''သူ ညညဆို အိမ်မှာနေရတာ ကြောက်နေတယ်လေ ဘာကြောင့်လဲလို့တော့ စတယ်လာ မသိဘူး၊ စတယ်လာကို ချုပ်ချယ်လာတယ်။ 'သေချင်တယ်၊ သေမှနေအေးမှာပဲ' ဆိုတဲ့ စကားကိုလဲခဏခဏပြောတယ်၊ ညကိုအပြင်မထွက်ဖို့ ခဏခဏ တားလို့ စတယ်လာနဲ့ စကားများကြတာပဲပါ''

''မနေ့ညကကော....''

''စကားများပြီးမှ စတယ်လာထွက်သွားတာပေါ''

စတယ်လာ အပြောအရ ဦးကိုကိုကြီးမှာ သူ၏အယူအဆ ကို ဖြစ်နိုင်သည်ဟူ အတည်ပြုလိုက်၏။

သို့သော်....

မအေးမာ



ရီရီမွန်

ကိုမြင့်သူ

သူတို့သုံးယောက်နှင့်ပတ်သက်သော စုံစမ်း စစ်ဆေးရေး ကိုမူ ဆက်လက်လုပ်ရဦးမည်ဖြစ်၏။

ထိုသုံးယောက်ထဲတွင် ပထမ စုံစမ်းရမည့်သူက ကိုမြင့်သူ ဒုတိယ ရီရီမွန်၊ တတိယ အေးမာ။

* * *

**သတင်းယူဆာသူ**

နိုင်ဦးသတင်းကို ယူလာသူမှာ မောင်ညိုယဉ်။

အေးမာလက်ထဲတွင် ကိုင်ထားသော ဖောင်တိန် လွတ်ကျသွားသည်။

'ဟုတ်ကဲ့လား ကိုညိုယဉ်ရယ်' ဟု မေးမိသည်မှာ နှစ်ခါ သုံးခါမက၊ မာဓသောအသည်း အရည်ပျော်သွားသည်ထင်ပါ။ ပါးကျတော့မည့် မျက်ရည်များကို လက်ကိုင်ပဝါနှင့် ကပျာ ကယာ တို့သုတ်ပစ်လိုက်ရသည်။

ဠုန္တြေဆောင်ပေမယ့် မရ။

တစ်ချိန်က သိပ်ချစ်၊ သိပ်တွဲ၊ သိပ်ကဲ၊ သိပ်သည်းခဲ့ရသော ချစ်သူ၊ တဒင်္ဂပတ်ာန်အတွင်း နာကြည်းခဲ့ရသည်များ လွင့်ပြယ်သွားသည်။

အေးမာ ငိုင်တွေနေသည်။

အေးမာ ဠုန္တြေပြန်ဆည်နိုင်သည်အထိ မောင်ညိုယဉ်က စောင့်နေသည်။ ပြီးမှ သတိပေးစကားကို ဆိုခဲ့သည်။

မှုခင်းဖြစ်ကြောင်းက အေးမာအပေါ် ရိုက်ခတ်လာနိုင်သမို့ အပြောအဆို သတိထားဖို့၊ စစ်ဆေးမှုများ ပေါ်လာနိုင်သဖြင့် လက်လွှတ်စပယ်မပြောမဆိုမိဖို့ သတိပေးစကားဆိုထားတော့မှ ကိုယ့်အဖြစ် ကိုယ့်အကြောင်းကို ပြန်တွေးမိပြီး ရင်ထဲမှာ တင်းကျပ်လာသည်။ ခေါင်းထဲမှာ နောက်ကျိလာသည်။

ကိုညိုယဉ် ပြန်ဖို့နှုတ်ဆက်တော့မှ ကျေးဇူးတင်စကားနှင့် အခုအံတော့အတွင်း မကြာခဏလာဖို့ ကိုညိုယဉ်ကို မှာလိုက်ရသည်။

အဆောင်သို့ အစောကြီး ပြန်ခဲ့ပြီး အဆောင်ရောက်မှ မလေးသီဆီကို စောစောပြန်ခဲ့ဖို့ ဖုန်းဆက်လိုက်သည်။

မျက်ရည်များက ထိန်းရင်း ထွက်ရင်း ဖြစ်နေသမို့ ရေချိုးခန်းဝင်ပြီး ရေတဝ ချိုးပစ်လိုက်ရသည်။



မလေးသီ ပြန်လာတော့ မှန်တင်ခုံမှာ ထိုင်ပြီး ငိုင်နေဆဲ။

သတင်းစကားကို ပြန်ပြောပြနေသည့် အေးမာ၏ အသံမှာ ...စားချက်များ ပါနေသည်ကို အပျိုကြီး မလေးသီက သတိ ...ားလိုက်မိသည်။ မိန်းမသားချင်းမို့ သူတို့ပြောသမျှ အသံ ...ီးမှာ နှလုံးသားကို ရိုက်ခတ်စမြဲရှိပေရာ မလေးသီမှာ ...ပျိုကြီးပင်ဖြစ်စေကာမူ အေးမာ၏ ခံစားချက်အသံကို သန့် ...န့် စင်စင် နားလည်လိုက်၏။

နိုင်ဦးအကြောင်း ပြောလျှင် အေးမာ နာကြည်းသံနှင့် ...ါသသံမှာ တစ်မျိုး။

သည်နေ့ အေးမာအသံကတစ်မျိုး၊ ကရုဏာသံပါနေသည်။

သဲသဲစင်စင်၊ စွဲစွဲနှစ်နှစ် ချစ်ခဲ့ရဖူးသူတစ်ယောက်အတွက် ...င်းမများသည် ဟန်ဆောင်စကား မည်သို့ပင်ပြောနိုင်စေကာမူ ...စ်ခဲ့ရဖူးသူအတွက် ဝမ်းနည်း ဝမ်းသာ ခံစားချက်ရှိလာမြဲ ...ဖြင့် ဟန်ဆောင်စကားနှင့် ဟန်ဆောင်အမူအရာများမှာ ...ပြယ်စမြဲ ရှိတတ်၏။ ခံစားချက်ရှိလာသောအခါတွင် ဟန် ...ဆောင်၍ မရတတ်ပါလေ။

နိုင်ဦးအပေါ် အေးမာ နာကြည်းခဲ့သည်မှာ အမှန်။ နိုင်ဦး ...ည်းအမျိုးမျိုးနှင့် လက်စားချေမည်ဆိုသော စိတ်ဓာတ် ...ခဲ့သည်မှာ အမှန်။ ဒါပေသိ နိုင်ဦးသေပြီဆိုသောသတင်းက ...၏ ရင့်မာသော သဘောထားကို ပျော့သွယ်သွားစေခဲ့၏။

တွယ်တာမြတ်နိုးရသော ပစ္စည်းတစ်ခု ဆုံးပါးသွားရအည်သို့ ခံစားလိုက်ရ၏။

မလေးသီက အေးမာ ဘယ်သို့ ခံစားနေရသည်ကို သိ သည်။

ဖြေသိမ့်စကား အသွယ်သွယ်ဖြင့် လှုပ်ရှားနေသော အေး မာ၏ စိတ်အစဉ်ကို ထိန်းသိမ်းပေးပြီးမှ နိုင်ဦး သေဆုံးရခြင်း နောက်တွင် ဖြစ်လာမည့် ဂယက်ရိုက်ခတ်မှုများနှင့် အေးမာ အပေါ် ပတ်သက်ယှက်နွယ်လာနိုင်သည့် ပတ်သက်စရာများကို သတိပေးစကား ဆိုခဲ့၏။

"ကဲ....မာရေ၊ အခြေအနေတွေ မမျှော်လင့်ဘဲ လမ်း ဆုံးတွေ့ ဆိုသလို အနေအထားမျိုး ဖြစ်လာပြီလေ"

"ဘာများလဲ မမသီ"

"ကိုနိုင်ဦးရဲ့ ပစ္စည်းတွေကိစ္စပေါ့"

"ဒါလဲ တစ်ခန်းရပ်သွားပြီပေါ့ မမသီ"

"ဒီလိုမထင်လိုက်နဲ့ မာ၊ ဒီကိစ္စက နောက်ပိုင်း ရှုပ်ထွေး လာလိမ့်မယ်လို့ မမသီတော့ ထင်တယ်၊ သူ့အမှုအထိ မဆက် နွယ်ဘူးလို့ မပြောနိုင်ဘူးလေ၊ မာ ပေါ့ပေါ့မတွက်နဲ့နော်"

"သူတို့ ဒီကိစ္စကို တကယ်ပဲ ဆက်လိမ့်မယ်လို့ ထင်သလား မမသီ"



"အနှေးနဲ့ အမြန်ပေါ့ကွာ"

"မာ ဘာလုပ်သင့်သလဲ မမသီ"

"ဦးရည်အောင်နဲ့ အမြန်ဆုံးတွေ့ဖို့ လိုတာပေါ့"

"ဒါဖြင့်လဲ မနက်သွားတွေ့ရင် ကောင်းမလား"

"အကောင်းဆုံးပဲ မာ၊ ကိုယ့်ဘက်က ပြင်ထားစရာ မှားဘူး"

"မမသီ"

"ဆို....မာ"

"မာ သူ့အသုဘ သွားလို့ ကောင်းပါ့မလား"

"ဒါတော့ မာပဲ ဆုံးဖြတ်ရမှာပေါ့၊ မမသီအမြင်ကတော့ သိလိုက်ဘာသာ နေလိုက်တာ အကောင်းဆုံးဖြစ်မလားလို့"

"ဒါဖြင့်လဲ မသွားတော့ပါဘူးလေ"

ထိန်းပါသည့် မရ၊ မျက်ရည်များ စီးကျလျက်သာ။

အီပ်ပါသည် မရ၊ အတိတ်ဇာတ်လမ်းများ တစ်ခုပြီးတစ်ခု ပြန်ပေါ်လျက်သာ။

မအိပ်နိုင်သောည။

အိပ်မက်ဆိုးများ ခြောက်လှန့်နေသောည။

* * *

နိုင်ဦးသေဆုံးခြင်း၊ မှုခင်းသတင်းမှာ သတင်းစာများတွင် သတင်းအဖြစ်မပါလာ။ ရိုးရိုးနာရေးကြော်ငြာသာ ပါလာသည်။

အေးမာအကြောင်းကို စုံစမ်းခဲ့သည့် ရဲမှူးဦးမောင်မောင်၏ ဒိုင်ယာရီထဲမှာ အတော်လေး ပြည့်ပြည့်စုံစုံရှိနေပြီ။

ဦးရည်အောင်နှင့်တွေ့ဖို့သွားကြစဉ် အရိပ်တစ်ခုကပ်လျှက် ပါနေသည်ကို သူတို့မသိ။

ဦးကိုကိုကြီး၏ စုံစမ်းမှုမှာလည်း သွက်သွက်လက်လက် ရှိနေသည်။

ကိုမြင့်သူကို စစ်ဆေးပြီးပြီ။

အချင်းဖြစ်မှုခင်းဖြစ်ရပ်နှင့် ပတ်သက်၍ ကိုမြင့်သူနှင့်ဆက် နွယ်မှု ရှိ၊ မရှိ စေ့စေ့စပ်စပ် စုံစမ်းခဲ့သော်လည်း ပတ်သက် ဆက်နွယ်စရာ မသင်္ကာဖွယ်ရာမတွေ့၊ ကိုမြင့်သူဘက်က ခိုင်လုံ သော အထောက်အထားများ တိတိပပပြနိုင်သည်။ သူ့ရှေ့ ...



ကို စုံစမ်းသည့်အခါတွင်လည်း ရာဇဝတ်ဖြစ်မှုများနှင့် မပတ် သက်သူ တစ်ယောက်ဖြစ်ကြောင်း တွေ့ရှိရသည်။ အချင်းဖြစ် မှုခင်းနှင့် မပတ်သက်သူတစ်ယောက်အဖြစ် ဦးကိုကိုကြီးတို့က ဆုံးဖြတ်လိုက်သည်။

ရီရီမွန်ကိုလည်း စစ်ဆေးပြီးပြီ။

ရီရီမွန်နှင့် နိုင်ဦးတို့ ဇာတ်လမ်း တစ်ခန်း ရပ်ခဲ့သည်မှာ ကြာပြီ။ ရီရီမွန်၏ထွက်ဆိုချက်အရ သူတို့ဇာတ်လမ်း တစ်ခန်း ရပ်ခဲ့သည်မှာ နှစ်ဦးနှစ်ဖက် ကျေကျေနပ်နပ်လမ်းခွဲခဲ့ကြောင်း တွေ့ရသည်။ အမှုနှင့်ပတ်သက်နိုင်သော မသင်္ကာစရာ လုံးဝ မတွေ့။ ရီရီမွန်မှာ နိုင်ဦးအပေါ် ဘယ်သို့မှ ခံစားချက်မရှိ။ နိုင်ဦးလိုငနဲတွေ ရီရီမွန်ဆီမှာ ဝိုင်းဝိုင်းလည်နေသည်။ ရီရီမွန် မှာ ဒါမျိုးကို စကားအရာတင်ပြီး ပြောနေတတ်သော မိန်း ကလေးမျိုး မဟုတ်ကြောင်း တွေ့ရသည်။

အပေးအယူသဘောနှင့် တွေ့ကြသည်။ အပေးအယူမမျှ တော့ လမ်းခွဲကြသည်။ နှလုံးသားမှာအရာမထင်။ သူ့အပေါ် သာ ဆိုသည်မျိုးကိုလည်း ရီရီမွန်က သဘောမမူ။ ခွဲသွား လျှင်လည်း စိတ်မှာမထိခိုက်၊ ခုထက်ထိတွေ့ရင် အပြုံးဖလှယ် ကြဆဲ၊

အေးမာနှင့်မူ မတွေ့ရသေး။

* * *

ဦးရည်အောင်နှင့် အေးမာတို့ တွေ့ကြသည်။

ဦးရည်အောင်၏ ထင်မြင်ချက်မှာ မလေးသီ၏ ထင်မြင်ချက်နှင့် တစ်ထပ်တည်းရှိနေသည်၊

စိန်ကိစ္စ ဆွေးနွေးရာတွင်မူ အစစ်အဆေး အမေးအမြန်းရှိလာလျှင် စိန်ကိစ္စကို ဘူးကွယ်ထွက်ဆိုရန်နှင့်....

အကယ်၍ သူတို့ဘက်က အမှုမလုပ်ဘဲ အပေးအယူလုပ်လာလျှင် သူနှင့်မတိုင်ပင်ဘဲ မည်သည့်အဖြေမှ မပေးရန်ကိုပါ အကြံပေးလိုက်သည့်အပြင် တစ်ဇွတ်ထိုး တဇောက်ကန်း၊ စိတ်ကို မထိန်းနိုင်လျှင် ဒုက္ခအသွယ်သွယ် တွေ့ရလိမ့်မည်ကိုပါ သတိပေးလိုက်လေသည်၊

မနက်ဘက် ဦးရည်အောင်နှင့် တွေ့ကြသည်၊

ညနေဘက် ဦးကိုကိုကြီးနှင့် ရင်ဆိုင်ရသည်။

မေးလိုက်သည့် မေးခွန်းတွေက အများကြီး။ အေးမာ အတော်ကြီးသတိထားပြီး ဖြေခဲ့ရသည်၊ အမေးရှင်းပြန်သွားသည့်အခါ တစ်ခေါင်းလုံး မူးဝေနောက်ကျိပြီး ကျန်ခဲ့သည်၊

သူ၏စိတ်လိုက်မာန်ပါ လုပ်ခဲ့မှုများမှာ ဒုက္ခလှလှကြီးပေးနေပြီ၊ ဘာရယ်မှန်း အကောင်အထည် မဖြစ်လာသေးသည့်တိုင် အေးမာတစ်ယောက် ဆောက်တည်ရာမရအောင် ဖြစ်နေသည်၊



မလေးသီ တစ်ယောက် ရှိပေလို့သာပေါ့၊ နို့မဟုတ်ရင် အေးမာ မလွယ်။ သွက်သွက်ခါမရှူးသည့်တိုင် စိတ်ကယောက်ကယက် ဖြစ်သွားမည်မှာ သေချာသည်။

အကောင်းပြုလျှင် အကောင်းဖြစ်၍ မကောင်းပြုလျှင် မကောင်းဖြစ်မည်ဆိုသော နိယာမတရားကို မျက်ဝါးထင်ထင် သိတွေ့နေရသည့်အချိန်မှာ အေးမာအတွက် နောက်ကျသွားပြီတော့ ဆိုရန်မှတစ်ပါး အခြားမရှိပြီတည်း။

## အခန်း (နှစ်ဆယ်)

### နိုင်ဦးသေပြီး ရက်နှစ်ဆယ်မြောက်နေ့

အေးမာတို့ ဘော်ဒါဆောင်တွင် ရုံးသွား၊ ကျောင်းသွားရန် ပြင်ဆင်နေကြချိန်မို့ လှုပ်လှုပ်ရှားရှား ရှိနေကြသည်။ သီချင်းတအေးအေးနှင့် အလှပြင်သူကပြင်၊ တေးတကြော်ကြော်နှင့် ရေချိုးသူကချိုး၊ အဆင်သင့်ဖြစ်နေသူများကလည်း အဖော် စောင့်ရသည်ကို ကျွဲမြီးတိုသူကတို၊ ရုပ်ရှင်သွားဖို့ စကော့ဈေးသွားဖို့ ချိန်းသူကချိန်းနှင့် အသံဗလံများ ညံစည်ဝေဝေ ရှိနေသည်။

ဆယ်နာရီလောက်မှသာ ထိုထိုသောအသံများ တိတ်ဆိတ်သွားစမြဲရှိခဲ့သည်။



မလေးသီက အဆင်သင့် ဖြစ်နေသော်လည်း အေးမာက မပြီးသေး၊ အလှပြင်၍ပြီးသည့်တိုင် ကိုယ့်ကိုယ်ကို ရှေ့ပြန်၊ နောက်ပြန်၊ ဘေးပြန် သုံးလေးပတ်မှန်ထဲမကြည့်ရရင် မကျေနပ်သော အေးမာမှာ မှန်ကြည့်၍ကောင်းတုန်း။

ထိုစဉ် အေးမာအတွက် တယ်လီဖုန်းလာနေသည်ဆိုသဖြင့် တယ်လီဖုန်းရှိရာသို့ ကပျာကသီ ပြေးလိုက်ရသည်။

တယ်လီဖုန်းကိုကိုင်ရင်း အေးမာ ငိုင်နေသည်။

အနားရောက်လာသော မလေးသီက 'ဘယ်ကလဲ မာ' ဟု မေးလိုက်မှ၊ တယ်လီဖုန်းကိုချပြီး မလေးသီကို လေးလေးတွဲတွဲ အဖြေပေးလိုက်သည်။

"ကျောက်တံတားရဲဌာနကတဲ့ မမသီ"

"ဘာတဲ့လဲ"

"ရဲဌာနကို ခဏလာခဲ့ပါတဲ့"

အေးမာအသံမှာ အနည်းငယ် တုန်နေသည်။

မလေးသီက သက်ပြင်းတစ်ချက် ချလိုက်သည်။

အေးမာနှင့် မလေးသီတို့ ကျောက်တံတား ရဲဌာနသို့ ရောက်သည့်အချိန်မှာ ကိုးနာရီကျော်ချော်။

ရဲမှူးဦးမောင်မောင်က အဆင်သင့်စောင့်နေသည်။

"ဒေါ်အေးမာကို ကျွန်တော်တို့ စစ်မေးစရာရှိလို့ပါ။ အဆောင်ကိုလာခေါ်ရမှာမကောင်းလို့ တယ်လီဖုန်းဆက်လိုက်ရတာပါ"

"ဟုတ်ကဲ့....ကျေးဇူးတင်ပါတယ်ရှင်"

"ကျွန်တော့် အခန်းထဲမှာပဲ ဒေါ်အေးမာကို မေးစရာရှိတာ မေးပါလိမ့်မယ်၊ ဒီက ညီမကတော့ အပြင်ကပဲစောင့်နေပေါ့"

အေးမာက မလေးသီ လက်ကို လှမ်းကိုင်လိုက်သည်၊ မလေးသီမှာ ရေခဲတုံးကိုင်ပြီးစသကဲ့သို့ ထိခဏ္ဍရသလို ခံစားလိုက်ရသည်။

မလေးသီက သူစောင့်နေမည့်အကြောင်းပြော၍ ခုံတန်းရှည်တစ်ခုတွင် ဝင်ထိုင်နေလိုက်သည်၊ တစ်နာရီနီးပါး ကြာသည့်တိုင် အေးမာ ပြန်ထွက်မလာသေး။ တစ်နာရီခွဲကျော်ကြာပြီးမှ အေးမာ ပြန်ထွက်လာသည်၊

မျက်နှာမကောင်း။

မလေးသီရင်ထဲတွင် ထင့်ခနဲ ဖြစ်သွားရသည်၊ အေးမာ မျက်နှာကို မြင်လိုက်ကတည်းက တစ်ခုခုအကြောင်း ထူးပြီကို



မလေးသီ သိလိုက်သည်၊ အေးမာသည် တော်ရုံအကြောင်းနှင့် မျက်နှာညှိုးတတ်သူမဟုတ်၊ အေးမာ ထူးထူးထင်ထင်မျက်နှာညှိုးနေသည်မှာ သိသာလွန်းလှသည်၊ အနားရောက်လာသည့် အေးမာ၏ လက်နှစ်ဖက်ကို ဆွဲယူပြီး သူ့ဘေးနားတွင် ထိုင်ခိုင်းလိုက်ရသည်၊

"မာ....စိတ်ကိုပြန်ထိန်းလိုက်စမ်း"

"ထိန်းထားပါတယ် မမသီ၊ ထိန်းထားပါတယ်"

"အကြောင်းထူးပြီ မဟုတ်လား မာ"

"သူတို့ မာ့ကိုဖမ်းလိုက်ပြီလေ"

"ဟိုကိစ္စပဲလား"

အေးမာက ခေါင်းညိတ်လိုက်သည်၊ မခံချင်စိတ်နှင့် ထောင်ထဲရောက်တော့မှာ ဘာဖြစ်လဲတု ဆိုခဲ့စေကာမူ တကယ်တမ်းဖြစ်လာသောအခါ ချောက်ချား တုန်လှုပ်မှုကို ဖုံးကွယ်ရန်မတတ်နိုင်ဘိသို့ ရှိချေ၏။

အေးမာနောက်က ပါလာသည့် အမှုစစ် အရာရှိဖြစ်သူက အေးမာကိုဖမ်းဆီးရသည့်အကြောင်း ရည်ရည်မွန်မွန်ပင်ရှင်းပြခဲ့သည်၊

"မအေးမာကို ပုဒ်မ ၄၀၆ နဲ့ ဖမ်းရတာပါ ကျွန်တော်တို့ လိုအပ်တဲ့ စစ်ဆေးမှုအားလုံး လုပ်ပြီးပါပြီ၊ တိုင်ကြားချက်

အတိုင်း မှန်ကန်တဲ့အတွက် ဖမ်းရတာပါ၊ ရဲဌာနမှာအနေနဲ့တော့ အာမခံမပေးနိုင်ပါဘူး၊ မအေးမာကို ကျွန်တော်တို့စခန်းမှာ ထားလို့မဖြစ်တာမို့ ထောင်ကိုပို့ရပါမယ်၊ လိုအပ်တဲ့ အဝတ်အစား ယူလာပြီး ပေးချင်ပေးနိုင်ပါတယ်၊ နေ့လယ်လောက်မှ ပို့ဖြစ်မှာပါ"

မလေးသီက ရဲအရာရှိကို ကျေးဇူးတင်စကားဆိုပြီး အေးမာကို ကြည့်လိုက်သည်။

အေးမာက အောက်နှုတ်ခမ်းကို အပေါ်သွားနှင့် ဖိကိုက်ပြီး ခေါင်းငုံ့ထားသည်။

"ကဲ...မာ၊ မမသီ အဝတ်အစားတွေ ပြန်ယူလိုက်ဦးမယ်၊ ပြီးမှပဲ ဦးရည်အောင်ဆီ သွားမယ်"

မလေးသီလက်ကိုတင်းတင်းဆုပ်ပြီးကြည့်နေသည့် အေးမာ မျက်လုံးထဲတွင် မျက်ရည်များ ရစ်သန်းလာသည်။ မလေးသီက အေးမာ မျက်ရည်မကျခင် ဌာနာထဲမှ ထွက်လာခဲ့သည်။

မလေးသီ၏ မျက်ဝန်းထဲမှာလည်း မျက်ရည်စို့လာသည်။

ကားငှားပြီး အဆောင်ကိုပြန်၍ အဝတ်အစားများယူပြီး ဌာနာသို့ပြန်ခဲ့၏။ မလေးသီ၏လှုပ်ရှားမှုမှာ မြန်ဆန်သွက်လက်နေသည်။



"မမသီလဲ မာ့အတွက် တော်တော်အလုပ်များနေပြီနော်၊ မာက လူတွေကို ဒုက္ခပေးဖို့ မွေးလာသလားမှ မသိတာ"

"ကဲ...မာ၊ ဒါတွေကို ပြောမနေနဲ့၊ ခံနိုင်ရည်ရှိအောင် ိတ်မာတာကို တင်းပေး၊ ဘာလိုသလဲ ပြော၊ ဦးရည်အောင်နဲ့ တွေ့ဖို့ ရှိသေးတယ်၊ နောက်ပြီး မင့အိမ်ကို...."

"ဟင့်အင်း....မမသီ၊ အိမ်ကိုတော့ မပြောပါနဲ့၊ အေးမာ ခံနိုင်ရည်ရှိပါတယ်၊ ခုဟာက ရုတ်တရက်မို့ စိတ်လှုပ်ရှားနေ တာပါ၊ ကဲ....မမသီ သွား"

အေးမာကို နှုတ်ဆက်ပြီး ဦးရည်အောင်၏ အလုပ်ရုံးခန်း ည့် ရောက်ခဲ့သည်၊ ဦးရည်အောင် မရောက်လာသေး။ သူငယ် ္င်းတစ်ယောက်ရုံးကတစ်ဆင့် မလေးသီ ရုံးသို့ ဖုန်းဆက်ပြီး ့ ့်တိုင်လိုက်ရသည်။

ဦးရည်အောင် ရောက်လာသည့် အချိန်မှာ ဆယ်နာရီ ကျော်ပြီ။

"ဟော...ဒေါ်လေးသီ တစ်ယောက်ဘည်းပါလား"

"ဟုတ်ပါတယ် ဦးရည်အောင်၊ အေးမာကို ခုမနက်ပဲ ်းလိုက်ပါတယ်"

"ဖြစ်ရမယ်လေ၊ ပုဒ်မက...."

"၄၀၆ လို့ ပြောပါတယ်"

"ကျောက်တံတားဌာနမှာပေါ့"

"ဟုတ်ကဲ့"

"သူတို့ ထောင်ပို့လိမ့်မယ် ထင်တယ်"

"ဟုတ်ကဲ့၊ ဒီနေ့ပဲ ပို့လိမ့်မယ်လို့ ပြောပါတယ်"

ဦးရည်အောင်က လက်ထဲတွင် ကိုင်ထားသော ခဲတံနှင့် သူ၏ မေးဖျားကို ခေါက်ရင်း အတော်လေး ကြာအောင် စဉ်းစားပြီးမှ....

"ကျွန်တော် ချက်ချင်း သွားတွေ့လို့တော့ မကောင်းဘူး ထင်တယ်၊ အမှုအတွက် တစ်မျိုးအမြင်ရှိသွားမလားလို့၊ ထောင်ရောက်မှပဲ သွားတွေ့တော့မယ်၊ အာမခံကိစ္စတို့ ဘာတို့တော့ ဆက်လုပ်ရမှာပေါ့လေ၊ ဒေါ်လေးသီ ဌာနပြန်သွားဦးမယ် မဟုတ်လား"

"ဟုတ်ကဲ့ သွားပါမယ်၊ အေးမာတို့ အိမ်လဲ သွားမလားလို့"

"ကောင်းပါတယ်၊ သွားပြောဖို့ ဝတ္တရားလဲ ရှိတာပေါ့ မအေးမာကတော့ ကိုယ့်ပြဿနာ ကိုယ်ရှာတဲ့ အမျိုးသမီးလေ၊ စိတ်မပူဖို့သာ ပြောလိုက်ပါဗျာ"



"ဟုတ်ကဲ့၊ ဒါဖြင့် ကျွန်မ သွားပါဦးမယ်"

ဦးရည်အောင်ကို နှုတ်ဆက်၍ ဆင်းလာပြီး ဌာနကို မသွားတော့ဘဲ အေးမာတို့အိမ်ကိုသွားရန် ဆုံးဖြတ်ခဲ့စေကာမူ သွားမည်ပြင်ပြီးမှ ခြေလှမ်း တွန့်သွားရပြန်သည်။ အေးမာတို့ မိသားစုကို တစ်ခါမှ မတွေ့ဖူးသမို့ တစ်ကြောင်း၊ သူတို့ မိသားစုအတွင်းရေးကို သိထားသမို့ တစ်ကြောင်း သွားရကောင်းနိုး၊ မသွားရကောင်းနိုး ဒွိဟစိတ်နှင့် ချီတုံချတုံဖြစ်နေပြီးမှ နောက်ဆုံး သွားဖို့ဆုံးဖြတ်ပြီး ကားငှားလိုက်သည်။ ကားပေါ်ရောက်သည်အထိ စိတ်တထင့်ထင့်။

တစ်မနက်လုံး ဖတ်သီ ဖတ်သီ ပြေးလွှားခဲ့ရသည့် မလေးသီမှာ ကားပေါ်ရောက်တော့မှပဲ အမောဖြေလိုက်ရသည်။

ချစ်သူ ခင်သူ အချင်းချင်း အရေးတဲ့ အကြောင်းဟဲ့ ဆိုလျှင် တစ်ဦးနှင့်တစ်ဦး ကူညီရိုင်းပင်းကြသည်မှာ လောက၏ အလှတရားပါတည်း။

* * *

**ဒေါ်စိန်ညွန့်**

အေးမာ၏ အစ်မကြီး ဖြစ်ဟန်ရှိသူက တံခါးလာဖွင့်ပေးသည်။

မလေးသီက သူ့ကိုယ်သူ မိတ်ဆက်ပြီး ဒေါ်စိန်ညွန့်နှင့် တွေ့လိုပါကြောင်း ခွင့်တောင်းလိုက်၏။

တံခါးလာဖွင့်ပေးသူ အမျိုးသမီးက မလေးသီကို ဧည့်ခန်းတွင် ထိုင်စေပြီး ခပ်လှမ်းလှမ်းမှာ ပက်လက်ကုလားထိုင်နှင့် ထိုင်နေသည့် အမျိုးသမီးကြီးကို တရိုတသေ သွားပြောလိုက်ရာ စိပ်ပုတီးကိုင်လျက် ပက်လက်ကုလားထိုင်မှ ထလာသူ အမျိုးသမီးကြီးက မလေးသီနှင့် မျက်နှာချင်းဆိုင် ကုလားထိုင်တွင် ဝင်ထိုင်ပြီး လာရင်းကိစ္စကို ညင်သာတိုးညင်းသော အသံနှင့် မေးမြန်းခဲ့၏။

"ကျွန်မက....ရုံးမှာလုပ်ပါတယ်၊ မအေးမာနဲ့ အဆောင်တစ်ဆောင်တည်းနေတာပါ"

"ဪ....သမီးသူငယ်ချင်းကိုး၊ သမီးတော့ နေကောင်းရဲ့ မဟုတ်လား"

"ဟုတ်ကဲ့၊ ကောင်းပါတယ်ဒေါ်ဒေါ်၊ ဒါပေမယ့်"

မလေးသီက ရှေ့စကား ဘယ်လိုဆက်ပြောရမှန်း မသိသဖြင့် ပြောလက်စ စကားကို ရပ်ပစ်လိုက်ရသည်။

"အို....သမီးဘာများဖြစ်လို့လဲကွယ်"

ခုထိနာမည်မမေးသေးဘဲ သမီးလို့ပဲခေါ်ခဲ့သည့် အေးမာအမေ၏ သမီးဘာဖြစ်လို့လဲကွယ်လို့ မေးသံမှာ စိုးရိမ်သံလေး ပါနေသည်ကို သတိပြုလိုက်မိသဖြင့် မလေးသီက ဆက်ပြောဖို့ အားတက်သွားရသည်။



ဖြစ်ကြောင်းကုန်စဉ်ကို ဖြည်းဖြည်းသက်သာပင် ပြောပြလိုက်သည်။ တံခါးလာဖွင့်ပေးသူ အမျိုးသမီးမှာလည်း လက်ဖက်ရည်ပွဲလာချပေးရင်း အနားမှာပင်ရှိနေသည်။

"အင်း....သမီး....သမီး၊ အေးမာတော့ မိုက်တုန်းပဲကိုး"

"မေမေ သမီးတို့လိုက်သွားမှဖြစ်မယ်ထင်တယ်"

"မေမေလိုက်သွားမယ်၊ သမီး ကဲ....ဒီကမ"

"မလေးသီပါ"

"မလေးသီ ဒေါ်ဒေါ်ကိုလိုက်ပို့နော်"

"ဟုတ်ကဲ့လိုက်ပို့ပါ့မယ်၊ ဒေါ်ဒေါ့်အိမ်ကိုလဲ ကျွန်မ ပြန်ပို့ပေးပါ့မယ်"

အဝတ်အစားလဲပြီး မလေးသီနှင့်အတူ လိုက်ခဲ့သည်။ ဒေါ်စိန်ညွန့်မှာ မျက်ရည်လေးစစနှင့် သမီးမိုက်အကြောင်း ပြစ်တင်စကားပြောခဲ့သလို သမီးအတွက် ရတက်မအေးနိုင်နှင့် ဘယ်လိုဆက်လုပ်ရမည်များကိုလည်း မလေးသီအား မေးတည်းမေးလာခဲ့သည်။

သမီးဖြစ်သူအတွက် စိုးရိမ်စိတ် လွန်ကဲနေသောဟန်မှာ ဒေါ်စိန်ညွန့်မျက်နှာပေါ်တွင် သိသိသာသာ ပေါ်လွင်နေသည်။ သမီးအကြောင်းပြောရင်း ဝဲလည်သော မျက်ရည်စ

များကိုလည်း လဏ်ကိုင်ပဝါနှင့် မကြာခဏ တို့သုတ်နေ
သည်။

ကျောက်တံတားရဲဌာနာကို သူတို့ရောက်လာသည့်အခါ
တွင် အေးမာကိုမတွေ့ရတော့၊ ရုံးမှတစ်ဆင့် ထောင်ကိုပို့ထိ
မည်ဟု ပြောသဖြင့် ရဲရုံးကြီးကို ဆက်လိုက်ကြပြန်သည်။

ရဲရုံးကြီးလိုက်သွားပါဆို၍သာ လိုက်ခဲ့ရသည်။ ဘယ်မှာ
မေး၍ ဘယ်သွားရမှန်းမသိ။ မလေးသီကိုယ်တိုင်ပင် ဒီဘ
ခေါက်သာ ရောက်ဖူးသည်။

အပေါ်ထပ် ဆက်တက်ရတော့မလို၊ အောက်ပြန်ဆင်း
မလို၊ ဟိုအခန်းဝင်ရတော့မလိုလို၊ ဒီအခန်းဝင်ရတော့မလို
ယောင်ချာချာဖြစ်နေကြသည်။

နောက်ဆုံးရှာမတွေ့သည့်အဆုံး ဦးရည်အောင်ကို သတိရ
ပြီး ဦးရည်အောင်ရှိလိုရှိငြား သူ့ရုံးခန်းဆီသို့ ထွက်ခဲ့ကြ
သည်။

အေးမာ၏အမှုမှာ ကြီးကြီးမားမားအမှုမဟုတ်၊ ရာဇဝတ်
မှုမကင်းသော ယုံကြည်အပ်နှံရေးဖောက်ဖျက်မှု။

အရပ်အခေါ် အလွဲသုံးစားမှု။

မှုခင်းဖြစ်ပွားမှု အတွေ့အကြုံမရှိသူများအဖို့ အဖမ်းအဆီး
နှင့် ထောင်ဆိုသောစကားကြားရုံနှင့် လန့်ဖျပ်ချောက်ချား
ကြရသည်မှာ ဖြစ်လေ့ဖြစ်ထရှိသောဘော။



မိန်းကလေးနှင့် ထောင်ဆိုသည်မှာ မအပ်စပ်၊ ကြောက်
သည်ဆိုက ကြောက်စရာသာပ။

အေးမာအမှုကြောင်းမှာ ဖြစ်သင့်၍ဖြစ်ရသောအမှုမဟုတ်၊
...င်းစိမ်းနှင့်မိဿလင် စိတ်မမွေးနိုင်သူ အေးမာ၏ ခေါင်း
...လွန်း ဇွတ်ဘရွတ်နိုင်လွန်းသောကြောင့် ဖြစ်ရသည့်အမှု။

တော်သေးသည်ဟုဆိုရမည်၊ နိုင်ဦး၏ သေမှုသေခင်းကို
...ဲ့မထည့်လာလို့။ ဆွဲထည့်လာလျှင် ဖြေရှင်းဖို့မလွယ်။ မစွန်း
...း‌ရှိသမို့ ကန့်စွန်းခင်းငြိမည့် အနေအထားရှိနေသည်။

ဦးကိုးကိုကြီးက နိုင်ဦးအမှုကို ကိုယ့်ကိုယ်ကိုသတ်သေသော
...ခင်းအဖြစ် အဆုံးအဖြတ်ပြု၍ အစီရင်ခံတင်ပြခဲ့သည်။

မည်သို့ပင်သို့စေ ၄၀၆ မှာလည်း လွယ်မယောင်နှင့် ခဲခဲ
...ပ်ကပ် ရှင်းရပေမည်သာ။

အဆင်သင့်သည်ဟု ဆိုရမလားမသိ၊ ဦးရည်အောင်နှင့်
...က်ဆိုက်မြိုက်မြိုက်ပင် တွေ့ခဲ့သည်။

ဦးရည်အောင်က ခေါင်းအေးအေး ထားဖို့အကြောင်း
...်သိမ့်စကားပြောပြီး အမှုအတွက် မစိုးရိမ်ရန် အမှုခွင်
...နေအထားကို ရှင်းပြခဲ့၏။

ဒေါ်စိန်ညွန့်က ကုန်ကျစရိတ်အားလုံးအတွက် သူတာဝန်
...မည့်အကြောင်းနှင့် အေးမာအမှုအတွက် သူကပင် အမှု
...ပါကြောင်းကို မျက်ရည်စမ်းစမ်းနှင့် သူပြောတတ်သလို

တောင်းပန်စကား အထပ်ထပ်ပြောပြခဲ့သမို့ မအေးသီရော ဦးရည်အောင်ပါ စိတ်မကောင်းဖြစ်ခဲ့ကြရသည်။

သမီးက အမိကို ပုန်ကန်ခဲ့သော်လည်း၊ အမိက သမီး အပေါ် နှိုင့်လွှတ်ပြီးသား။ ရင်မှဖြစ်သောမေတ္တာကို မိဘတို့ သည် ဥပေက္ခာနှင့် ချေဖျက်နိုင်စွမ်းမရှိကြပါလေ။

တောင်းဆိုးပလုံးဆိုးသာ ပစ်ရိုးထုံးစံရှိသည်ဟု ဆိုခဲ့ကြ သည် မဟုတ်ပါလား။

သားသမီးတို့အပေါ်တွင် ထားရှိသည့် မေတ္တာသည် တစ်ဆံချည်မျှမလျော့အောင် ခိုင်ကျည်လွန်းလှပါဘိ။

●

### အခန်း (နှစ်ဆယ့်တစ်)

**အေးမာနှင့် ထောင်**

ပြဿနာမဖြစ်ခင်က မာန်ကြွယ်၍ ဟန်ထည်ခဲ့သော အေး မာ။

ပြဿနာပေါ်လာလို့ ထောင်ထဲကို တကယ်တမ်းသွားရ မည်ဆိုသောအခါ ဟန်မထည်နိုင်တော့။ မာန်ပြယ်သွားရပြီ၊ တုန်လှုပ်ချောက်ချားမှုကို ထဲထဲဝင်ဝင် ခံစားနေရပြီ၊

ထောင်ထဲမှာ ဘယ်လိုနေရမလဲ၊ ဘယ်လိုစားရမလဲ၊ ဘယ် လို လူတွေနဲ့ တွေ့ဆုံဆက်ဆံရမလဲဆိုသော အတွေးစဉ်များက အေးမာ၏ နှလုံးသားကို ပြင်းပြင်းပြပြ လှုပ်ရှားသွားစေ ခဲ့၏။

မျက်လုံးများရီဝေပြီး ခေါင်းထဲမှာ မူးရိပ်ရိပ်ဖြစ်လာသည်။ ရင်ထဲမှာ အသက်ရှူမဝသလို တင်းကျပ်ကျပ်ဖြစ်လာသည်။

လက်ထဲတွင် ကိုင်ထားသော လက်ကိုင်ပဝါကို ပွတ်ချေနေမိသည်မှာ ဘယ်လောက်ကြာသွားသည်မသိ။ လက်ကိုင်ပဝါ တစ်ထည်လုံး အမြင်မလှအောင် ညစ်ထေးကြေမွနေသည်။

"ကဲ....အမိ၊ ထ, သွားရအောင်"

ရဲမခေါ်သံကြောင့် အေးမာ၏ ကိုယ်လုံးကလေးမှာ ဆတ်ခနဲ တုန်ယင်သွားရသည်။

ရဲမက လက်ကိုကိုင်ပြီး ဂျစ်ကားရှိရာသို့ အသွား ကျောက်တံတားဌာနနှင့်ကပ်လျက် လိုက်ဟောက်(စ်)ရုပ်ရှင်ရုံတွင် ရုပ်ရှင်ကြည့်ရန်၊ စောင့်နေသူများ၏ မျက်လုံးအစုံပေါင်းများစွာမှာ အေးမာဆီသို့ စူးရောက်လာသည်။

လက်ထိတ်မခတ်ထားပေမယ့် လုံချည်ပြာဝတ်ထားသည့် အစောင့်ရဲမက လက်ဆွဲခေါ်ပြီး ရဲစခန်းမှ ထွက်လာသည်မို့ ပတ်ဝန်းကျင်မှ စူးစမ်းသောအကြည့်ဖြင့် ဝိုင်းကြည့်ကြသည်။ အေးမာက ခေါင်းအောက်ငုံ့ထားပြီး ကားပေါ်သို့ လှမ်းတက်လိုက်သည်။ ဘယ်ကိုမှ မကြည့်တော့။

ကျောက်တံတားရဲစခန်းရှေ့မှ ထွက်လာသည့် ဂျစ်ကားလေးမှာ ဆူးလေဘုရားလမ်းမှ ဗိုလ်ချုပ်လမ်းသို့ ချိုးကွေ့မောင်းလာသည်။



ဗိုလ်ချုပ်ဈေးရှေ့သို့အရောက် ကားအရှိန် အနည်းငယ်နှေးသွားခိုက် အေးမာ မျက်လုံးများမှာ ဗိုလ်ချုပ်ဈေးဘက်သို့ တစ်ချက် ဝေ့ကြည့်လိုက်မိ၏။ ရင်ထဲမှာ တစ်မျိုးခံစားလိုက်ရသည်။

အမည်တပ်၍မရသော ဝေဒနာဆိုပါတော့။

အမျိုးသမီးတို့ နှစ်သက်တပ်မက်သည့် နေရာများတွင် ဗိုလ်ချုပ်ဈေးသည် ထိပ်ဆုံးကပါသည်။ ဘာမှမဝယ်သည့်တိုင် တစ်လကို အနည်းဆုံး တစ်ခေါက်လောက်တော့ ဈေးကို ပတ်ကြည့်စမြဲ ရှိကြ၏။

နယ်က လာသူများမှာမူ ဗိုလ်ချုပ်ဈေးကို လေးခေါ ခြောက်ခေါက်မရောက်ဘဲ ပြန်သူက အတော်ရှားသည်။

အေးမာတို့ဆို အလကားနေရင်း ဗိုလ်ချုပ်ဈေးထဲ လှည့်နေကျ။

ခုကားပေါ်မှ မျက်စိတစ်ချက်ဝေ့၍ လှမ်းကြည့်လိုက်နိုင်သမို့ ဝေဒနာတစ်မျိုးကို ခံစားလိုက်ရသည်။

လမ်းမတော်မီးပွိုင့်ကို ဖြတ်ကျော်ပြီး ဆေးကျောင်းရှေ့ရောက်သည်နှင့် ရှေ့ကိုလှမ်းကြည့်နေသော အေးမာ၏ မျက်ဝန်းထဲသို့ ထောင်အုတ်ရိုးကြီး တိုးဝင်လာသည်။

မဲမဲသဲသဲ မြင့်မြင့်မားမား၊ အုတ်ရိုးကြီးဆီ မြင်ရချိန်နှင့် အေးမာရင်ထဲမှာ ဆတ်ခနဲ နာကျင်သွားသည်။ ထောင်တံခါး

ကြီးရှေ့မှာ ဂျစ်ကားကလေး ရပ်သွားသည်၊ အဖေ့အတွက် ထောင်ဝင်စာလာတိုင်း ထိုတံခါးမြင့်မြင့်ကြီးကို မြင်ဖူးနေကြ ဖြစ်သော်လည်း မည်သို့မှ မခံစားခဲ့ရ။

ခုအမြင်က ရင်တုန်စရာ၊ အပြင်မှ တံခါးခေါက်ပြီး အတော်လေးကြာမှ တံခါးအသေးလေး ပွင့်လာသည်။ ထောင်ထဲဝင်ရတော့မည်ဆိုသည့် အသိကြောင့် တင်းထားသောစိတ်များ ဖြေလျော့သွားသည်။

တံခါးပေါက်ကလေးကို လှမ်းကျော်ပြီး အထဲမှာ ခြေစုံရပ်မိသည်နှင့် မျက်လုံးအစုံပေါင်းများစွာမှာ အေးမာ၏ကိုယ်ပေါ်သို့ စုပြုံကျရောက်လာသည်၊ မိန်းမချင်းအကြည့်မျိုး မဟုတ်၊ ကြည့်နေသူအားလုံးမှာ ယောကျ်ားတွေချည်း၊

အားမနာ ပါးမနာကြည့်နေကြသည့် သူတို့၏အကြည့်မှာ စူးစူးရဲရဲ နိုင်လှ၏၊

တစ်စုံတစ်ရာသောအမိပ္ပာယ်ကို ကွင်းကွင်းရှင်းရှင်းလှစ်ပြသည်သို့ ရှိချေ၏။

နောက်ထပ်ပွင့်သွားသော တံခါးရှေ့မှ ဆီးကြိုနေသည်မှာလည်း မျက်လုံးအစုံပေါင်းများစွာပင်။

မိန်းမသားများနှင့် ကင်းကွာနေကြသည့် ထောင်ကျများ၏ အကြည့်ကဗိုဆိုးသည်၊ စားတော့ ဝါးတော့မတတ်၊ မီးဝင်းဝင်းတောက်ဆိုသည့် အကြည့်မျိုး။



အေးမာမျက်နှာ ဘယ်လိုထားရမှန်းမသိ၊ တစ်ကိုယ်လုံးအေးစက်ပြီး တုန်ယင်နေသည်။

အကြည့်ခံက တစ်ယောက်တည်း။ ကြည့်နေသူတွေကအများကြီး။

ထူးထူးထင်ထင် ခြယ်သမထားစေကာမူ အေးမာ၏အလှမှာ ပွင့်နေသည်၊ ကြွကြွရွရွ စိုစိုအိအိ လှနေသော အေးမခွကို မျက်လုံးအစာငတ်နေသူများ၏ အကြည့်မှာ ကြောက်စရာသာပ။

ယောကျ်ားတွေကို မကြောက်ခဲ့သော အေးမာ ကျောချမ်းလာသည်၊

ထောင်မှူးကြီးရုံးခန်းထဲမှာ ထိုင်နေစဉ် တစ်ချက်တစ်ချက် မျက်လွှာလှန်ကြည့်လိုက်တိုင်း ရုပ်ပုံသဏ္ဍာန်မကွဲပြားစေကာမူ ကြောက်စရာမျက်လုံးများကိုတော့ တွေ့နေရသည်သာ။

မျက်လွှာကို လုံးဝမလှန်ရဲဘဲ ခေါင်းကို အောက်ငုံ့ပြီး မျက်စိကို တင်းတင်းရင်းရင်း မှိတ်ထားလိုက်သည်၊

မိန်းမဆောင်ကို တာဝန်ယူရသည့် ထောင်မှူးလေးရောက်လာမှ မိန်းမထောင်ဘက်ကို သွားဖို့ဟန် ပြင်လိုက်ရသည်။ နောက်ဆုံး တံခါးကြီးမှ တံခါးပေါက် အသေးလေးကို ခေါင်းငုံ့ ကျော်ဖြတ်လိုက်သည်နှင့် ဘွားခနဲ မြင့်မားသောအဆောက်အအုံများကို တွေ့လိုက်ရ၏။ ယောကျ်ားထောင်ကျ

များနေသော နှစ်ထပ်တိုက်ကြီးများမှာ မီးဖျော့ခေါ် ထောင်အတွင်းရုံးကလေးကို ဝိုင်းပတ် ဆောက်ထားသဖြင့် မျက်စိတစ်ကမ်းအတွင်း အားလုံးကို လှမ်းမြင်လိုက်ရသည်။

အေးမာတို့မှာ နောက်ဆုံးတံခါးကိုကျော်ပြီးဘယ်ဘက်သို့ ချိုးကွေ့၍ ကြိုးတိုက်ဘေး မြေနီလမ်းပေါ်မှ မီးမထောင်ရှိရာကို လျှောက်ခဲ့ရာ အေးမာက သူ၏မျက်လုံးများကို ဘေးဘီသို့ မကြည့်ဘဲ မြေနီလမ်းပေါ်သို့ စူးစိုက်ထားလိုက်သည်။

ခြေလှမ်းမပျက်အောင်ထိန်းပြီး လိုက်ခဲ့ရသည်။ အေးမာ၏ရင်မှာတုန်နေသည်။

ထောင်မှူးလေး ရပ်လိုက်မှ အေးမာလည်း ရပ်လိုက်ရသည်။

တွေ့ပြန်ပြီ တံခါးတစ်ခု။

ပုံစံအမျိုးမျိုး တံခါးအထပ်ထပ်အလီလီရှိသော နေရာကို ထောင်တုခေါ်ရမည်သို့ ရှိချေ၏။

တံခါးပွင့်သွားပြီး အဆဲကိုဝင်လိုက်သည်နှင့် မကြီးမငယ် ရှည်မျော့မျော့ဆောက်ထားသည့် အဆောက်အအုံကို လှမ်းတွေ့လိုက်ရ၏။ အဆောက်အအုံသို့ သွားရာလမ်းဘေးတွင် ဗုဒ္ဓသရဏံပင်များ ရှင်သန်နေသည်။



တွေ့ရပြန်ပြီ မျက်လုံးအစုံပေါင်း များစွာကို....

ဝင်လာသူအေးမာကို ဝိုင်းကြည့်နေသူများမှာ မိန်းမတွေချည်း။ ယောကျ်ားတွေကြည့်သည့် အကြည့်က ဆိုးလှချည်လို့ ထင်ခဲ့ရာ မိန်းမချင်းကြည့်အကြည့်မှာလည်း သက်သာဖွယ်ရာရှိသည်ဟု မဆိုနိုင်၊ စူးစူးဝါးဝါးပင် ဝိုင်းကြည့်နေကြသည်။

ဘူးဝကြီးမှာ ယောကျ်ားတွေကြည့်တုန်းကလောက် ရင်မတုန်စေကာမူ ရင်ခုန်သံတော့ နည်းနည်းမြန်သွားရသည်ပ။

ထောင်မှူးလေးက ဝါဒါမကြီးထံ အေးမာကို အပ်ပြီး ပြန်ထွက်သွားသည်။

မည်းမည်းဝဝ ဝါဒါမကြီး၏ မျက်နှာပေါက်မှာ ကြည့်ပျော် ရှုပျော်ရှိသော်လည်း တင်းမာအောင်တမင်လုပ်ယူထားသောကြောင့် ကြည့်ရသည်မှာ အကျည်းတန်သလိုရှိသည်။

"ကဲ....နာမည်"

"မအေးမာပါ"

"မိအေးမာတဲ့လား၊ ကဲ....အထဲကိုဝင်"

ခေါ်ပုံက ရင့်သီးလွန်းလှသည်။ မအေ မွေးကတည်းက သည်လိုခေါ်ပုံမျိုး ကြားမှမကြားဖူးတာ၊ နားထဲမှာ ကန့်လန့်ကြီး။ အေးမာဆိုလည်း တော်သေးရဲ့၊ ခုဟာက မိအေးမာတဲ့။

အေးမာစိတ်ထဲ ထောင်းခနဲ ဖြစ်သွားသည်၊ သတ္တိ မွေးညင်းတွေ ပြန်ထောင်လာသည်။

ဝါဒါမကြီးကို မျက်လွှာတစ်ချက် လှန်ကြည့်လိုက်ပြီး....

''ဒီမှာ....ဒေါ်ဒေါ်၊ ကျွန်မနာမည်က မအေးမာပါ''

''အေးလေ....ဘာဖြစ်သလဲ''

''ဒေါ်ဒေါ်က မိအေးမာလို့ ခေါ်လိုက်တော့''

''အောင်မယ်လေး....တယ်လာတဲ့ မလျှာရှည်ပါလား''

''ဒီမှာ ဒေါ်ဒေါ်၊ ကျွန်မက အပြင်မှာ....''

''တော်စမ်းပါအေ၊ အပြင်မှာ ရှေ့ထီးဆောင်းခဲ့ဘာတွေလာပြောမနေနဲ့''

''ကျွန်မကို မိအေးမာလို့ခေါ်ရင် ထောင်မှူးကြီးကိုတိုင်ရလိမ့်မယ်''

အေးမာက ပြောပြောဆိုဆို အထဲကို ဝင်လိုက်သည်၊ နှုတ်ခမ်းကို တင်းတင်းရင်းရင်း စေ့ထားသည့် အေးမာ၏ မျက်နှာထားမှာလည်း ခပ်တင်းတင်း။

ဝင်ဝင်ချင်း ဆောက်နဲ့ထွင်းဆိုသလို အဖြစ်မျိုးနှင့် ထိပ်တိုက်တိုးလိုက်ရပြီ၊ ထောင်လို့ဆိုထားပြီပဲဟာ၊ သိမ်သိမ်မွေ့မွေ့ ဆက်ဆံရေးနဲ့ ဘယ်မှာတွေ့မှာပ။



ဝါဒါမကြီးနှင့် အေးမာတို့ အချီအချပြောနေကြသည်ကို အဆောင်ထဲက ဝိုင်းနားထောင်နေသူများထံမှ ကြားတကြား ဆိုပေမယ့် ကြားလောက်သည့် အသံတစ်သံထွက်လာ၏။

နားအုံနားရင်းကို လက်ဝါး ပြင်းပြင်းနှင့် တအားရိုက်လိုက်ဘိသို့ ခံစားလိုက်ရသည်။

''တွေ့သေးတာပေါ့အေ''

မရေးအပ်သော ညစ်တီးညစ်ပတ်များလည်း ပါသည်၊

ပြောလိုက်ကြသည်မှာ ရင့်ရင့်သီးသီး စကားတွေချည်း၊ နားမခံသာစရာ အသုံးအနှုန်းတွေချည်း၊ မိန်းမသူချင်း ကိုယ်ချင်းမစာ ပြောရက်ဆိုရက်ကြသည်။

အေးမာက သူတို့ဆီသို့ မျက်လုံးဝေ့ကြည့်လိုက်သည်။

သူတို့အကြည့်နှင့် သူတို့မျက်နှာထားက ဒုက္ခရောက်လာသူကို ဝိုင်းကူဖေးမမည့်အသွင်မရှိဘဲ ရေနစ်သူကို ဝါးကူလို ထိုးမည့်အသွင် ထင်နေသည်။

အေးမာက စကားထပ်မများချင်သဖြင့် သူတို့ပြောနေသည်များကို မကြားယောင်ပြု၍ ဝါဒါမကြီး လက်ညှိုးညွှန်သောနေရာတွင် ဝင်ထိုင်ပြီး အဆောင်အပြင်ဘက်သို့ ကြည့်နေလိုက်သည်။

အပြောရပ်သွားလိမ့်မည် ထင်သော်လည်း မရပ်၊ ခိုးခိုးခစ်ခစ်ရယ်သံများပါ ထွက်လာသည်။ အကုန်လုံးထံမှမဟုတ်၊ လေးငါးခြောက်ယောက် အစုလေးဆီက ပြောသံများ မရပ်မနား ထွက်လာနေသည်။

အေးမာ သူတို့ဘက်သို့ မျက်လုံးတစ်ချက် စေ့ကြည့်လိုက်သည်။

အသားမည်းမည်း နှုတ်ခမ်းထော်ထော်နှင့် အရုပ်ဆိုးဆိုးကောင်မက အဆိုးဆုံး။

သူကချည်း ဒိုင်ခံပြောနေသည်။

ပြောရုံသာမဟုတ် အေးမာ မျက်လုံးစေ့ကြည့်လိုက်တော့ မဲ့ရွဲ့ပြီး ထော်နေသောနှုတ်ခမ်းကို ဝက်လိုစူပြလိုက်သေးသည်။

အေးမာ သည်းခံနိုင်စွမ်းမရှိတော့။

နဂိုအရှိစိတ်ဓာတ် ပြန်လည်လွှမ်းထင်လာသည်။

ဆတ်ခနဲနေရာကထပြီး 'ဟဲ့....နက်ကြုတ်မ၊ နင့်ပါးစပ်ပိတ်ထားလိုက်စမ်း' ဟု လက်ညှိုးထိုးပြောလိုက်၏။

ရုပ်နှင့်လိုက်ဖက်သည့် နာမည်ပေးပြီး နက်ကြုတ်မဟု ခေါ်၍ ပြန်နှက်လိုက်၏။



နက်ကြုတ်မကလည်း ဘယ်ခံနေမှာပါ။

''အမယ် ငါ့ကိုများ နက်ကြုတ်မတဲ့''

ပြောပြောဆိုဆို ထဘီကိုပြင်ဝတ်ပြီး ထလာသည်။

အေးမာအသားများတဆတ်ဆတ်တုန်လာသည်။ဖြူသောအသားမှာ အနီရောင်လွှမ်းထင်သွားသည်။ အေးမာကလည်း မလျော့၊ နက်ကြုတ်မကို ရင်ဆိုင်လိုက်၏။

နက်ကြုတ်မ လက်တစ်ကမ်းအကွာသို့အရောက်တွင် သူတို့နှစ်ယောက်ကြားသို့ အမျိုးသမီးတစ်ယောက် ဝင်ရပ်လာသည်။

အသက်သုံးဆယ်ကျော်ခန့်ရှိမည့် ဥာဓိရုပ် ခန့်ညားသည့် အမျိုးသမီးတစ်ယောက်။

နက်ကြုတ်မဘက် လက်ညှိုးထိုးပြီး 'စိန်ရှင် နင့်နေရာမှာ နင်ပြန်ထိုင်' ခပ်မာမာအမိန့်ပေးသံနှင့်ပြောပြီး အေးမာဘက်သို့လှည့်၍ 'ဒီကအမျိုးသမီးကလဲ ထိုင်နေ'' ဟု လက်ပြပြီး ထိုင်ခိုင်းလိုက်သည်။

နက်ကြုတ်မထိုင်ပြီးမှ အေးမာကထိုင်လိုက်သည်။

နက်ကြုတ်မက မဲ့ကာရွဲ့ကာနှင့် ပါးစပ်တော့ ပိတ်သွားသည်။

အေးမာကတော့ ကြားဝင်လာသူ အမျိုးသမီးကြီးကို တိုင်တည်ပြီး 'ကျွန်မရောက်ကတည်းက နားမခံသာအောင် ပြော

နေတာပါ၊ ကျွန်မ မကြားချင်ယောင် ဆောင်နေပါတယ်၊ မခံနိုင်လွန်းလို့ ဒီလိုဖြစ်သွားရတာပါ၊ ကျွန်မ မိကောင်းဖခင်သားသမီးပါ အစ်မကြီး၊ ကျွန်မမိဘတွေက ဆန်စက်ပိုင်ရှင်ပါ၊ ကျွန်မတက္ကသိုလ်ထွက်ပါ၊ ခုအမှုက အခန့်မသင့်လို့ ဖြစ်ရတာပါ၊ ကျွန်မ မကောင်းတဲ့ မိန်းကလေးတစ်ယောက် မဟုတ်ပါဘူး အစ်မကြီး'ဟု ပါးစပ်ထဲ တည့်ရာစကားလုံးများကို ပြောချလိုက်၏၊

နက်ကြုတ်မကလည်း နှုတ်လှန်ဖြစ်အောင် လှန်လိုက်သေးသည်၊

ဒီတစ်ခါ နက်ကြုတ်မပြောလိုက်သည့် စကားအဓိပ္ပာယ်ကို အေးမာ ရှင်းရှင်းလင်းလင်း နားမလည်လိုက်ပေ၊

''ရွှေထီးဆောင်းခဲ့တာတွေ လာမပြောနဲ့၊ ထောင်ထဲရောက်ရင် လုံးတီးစကားပဲပြောတဲ့''

ရောမရောက်ရင် ရောမသားလို ကျင့်ရမည်ဆိုသည့် ပညာရှိစကားမျိုးကို နက်ကြုတ်မက သူ့ပြောဘတ်သလို ထောင်အသုံးအနှုန်းစကားနှင့် ပြောလိုက်ခြင်းဖြစ်၏၊

အေးမာအတွက် ပစ္စည်းသွားထုတ်သည့် ဝါဒါမကြီး ပြန်ရောက်လာသောအခါ သူတို့ရန်ပွဲမှာ ပြီးစီးသွားလေပြီ၊

* * *



ဒေါ်မြမြင့်ခိုင်....

သူတို့နှစ်ယောက်၏ရန်ပွဲကို ဝင်ရောက်ဖျန်ဖြေ ပေးခဲ့သူ အမျိုးသမီးကြီးမှာ သူတို့အဆောင်လူကြီးဖြစ်ကြောင်း နောက်မှ သိရသည်၊ အမျိုးသမီးကြီး၏အမည်မှာ ဒေါ်မြမြင့်ခိုင်၊

ဝဝဖိုင့်ဖိုင့် မတုတ်သော်လည်း ကိုယ်လုံးကိုယ်ပေါက်မှာ တောင့်ထည်သည်၊ အရပ်အမောင်းမှာ ပုသယောင်ထင်ရသည်၊

မျက်ခုံးကောင်းသော်လည်း မျက်လုံးမလှ၊ မျက်နှာကျမှာ ယောကျ်ားဆန်သလို၊ လှုပ်ရှားဟန်မှာလည်း မိန်းမအသွင်မထင်ပြ၊ ညိုစိမ့်စိမ့်အသားမှာ အလှအပခြယ်သသည့်ပစ္စည်းများ ယုတ်စွအဆုံးသနပ်ခါးနှင့်သော်မှတွေ့ထိလျှော့ရှိကြောင်း မိန်းမချင်းမို့ ကြည့်လိုက်သည်နှင့်သိသည်၊

ဝတ်ထားသည်မှာ ယောကျ်ားရှပ်အင်္ကျီ၊ ထဘီက သလုံးသား အဖုအထစ်ပေါ်လုဘမျှ တိုတိုဝတ်ထားသည်၊

မိန်းမ မဆန်သော မိန်းမ၊

ဒေါ်မြမြင့်ခိုင်မှာ ရာဇဝတ်မှုနှင့် ထောင်ထဲရောက်နေသူမဟုတ်ပေ၊ ပုဒ်မ-၅နှင့် ထောင်ထဲရောက်နေသူဖြစ်၍ မိန်းမဆောင်တွင် တစ်ဦးတည်းသော ဘီကလပ်(စ်) ရသားသူသည်း ဖြစ်ပေသည်၊ နိုင်ငံရေးပုဒ်မနှင့် ထောင်ထဲရောက်နေသူမို့ ဒေါ်မြမြင့်ခိုင်ကို အားလုံးကပင် လေးစားကြသည်၊

ဘီကာလပ်(စ်)ရထားသဖြင့် ချွတင်နှင့် အိပ်ခွင့်ရပေသိ ဟိုဟိုကြီးဟန်ကြီးမလုပ်၊ ခုတင်ကိုအသုံးမပြုဘဲ အများနည်းတူ ကြမ်းတစ်ပြေးတည်းအိပ်ခဲ့သောကြောင့် အားလုံးကပင် ခင်မင်လေးစားကြသည်၊

ခဏခဏ ပြဿနာပေါ်တတ်သော မိန်းမထောင်တွင် ဒေါ်မြမြင့်ခိုင်ကို အဆောင်လူကြီးအဖြစ် ခန့်ထားကတည်းက ပြဿနာတွေ ကျုံ့သွားသည်၊ ငြိမ်သွားသည်၊

လူသစ်ကို လူဟောင်းများက ဆီးပြီးခွာသည့် နှာသည့်ဖြတ်သည့် လိုးသည့်ပြဿနာများ ပျောက်သလောက်ရှိသွားသည်။

ဒေါ်မြမြင့်ခိုင်ကလည်း ဘယ်သူ့ကိုမှမျက်နှာမလိုက်၊ ဘက်လိုက်မှုမရှိဘဲ ပြဿနာများကိုဖြေရှင်းပေးခဲ့သည်။

ထောင်အာဏာပိုင်များကိုလည်း ဖော်လံမဖား မှန်တန်းပင် ဆက်ဆံခဲ့သည်၊

အေးမာ ထောင်သို့ရောက်လာချိန်တွင် ဒေါ်မြမြင့်ခိုင် အဆောင်မှုစွမရှိ။ အိမ်ဆာသွားနေစဉ် အေးမာ ရောက်လာသဖြင့် အစပိုင်းအဖြစ်အပျက်များကို မသိလိုက်၊

သူအဆောင်ထဲပြန်ရောက်လာသည့်အချိန်တွင် ခဲ့ချလင်းခေါ်၍ ဖိုက်တင်ပွဲနွဲတော့မည့်အဆင့်သို့ ရောက်နေပြီ၊



သူသာကြားမဝင်လိုက်လျှင် တစ်ပွဲဘစ်လမ်း အကဲစမ်းပွဲမှာ အထော်ကြည့်ကောင်းမည့်ပွဲ၊

ဒေါ်မြမြင့်ခိုင်က ထောင်ထဲရောက်နေသူများအချင်းချင်း ညှာတာစိတ်ရှိရမည်။ ဖေးမကူညီရမည်၊ လက်၏စောင်မခြင်း၊ မပြုနိုင်သည့်တိုင် နှုတ်၏စောင်မခြင်းရှိရမည်၊ ခိုက်ရန်ဖြစ်ပွားဖို့ မဆိုထားဘိ၊ အချင်းချင်း စကားများသည်မျိုးကိုပင် လက်မခံ၊ ဗိုလ်ကျတာတို့၊ ခွစာတာတို့၊ နှာတာတို့မျိုးကို နည်းနည်းမှ သည်းမခံ၊

ဒေါ်မြမြင့်ခိုင် မရောက်ခင်က မိန်းမထောင်မှာ စိန်ရင်ကဗိုလ်၊

* • •

**စိန်ရင်**

အေးမာက နတ်ကြိုက်မလို ကွင်းပွန်းတပ်လိုက်သည့်စိန်ရင်၊

ရုပ်က ပုံမလှသလို စိတ်ကလည်း မလှ၊

အလုပ်နှင့် ရုပ် လိုက်ဖက်သူတူ ဆိုရမည်၊

သည်လောကမှ ထွက်လာတော့လည်း ပါးစပ်က ကြမ်းပြီးသား၊

မိန်းမထောင်မှာတော့ အနှာဆုံး၊ အပြောအဆို ကြမ်းဘမ်းသလောက် အနေအထိုင်လည်း ပက်စက်သည်၊ ထောင်

ထဲရောက်သည်မှာ သည်တစ်ခေါက်ပါနှင့်ဆို သုံးခေါက်ရှိပြီ။ စိန်ရင်က ဒေါ်မြမြင့်ခိုင်ကို အလွန်မုန်းသည်။ မလှန်ရဲလို့သာ ခံနေရတာ။ ဒေါ်မြမြင့်ခိုင် မရောက်ခင်တုန်းကဆို မိန်းမဆောင်မှာ စိန်ရင်ဗိုလ်ပဲ။

ဝါဒါတွေကို ပြားပြားဝပ် ပေါင်းပြီး ရောက်လာသမျှ လူသစ်ဆီက အရေခွံပဲ ကျန်အောင် ခွာတာ၊ နွာတာ။ စိန်ရင်မရောက်ခင် ရှိနှင့်နေသည့် အခန်းလူကြီးမှာ စိန်ရင်ရောက်လာလျှင် စိန်ရင့်အတွက် နေရာဖယ်ပေးရိုး ထုံးစံရှိခဲ့သည်။

လုံချည်မပါဘဲ နပန်းသတ်ရမလား၊ စိန်ရင်ကဖြစ်သည်။

ဆဘီ ကိုယ်နှင့်မပြဲသောမိန်းမဆိုသည်မှာ ရှာမှရှား၊ စိန်ရင်တစ်ယောက်က ဒီအထဲမှာမပါ။ ထစ်ခနဲဆို ကွင်းလုံးကျွတ်ပဲ။ သည်တော့ သူ့ကို ပြိုင်ရဲပေသီ မပြိုင်ချင်၊ ယှိုသူမရှက်ဆိုသောစကားရှိသည် မဟုတ်ပါလား။

ဒေါ်မြမြင့်ခိုင် ရောက်လာမှသာ ရှိခဲ့ဖူးသည့်ထုံးစံ ပျက်သွားပြီး စိန်ရင်က နေရာဖယ်ပေးလိုက်ရသည်။ ခွာသည့်၊ နွာသည့် အကျင့်ဆိုးလည်း ချုပ်ငြိမ်းသွားသည်။

စိန်ရင်က လွယ်လွယ်ကူကူ ဖယ်ပေးခဲ့သည်တော့ မဟုတ်။

ဒေါ်မြမြင့်ခိုင် ရောက်စက ရောက်ရောက်ချင်း တစ်ပွဲတစ်လမ်း အကဲစမ်းပြီး ဖိုက်ပွဲတစ်ပွဲ နွှဲလိုက်ရသေးသပ။အဲသည်တုန်းက စိန်ရင်တို့များ ဘယ်မလောက်ကြမ်းသလဲဆိုရင် အကျီလုံချည်ချွတ်ပြီး အဆောင်ထဲမှာ လမ်းလျှောက်ပြတာ။



ဒေါ်မြမြင့်ခိုင်က အပြောအဆိုသိမ်မွေ့သလောက် ကြမ်းပြီဆိုရင် ပါးစပ်က အယုတ္တအနတ္တ မထွက်ဘဲ လက်က အရင်ရောက်တာ။ စိန်ရင့်ဆံပင်ကို ဘယ်လက်နဲ့ ပတ်ပြီး ပါးပေါ်လက်ငါးချောင်း အရာထင်သွားအောင် ဆော်ပစ်တာ၊ စိန်ရင်အုပ်စုဝင် လေးငါးယောက်က ဝိုင်းလုပ်မယ်လဲပြင်ရော တစ်ဆောင်လုံး ဒေါ်မြမြင့်ခိုင်ဘက်မှာ ရပ်ခဲ့ကြသဖြင့် ရှုံသွားကြတာ။ ဝါဒါကြီးက စိန်ရင့်ဘက်ကမို့ ထောင်မှူးကြီးရုံးကို အမှုရောက်သွားရသည်။

ထောင်မှူးကြီး ရုံးခန်းတွင် ရန်ပွဲကိစ္စကို စစ်ဆေးခဲ့ရာ ဒေါ်မြမြင့်ခိုင်က မြန်မာလိုမပြောဘဲ အင်္ဂလိပ်လို ပြောပြီး မိန်းမထောင်တွင် အုပ်ချုပ်မှု လျော့နည်းနေပုံ၊ နိုင်ရာလုပ်နေပုံ၊ တစ်ဦးတစ်ယောက် ဗိုလ်ကျမှုများကို အများက စုခံနေရပုံ၊ အနေအထိုင် စည်းကမ်းမရှိဘဲ ဖရိုဖရဲဖြစ်နေပုံများကို ချက်ကျလက်ကျ ရှင်းပြပြီး မည်သို့ပြုပြင်သင့်ပုံများကိုပါ တင်ပြခဲ့၏။

ဒေါ်မြမြင့်ခိုင်က မြန်မာလို မပြောဘဲ အင်္ဂလိပ်လို ပြောလိုက်ခြင်းမှာ တမင်တကာပင် ဟိတ်ဟန်ပြလိုက်ခြင်း ဖြစ်၏။ တစ်ခါတုံရံတွင် အခြေအနေပေါ်မူတည်၍ ဟိတ်ဟန်ပြရသောအလုပ်မှာ ပြဿနာဖြေရှင်းရေးတွင် ချောမွေ့တတ်ပေသည်။

ဒေါ်မြမြင့်ခိုင်၏ တစ်ဆစ်စီ တစ်ပိုင်းစီ ရှင်းလင်းတင်ပြချက်များမှာ ပိုင်ပိုင်နိုင်နိုင်ရှိသည့်အလျောက် ထောင်မှူးကြီးက

စိန်ရင်နှင့် ဝါဒါမကြီးကို ဆူပူကြိမ်းမောင်းပြီး ဒေါ်မြမြင့်ခိုင်ကို အဆောင်လူကြီးအဖြစ် တာဝန်ယူပြုပြင်ရန် မေတ္တာရပ်ခံခဲ့၏၊ လိုအပ်သော ကိစ္စများကိုလည်း သူနှင့် အချိန်မရွေးဆွေးနွေးနိုင်ပါသည်ဟု လမ်းဖွင့်ပေးခဲ့၏။

ထောင်မှူးကြီးတာလည်း လူပါး။

ဒေါ်မြမြင့်ခိုင်ကို တာဝန်ပေးခြင်းဖြင့် သူတို့အဖို့ ပို၍ ခေါင်းအေးရမည်မို့ ငါးကြင်းဆီနှင့် ငါးကြင်းသားကြော်သည့်နည်းကို ကျင့်သုံးလိုက်ခြင်း ဖြစ်ပေသည်၊

သည်တော့မှ စိန်ရင်တို့လည်း ငြိမ်ကုတ်သွားကြသည်။

ခု အေးမာနှင့် ဖြစ်သည့်ကိစ္စတွင် ဘယ်သူ လွန်သည်ကို ဒေါ်မြမြင့်ခိုင်က မမေးဘဲ သိပြီးသား၊ စိန်ရင်က ငပွကြီးပဲဟာ ဘာမေးနေစရာလိုမှာပ၊ အကျယ်အကျယ် ပြောမနေချင်သမို့ နှစ်ဖက်စလုံးကိုထိန်းပြီး ရန်ပွဲကို ဖျန်ဖြေပေးလိုက်၏၊

စိန်ရင်က ဝါဒါမကြီးကို မျက်နှာလုပ်ပြီး အေးမာကို စမ်းကြည့်လိုက်ခြင်းဖြစ်ရာ အေးမာကသာ ငုံ့ခံခဲ့ရင် နောက်ပိုင်း ခေါင်းပေါ်တက်ထိုင်တော့မည် ဖြစ်၏၊ အေးမာကမခံလှန်လိုက်သမို့ နောက်ပိုင်းတွင် အေးမာကို မကလိရဲတော့ပေ။ နောက်ထပ် ပြဿနာဖြစ်လျှင် ဒေါ်မြမြင့်ခိုင်ကလည်း ကြည့်နေတော့မည် မဟုတ်။ စွဲကြောင်းနှင့် ထောင်မှူးကြီးရုံးတင်လိမ့်မည် ဖြစ်၏။



ယောကျ်ား ထောင်ဘက်မှာသာ ဆိုးသလား မထင်နှင့်၊ မိန်းမထောင်ဘက်မှာလည်း ဆိုးသည်၊ မိန်းမသူချင်း သက်ညှာလိမ့်မည်မထင်နှင့်။ သူတို့က ပိုဆိုးသေးသည်ဟု ဆိုရမည်သို့ရှိချေ၏။

မိန်းမထောင်ဘက်မှာ အကုန်လုံး ဆိုးသလား ဆိုတော့အကုန်လုံး မဆိုးပါ၊ ကောင်းသူတွေလည်း ရှိ၏၊ လူလူချင်းစာနာစိတ်ထားနှင့် ရောက်လာသမျှလူများကို ဆီးကြို အကူအညီပေးတတ်သည့် စိတ်လှသူများလည်း ရှိသည်၊ သို့သော်သူတို့ကိုယ်တိုင်က စုန်းပြူးစိန်ရင်တို့ကို ခပ်လန့်လန့်မို့ ပွင့်ပွင့်လှင်းလင်း အကူအညီမပေးရဲကြပေ၊

နောက်ပိုင်းတွင် စိတ်လှသူများနှင့် တွေ့ဆုံဆက်ဆံခဲ့ရ၏။

* * *

**ဒေါ်ဖွားမြစ်**

ဒေါ်ဖွားမြစ်မှာ ပုဒ်မ (၃၁၂)ဖြင့် ထောင်ဒဏ် နှစ်နှစ်ကျခံနေရသူ အကျဉ်းသူမကြီး၊

အသက် (၆၀)နားနီးမှ ဘုရားကျောင်းကန်မသွားနိုင်ဘဲ ထောင်ထဲရောက်နေရသူ၊

ဒေါ်ဖွားမြစ်မှာ အရပ်ဝမ်းဆွဲ၊ အရပ်အခေါ် လက်သည်။

သူမှာ သားဖွားပေးခွင့် လက်မှတ်တွေ ဘာတွေတော့မရှိ။ သို့စေကာမူ ဖောင်စီးယောကျ်ားနှင့် ပမာပြုခံရသော ကိုယ်ဝန်ဆောင်မိန်းမများ၏ မွေးဖွားခြင်းကိစ္စတွင် ကျင်လည်တတ်ကျွမ်းသူဖြစ်၍ ကလေးတစ်ယောက် ချောချောမွေ့မွေ့ အပြင်ရောက်လာဖို့ကို တတ်စွမ်း၏။ သူမွေးဖွား ပေးခဲ့သည်မှာ ကလေးပေါင်း မရေမတွက်နိုင်။

တတ်သည့်ပညာနှင့် အညစ်အကြေးများကို မရှုံ့မရှာဘဲ ကုသိုလ်လည်းရ ဝမ်းလည်းဝဆိုသလို လုပ်ကိုင်စားသောက်ခဲ့ရာ ဆေးရုံတို့ဘာတို့ မသွားနိုင်သူ၊ မသွားချင်သူများမှာ အမေမြစ်ကို အားကိုးကြရ၏။

ဗိုက်ထဲကကလေး ဝါးခနဲအော်ပြီးအပြင်ထွက်လာအောင် ဘယ်၍ဘယ်မျှသော အဖိုးသားနားမဆိုဘဲ လာခေါ်သည့်အချိန် ငေါက်ခနဲထပြီး လိုက်တတ်သူမို့ ကိုယ်ဝန်ဆောင်အမျိုးသမီးများ အားကိုးအားထား ပြုရသူလည်း ဖြစ်ပေသည်။

ဒေါ်ဖွားမြစ်က မီးဖွားပေးရသည်ကို ပျော်မွေ့သူ။ ဝါးခနဲ ကလေးငိုသံထက် သာယာနားပျော်ဖွယ်ရှိသော အသံကို သူ့နားတဲတွင် မဆည်ပါးဖူးပေ။



ကြေးစကားမဆို၊ ပြီးရင် ကြည့်ကန်တော့၊ နည်းသည်များသည်မဟူ ခေါင်းတညိတ်ညိတ်နှင့် သာဓုပေဝေဆာဆာ ပြန်ပေးတတ်သည်။

ဒေါ်ဖွားမြစ်မှာ ချွေးအောင်း၊ သွေးခွဲကိစ္စ အတွေ့တွေ့ပြီးသည်အထိ သူ့လုပ်ငန်းကို ပျော်ပျော်ရွှင်ရွှင်ကြီး လုပ်တတ်သမို့ ဆင်းရဲသလောက် ကလေးတပြွတ်ပြွတ် မွေးတတ်သူများ၏ အားကိုးအားထားရာဖြစ်ခဲ့၏။

"ငရဲကြီးတဲ့အလုပ် မလုပ်ပါရစေနဲ့ သမီးတို့ရယ်၊ ဆင်းရဲရတဲ့အထဲ ကုသိုလ်ရတဲ့အလုပ်ပဲ လုပ်ပါရစေ" တဲ့ ငြင်းလွှတ်တတ်၏။

သည်လိုဆိုပြန်တော့ အမေမြစ် စဉ်းစားရမြန်ပြီ။

နှစ်သက်သေမှာထက် အကောင်အထည် မဖြစ်သေးတဲ့ အသက်သေတာက တော်သေးသည်တဲ့....

သည်တော့ ဒေါ်ဖွားမြစ်ကို အမှုပတ်လာရသည်။

ဥပဒေအဆိုက....

တရားခံသည် မိမိအလိုအလျောက် ပြုလုပ်ခြင်းဖြစ်ကြောင်း၊

တရားခံ၏ ပြုလုပ်မှုကြောင့် ထိုမိန်းမ၏ ကိုယ်ဝန်ပျက်စေခြင်းဖြစ်ကြောင်း၊ ပေါ်လွင်လျှင် သုံးနှစ်အထိထောင်ဒဏ်။

လှုပ်ရှားနေသော (ကလေးလှုပ်ရှားသည့် အဆင့်ရောက်နေသော) ကိုယ်ဝန်ကိုပျက်စေအောင် ပြုလုပ်လျှင် ခုနစ်နှစ်အထိ ထောင်ဒဏ်။

ထောင်ထဲမှာတော့ လူတိုင်းက သူ့ကိုခင်ကြ၊ ချစ်ကြသည်။

အကူအညီပေးရမည့် ကိစ္စမျိုးဆိုလျှင် ဘယ်ခေတခွမှ လက်မနှေး။ နိမ့်ကျသည်ဟု သဘောမထား။ ဖျတ်ဖျတ်လတ်လတ် သွက်သွက်လက်လက် အကူအညီပေးတတ်သည်။

ထမင်းမဝဘူး ညည်းသံကြားရင် ကိုယ်မဝပေသည့် ကိုယ့်ပန်းကန်ထဲက ထမင်းကို သူများထဲထည့်ပေးတတ်သည်။

ဘဝပေးအခြေအနေ မကောင်းသဖြင့် ထောင်ထဲရောက်ခဲ့ရသော်လည်း စိတ်မှေးသူ၊ ဒေါ်ဖွားမြစ်လိုပင် မရှုတိ၊ ဝေဝေ၊ မြင့်မြင့်စန်းတို့လို အမျိုးသမီးများလည်း ရှိသပ။

အဆိုနှင့်အကောင်း ဒွန်တွဲရှိတတ်သည့် နိယာမသဘောသည် နေရာတိုင်းတွင် ရှိစမြဲတည်း။

* * *

အေးမာ ထောင်ထဲရောက်သည်မှာ နေ့ပင်မကူးတတ်သေး။ နာရီပိုင်းအတွင်းမှာပင် အလွန်အမင်း စိတ်ပျက်စရာ၊ မနှစ်မြို့စရာကောင်းသော အတွေ့အကြုံများကို နဖူးတွေ့ဒူးတွေ့ တွေ့လိုက်ရပေပြီ။



ဖခင်ကြီးပြောသွားခဲ့သော ထောင်နှင့်ပတ်သက်ရာစကားလုံးများမှာ အေးမာနားတဲသို့ ပြန်လည်တိုးဝင်လာခဲ့၏။

အေးမာအိပ်ဖို့ ဂုန်နီစသာသာရှိသည့် ဒလီစ တစ်ခုကို ဝါဒါမကြီးက ပေးလာသည်။ ဒလီအခင်းစကိုပေးပြီး အမှာစကားပြောသွားသည်မှာ 'ရှိရှိသေသေ သုံးစွဲသိမ်းဆည်းပါ' တဲ့။

အေးမာ အိပ်မက်ပင် မမက်ဖူးသည့် အခင်းမျိုးကို တရိုတသေ ကိုယ်တွယ်အသုံးပြုရတော့မည်ဖြစ်၏။ အိမ်မှာ ရေအိမ်အဝင်အထွက် လုပ်ရာတွင် အသုံးပြုသည့် ခြေသုတ်အခင်းက အေးမာလက်ထဲမှာ ပိုက်ပိုက်ထွေးထွေး ထားရသည့် အခင်းထက် သာလိမ့်မည်။

အေးမာ ရောက်နေသည်က ထောင်။

ထောင်ဆိုတာ နိုင်ငံကို အကျိုးမပြုဘဲ နိုင်ငံက သတ်မှတ်ထားသော ဥပဒေကို ချိုးဖောက်သူများ ရောက်ရှိရာ နေရာဖြစ်ရာ သူတို့ကို ဘယ်သို့လျှင် ပိုက်ပိုက်ထွေးထွေး ကြိုဆိုနိုင်မှာပါလိမ့်။

တန်ရာပဲ ကျွေးမည်။ သင့်အောင်ပဲ ထားမည်။ ပြစ်မှုကျူးလွန်ခဲ့ပြီပဲဟာ။ သည်လောက်တော့ခံရမည်။ ထူးလှချည်ရဲ့ဟု မဆိုသာ။ ခက်မာကြမ်းတမ်းလိမ့်မည်မှာ ဆန်းသည်ဟူ မဆိုသာ။

မည်သို့ပင်ဆိုစေ၊ ဘဝ၏အပြောင်းအလဲဆိုသည်မှာ မနေ့တနှင့် ယနေ့ မတူပါလေ။

ညနေ ထမင်းစားချိန်။

အေးမာ ဒုက္ခလှလှတွေ့ရပြီ။

စပါးလုံးနိုင်းချင်းနှင့် လုံးတီးထမင်း၊ ဟင်းတူ၍မည်မည်ရရ မပါ။

လုံးတီးထမင်းနှင့် မရင်းနှီးသူများအဖို့ ထိုထမင်းကိုကြည့်ပြီး ဘယ်လိုစား၍ ဘယ်ပုံမျိုရပါမလဲ ဆိုသည်ကို တွေးပြီး ငေးငိုင်စမြဲရှိကြ၏။ အေးမာမှာ ရှေ့ဘွင်ရှိနေသော လုံးတီးထမင်းကို နှိုက်ရကောင်းနိုးနိုး ချီတုံချတုံဖြစ်နေသည်။

ခုမှပဲ နက်ကြုတ်မ ပြောသည်ကို သဘောပေါက်သွားရသည်။

"ရွှေထီးဆောင်းတော့ လာမပြောနဲ့၊ ထောင်ထဲရောက်ရင် လုံးတီးစကားပဲပြောတဲ့"

တုတ်ပါ။

အပြင်မှာ ဘယ်လိုနေခဲ့သည်၊

ဘယ်လိုစားခဲ့သည်၊

ဘယ်လိုဝတ်ခဲ့သည်၊



ဆိုသည်များကို လုံးဝ မေ့ပစ်လိုက်တော့၊ ပြည်ဖုံးကား ချပစ်လိုက်တော့၊

ခုဟာက ထောင်၊

ကန့်လန့်ကာအသစ်ကို ဖွင့်ရမည်၊

ဘဝအသစ်ကို စရမည်၊

ဖခင်ကြီးအတွက် ရက်လည်ဆွမ်းကျွေးတုန်းက ဆရာတော်ဟောသည့် တရားထဲမှာတောင်ပါသေး၊

"ဒကာမကြီးတို့၊ ပစ္စုပ္ပန်တည့်တည့်ကိုသာ ကြည့်ကြတဲ့"

နက်ဖြန်ခါ ထောင်က ပြန်လွတ်မှာဆိုရင်တော့ အတော်တီသားပေါ့၊ တစ်နပ်တလေမစားတော်၊ နှစ်နပ်ပဲ အငတ်ခံရ ခံရလိုက်မည်သာပ၊ ခုဟာက ဘယ်လောက်ကြာအောင် နေရဦးမည်မှ မသိဘာ၊

ပစ္စုပ္ပန် တည့်တည့်က လုံးတီး၊

အေးမာက ကြိတ်မှိတ်ပြီး လုံးတီးထမင်းကို ပါးစပ်ထဲ ထည့်လိုက်ရသည်၊ စားရတာကတစ်မျိုး၊ လေးငါးလုတ်တော့ ...သွားသည်၊ ဒါဒေပသည့် လည်ချောင်းထဲမှာတစ်ဆို့ဆို့ကြီး ...နေသည်၊

ရေနှစ်ခွက်လောက် သောက်လိုက်တော့မှ လည်ချောင်း ...သွားသည်၊

ဘဝခရီးတွင် အလှည့်အပြောင်း ဆိုသည် ရှိစမြဲ၊ တွေ့ကြုံစမြဲရှိပေရာ အလှည့်အပြောင်းကြုံလာရင် ကြုံရလျှော်တက်နှင့် လျော်တတ်ရပေမည်သာ။

* * *

အေးမာအနားသို့ ဒေါ်မြမြင့်ခိုင် ရောက်လာသည်။

''ညီမ ထမင်းစားလို့ ရရဲ့လား''

''ဟုတ်ကဲ့ မမ၊ ဒီနေ့တော့ ကျင့်သား မရသေးလို့ပါ၊ နောက်နေ့တွေတော့ရ''

''ဟုတ်ပြီ အဲဒီလို စိတ်ဓာတ်မျိုးမွေး၊ လုံးတီးလဲ ထမင်းပဲ ဆန်ဖြူလဲ ထမင်းပဲ၊ မမတောင် ဘီကလပ်(စ်) ရပေမယ့် လုံးတီးပဲ စားတယ်လေ၊ ထောင်ထဲမှာ ဆန်ဖြူစားရင် အား မဖြစ်ဖူးတဲ့ ညီမရဲ့၊ လုံးတီးစားမှ အားဖြစ်တာ အစာခံတာ''

''တစ်ရက် နှစ်ရက်ပေါ့ မမရယ်၊ နောက်တော့ ဖြစ်သွားမှာပါ''

''ညီမရေ.... လူ့ဘဝဆိုတာက မအေ့ဝမ်းထဲက ထွက်တာနဲ့ ရုန်းကန်ပြီး ထွက်လာရတာ၊ မသေမချင်းလဲ ရုန်းကန်ရဦးမှာပဲ၊ အကောင်းတွေ့တွေ့ အဆိုးတွေ့တွေ့ ရင်ဆိုင်ရဲတဲ့ သည်



ကို မွေး၊ ရုန်းကန်ရတဲ့ တိုက်ပွဲကိုတော့ အရှုံးမပေးနဲ့၊ အကူအညီလိုရင်လဲ ပြောပါ''

''ဟုတ်ကဲ့ မမ၊ ကျေးဇူးတင်ပါတယ်''

* * *

လောကကြီးတစ်ခုလုံး တိတ်ဆိတ်နေသည်သို့ ထင်ရသည်၊ အဆောင်တွင် ထွန်းပေးထားသည့် မီးပွင့်မှာ အားနည်းလွန်းသဖြင့် အမှောင်ကသာ ကြီးစိုးနေသည်။

တရိုတသေ သိမ်းဆည်း အသုံးပြုရမည့် ဒလီလေးကိုခင်း၊ လွယ်အိတ်ကလေး ခေါင်းအောက်ခုပြီး အိပ်ရသည်မှာ ညက်ညက်ညောညော မရှိစေကာမူ အတွေ့အကြုံသစ် တစ်မျိုးမို့လားမသိ၊ ရင်ထဲ ခံစားမှုတစ်မျိုး ဖြစ်ပေါ်ခဲ့ရသည်။

ဘေးနှစ်ဖက်ဝဲယာကို စောင်းငဲ့ကြည့်ပြန်တော့ ဒလီအခင်းပေါ်မှာ အစီအရီ အိပ်ပျော်နေကြပြီ၊ နှစ်နှစ်ခြိုက်ခြိုက် အိပ်ပျော်နေသူများထံမှ ဟောက်သံများပင် ထွက်နေသည်။

အေးမာ ရေထသောက်တော့ ဒေါ်ဖွားမြစ် ထလာပြီး အေးမာလက်ထဲကို တစ်စုံတစ်ခု ထည့်ပေးသည်၊ မီးရောင်မှုန်မှုန် အောက်မှာ သေသေချာချာ ကြည့်လိုက်တော့ ခါးလျှိုမုန့်ကလေးတစ်တုံး။

အေးမာက အတင်း ပြန်ပေးသော်လည်း မယူ၊ သမီး ညနေက ထမင်းစားနိုင်မှာ မဟုတ်ဘူး၊ ရင်ပူနေလိမ့်မယ်၊

ဒါလေးတော့ စားလို့ကောင်းပါ၊ အမေ့ဆီမှာ ရှိပါသေးတယ်။

အေးမာ ယူထားလိုက်ရသည်။

အေးမာ အိပ်မရသည်ကို တွေ့လို့လားမသိ၊ ဒေါ်မြမြင့်ခိုင် ထလာသည်။ လက်ထဲမှာ အညာဆောင်ပါးလေး ကိုင်လို့။

အေးမာကို ပေးလာသည်။ အေးမာက မယူဘဲ ကျေးဇူးတင်စကားဆိုပြီး အတင်းပြန်ပေးခဲ့သည်။

''မမ အခုလို ကူညီတာတော့ အေးမာ သိပ်ကျေးဇူးတင်ပါတယ်၊ ဒါပေမယ့် မယူပါရစေနဲ့၊ သူများတွေတောင် နေလို့ဖြစ်သေးတာ၊ အေးမာလဲ နေလို့ဖြစ်အောင် ကြိုးစားရမှာပါ၊ သူများအကူအညီ မျှော်ကိုးတဲ့ အကျင့်ပါသွားမှာ စိုးလို့ပါ၊ မမ တလွဲမထင်နဲ့နော်''

''မထင်ပါဘူး၊ ညီမရယ်၊ မမကလဲ ဒါမျိုးမှ သဘောကျတာ၊ မမကိုယ်တိုင်လဲ ဒီသတ္တိမျိုး အမြဲမွေးဘာ''

''တုတ်ကဲ့ မမ၊ အေးမာ သတ္တိရှိပါတယ်''

''ကဲ....အိပ်ပေတော့ ညီမ၊ ထောင်ထဲမှာ အိပ်ပျော်အောင်အိပ်တဲ့နည်းကတော့ အတိတ်ရယ်၊ ပစ္စုပ္ပန်ရယ်၊ အနာဂတ်ရယ်ကို မတွေးဖို့ပဲ''

''ကျေးဇူးတင်ပါတယ် မမ၊ ဂွတ်နိုက်''

''ဂွတ်နိုက်''



အေးမာက ဒေါ်မြမြင့်ခိုင် ပြောသွားသည့်အတိုင်း ဘာမှမတွေးတော့ဘဲ တစ်၊ နှစ်၊ သုံး၊ လေး ဂဏန်းစဉ်မှတ်ပြီး အိပ်လိုက်ရာ နှစ်ထောင်တစ်ရာသုံးဆယ်ကျော်တွင် အိပ်ပျော်သွားခဲ့သော်လည်း အစောကြီးပဲ နိုးနေသည်။ ဝမ်းထဲမှာ အတော်ကလေး ဟာနေသဖြင့် ရေတဝသောက်လိုက်ရသည်။ မကြာမီ အဆောင်တံခါး ဖွင့်လိုက်သည်၊ မျက်နှာသစ်ရန်အတွက် ရေကန်ဆီသို့ အများနှင့်အတူ ရောလိုက်သွားရသည်။ ဒေါ်မြမြင့်ခိုင်က လှမ်းခေါ်ပြီး မတ်ခွက် ကမ်းပေးသည်။

စရိတ်တော့ အငြိမ်းသား၊ ဆပ်ပြာမလို၊ သွားတိုက်ဖို့မလို။

ဒါတိုင်းဆို မျက်နှာသစ်ပြီးသည်နှင့် မျက်နှာပေါ် မိတ်ကပ် ရောက်စမြဲ၊ မိတ်ကပ်မတင်သည့်တိုင် ပေါင်ဒါလေးတော့ ဘို့လိုက်ရမှ၊ ဂုတော့ ဒါတွေ လုပ်စရာမလို၊ သူတို့အလှကို ဘယ်သူက လာကြည့်မှာပ။

ဘယ်သူက လာကြည့်မှာပဆိုတော့ ကြည့်ချင်သူ မရှိဘူးဆိုရာရောက်သွားပါမည်၊ တကယ်တော့ ကြည့်ချင်သူတွေက အများကြီးသာပ၊ အုတ်ရိုးတစ်လျှောက် ဟိုမှာဘက်တွင် မိန်းမဆို အသေရရ၊ အရှင်ရရ ကြည့်မည့်သူတွေ တစ်လှေတစ်မကြီး ရှိလေရဲ့။ တစ်ယောက် နှစ်ယောက်၊ တစ်ဆယ် နှစ်ဆယ်၊ တစ်ရာ နှစ်ရာမဟုတ်၊ ထောင်နဲ့ချီရှိတာ။

သူတို့ကိုသာ ကြည့်ခွင့်ပေးရင် ရန်းရင်းဆန်ခတ် ဖြစ်ကုန်မည်မှာ သေချာသည်၊ တိုးကြ တွေ့ကြသည်ကို ဘယ်လိုမှ ထိန်းလို့ရမည်မဟုတ်။

မည်သို့ပင်ရှိစေ မိန်းမသားတို့၏ စရိုက်မှာ အလှအပပြင်ဖို့ကို ဝါသနာ ထုံမွှေ့ကြသည်သာ။

မနက်မိုးလွင်း အလှမပြင်ရသည့် အလုပ်တစ်ခု လျော့ပါးသွားသည်မှာ အေးမာအဖို့ အတော်လေး သက်သာသွားသလိုရှိသည်။ အပြင်ပြန်ရောက်လို့ သည်လိုမျိုး နေတတ်ရင် သိပ်ကောင်းမှာပဲဟု တွေးမိလိုက်ရသည်။

မလှသော ထောင်ထဲတွင် အလှအပကို မခြယ်မှုန်းရသည်မှာ သဘာဝကျသည်ဟု ဆိုရပေမည်သာ။

လောကကြီး၏ အလှတစ်ပါးဖြစ်သော နေခြည်နုနုတွေးမှာမူ လှပမြဲ လှပလျက်သည်။

## အခန်း (နှစ်ဆယ့်နှစ်)

မနက်ပိုင်း ထောင်မှပေးသည့် ဂျုံစိကိုစားကြည့်သည်။ စားလို့မရ၊ အရသာ ဘယ်လိုမှမထင်။ မြည်းစမ်းကြည့်သည့်သဘောဖြင့် တစ်ဇွန်းနှစ်ဇွန်း သောက်ကြည့်လိုက်သည်။ အေးမာနှင့် ကပ်လျက်အိပ်သည့် မရှုတီက အေးမာချထားသော ခွက်ကိုယူ၍ နို့ဆီတစ်ဇွန်းထည့်မွှေပေးပြီး 'ဒါလေး သောက်ကြည့်စမ်းပါဦး မမ' ဟုပြောပြီး အတင်းသောက်ခိုင်းသည်။

အေးမာ ငြင်းပေမယ့်မရ။

အတင်းကြီးသောက်ခိုင်းနေသဖြင့် ဟန်ကြီးပန်ကြီး လုပ်ရာကျမည်စိုးမှာကြောင့် သောက်ကြည့်လိုက်သည်။ မဆိုး။ အတော်ကလေးကောင်း၊ နို့ထမင်းကို မမီသော်လည်း နို့သမင်းလို အရသာမျိုး ပေါ်သယောင်ရှိသည်။

လူ၏အသိဉာဏ်သည် တီထွင်ကြံဆတတ်သော သဘောရှိ၏။

နို့ဆီထည့်ပေးသော တရုတ်ကပြားမလေးကို ပြုံးပြလိုက်ရသည်။

ဒေါ်မြမြင့်ခိုင်က သူ့အတွက်ရလာသည့် ကော်ဖီကို နေမကောင်းဖြစ်နေသည့် အကျဉ်းသူမတစ်ယောက်ကို ပေးသောက်ပြီး သူကတော့ ဂန်စီကိုသာ မြိန်ရေရှက်ရေ သောက်နေသည်။

ရှစ်နာရီလောက်တွင် ဒေါ်မြမြင့်ခိုင်နှင့်အတူ ရေသွားချိုးရင်း သူ့အမှုအကြောင်း အကျဉ်းချုံးပြောပြခဲ့၏။ ရေတစ်ချိုးလိုက်ရသမို့ အတော်လေး လန်းဆန်းဆန်းရှိသွားသည်။ မိန်းမထောင်မှာ ရေဖောဖောသီသီ ချိုးရသည်။ ယောကျ်ားထောင်မှာလို ရေမရှား၊ လူနည်းလို့လားမသိ၊ ရေကန်မှာ အမြဲတမ်း ရေပြည့်နေသည်။

သူတို့ အဆောင်ကိုပြန်လာတော့မှ မိန်းမသားတို့ အလှကို ထောင်ထဲရောက်နေသည့်တိုင် အလျှော့မပေးသူများကို တွေ့လိုက်ရသည်။ ပေါင်ဒါအဖွေးသား၊ သနပ်ခါးအဖွေးသားနှင့် ရှိနေကြသည်။ အေးမာကို နို့ဆီပေးသည့် မရှုတီဆိုရင် မျက်နှာပေါ် မိတ်တပ်တင်၍ ပြင်ဆင်ထားပုံမှာ အပြင်မှာ အလှခြယ်သသည့် ပုံစံအတိုင်းပင်။



ယောကျ်ားတွေကြည့်ဖို့အလှပြင်တာမှမဟုတ်ဘဲဟာ၊ ဘယ်မှာနေနေ မိန်းမသဘာဝ အလှပြင်ရမည်သာ။

နံနက်ခင်းနိုးထခြင်းနှင့်အတူ သီချင်းသံများလည်း ကြားလာရသည်။ မိန်းမထောင်မှာ ရေဒီယိုမရှိစေကာမူ မိန်းကလေးချည်း နေသောနေရာတွင် လွတ်လွတ်လပ်လပ် သီဆိုနေသူများ၏အသံမှာ ရေဒီယိုအဆိုတော်များ၏ အသံနှင့်နင်လားငါလားရှိပေ၏။

ကိုးနာရီသာသာခန့်တွင် ဘူးကြီးဗာယာ ရောက်လာပြီး ဝါဒါ ဒေါ်အေးထံ စာတစ်စောင်ပေးသွားသည်။

''ကဲ....မအေးမာ ဘူးကြီးကိုသွားရမယ်၊ အဝတ်ကလေးဘာလေး လဲ၊ ပေါင်ဒါလေးဘာလေး ရိုက်ချင်ရိုက်''

''မလဲတော့ပါဘူး ဒေါ်ဒေါ်၊ ဒီအတိုင်းပဲတော်ပါပြီ''

အေးမာနှင့်အတူဒေါ်အေးလည်းလိုက်လာသည်။မှုန်နံ့သာ မခြယ်သပေမယ့် ကပိုကရိုအလှက ပို၍ကြည့်ကောင်းသလိုရှိနေသည်။ အေးမာက ထောင်ထဲဝင်လာတုန်းကလို ခေါင်းငုံ့မထားဘဲ ထောင်အဆောက်အအုံများကို လှည့်ပတ်ကြည့်ရင်း မျက်နှာထားတည်တည်နှင့် လိုက်ပါလာခဲ့သည်။

စူးစူးရဲရဲအကြည့်များကို တွေ့ပေမယ့် မမှု၊

လူတစ်ယောက် ခေါင်းငုံ့ဝင်ရသော အပေါက်ကလေးပွင့်သွားပြီး ထောင်မှူးကြီးရုံးခန်းရှေ့ ရောက်သွားသည်။

ထောင်ဝင်စာ တွေ့သူများလည်း ရှိနေသဖြင့် ဘူးဝကြီးတွင် မနေ့ကလိုမဟုတ်ဘဲ စည်ကားကားရှိနေသည်။

ထောင်မှူးကြီးစားပွဲမှာ ဦးရည်အောင် ထိုင်နေသည်။

ထောင်မှူးကြီးက အေးမာကို သူ့စားပွဲရှေ့မှာပင် ထိုင်စေခဲ့သည်။ နောက်မှသိရသည်။ ဦးရည်အောင်နှင့် ထောင်မှူးကြီးက သူငယ်ချင်း။

"ဘယ့်နှယ်လဲ မအေးမာ၊ ထောင်အတွေ့အကြုံက ညက်ညက်ညောညောရှိရဲ့လား"

"မဆိုးပါဘူးလေ၊ အတွေ့အကြုံ အသစ်အစ်ရခဲ့ပါ့"

"မအေးမာအမှုအတွက် မအေးမာအမေက ကျွန်တော့်ကို ငှားလိုက်ပြီလေ၊ မအေးမာ လက်မှတ်ထိုးဖို့ပဲ"

"ရှင်...မေမေက အေးမာအတွက် ဦးရည်အောင်ကို ငှားတယ်"

"ဟုတ်ပါ့ဗျာ၊ မလေးသီနဲ့ မအေးမာ အမေကိုယ်တိုင် လာတာပါ"

"မေမေရယ် သမီးအပေါ်မှာ...."နှုတ်မှ လွှတ်ခနဲ ထွက်သွားသည်။

ပုလဲဥလေးများ ရွှဲနေရာမှ လှိမ့်ဆင်းလာသည်။



"မိဘမေတ္တာဟာ သားသမီးအပေါ်မှာ မချို့ငဲ့တတ်ပါဘူးလေ"

"အေးမာ အများကြီးမှားခဲ့ပါပြီ ဦးရည်အောင်"

"အင်းပေါ့လေ၊ ရှေ့ဆက်မမှားဖို့သာ၊ ကဲ....စခန်းမှာ ထွက်ဆိုခဲ့တဲ့ ထွက်ဆိုချက်ပြောပြပါဦး"

အေးမာက သူ့ထွက်ဆိုခဲ့ပုံများပြောပြပြီး ပါဝါလွှဲစာတွင် လက်မှတ်ထိုးပေးလိုက်၏။

"အထူးတန်းခံစားခွင့်ရဖို့နဲ့ အာမခံရဖို့တော့ ကျွန်တော် ကြိုးစားပါမယ်၊ နက်ဖြန် မလေးသီတို့ ထောင်ဝင်စာလာဖို့လဲ ကျွန်တော် စီစဉ်ခဲ့ပါမယ်"

"ဟုတ်ကဲ့၊ ကျေးဇူးအထူးပဲ တင်ရပါတယ် ဦးရည်အောင်ရယ်"

* * *

တပေါင်းနွှေက ပူသည်။ ထောင်ထဲမှာ အပူဒဏ်ပို၍ ခံရသည်။ မိန်းမထောင်မှာ မိန်းမတွေချည်းမို့ သားမသိ၊ လွှတ်လွှတ်လပ်လပ် နေကြသည်။

တချို့က ထဘီကို ရင်ရှားထားသည်။ တချို့ ရင်ရှားကိုပင် ဖြေလျှော့ထားကြသည်။ မိန်းမချင်းဖြစ်စေကာမူ ကြည့်ရသည်မှာ အကျည်းတန်သည်။

မိန်းမတွေစုမိတော့ ထုံးစံအတိုင်း အတင်းပေါင်းစုံချပြီး ယောကျ်ားတို့အကြောင်းကို တစ်တစ်ခွခွ ပြောကြသည်။ ပြောပုံက အတုံးလိုက် အတစ်လိုက် ပယ်ပယ်နယ်နယ် စိန်ရင်တို့ အုပ်စုက အဆိုးဆုံး၊ ကြားရသည်မှာ ကျောချမ်းရပါဘိ၊ ရင်တုန်ရပါဘိ။

လွတ်လွတ်လပ်လပ် ပြောကြ ဆိုကြသည်ကိုတော့ မပိတ်ပင်နိုင်။ သူတို့ပါးစပ် အသနခံပြီး ပြောနေကြသည်ကို မကြားချင် ရှောင်နေရုံသာ။ ထောင်ထဲမှာ ကုန်ခဲလှသည့်အချိန်ကို စကားဝိုင်းဖွဲ့၍ ကုန်လွန်ရ၏။ ယောကျ်ားတို့အကြောင်း ပြောသည်မှလည်း စိတ်ဝင်စားစရာတွေပါမည်မို့ အာတွေ လျှာတွေ ရှိနေကြသည်။

အေးမာမှာ လုံးတီးနှင့် ခံတွင်း မလိုက်သေးသော်လည်း မနေ့ကထက်စာရင် ပို၍စားလာနိုင်ပြီ။

ထမင်းစားပြီး သပ်သပ်ရပ်ရပ် ခေါက်သိမ်းထားရသော ဒလီစလေးခင်း၍ တရေးတမော အိပ်ဖို့ပြင်လိုက်သည်။ အမေ့အကြောင်း ခေါင်းထဲရောက်လာသည်။ အမေ့အပေါ် ပြုမှားမိခဲ့သည့် အမှားပေါင်းစုံမှာလည်း တစ်ခုပြီးတစ်ခု ပြန်ပေါ်လာရသည်။

ဖြေသိမ့်မရနိုင်သောအမှားများ ပေါ်လာတိုင်း မျက်ရည်ပါလာရပြီ။



ခံစားမှုမှ ပွင့်အန်လာသည့် စကားစုမှာ "မေမေရယ် သမီးမိုက်ကို ခွင့်လွှတ်ပါ" ဟူ၍။

* * *

နောက်တစ်နေ့ ထောင်ဝင်စာတွေ့ရသည်။ မေမေပါလာလိမ့်မည်ဟု မမျှော်လင့်မိ။ မလေးသီပဲ လာလိမ့်မည်ဟု ထင်ခဲ့သည်။ ထောင်ဝင်စာတွေ့ရမည့်နေရာတွင် စောင့်နေသည့် မေမေ့ကို မြင်လိုက်ရတော့ တစ်ကိုယ်လုံး တုန်သွားသည်။ ထိန်းမနိုင်သော မျက်ရည်များ အန်ကျလာသည်။

"မေမေ"

"သမီး"

အပြန်အလှန် ခေါ်လိုက်သံများ တစ်ပြိုင်တည်း ထွက်သွားသော်လည်း နှစ်သံစလုံးမှာ ဗလုံးဗထွေး မပီသ။

မျက်ရည်ထဲမှ မေမေ့အကြည့်က အေးမာကို ကျဉ်စက်နှင့် တို့လိုက်ဘိသို့ခံစားလိုက်ရသည်။ ဒေါ်စိန်ညွန့်မှာ အတော်လေး ကျသွားသည်။ အပြုံးရိပ်မထင်သောမျက်နှာမှာ ပို၍အိုစာသလိုရှိနေသည်။ သားအမိနှစ်ယောက်မှာ စကားမပြောနိုင်ဘဲ မျက်ရည်အပြိုင် ကျနေသည်။

ဘေးတွင်ရှိနေသော မလေးသီ၏ မျက်နှာပေါ်မှာလည်း မျက်ရည်များသာ။

"မေမေ သမီးကို ခွင့်လွှတ်ပါနော်"

ဒေါ်စိန်ညွန့်က အငိုမျက်လုံးကို အပြုံးရိပ်ထင်စေပြီး ခေါင်းညိတ်ပြလိုက်၏။

"မမတို့ကော နေကောင်းကြရဲ့လား"

"ကောင်းတယ် သမီး"

"မမသီ နေကောင်းတယ်နော်"

"ကောင်းတယ် မာ"

"အေးမာက လူတွေကို ဒုက္ခပေးဖို့များ မွေးလာ...."

"ဒါတွေမပြောနဲ့တော့ မာ"

"သမီး နေရထိုင်ရတာ အဆင်ပြေရဲ့လား"

"ပြေပါတယ် မေမေ"

"မေမေ နောက်ထပ်မလာနဲ့တော့နော်၊ မေမေ အသက်ကြီးပါပြီ၊ ပင်ပန်းပါတယ် မေမေရယ်"

"မမသီလဲ မလာနဲ့တော့၊ အေးမာ နေတတ်ပါတယ်၊ ဦးရည်အောင် လာတွေ့သွားတယ် မမသီ"

အချက်ပေး ခေါင်းလောင်းထိုးသံ ပေါ်လာသည်။

စတွေ့ကတည်းက မိခင်ကြီး၏ လက်နှစ်ဖက်ကို ဆုပ်ကိုင်ထားသည့် အေးမာ၏ လက်များမှာ မလွှတ်နိုင်မလွှတ်ရက်



ဖြစ်နေသည်။ မိခင်ကြီးထမည့်ဟန်ပြင်မှ မလွှတ်ချင်လွှတ်ချင် လွှတ်လိုက်ရသည်။

ဦးရည်အောင် တောင်းမှုကြောင့် ထောင်မှူးကြီးစားပွဲမှာပင် တွေ့ကြရသည်။

မလေးသီနှင့် ဒေါ်စိန်ညွန့်တို့ ထလိုက်သည်နှင့် အေးမာလည်း ထလိုက်သည်။ အေးမာက ဒေါ်စိန်ညွန့်ကို ဖက်ပြီး ပါးချင်းအပ်ထားလိုက်သည်။

မလေးသီက မျက်နှာကို တစ်ဖက်လှည့်ထားလိုက်ရသည်။

နောက်ဆုံး အေးမာက မိခင်ကြီးကို လက်အုပ်ချီ၍ ကန်တော့ခဲ့သည့် မြင်ကွင်းမှာ ကြည်နူးစရာဟု ဆိုရမည်ထက် ဝမ်းနည်းစရာအသွင်ဟု ဆိုရပေမည်သာ။

"မေမေ သမီးကို ခွင့်လွှတ်ပါ"

အဆောင်ပြန်ရောက်သောအခါ အေးမာမျက်နှာ ပွင့်လန်းသွားသည်။ ထောင်ဝင်စာအပြန် ပါလာသည့်ပစ္စည်းတွေက မနည်း။ ဝါဒါကြီးပါ နှစ်ယောက်စလုံး တစ်ပွေ့တစ်ပိုက် သယ်လာကြရသည်။

ပါလာသည့်ပစ္စည်းများမှာ စုံလှသည်။ ရှောက်သီးဆေးပြားကအစ ဆားငန်သီး အပါအဝင် ဖျော့လစ်၊ မုန့်သေတ္တာပုံးအထိ ပါသည်။

သရက်သီးသနပ်က နှစ်ပုလင်း၊ ငါးပိကြော်နှင့် ငါးခြောက်ကြော်မှာ လက်တိုဂျင်ဘူးနှင့် အပြည့်။

အေးမာက ဝေခြမ်းပေးစရာရှိသည့် မုန့်ပဲသရေစာများကို ဝေခြမ်းပေးလိုက်သည်။

နက်ကြုတ်မတို့က အေးမာအနား မလာရဲ၊ အဝေးကနေ ကွက်ကြည့်ကွက်ကြည့် လုပ်နေကြသည်။ အေးမာ၏ ဖြစ်ခဲ့သည်ကို အမှတ်မထားဘဲ သူတို့ထိုင်နေသည့်နေရာသို့အရောက် သွားပေးလိုက်သည်။

ကျန်သော ပစ္စည်းအားလုံး ဒေါ်မြမြင့်ခိုင်ဆီ အပ်ထားလိုက်သည်။

ငါးပိကြော်၊ သရက်သီးသနပ်နှင့် လုံးတီးထမင်းမှာ လိုက်ဖက်လှ၏။ ညနေစာတွင် လုံးတီးတစ်ပုံစံပင် မလောက်ချင်။ ထမင်းစားချိန်တွင်လည်း ငါးပိကြော်နှင့် သရက်သီးသနပ်များကို ဝေမျှပေးလိုက်သည်။ ထောင်ဝင်စာမှ ပါလာသမျှ စားစရာများမှာ ဟောလစ်နှင့် မုန့်သေတ္တာပုံးကလွဲပြီး ကျန်တာအားလုံး ငါးရက်အတွင်း တက်တက်ပြောင်သွားသည်။

ကိစ္စမရှိပါ။

နောက်ကစ်နေ့သည် ရုံးထွက်ရမည့်နေ့။

●

## အခန်း (နှစ်ဆယ့်သုံး)

### အမှုဆိုင်ရတော့မည်

ရုံးထွက်ရမည့်နေ့....

မနက်အစောကြီး နိုးနေသည်။ ညဥ့်က မတွေးဘဲနှင့် နိုင်ဦးနှင့် ပတ်သက်သည့် အိပ်မက်များ ဗွေဖောက်လာသည်မို့ အိပ်ရေးမဝသလို ဖြစ်ခဲ့ရသည်။ အဆောင်ဖွင့်သည်နှင့် ရေသွားချိုးပြီး ထောင်ဝင်စာတွင် မလေးသီ ပေးသွားသည့် အဝတ်များထဲမှ အင်္ကျီနှင့် လုံချည်ကို ရွေးထုတ်လိုက်သည်။

အပြာပေါ်တွင် အဖြူပန်းခက်နွယ်လေးများ ဖော်ထားသည့် ပိုးတွန့်လုံချည်နှင့် ရှိုးယားနိုင်လွန် အဖြူအင်္ကျီကို ဝတ်မည်။

အပြာသည် တည်ငြိမ်၏။

အဖြူသည် သန့်စင်၏။

ဆံပင်ကို အလှမပြင် မိတ်ကပ်မတင်ဘဲ သနပ်ခါးအနှစ်ရည် ဝနေသည့် တိုပတ်ပဝါနှင့် မျက်နှာကို ပွတ်သပ်ပြီး ဝါဒါမကြီးနှင့်အတူ ဘူးဝသို့ ထွက်ခဲ့၏။

အေးမာကို ခေါ်သွားမည့် ရဲမေများ အသင့် စောင့်နေကြသည်။ အချုပ်ကားကြီး ရှေ့ခန်းတွင် အေးမာနှင့် ရဲမေဘို ထိုင်ရသည်။

တစ်ပတ်ခန့် ကင်းကွာသွားသည့် မြို့ထဲက မြင်ကွင်းမှာ အေးမာ၏ မျက်စိထဲတွင် အမြင်ဆန်းသလို ရှိနေသည်။ မျက်စိရှေ့တွင် အမြဲတမ်း အကာအကွယ် ပြုထားသော အုတ်ရိုးကြီး မရှိဘဲ ကြည့်ရသော မြင်ကွင်းမှာ မျက်မှန်တပ်ရသူက မျက်မှန် မပါဘဲ ကြည့်နေရာမှ မျက်မှန် ပြန်တပ်ပြီး ကြည့်လိုက်ဘိသို့ ရှိချေ၏။

အေးမာက အလယ်မှာ ထိုင်ရသည်။ ယာဉ်မောင်းသူနှင့် နည်းနည်းတော့ ကပ်နေသည်။ မပွတ်မထိမိအောင် ရှောင်မည် ဆိုရင် ရှောင်သာပါလျက် ဂီယာထိုးတိုင်း ယာဉ်မောင်းသူ၏ လက်မှာ အေးမာ၏ တင်ပါးသားကို မတော်တဆလိုလိုနှင့် တမင်ပွတ်ထိနေသည်။ တစ်ခါ နှစ်ခါဆို အကြောင်းမဟုတ်၊ ခုဟာက ဂီယာထိုးတိုင်း ပွတ်ထိနေသည့်အပြင် လက်က ပို၍ သရမ်းလာသည်။နေရာမရွေ့သာသမို့ အေးမာက မျက်စောင်းခဲပြီး ခပ်တည်တည် ကြည့်လိုက်တော့မှ လက်အနေအထား နည်းနည်းမှန်သွားသည်။ ဒါတောင် အထိအခိုက်က မလွတ်လပ်တတ်သေး၊ ရှိပစေတော့။



ယောကျ်ားသဘာဝပဲကိုးလို့ သဘောမှုလိုက်ရသည်။

ရဲရုံးကြီးသို့ အချုပ်ကား ရောက်သွားသော အချိန်မှာ ရုံးတက်ချိန်။

ငွေစာရင်းရုံးကြီးနှင့် အကောက်ခွန်ရုံး ဝန်းကျင်တွင် သွားလာနေသူများက စောင်းငဲ့ကြည့်သွားကြသည်၊ အမျိုးသမီးရဲမေက လက်ဆွဲပြီး ဆင်းလာသည့် ဆလင်းဘော်ဒီနှင့် မိန်းမချောလေး တစ်ယောက်ကို မျက်စိမလွဲသာသည်ထင်ပ။ တချို့က ခြေလှမ်းတန့်ပြီး အသွားရပ်၍ စူးစူးစိုက်စိုက်ပင် ကြည့်ကြသည်။

ပြီးတော့မှ အချင်းချင်း တိုးကိုး တိုးတိုးနှင့်။

ရဲရုံးကြီးတွင် လူတွေ လှုပ်ရှားစပြုနေပြီ ဖြစ်သော်လည်း ရှုပ်ရှုပ်ယှက်ယှက် မရှိသေး။

အေးမာ အမှုဆိုင်ရမည့် ဒုတိယရာဇဝတ်တရားသူကြီးရုံးခန်းသို့ အေးမာ ရောက်သွားသောအချိန်တွင် ရုံးခန်းထဲမှာ ဘယ်သူမှ မရှိကြသေးပေ။ ခဏကြာမှ ဒေါ်စိန်ညွန့်နှင့် မလေးသီတို့ ရောက်လာကြသည်။

“မမသီတို့ ရုံးရောက်နေတာ ကြာပြီလေ၊ ဟိုခမ်း ဒီမေးနဲ့မို့၊ မာတော့ ကြာပြီလား”

“မကြာသေးဘူး မမသီ၊ ခုလေးတင်ပဲ၊ မေမေနေကောင်းတယ်နော်”

"အေး....သမီး၊ ကောင်းတယ်"

"မေမေ မလာပါနဲ့ကို ဒုက္ခခံပြီး...."

"ဒုက္ခဆိုတာက စန္ဒာရကတည်းက ဆိုတော့ မဆန်းပါဘူးလေ"

"မေမေ သိပ်ပင်ပန်းနေမှာ စိုးလို့ပါ"

ဒေါ်စိန်ညွှန့်၏ မျက်နှာမှာ ထောင်ဝင်စာ တွေ့ဘည့်နေ့က ထက် ကြည်သာရွှင်ပျနေသည်၊ ရုံးခန်းထဲတွင် ဘယ်သူမှ မရှိသေးသဖြင့် အေးအေးဆေးဆေးပင် စကားပြောကြရသည်၊

သည်နေ့တော့ အစပိုင်းလောက်သာ မျက်ရည်စိုင်းကြ၏၊ မျက်ရည်မသွယ်ကြ၊

အေးမာ ကြိုက်တတ်သော ကြည့်မြင်တိုင် ကိုအေး မုန့်တွင်းခါးကို တကူးတကာ ထည့်ယူလာသည်၊

အေးမာက မိခင်ကြီးအပေါ် ပြုမှားမိခဲ့သည်များကို ခွင့်လွှတ်ပါမည့်အကြောင်း ထပ်တလဲလဲ တောင်းပန်စကားနှင့် ခွင့်လွှတ်မှုကို တောင်းခံခဲ့၏၊

"သမီး.... မိဘဆိုတာလေ သားသမီးက ခွင့်လွှတ်ဖို့ တောင်းပန်မှ ခွင့်လွှတ်ကြတာ မဟုတ်ပါဘူးကွယ် သားသမီးတွေအပေါ်မှာ အမြဲတမ်း ခွင့်လွှတ်နေကြတာ အေး—သားသမီးက ကိုယ့်အမှား ကိုယ်သိတယ်ဆိုရင် မိဘက အတိုင်းသက်အလွန် ဝမ်းသာရတာပေါ့ကွယ်"



ဒေါ်စိန်ညွှန့်က အေးမာ၏ ပါးလေးနှစ်ဖက်ကို ကိုင်ပြီး ခွင့်လွှတ်စကားဆိုခဲ့သည့် မြင်ကွင်းမှာ ကြည်နူးစရာကောင်းလှ၏၊

ထိုစဉ် စားစရာ ဘစ်ပွေ့တစ်ဗိုက်နှင့် မောင်ညိုယဉ် ရောက်လာသည်၊ ဦးရည်အောင်လည်း ရောက်လာသည်၊ သူတို့စကားဝိုင်းမှာ ပို၍ စိုပြည်သွားသည်၊

တရားရုံးမှာ စကားသံ၊ လှုပ်ရှားသံများနှင့် စည်စေလာသည်၊

တရားသူကြီးလည်း တရားခွင်ပေါ် ရောက်ပြီ၊

ရက်ချိန်းပေးရမည့် အမှုသည်များကို တစ်ဦးပြီးတစ်ဦး ခေါ်၍ ရက်ချိန်းပေးပြီး စစ်ဆေးမည့် အမှုများအနက် အေးမာအမှုကို ပထမဆုံး ခေါ်လိုက်သည်၊ နှစ်ဖက်သော ရှေ့နေကြီးများ၏ အမှုအတွက် လိုက်ပါဆောင်ရွက်မည့် လွှဲစာနှင့် အမှုကြောင်းကို ကြည့်ပြီး နောက်တစ်ပတ် ရုံးချိန်းတွင် စစ်ဆေးမည်ဖြစ်၍ လျှောက်ထားစရာရှိက လျှောက်ထားရန် ပြောလိုက်သဖြင့် ဦးရည်အောင်က အေးမာအတွက် အထူးတန်း ခံစားခွင့်ပေးရန် လျှောက်ထားတင်ပြခဲ့၏၊

အထူးတန်း ခံစားခွင့် ရဆိုက်သူဖြစ်ကြောင်း အထောက်အထားများနှင့် လိုအပ်သောစာရွက်စာတမ်းများကိုပါ တင်ပြခဲ့၏၊

ကြိုတင် စီစဉ်ထားသည့်အတိုင်း စာရွက်စာတမ်းများကို စစ်ဆေးပြီး ရှောရှောရှူရှူပင် အထူးတန်း ခံစားခွင့်အမိန့် ချမှတ်ပေးလိုက်၏။

ထောင်ဝင်သို့ ပြန်ရတော့မည်။

ဒေါ်စိန်ညွန့်က သမီးဖြစ်သူ၏ လက်ထဲသို့ ဖြူဖွေးအိနွစ် နေသော ဆင်စွယ် ပုတီးတစ်ကုံးကို ထည့်ပေးပြီး ''သမီး မေမေ့ကို ကျေးဇူးဆပ်ချင်ရင် ဟောဒီ မေမေပေးတဲ့ ပုတီးနဲ့ ဂုဏ်တော်ကွန်ချာကို အမြဲဒွန် စိပ်ပါ့မယ်လို့ ကတိပေးပါလား၊ ဟောဒီမှာ ပုတီးစိပ်နည်းနဲ့ သမီးလုပ်ရမယ့် အချက် တွေပါတယ်''

''သမီး ကတိပေးပါတယ် မေမေ၊ မေမေ့ အမှာအတိုင်း ဒီညကစပြီး သမီး လုပ်ပါ့မယ်''

''သာဓုကွယ်....သာဓု၊ မေမေ ကျေနပ်ပါပြီ သမီးရယ်''

ခွင့်လွှတ်ခြင်းနှင့် ခွဲခွာခြင်းမှာ မျက်ရည်စများနှင့်....

* * *

ထောင်ကို အစောကြီးပြန်ရောက်လာသည်၊ အထူးတန်း ခံစားခွင့်အမိန့်ပါလာသည်မို့ အေးမာအတွက် ခုတင်၊ မွေ့ရာ ခြင်ထောင်များ ထုတ်ပေးခဲ့သည်။ အေးမာက ဒေါ်မြမြင့်ခိုင် လိုပင် ခုတင်ကိုအသုံးမပြုဘဲ မွေ့ရာနှင့်ခြင်ထောင်သာ ယူခဲ့၏။



အထူးတန်းခံစားခွင့်ရသူများအတွက် သီးသန့်ပေးထားသည့် ဒေါ်မြမြင့်ခိုင်အနားသို့ ရွှေ့ခဲ့ရ၏။

သူတို့နေရာမှာ ကျယ်ပြန့်သည်။

ရိုးရိုးတန်းရသူများလို တစ်ယောက်နှင့်တစ်ယောက် ပူးကပ်မအိပ်ရ၊ အလင်းရောင်ရော လေဝင်ပါ ကောင်းသည့် ထောင့်စွန်းလေးမှာ သန့်သန့်ပြန့်ပြန့်ရှိသည်။

မွေ့ရာမှာ အုန်းဆံသွပ်မွေ့ရာဖြစ်သော်လည်း ဖလီအခင်းနှင့် အိပ်ရသည်ထက်တော့ သာသည်။ ခြင်ထောင်နှင့် အိပ်ရ သည်မှာလည်း စိတ်လုံလုံလွဲလွဲရှိသည်။

ပုတီးစိပ်မည်ဟု မိခင်ကြီးအား ကတိပေးခဲ့သည်၊ တကယ် စိပ်ဖို့ကျတော့ အခက်၊ အေးမာက ဘုရားကိုပင် စွတ်တိ ပတ်တိ ရှိခိုးခဲ့သူမဟုတ်၊ ဘုရားရှိခိုးနှင့် ငါးပါးသီလကို ပြန် ဆိုကြည့်ရသည်။

အစီအစဉ်မတည့်၊ ဘုရားမရှိခိုးခဲ့သည်မှာ ကြာပြီ၊ အမေ မြစ်ဆီမှာ ဘုရားရှိခိုးနှင့် ပါးသီလကို ပြန်သင်နေရသည် နှင့် ထိုညက ပုတီးမစိပ်ဖြစ်ပေ။

အမေ့စာထဲမှာ ပုတီးမစိပ်ခင် ပြုလုပ်ရမည့် ပြုလုပ်မှုယီ များပါသည်။

စိတ်ကိုငြိမ်အောင်လုပ်၊ ငြိမ်အောင်ထား။

ငါးပါးသီလယူ။

ဂိုဏ်းတော်ကွန်ချာကို မရသေးခင် အောက်ပါ ပုတီးစိပ်နည်းကို စိပ်ပါ။

"အဇ္ဈတ္တဂေ၊ ပါကုပေတံ၊ ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ" ယနေ့မှစ၍ အသက်ထက်ဆုံး အနန္တကျေးဇူးတော်ရှင် သဗ္ဗညုတ မြတ်စွာဘုရား သခင်ကိုယ်တော်မြတ်ကြီးအား ဆည်းကပ်ကိုးကွယ်ပါ၏။

"အဇ္ဈတ္တဂေ၊ ပါကုပေတံ၊ ဓမ္မံ သရဏံ ဂစ္ဆာမိ" ယနေ့မှစ၍ အသက်ထက်ဆုံး သစ္စာလေးပါး တရားမြတ်ကို ဆည်းကပ်ကိုးကွယ်ပါ၏။

"အဇ္ဈတ္တဂေ၊ ပါကုပေတံ၊ သံဃံ သရဏံ ဂစ္ဆာမိ" ယနေ့မှစ၍ အသက်ထက်ဆုံး အရိယာနွယ်ဝင် သံဃာတော် အရှင်သူမြတ် အပေါင်းတို့အား ဆည်းကပ်ကိုးကွယ်ပါ၏။

အဓိပ္ပာယ်အလွယ်တကူနှင့် စာသုံးကြောင်းမျှသာရှိသော ပုတီးစိပ်ကိုမူ တစ်ခဏချင်းအလွတ်ရသဖြင့် နောက်တစ်နေ့မှစ၍ ထိုပုတီးစိပ်အတိုင်း ပုတီးကိုးပတ် စ၍ စိပ်ခဲ့၏။

ဂိုဏ်းတော်ကွန်ချာနှင့်မူ လုံးထွေးနေရဆဲ၊

မိခင်ကြီး ပေးလိုက်သော အလုပ်မှာ အေးမာ အတွက် အတော့်ကို ဟန်ကျနေသည်။

နေ့တာရှေ့ ညတာပါ အချိန်ကုန်လွယ်ခဲ့သည်မှာ လက်ငင်း အမြတ်ပါတည်း။



ဒုတိယပတ် ရုံးထွက်၊

အေးမာ ပို၍တည်ငြိမ်လာသည်၊

သည်နေ့တော့ ပန်းရောင်နှင့် အဖြူကို တွဲစပ်ဝတ်ခဲ့သည်၊ အထူးတန်းရထားသည်မို့ အချုပ်ကားအကြီးကြီးကို မစီးရတော့ဘဲ ဂျစ်ကားတလေးနှင့် ရုံးထွက်ခဲ့ရသည်၊ တင်ပါးသားအိအိကို ပွတ်တိုက်ခြင်း မခံရတော့၊

ထိုနေ့က တရားလိုဖြစ်သူ နိုင်ဦး၏မိခင် ဒေါ်မမလေး အစစ်ခံမည့်နေ့၊

ဒေါ်စိန်ညွန့်၊ မလေးသီနှင့် ခေါင်ညိုယဉ်တို့မှာ အေးမာနှင့်အတူ ရုံးခန်းထဲတွင် ရှိနေကြသည်၊

ထူးခြားသူမှာ ဒေါ်စိန်ညွန့်။

ဒေါ်စိန်ညွန့်မှာ ပွဲနေပွဲထိုင် သွားမည့်အလား စိန်တွေသီးနေအောင် ဝတ်လာသည်။

မိခင်ဖြစ်သူ ထိုသို့ဝတ်သည်ကို တစ်ခါမှမမြင်ဖူးသူ အေးမာပင် တအံ့တသြဖြစ်ရသည်။

ဦးရည်အောင်လည်း ရောက်နေပြီ၊

တစ်ဖက်သော ရှေ့နေကြီးနှင့်အတူ ဒေါ်မမလေးတို့လူစုဝင်လာသည်။

ဒေါ်မမလေး၊ စတယ်လာနှင့် အမျိုးသမီးအဖော် နှစ်ယောက်၊ ဒေါ်မမလေးမှာ စိန်တွေသီးနေအောင် ဝတ်လာသည်။

စတယ်လာကမူ ရိုးရိုးကလေး။

ဒေါ်မမလေးကမူ သူတို့ရှေ့နေကြီးနှင့် စကားပြောနေသည်။ အေးမာကို လှမ်းကြည့်သည့် မျက်နှာထားမှာတင်းမာလွန်းလှသည်။

စတယ်လာကမူ အေးမာကို ပြုံးပြလိုက်သည်၊ နှစ်ယောက်၏ မျက်နှာသားမှာ မတူ၊ တစ်မူစီ။

စတယ်လာက ပြုံးပြလိုက်သဖြင့် အေးမာကလည်း အပြုံးဖြင့် တုံ့ပြန်လိုက်ရသည်။

တရားခွင်စသည်နှင့် ဒေါ်မမလေးက အောက်ပါအတိုင်း အစစ်ခံသွားသည်။

မင်းကတော်အမူအရာ အပြည့်အဝထင်နေသော ဒေါ်မမလေး၏ စိန်နားကပ်ကြီး တခါခါနှင့် အစစ်ခံ သွားပုံမှာ ဟန်ရေးကြွယ်ပါပေ့၊ မာန်ရေးထည်ပါပေ့။

"ကျွန်မရဲ့ သားဖြစ်သူ မောင်နိုင်ဦးထံက ကာလတန်ဖိုး လေးသောင်းခန့်ရှိတဲ့ စိန်ခြယ်နားကပ်တစ်ရန်၊ စိန်ခြောက်လုံးပါ မြသက်စွပ်တစ်ကွင်း၊ စိန်အသေးအလတ် ၃၃ လုံးပါ နာရီကြိုးတစ်ကုံးနဲ့ ပတ္တမြားလက်ကောက်တစ်ရန်ကို မအေး



မာက ခဏငှားရမ်းပြီး အလွဲသုံးစားပြုလုပ်ခဲ့ပါတယ်၊ ဒီလို ငှားရမ်းပြီး အလွဲသုံးစားလုပ်ခဲ့တာ တစ်နှစ်ကျော်ခန့်ရှိပါပြီ၊ ဒီပစ္စည်းများအကြောင်း သားဖြစ်သူကို မေးမြန်းတဲ့အခါမှာ ကျောင်းတုန်းက သူငယ်ချင်းဖြစ်ခဲ့တဲ့ မအေးမာကို ခဏငှား ခဲ့ကြောင်း ပြောပါတယ်၊ တစ်လက နှစ်လအထိ ကြာတဲ့တိုင် ပစ္စည်းများပြန်မရလို့ ပစ္စည်းများပြန်ရရေးအတွက် ကြားလူများလွှတ်ပြီး တောင်းခဲ့ပါတယ်၊ အေးမာယူတာမှန်ပေမယ့် ပြန်မပေးနိုင်ဘူးလို့ ငြင်းခဲ့ပါတယ်၊ သားဖြစ်သူမသေခင် အထိ သားဖြစ်သူက ပစ္စည်းများပြန်ရအောင် လုပ်ပေးပါမယ်လို့ အတန်တန်ပြောဆိုချက်အရ အမှုဖွင့်ဘဲ ပစ္စည်းပြန်ရရေးလုပ်နေတုန်းမှာ သားဖြစ်သူ သေဆုံးခဲ့ပါတယ်၊ (........) ရက်နေ့မှာ ပစ္စည်းများ အလွဲသုံး စားပြုကြောင်း အမှုဖွင့် တိုင်ကြားခဲ့ရခြင်း ဖြစ်ပါတယ်" ဟု အစချီ၍ အမှုဇာတ်ကြောင်းကို အစစ်ခံသွားသည်။

ဒေါ်မမလေးက ဤသို့ထွက်ဆိုအစစ်ခံခဲ့စဉ် အေးမာကို တစ်လှည့် တရားသူကြီးကိုတစ်လှည့် မျက်နှာမူပြီး အသံအနိမ့်အမြင့်ကို သံယိုထား၍ ထွက်ဆိုသွားခဲ့၏။

အေးမာက ဒေါ်မမလေးကိုမကြည့်ဘဲ အပြုံးဆောင်သော မျက်နှာထားနှင့် တရားခွင်ဘက်သို့ မျက်နှာမူပြီး ကိုယ်နေဟန်ကို ဖြေလျှော့ထား၏။

ဦးရည်အောင်က သူ၏နေရာမှ ထလိုက်သည်။

မျက်နှာထားမှာ ပြုံးပြုံးလေး။

မေးခွန်းများကို စတင်လိုက်၏။

''အလှဲသုံးစားလုပ်ထားတယ်လို့ ဒေါ်မမလေး ထွက်ဆိုသွားတဲ့ ပစ္စည်းတွေဟာ ဒေါ်မမလေးပိုင်လား၊ ဒါမှမဟုတ် ဒေါ်မမလေးရဲ့သားနဲ့ ချွေးမတို့ပိုင်တဲ့ ပစ္စည်းတွေပါလား''

''မင်္ဂလာလက်ဖွဲ့အဖြစ် ပေးထားတဲ့ပစ္စည်းတွေပေါ့''

''သူတို့ပိုင်တဲ့ ပစ္စည်းတွေပေါ့''

''ဆိုနိုင်ပါတယ်''

''ဒီပစ္စည်းတွေအတွက် ကိုနိုင်ဦးရဲ့ ဇနီးဖြစ်သူဟာ အမှုမတိုင်ဘဲ ဒေါ်မမလေးက တရားလိုပြုလုပ်ပြီး တိုင်ချက်ဖွင့်ခဲ့တာနော်''

''မှာတ်ပါတယ်''

''ကိုနိုင်ဦး ဘာဖြစ်လို့ သေဆုံးသွားပါသလဲ''

''ကိုယ့်ဟာကိုယ် သေနတ်နဲ့ပစ်ပြီး သေသွားပါတယ်။ အဲဒီပစ္စည်းတွေကိစ္စနဲ့ စိတ်ညစ်ပြီး သူ့ကိုယ်သူ လုပ်သွားတာပါ''

''ဟုတ်ကဲ့....ဒေါ်မမလေးရဲ့ ထင်မြင်ချက်ပေါ့''

''ဟုတ်ပါတယ်''

''ဒီပစ္စည်းတွေငွားရမ်းထားကြောင်း၊ ငှားရမ်းပြီး ဘယ်လောက်ကြာမှ ဒေါ်မမလေးကို ပြောခဲ့တာပါလဲ''



''စိတ်အထင် လေးငါးခြောက်လရှိမလားပဲ၊ အတိအကျတော့ မမှတ်မိပါဘူး''

''ပြောတဲ့အကြောင်းက ဒေါ်မမလေးရဲ့ ပစ္စည်းတွေကို စစ်လို့လား၊ ဒါမှမဟုတ် ဘယ်လိုအကြောင်းကို အခြေခံပြီး ပြောခဲ့ပါသလဲ''

''ကျွန်မကို ချွေးမကမပြောလို့ သူ့ကိုမေးရတာပါ''

''အဲဒီတုန်းကကတည်းက အမှုဖွင့်တိုင်ကြားနိုင်ပါလျက်ခုမှ ဘာကြောင့်အမှုဖွင့်ရတာပါသလဲ''

''သူရအောင်လုပ်ပေးပါရစေဆိုပြီးအချိန်ဘောင်းလို့ပါ''

''ပစ္စည်းတွေပြန်ရအောင် လုပ်တယ်ဆိုရာမှာ တရားဝင်ဘယ်လိုအကြောင်းကို အခြေခံပြီးလုပ်ခဲ့ပါသလဲ''

''ကြားလူနဲ့ ပြောခိုင်းဆိုခိုင်းတာပါ''

''တရားဝင် သက်သေလူကြီးများနဲ့ ပြောတာမဟုတ်ဘူးပေါ့''

''မဟုတ်ပါဘူး''

''ဒေါ်မမလေးရဲ့ထွက်ဆိုချက်ထဲမှာ မအေးမာဟာ ပစ္စည်းတွေ ယူထားတာမှန်ပေမယ့် ပြန်မပေးနိုင်ဘူးလို့ ပါပါတယ်၊ ဒါဆို တရားစွဲရုံကလွဲလို့ ဘာမှမလုပ်နိုင်ဘူးဆိုတာထင်ရှားနေပြီပဲ၊ ကိုနိုင်ဦးကတရားလိုပြုလုပ်ပြီး တိုင်ချက်ဖွင့်ဖို့ မတိုက်တွန်းခဲ့ဘူးလား''

"တိုက်တွန်းခဲ့ပါတယ်"

"ဒီတော့"

"သူ ကြိုးစားပါရစေဦးဆိုလို့ပါ"

"ဒီပစ္စည်းတွေဟာ မအေးမာကို ပေးတာမဟုတ်တဲ့ သူ ကိုယ်တိုင်သုံးစွဲထားတာ ဖြစ်နေမလားလို့ သံသယ မဖြစ်ဘူးလား"

"မဖြစ်ပါဘူး"

"ဘာကြောင့်ပါလဲ ခင်ဗျာ"

"သား ဒီလိုမလုပ်ဖူးဆိုတာ ယုံကြည်လို့ပါ"

"အဖိုးတန်ပစ္စည်းတွေကို မေးတဲ့အခါကျမှ ငှားထားပါတယ်လို့ ပြောတဲ့သားအပေါ်မှာ ဘယ်လိုမှသံသယမဖြစ်မိဘူးပေါ့"

"ဟုတ်ပါတယ်"

"ဒေါ်မမလေးရဲ့ ခင်ပွန်းသည်က ဘာလုပ်ပါသလဲဗျာ"

"ရဲအရာရှိပါ"

"ဘယ်အဆင့်ရှိပါသလဲ"

"လက်ထောက်ရဲမင်းကြီးပါ"

"ကျေးဇူးတင်ပါတယ်၊ ဒီလောက်ပါပဲ"



ဦးရည်အောင်က ဒီလောက်သာမေးမြန်းခဲ့၏။ ဒေါ်မမလေးတို့ကိုယ်တိုင်က နိုင်ဦးနှင့် အေးမာတို့၏ အတိတ်ဇာတ်လမ်းကို အစမဖော်ဘဲမြုပ်ထားသမို့ ဦးရည်အောင်ကလည်း မြုပ်ကွက်အတိုင်း ထားလိုက်သည်။ အစဖော်ခဲ့ရင် မေးဖို့ ပြင်ဆင်ထားသည့် အချက်များကို လျှို့ထားလိုက်သည်။ အဲဒီ အကြောင်းသာ ဖော်ခဲ့ရင် အမှုခင်းပိုရှုပ်ထွေးနိုင်သည်။ ခုတော့ သူတို့ကိုပင် ကျေးဇူးတင်ရမလိုရှိရသည်။

သူတို့ မထုတ်ဖော်သည်မှာလည်း အကြောင်းရှိလိမ့်မည်။ မည်သို့ပင်ရှိစေ မထုတ်ဖော်သည်က ပိုကောင်းသည်။

* * *

**စတယ်လာ ထွက်ဆိုချက်**

စတယ်လာက တရားခွင်ရှေ့ရှိ ကုလားထိုင်တွင် ထိုင်လိုက်စဉ် အေးမာထိုင်နေရာဘက်သို့ မျက်ဝန်းတစ်ချက် ဝေ့ကြည့်လိုက်သည်။

"ကိုနိုင်ဦးဟာကျွန်မရဲ့ ခင်ပွန်းသည်ပါ၊မင်္ဂလာဆောင်ပြီးစကာ ပစ္စည်းပေါ့အများကြီးပြပြီးကျွန်မကိုပေးပါတယ်၊ကျွန်မ ငယ်ငယ်ကတည်းက လက်ဝတ်လက်စားဝတ်ဖို့ ဝါသနာမပါလို့ကြည့်ရုံကြည့်ပြီး ကိုဦးပဲသိမ်းထားပါလို့ ပြောခဲ့ပါတယ်။ ဘာတွေပါတယ်ဆိုတာတော့ ကျွန်မလဲ ကောင်းကောင်း မမှတ်မိပါဘူး၊ နောက်တော့ ဒီပစ္စည်းတွေနဲ့ ကိုဦး ထင်ရာ လုပ်နေတယ် သတင်းကြားလို့ မေးမိပါတယ်၊ သူကငြင်းပြီး

ပစ္စည်းတွေရှိတယ်လို့ ပြောပါတယ်၊ ပြစမ်းပါဆိုတော့ သူ ထုတ်ပြပါတယ်၊ မင်္ဂလာဆောင်ပြီးစက ပြတာလောက်တော့ မရှိဘူးလို့ စိတ်ထဲက ထင်ပါတယ်၊ ကျွန်မမှာ ကျွန်မရဲ့မိဘက ပေးထားတဲ့ လက်ဝတ်လက်စားတွေရှိတာမို့ ကိုဦးပေးတဲ့ ပစ္စည်းတွေကို မဝတ်မိခဲ့ပါဘူး၊ အဲဒီအကြောင်းကို ကိုဦးရဲ့ မိဘများကို ပြောပြခဲ့ပါတယ်၊ ကိုဦးအမေက ပစ္စည်းတွေလာစစ်ပြီး ဘာတွေလျော့နေတယ်ဆိုတာ ကျွန်မရှေ့မှာပဲ ပြောပါတယ်၊ ကျွန်တို့ပစ္စည်းတွေကိုလဲ ကျွန်မလက်ထဲ အပ်ခဲ့ပါတယ်၊ ကိုဦးကို သူ့အမေမေးစဉ်က မအေးမာဆိုတဲ့ သူငယ်ချင်းတစ်ယောက်ဆီမှာ ပစ္စည်းတွေပေးထားတယ်လို့ ပြောတာကြားရပါတယ်၊ ကိုဦး သေဆုံးသွားတဲ့အထိ ဒီပစ္စည်းတွေ ပြန်မရသေးကြောင်း သိရပါတယ်''

စတယ်လာက လိုပြသက်သေ (၁) အဖြစ် အထက်ပါအတိုင်း ထွက်ဆိုအစစ်ခံသွားခဲ့၏။

ဦးရည်အောင်က စတယ်လာကို ပြုံးပြုံးကြီးကြည့်ပြီး....

''ကျွန်တော် သေဆုံးသွားသူတစ်ဦးရဲ့ ပုဂ္ဂိုလ်ရေးနဲ့ ဆိုင်တဲ့ မေးခွန်းမျိုးမေးဖို့ ဆန္ဒမရှိပါဘူး၊ ဒါပေသိ မမေးမဖြစ်တဲ့ မေးခွန်းတချို့ကို မေးရတော့မှာဖြစ်တဲ့အတွက် ဒေါ်စတယ်လာကို တောင်းပန်ပါတယ်'' ဟု ခြေဆင်းစကားခံလေးဖြင့် စတယ်လာကို ဆွဲယူလိုက်၏။

''ကိုနိုင်ဦးက ဒေါ်စတယ်လာကို ပြတဲ့ပစ္စည်းတွေဟာ စိန်ထည်တွေပဲပေါ့နော်''



''ဟုတ်ပါလိမ့်မယ်''

''လိမ့်မယ်ဆိုတာက မသေချာဘူးဆိုတဲ့ သဘောပေါ့''

''ကျွန်မကိုင်တော့ ကြည့်ပါတယ်၊ သေသေချာချာတော့ မကြည့်မိပါဘူး''

''မိန်းကလေးတိုင်းဟာ လက်ဝတ်ရတနာကို မက်မောကြပါတယ်၊ ဒေါ်စတယ်လာကတော့ မမက်မောဘူး ထင်ပါရဲ့''

''ကျွန်မမှာ ဝတ်ဖို့ရှိနေတဲ့အပြင် ကျွန်မက ပစ္စည်းတွေ သိမ်းရဆည်းရတာကို ဝန်လေးတတ်လို့ပါ''

''ဒီပစ္စည်းတွေနဲ့ ကိုနိုင်ဦး ထင်ရာလျှောက်လုပ်နေတယ်ဆိုတာ ဘာကိုဆိုလိုပါသလဲ''

''ဒီပစ္စည်းတွေနဲ့ မိန်းမကိစ္စရှုပ်နေတယ်လို့ ကြားလို့ပါ''

''ဘယ်သူနဲ့ ဘယ်ဝါနဲ့လို့ သေသေချာချာ ကြားတာပေါ့''

''ဒီလိုတော့ မဟုတ်ပါဘူး''

''တရားခံအဖြစ် အစွပ်စွဲခံနေရတဲ့ ဒေါ်အေးမာကို အစကတည်းက သိပါသလား''

''ကိုနိုင်ဦး မိတ်ဆက်ပေးလို့ တစ်ခါတွေ့ဖူးပါတယ်''

''သူတို့နှစ်ယောက် တော်တော်ကြီးရင်းနှီးမှု ရှိကြတယ်လို့တော့ မသိဘူးပေါ့''

''မသိပါဘူး''

"ဒေါ်အေးမာဆီမှာ ငွေစည်းတွေ ပေးထားတယ်လို့ ကိုနိုင်ဦးက ဒေါ်စတယ်လာကို ပြောဖူးပါသလား"

"ဒီလိုတော့ မပြောဖူးပါဘူး"

"ဒေါ်စတယ်လာရဲ့ ထွက်ချက်ထဲမှာ ဒေါ်အေးမာကို ပေးထားကြောင်း ကြားတယ်လို့ ပါပါတယ်"

"ကိုဦး သူ့မာမီကို ပြောနေတာပါ"

"ဇနီးတစ်ယောက်ဖြစ်တဲ့ ဒေါ်စတယ်လာကိုတော့မပြောဖူးဘူးပေါ့"

"ဟုတ်ပါတယ်"

"ကိုနိုင်ဦး လောင်းကစားလုပ်တယ်လို့ကော ကြားမိပါသလား"

"မကြားမိပါဘူး"

"မိန်းမကိစ္စကော"

"ကြားဖူးပါတယ်"

"ဒေါ်စတယ်လာတို့ အိမ်ထောင်ရေး အဆင်ပြေပါတယ်နော်"

"ပြေတစ်လှည့်၊ မပြေတစ်လှည့်ပါပဲ"

"ရုံးတော်ရှေ့မှောက်မှာ ရောက်နေတဲ့ ဒေါ်အေးမာဟာ ခေတ်ပညာတတ်တစ်ယောက် ချမ်းသာတဲ့မိဘများရဲ့ သမီးတစ်ယောက်ဖြစ်တယ်ဆိုတာတော့ ဒေါ်စတယ်လာ သိပါတယ်နော်"

"ဟုတ်ကဲ့၊ ကိုဦးပြောပြလို့ သိဖူးပါတယ်"



"ဒေါ်စတယ်လာမေးတုန်းက ကိုနိုင်ဦးက ငွေစည်းတွေ ထုတ်ပြခဲ့တယ်နော်"

"ဟုတ်ကဲ့၊ ပြပါတယ်"

"ကျေးဇူးတင်ပါတယ်၊ ဒီလောက်ပါပဲ"

ဦးရည်အောင် မေးခွန်းများမေးပြီးနောက် မနက်ပိုင်း စစ်ဆေးခြင်းကို ရပ်နား၍ နေ့လယ်ပိုင်းတွင် လိုပြသက်သေ နှစ်ဦးကို ဆက်လက်စစ်ဆေးခဲ့၏။

* * *

**ဒေါ်နုနုရီ ထွက်ဆိုချက်**

"ကျွန်မ ဒေါ်မမလေးတို့ မိသားစုနဲ့ ခင်မင်ရင်းနှီးခဲ့တာ နှစ်ပေါင်းနှစ်ဆယ်ကျော်ရှိပါပြီ၊ ဆွေမျိုးလို ဖြစ်နေတဲ့အတွက် ကောင်းတိုင်ပင် ဆိုးတိုင်ပင် နေခဲ့ကြပါတယ်၊ ဒေါ်မမလေးက သူ့သားရဲ့ ငွေစည်းတချို့ကို မအေးမာဆိုတဲ့ မိန်းကလေးက လှည့်ဖြားယူထားကြောင်း၊ ဒီကိစ္စအတွက် ကြားလူအဖြစ် မအေးမာနဲ့သွားတွေ့ပြီး မေးမြန်းရှင်းလင်းပေးဖို့ အကူအညီတောင်းပါတယ်၊ ကျွန်မ မအေးမာကို နှစ်ကြိမ် သွားတွေ့ခဲ့ပါတယ်၊ ပထမအကြိမ်တွေ့တုန်းက မအေးမာက သူ့ကိုအပိုင်ပေးထားတဲ့ ငွေစည်းတွေဖြစ်လို့ ပြန်မပေးနိုင်ဘူးလို့ ပြောပါတယ်၊ ကျွန်မက ပြေရာပြေကြောင်းလုပ်ဖို့ ပြောပြီး ပြန်ခဲ့ပါတယ်၊ ဆယ့်ငါးရက်လောက်ကြာတဲ့အခါ ဒုတိယအကြိမ် သွားပါတယ်၊ ဒေါ်မမလေးတို့ပြောခိုင်းတဲ့အတိုင်း ငွေစည်း

သုံးပုံတစ်ပုံယူပြီး နှစ်ပုံပြန်ပေးဖို့ ပြောပါတယ်၊ မအေးမာက ငြင်းမြဲအတိုင်း ငြင်းပါတယ်၊ ကျွန်မပြန်ခါနီး အမှုလုပ်လိမ့်မယ့် အကြောင်း တစ်ပတ်လောက် စဉ်းစားပြီး အကြောင်းပြန်ချင် ပြန်နိုင်ဖို့ ကျွန်မရဲ့ အိမ်လိပ်စာကို ပေးခဲ့ပါတယ်၊ နောက်ထပ် ဘာအကြောင်းမှ မပြန်ပါဘူး''

ဒေါ်နုနုရီက ဤသို့ထွက်ဆိုခဲ့၏။

ဒေါ်နုနုရီ ဤသို့ထွက်ဆိုချက်မှာ ဒေါ်မမလေး၏ ထွက်ဆိုချက်ကို ပို၍ခိုင်လုံအောင် ထောက်ခံထွက်ဆိုသောထွက်ဆိုချက် ဖြစ်၏။

ဦးရည်အောင် အလှည့်...

''ဒေါ်နုနုရီက စိန်ပွဲစားလုပ်တယ်နော်''

''ဟုတ်ပါတယ်''

''ဒေါ်မမလေးကလဲ စိန်ပွဲစားဆိုတော့ ရင်းနှီးကြမှာ ပေါ့''

''ဟုတ်ကဲ့ ရင်းနှီးပါတယ်''

''အခုလို ရုံးတော်မှာ သက်သေအဖြစ် လာရောက်ထွက်ဆို ပေးတဲ့အတွက် အကျိုးအမြတ် ရှိဟန်ကောင်းပါရဲ့နော်''

''တန့်ကွက်ပါတယ်၊ သက်သေတစ်ဦးရဲ့ သိက္ခာကို ထိပါး စေတဲ့ မေးခွန်းမျိုး မေးတာဟာ တရားရုံးတော်ကို မထီမဲ့မြင် ပြုရာကျပါတယ်''

တစ်ဖက်သော ရှေ့နေကြီးက စိတ်ဆိုးမာန်ဆိုး ထပြီး ကန့်ကွက်လိုက်၏။

ဦးရည်အောင်က ဟဲဟဲ့ရယ်ပြီး....



''ကျွန်တော် အနူးအညွတ် တောင်းပန်ပါတယ် ခင်ဗျာ၊ ကျွန်တော် မေးချင်တာနဲ့ ထွက်သွားတဲ့စကား လွဲမှားသွားပါ တယ်၊ စိန်ပွဲစားတို့ ဘာတို့ဆိုတာ အကျိုးအမြတ်မရှိဘဲ ဘာမှ မလုပ်ဘူးဆိုတာ ကြားဖူးတာ စိတ်ထဲစွဲသွားလို့ပါ၊ ကျွန်တော် ရုံးတော်ကို တောင်းပန်ပါတယ်''

ဦးရည်အောင်က တမင် ကလီလိုက်ခြင်းဖြစ်သလို သက်သေ သရုပ်သကန်ကို နည်းပရိယာယ်သွယ်၍ ပြလိုက်ခြင်းဖြစ်၏။

''ဒေါ်နုနုရီ မအေးမာကို သွားတွေ့တာ ဘယ်နေ့ပါလဲ''

''နေ့တော့ ကောင်းကောင်း မမှတ်မိပါဘူး''

''နှစ်ကြိမ်စလုံး နေ့ကို မမှတ်မိတာပေါ့နော်''

''ဟုတ်ပါတယ်''

''မအေးမာနဲ့ အရင်က မသိဘူးပေါ့နော်''

''ဟုတ်ပါတယ်''

''ဒါဖြင့် မအေးမာရဲ့အကြောင်းကိုလဲ မသိဘူးပေါ့၊ သူ့ရဲ့ မျိုးရိုးစဉ်ဆက်နဲ့ မအေးမာတို့ရဲ့ စီးပွားရေးအနေအထားကိုလဲ မသိဘူးပေါ့''

''ဟုတ်ကဲ့''

''မအေးမာကို ဘယ်မှာသွားတွေ့ပါသလဲ''

''သူနေတဲ့ အမျိုးသမီး တည်းခိုဆောင်မှာပါ''

''ဧည့်ခန်းမှာ တွေ့တာလား၊ မအေးမာရဲ့အခန်းမှာ တွေ့ တာလား''

''ဧည့်ခန်းမှာ တွေ့ရတာပါ''

"တုတ်ကဲ့.... ကျေးဇူးပြုပြီး ညှော်ခန်း အနေအထားကို ရုံးတော်ကို ပြောပြစေလိုပါတယ်"

"ညှော်သည်တွေနေတဲ့ နေရာလို့ပဲ မှတ်မိပါတယ်၊ သေသေချာချာတော့ သတိမထားမိပါဘူး"

"ဒေါ်နုနုရီ နှစ်ခေါက် ရောက်ခဲ့တယ်နော်"

"ဟုတ်ပါတယ်"

"မအေးမာနဲ့ ချက်ချင်း တွေ့ရပါသလား"

"ချက်ချျင်း မတွေ့ရပါဘူး"

"ဘယ်လောက်ကြာကြာ စောင့်ပြီးမှ တွေ့ရပါသလဲ"

"ဆယ့်ငါးမိနစ်၊ မိနစ်နှစ်ဆယ်လောက် စောင့်ရမယ်လို့ ထင်ပါတယ်"

"နှစ်ကြိမ်စလုံးပေါ့"

"ဟုတ်ပါတယ်"

"မိန်းမသားတို့ သဘာဝ ကိုယ်ရောက်တဲ့နေရာကို စပ်စုတတ်ကြပါတယ်၊ ဒေါ်နုနုရီတို့လို ပွဲစားလုပ်သက်ရင့်နေသူတွေဆို ပိုပြီး အကဲခ လွဲ့လာမိလိမ့်မယ် ထင်ပါတယ်"

"အမှတ်တမဲ့ပါပဲ"

"မအေးမာကိုတွေ့ဖို့ ဘယ်သူနဲ့ အရင်တွေ့ရပါသလဲ"

"အဲ....အဲ....အဲဒီမှာ တွေ့တဲ့လူတွေ မေးစမ်းပြီး တွေ့ရတာပါ"

"တွေ့တဲ့အချိန်က မနက်ပိုင်းလား၊ နေ့လယ်ပိုင်းလား၊ ဒါမှမဟုတ် ညနေပိုင်းလား"

"နေ့လယ်ပိုင်းပေါ့"



"နှစ်ကြိမ်စလုံးပေါ့"

"ဟုတ်ပါလိမ့်မယ်"

"ဒါဖြင့် ညနေပိုင်းမျှားလား"

"နေ့လယ်ပိုင်းပါ"

"အဲဒီလို သွားတွေ့တော့ ဘယ်သူပါပါသေးလဲ"

"ဘယ်သူမှ မပါပါဘူး"

"ဒါဖြင့် ဒေါ်နုနုရီတို့ စကားပြောတော့ အနားမှာ ဘယ်သူမှ မရှိဘူးပေါ့နော်"

"ဟုတ်ပါတယ်"

"မအေးမာက သူကို အပိုင်ပေးတဲ့ ပစ္စည်းတွေပါလို့ ပြောတော့ ဘာဖြစ်လို့ အပိုင်ပေးရသလဲလို့ကော မေးမိပါသေးသလား"

"မမေးမိပါဘူး"

"ကိုနိုင်ဦးနဲ့ မအေးမာတို့ဟာ ဘာမှမတော်ဘဲ အဖိုးတန်ပစ္စည်းတွေ အလကားပေးတယ်လို့ ပြောတာကို မအံ့သြမိဘူးပေါ့"

"အံ့သြမိပါတယ်"

"အံ့သြမိလျက်နဲ့ ဘာကြောင့် ပေးတယ်လို့ မစပ်စုမိဘူးပေါ့"

"ဟုတ်ပါတယ်"

"ဒေါ်နုနုရီ သွားတွေ့ဖူးတဲ့ မအေးမာနဲ့ ရုံးတော်ရှေ့မှာရှိတဲ့ မအေးမာဟာ တစ်ယောက်တည်းပါပဲနော်....

“အရင်တွေတုန်းကနဲ့ အခုတွေဟာနဲ့ ဘယ်လိုများထူးခြား ပါသလဲ”

“အတူတူပါပဲ”

“ပိန်တာ ဝတာရော”

“အတူတူပါပဲ”

“ကျေးဇူးတင်ပါတယ်၊ ဒီလောက်ပါပဲ”

* * *

နောက်ဆုံးသက်သေမှာ ဒေါ်ခင်ထား။

ဒေါ်ခင်ထားက စကော့ဈေးတွင် အထည်ရောင်းသည်။ နိုင်ဦးနှင့် အေးမာတို့ တတွဲတွဲသွားလာခဲ့သည်ကို မကြာ ခဏတွေ့ခဲ့ရကြောင်း၊ သူ့ဆိုင်မှာ အထည်သုံးလေးခါ ဝယ် ဖူးကြောင်း၊ သူ့ဆိုင်တွင် အထည်ဝယ်သည့်အခါ အေးမာက လက်ညှိုးထိုးပြသမျှ နိုင်ဦးကဝယ်ပေးကြောင်း၊ တစ်ခါဝယ် လျှင် သုံးလေးရာဖိုးအထိ ဝယ်ပေးကြောင်းများထွက်ဆိုသွား ခဲ့၏။

မေးလှည့်ရောက်ပြီမို့ ဦးရှည်အောင် ထရပြန်ပြီ၊

“ဒေါ်ခင်ထားက ဒေါ်မမလေးတို့နဲ့ တော်တော်ရင်းနှီး တယ်နော်”

“ဟုတ်ကဲ့... ရင်းနှီးပါတယ်”

“ပင်တိုင် ဖောက်သည်တွေပေါ့”

“ဟုတ်ပါတယ်”



“ကိုနိုင်ဦးနဲ့ မစတယ်လာတို့ ဇနီးမောင်နှံ ဖြစ်ကြတယ် ဆိုတာကိုတော့ ဒေါ်ခင်ထား သိပါတယ်နော်”

“ဟုတ်ကဲ့...သိပါတယ်၊ ကိုနိုင်ဦးနဲ့ မအေးမာတို့ အပူး တွဲတွဲ သွားကြတာကို တွေ့တာက ကိုနိုင်ဦးအိမ်ထောင်ကျပြီး နောက်ပိုင်းမှာပေါ့”

“ဟုတ်ပါတယ်”

“အထည် လာဝယ်တာကကော”

“အိမ်ထောင်ကျပြီးမှပါ”

“ဒေါ်မမလေးတို့နဲ့ အလွန်ရင်းနှီးတဲ့ ဒေါ်ခင်ထားက ကိုနိုင်ဦးအကြောင်းကို ဒေါ်မမလေးကိုဖြစ်စေ၊ စတယ်လာကို ဖြစ်စေ ပြောမပြဘူးလား”

“မပြောမိပါဘူး”

“ရင်းနှီးတဲ့ မိတ်ဆွေတွေပဲဟာ ဒီ မြင်မတော်တာကိုတော့ ပြောသင့်တာပေါ့နော်”

“ဒီအကြောင်းမျိုးက ပြောရခက်လို့ပါ”

“အခု သက်သေခံဖို့ကျမှ ဒေါ်ခင်ထားက ပြောပြတာ ပေါ့”

“ဟုတ်ပါတယ်”

“ဒေါ်မမလေးက မေးလို့ပါလား”

“စကားစပ်မိကြလို့ပါ”

“ကိုနိုင်ဦးနဲ့ တွဲလာတဲ့ မအေးမာဟာ ခုရုံးတော်ရှေ့မှာ ရှိနေတဲ့ မအေးမာကော ဟုတ်ရဲ့လား”

“ဟုတ်ပါတယ်”

"သေချာပါတယ်နော်"

"ဟုတ်ကဲ့"

"ဒေါ်ခင်ထား ဆိုင်မှာ ကိုနိုင်ဦးက မအေးမာ အပြင် တခြားမိန်းကလေးများနဲ့တွဲပြီးတော့ အသည် လာဝယ်ဖူးပါ သလား"

"ဟုတ်ကဲ့....လာဖူးပါတယ်"

"ဘယ်နှစ်ယောက်များရှိမလဲ"

"သုံးလေးယောက်ပါပဲ"

"အဲဒီ အမျိုးသမီးတွေကိုကော မှတ်မိသလား"

"မြင်ရင်တော့ မှတ်မိကောင်းပါတယ်"

"မအေးမာကိုတော့ ထူးထူးခြားခြား မှတ်မိတယ်ပေါ့"

"ဟုတ်ပါတယ်"

"ကျေးဇူးတင်ပါတယ်၊ ဒီလောက်ပါပဲ"

ရှေ့နေတော်က စစ်ဆေးခြင်းကို ရပ်နားပြီး ရက်ချိန်းပေး လိုက်သည်။

တရားလိုဘက်မှ တင်ပြသည့် သက်သေဦးရေ နည်းသော် လည်း ထွက်ဆိုချက်မှာ အကွက်စေ့သည်။ အရောင်အတွဲစပ် နည်းပေမယ့် အဆင်အသွေးလှပစိုပြည်အောင် ရက်လုပ်ထား သည့် လုံချည်မျိုးသို့နှယ်ရှိချေ၏။

ဦးရည်အောင်က တပြုံးပြုံး။

"ကဲ....ဒေါ်ဒေါ်တို့ မလေးသီတို့ အေးအေးဆေးဆေး စိတ်ချမ်းသာစွာနဲ့ ပြန်ကြပေတော့၊ အမှုနိုင်ဖို့ ခုနစ်ဆယ် ငါးရာခိုင်နှုန်း အလေးသာနေပါပြီ၊ နောက်တစ်ပတ် ရုံးချိန်း



မှာ ကြားဖြတ် အာမခံလျှောက်တင်မယ်၊ အာမခံရဖို့လဲ သေချာ ပါတယ်၊ ကျွန်တော် ပြန်ပါဦးမယ်၊ မအေးမာ ထောင်ထဲ နေရလှ တစ်ပတ်နှစ်ပတ်ပေါ့"

သုံးယောက်စလုံး ကျေးဇူးတင်စကားပြောပြီး ရုံးခန်း ထဲတွင် ဆက်လက်ကျန်ခဲ့ကြ၏။

အေးမာက သူပုတီးမှန်မှန်စိပ်နေသည့်အကြောင်း ပြောပြ ခဲ့ရာ ဒေါ်စိန်ညွန့်မှာ ဝမ်းသာမျက်ရည်များဖြင့် လှိုက်လှိုက် လှဲလှဲကြီး ပြုံးပြီး သမီးဖြစ်သူ၏ လက်နှစ်ဖက်ကို ဆွဲယူနမ်း လိုက်၏။

"သမီး ရှေ့ကို လိမ္မာပါတော့မယ် မေမေ၊ သမီးကိုယ် သမီး အစစအရာရာပြုပြင်ပါတော့မယ်၊ မေမေတို့နဲ့ အတူပြန် နေပြီး မေမေ့ကျေးဇူးတွေကို ဆပ်ပါရစေ၊ မေမေ့ကို ခြေဆုပ် လက်နယ် ပြုပါရစေ"

"သမီး...."

"မေမေ"

"သမီး အမှားကို သမီးမြင်ပြီး ပြန့်လာမယ် ဆိုရင်လေ မေမေ့ကျေးဇူးကို မဆပ်ချင်နေ၊ မေမေ သိပ်ပြီး ဝမ်းသာရ ပါပြီ သမီး၊ မေမေ မျက်စိနှစ်လုံး ဖြောင့်ဖြောင့် ပိတ်နိုင်ပြီ ပေါ့ သမီးရယ်"

"မမသီလဲ မာတို့နဲ့အတူ လာနေရမယ်နော်"

မလေးသီက ပြုံးပြုံးကြီး ခေါင်းညိတ်လိုက်သည်။

ထောင်မှအပြန်ခရီးမှာ ကြည်နူးမှုအပြည့်နှင့်....

●

## အခန်း (နှစ်ဆယ့်လေး)

ကိုနေ့ညဥ့် ညနေ အဆောင်ပိတ်ပြီးသည်နှင့် အဆောင်တွင်ရှိနေသူ သုံးပုံနှစ်ပုံမှာ လှုပ်လှုပ်ရွရွ ဖြစ်နေကြသည်။ စောင်များကာပြီး အခန်းဖွဲ့သူက ဖွဲ့၊ ဒေါ်အုန်းရီ၏ ကျောက်ပျဉ်နှင့် သနပ်ခါးသွေးသူကသွေး၊ ပန်းပြင်သူက ပြင်။ မရှုတီ သီးသန့်ထားသောဖျာကို ထဘီ အင်္ကျီဝတ်ပေးသူက ဝတ်ပေးနှင့် တစ်ယောက်တစ်လက်ဆိုသလို အလုပ်ရှုပ်နေကြသည်။

"ဖျာလိပ်နတ် မေးကြမလို့"

မိန်းမတွေဆိုတော့လည်း ဝါသနာကို မစွန့်နိုင်ကြ၊

ခုမှမြင်ဖူးသော အေးမာအဖို့ အဆန်းဖြစ်နေသည်။

မိန်းမဆောင်က အမျိုးသမီးတွေ ဖျာလိပ်နတ်မေးကြသည်မှာ မဆန်း။ သူတို့လုပ်နေကျ။

အမှုကိစ္စအတွက် ဖျာလိပ်နတ်ကို အားကိုးကြသည်။

တရားဥပဒေကို ဖောက်ဖျက်မိလို့ ထောင်ထဲနေကြပြီပဲ ဟာ။ ရှေ့နေရှေ့ရပ်နှင့် တရားဥပဒေတည့်မတ်မှုကို အားကိုး



အားထားဖြူရမည့်အစား ဖျာလိပ်နတ်ကိုပိုလို့ အားထားကြသည်။

နတ်ဝါသနာမပါသော မိန်းမဆိုတာကလည်း ခပ်ရှားရှား။ အတွေ့ယောကျ်ား လင်တော်မောင် မျက်စိအောက်မှာရှိပါလျက် အငွေ့ယောကျ်ား မင်းကလေးနှင့် လက်ထပ်ရမည်ဆိုလည်း သူတို့ရှေ့ဆုံးကသာ။ ကိုယ့်ယောကျ်ားက တစ်ပါးသောအမျိုးသမီးကို မျက်စိကစားရင် လမ်းမကြီးမှာဖြစ်ပါစေ ပေါင်ကိုဆွဲဆိတ်လိုက်ရမှ။

အဲ....မင်းကလေးနဲ့ကျတော့ မိန်းမတွေ အများကြီးရှိတာကို သိပေမယ့် ကြည်ကြည်သာသာ ခွင့်လွှတ်နိုင်ကြသည်။

တကယ်တော့ ဖျာလိပ်နတ်မေးကြသည်မှာ အမှုအတွက်ထက် အပြင်မှာရှိနေသည့် လင်တော်မောင်များအကြောင်း၊ အဆက်များအကြောင်းသိဖို့က အဓိက။

ဒေါ်မြသိန်းက အပြင်မှာ နတ်ကတော်တစ်ပိုင်း။

မင်းကလေး၏ တစ်ထောင်ဘယ်လောက်။ ဒါမှမဟုတ် တစ်သောင်းဘယ်လောက်၊ ကြင်ရာတော်မှန်းမသိ။ တောင်ပြုံးနန်းမှာ လက်ထပ်ထားသည့် ကြင်ရာတော်။

ဖျာလိပ်နတ်မေးရာမှာ သူက ခေါင်းဆောင်။

ထိုနေ့က ဖျာလိပ်နတ်မေးသည့် ဒကာက မရှုတီ။

မရှုတီတို့က ဘာ့မွေ့မှာ ခေါက်ဆွဲဆိုင် ဖွင့်ထားသည်။ အရက်ပုန်းလည်း ရောင်းသည်။ ခေါက်ဆွဲဆိုင်နှင့် အရက်မှာ မိဘ်ဖက်။ ခေါက်ဆွဲကြော်ရောင်းရသည့်အမြတ်ထက် အရက်

ပုန်း ရောင်းရသည့်အမြတ်က တခုလေးသာသည်၊ တစ်ဖက်ကလည်း ယစ်မျိုးတို့ဘာတို့ကို ပေါင်းထား ပေးထားရသည်။ တစ်ခါတလေကျတော့လည်း တစ်ဖွဲ့က ပြေလည်ပေမယ့် တစ်ဖွဲ့က မကျေနပ်လို့ ဝင်ဖမ်းတာမျိုးရှိသည်၊

ဖမ်းပြီဆိုရင် ကွိုခံနဲ့ပေါ့၊

ယောကျ်ားဆိုရင် အမှုပိုလေးဘာသမို့ အဲဒီလိုဖြစ်ခဲ့ရင် မရှုတီက အဖမ်းခံသည်၊ ထောင်ထဲဝင်သည်။

အဲ...မရှုတီမျှာ ထောင်ထဲ ဝင်ခဲ့ရသည်၊ အပြင်က မောင်မောင်ကိုနည်းနည်းမှ စိတ်မချ၊ ဟုတ်ပါ၊ ကိုယ့်ယောကျ်ား အကြောင်း ကိုယ်သာအသိဆုံး၊ အပြင်မှာ အဘူဘူရှိနေစုန်း ကောင် တဟင်းဟင်း တဟဲ့ဟဲ့ လုပ်နေရတာ၊ ခုဆိုရင် စူဠလိုင်ခရထဲလွှတ်သလိုဖြစ်နေတော့သည်၊ တစ်နေ့ကချုံးထွေ့မီးမှာ ပဲ သတင်းတစ်ခုကြားခဲ့သေးသည်၊

သူကြားခဲ့သောသတင်း မှန်မမှန် ထောင်ထဲရောက်နေသူ မရှုတီက ဘယ်သူ့သွားမေးရမှာပါ၊

ဒီတော့ ဖျာလိပ်နုတ်ကိုသာ အားကိုးရမည်၊

ဖျာလိပ်နုတ်က ဘယ်လိုအဟောထုတ်သွားသည် မသိ၊ မရှုတီမှာ မျက်နှာကြီးနီပြီး မျက်ရည်တွေနဲ့၊

"အပြင်ရောက်ရင် ဖြတ်ကိုပစ်မယ်တဲ့"

ကြိမ်းလိုက်ပုံက ကြောက်စရာကြီး။

အေးမာက ဖျာလိပ်နုတ်မမေးပေမယ့် ဒေါ်မြသိန်းက ခင်လို့ ဆိုပြီး မေးပေးသည်၊

"အာမခံရမည်၊ အမှုကလွှတ်မည်တဲ့"



ဟုတ်တာ မဟုတ်တာသား၊ ဖျာလိပ်နုတ်အဟောကတော့ သဘောကျစရာသာပ။

* * *

**တတိယပတ်ရုံးထွက်**

သည်တနေ့တော့ အေးမာက အဖြူနှင့်အနီကို တွဲဝတ်သည်။

အဖြူကသန့်စင်သည်၊

အနီကရဲရင့်သည်၊

ထိုနေ့က ဒေါ်စိန်ညွှန့်မပါ၊ အစ်မကြီးထားထားနှင့် မလေးသီတို့ပဲ လာကြသည်။

အမေ့ကိုမတွေ့ရတော့ အေးမာစိတ်ထဲ ထင့်ခနဲ ဖြစ်သွားရသည်၊

"မေမေနေကောင်းရဲ့လား မမထား"

ကယောင်ကမျောမေးလိုက်မိသည်။

"ကောင်းတယ် အေးမာ၊ ငါလိုက်ချင်တာနဲ့ မေမေ့ကို ထားခဲ့တာ"

သည်တော့မှ စိတ်အေးသွားရသည်။

နောက်ရောက်လာသူက မောင်ညိုယဉ်၊ လက်ထဲမှာအထုပ်တွေ တစ်ပွေ့တစ်ပိုက်နှင့်မေတ္တာသူရဲကောင်း မောင်ညိုယဉ်။

တရားခွင်စခါနီး ဦးညော်အောင် ရောက်လာသည်။

တရားလိုဘက်မှ သူတို့၏ရှေ့နေကြီးမှအပ ဘယ်သူမှ မလာကြ။

တရားခွင်စသည်နှင့် အေးမာတို့အမှုကို အရင်ဆုံး စ ခေါ်လိုက်သည်။ ဦးရည်အောင်က အားလုံး ကြိုတင်စီစဉ်ပြီးသား၊ အရပ်စကားနှင့်မပြောရလျှင် လက်ဝါးရိုက်ပြီးသား။

ဦးရည်အောင်က အာမခံကိစ္စအတွက် သူ၏လျှောက်လွှဲချက်ကို တင်ပြခဲ့သည်၊

"အမှုဖြစ်ပေါ်လာခြင်း၊ အကြောင်းဇာစ်မြစ်နှင့် စစ်ဆေးပြီးသည်အထိ အမှုအခြေအထားကို သုံးသပ်တင်ပြပြီးနောက် ခိုင်လုံသော မျက်မြင်သက်သေမရှိဘဲ သေဆုံးသွားသူ၏ ပြောဆိုချက် တစ်ချက်တည်းအပေါ် အခြေခံပြီး အမှုစွဲဆိုခဲ့သည်မှာ မှားယွင်းနေသည့်အပြင် လက်ခံနိုင်ဖွယ်ရာလဲမရှိကြောင်း အဖိုးတန်ပစ္စည်းများကို ငှားရမ်းသည်ဟုဆိုရာတွင် လက်လွှတ်စပယ်ငှားရမ်းလေ့မရှိကြောင်း မည်သို့သော အဆက်အသွယ်ရှိ၍ မည်သည့်အကြောင်းကြောင့် မည်သူ၏ ရှေ့မှောက်တွင် သို့မဟုတ် မည်သူ့အား အသိပေးပြောကြား၍ ငှားရမ်းခဲ့သည်ကို အထောက်အထားပြသည့် သဘာဝယုတ္တိရှိသော ထွက်ဆိုချက်မပါရှိကြောင်း ပစ္စည်းကို ရောင်းရန်ပေးခြင်းနှင့် ငှားရမ်းခြင်းတွင် မတူညီသော အချက်များ ရှိနေသည်ကို မျက်ကွက်ပြု၍မရကြောင်း တရားလိုများ၏ ထွက်ဆို



အစစ်ခံချက်အတိုင်း အမှန်တကယ် ပစ္စည်းကို ငှားရမ်းပြီး ပြန်မပေးဘူးဆိုပါက တရားလိုဘက်မှ တစ်နှစ်ကျော်ကြာ ကာလအထိ ဆိုင်းငံ့ပါသည်ဆိုလျှင် သဘာဝကျသည်ဟု မဆိုနိုင်ကြောင်း တရားလို၏ မိသားစုမှာ ရဲအရာရှိကြီးတစ်ဦး၏ မိသားစုဖြစ်သည့်အတိုင်း စောစီးစွာကပင် တရားဥပဒေအရ အရေးယူလိမ့်မည်ကို မည်သို့မှ သံသယဖြစ်စရာမရှိကြောင်း သို့မဟုတ် တခြားသော နည်းလမ်းအသွယ်သွယ်ဖြင့် ယင်းပစ္စည်းများ ပြန်ရအောင် လုပ်လိမ့်မည်သာ ဖြစ်ကြောင်း၊

သာမန်ခင်မင်သော သူစိမ်းတစ်ရံဆံ တစ်ယောက်အပေါ် ဤမျှခွင့်လွှတ်သည်းခံဖို့ဆိုသည်မှာ သောကဓမ္မတာ ဖြစ်ရိုးဖြစ်စဉ်နှင့် ဖြောင့်ဖြောင့်ကြီး ဆန့်ကျင်နေသည်ဆိုသည့်အချက်ကိုလည်း မျက်ကွယ်၍၍ မရပါကြောင်း၊

ယင်းပစ္စည်းများကို ကျန်တော်၏အမှုသည် မအေးမာလက်ထဲသို့ အမှန်တကယ် ပေးမပေး ဆိုသည်ကို ပြောနိုင်သူမှာ ကိုနိုင်ဦးသာဖြစ်ကြောင်း အကယ်၍ ကိုနိုင်ဦးသာရှိလျှင် ဤအမှုမှာ လယ်ပြင်မှာ ဆင်သွားသလို ထင်ရှားစေလိမ့်မည်သာ ဖြစ်ကြောင်း လိုပြသက်သေ(၂)၏ ထွက်ဆိုချက်အရ မအေးမာထံသို့ ပစ္စည်းများ ပြန်ပေးရေးအတွက် သွားရောက် တွေ့ဆုံ

ရာတွင် အခြားသော သက်သေပြနိုင်မည့် အဖော် တစ်စုံတစ်ယောက်မှမပါဘဲ သွားပြောသည်ဆိုသည်မှာ သဘာဝယုတ္တိ တန်လွန်းလှကြောင်း၊ တရားလို မိသားစုသည် ရဲအရာရှိကြီးတစ်ဦး၏ မိသားစုဖြစ်နေရာ ဘယ်လိုနည်းနှင့်မျှ ဤသို့လက်လွှတ်စပယ်လုပ်ဖွယ် မရှိပါကြောင်း၊ ရုံးဝန်ထမ်းတစ်ဦးကို နှစ်ကြိမ်စလုံး အဆောင်မှာ တွေ့ရသည်ဆိုသော ထွက်ဆိုချက်မှာလည်း အထူးတလည် စဉ်းစားရမည် ဖြစ်ပါကြောင်း၊ ဆင်သွားရင် လမ်းကြောင်းထင် ဆိုသောစကားကို ပမာဆောင်ပြောရန်မှတစ်ပါးအခြားမရှိပါကြောင်း။

သေဆုံးသူ မိန်းမပွေခဲ့ကြောင်းကို လိုပြသက်သေ (၁)၏ ထွက်ဆိုချက်အရ ထင်ရှားစေခဲ့ပြီး ဖြစ်ပါကြောင်း။

ကျွန်တော်၏ အမှုသည်မှာ စီးပွားရေး တောင့်တင်းသော မိသားစုမှ မိသားစုဝင်တစ်ယောက်ဖြစ်ရုံမက ခေတ်ပညာတတ်တစ်ယောက်ဖြစ်၍ ရုံးဝန်ထမ်း တစ်ယောက် ဖြစ်ပါကြောင်း။

ယခု စစ်ဆေးဆဲအမှုတွင် ကျွန်တော်၏အမှုသည်မှာ အထောက်အထားကင်းမဲ့သော လုံးဝမခိုင်လုံသော သံသယဖြင့် စွဲဆိုသောအမှုကို ရင်ဆိုင်နေရသည်မှာ များစွာပင် နစ်နာနေပါကြောင်း။

ကျွန်တော်၏အမှုသည်မှာ ကြီးလေးသောပြစ်မှုကို ကျူးလွန်သူ မဟုတ်ပါ ထွက်ပြေးမည့်သူတစ်ယောက်



လဲ မဟုတ်ပါ၊ ခိုင်လုံသောအာမခံကို ပေးနိုင်သူဖြစ်ပါသည်၊ တရားလိုပြသက်သေများကို စစ်ဆေးပြီး ဖြစ်သဖြင့် သက်သေများအား ဖျက်ဆီးရန်အကြောင်းလဲ မရှိတော့ပါ။ သံသယနှင့် အစွပ်အစွဲ ခံနေရသည့်ပြင် ငယ်ရွယ်သူ မိန်းကလေးတစ်ဦးဖြစ်နေခြင်း စသော အချက်များကို ထောက်ထား၍ အမှုအတွင်း အချုပ်လွတ် ထုချေခွင့် အခွင့်အရေးကို ခံစားခွင့်ပေးရန် ဥပဒေ အချက်အလက် အကိုးအကားများဖြင့် လျှောက်ထားတင်ပြခဲ့၏။

တရားလိုရှေ့နေကြီးက ချေပလွှာ တင်သွင်းပြီးနောက် ရုံးတော်က အမိန့်ချမှတ်ရန် နောက်တစ်ပတ် ရက်ချိန်း သတ်မှတ်ပေးလိုက်၏။

* * *

ထိုနေ့က ထောင်သို့ပြန်အရောက်တွင် အချုပ် လူသစ် တရားခံမလေးတစ်ယောက် ရောက်နေသည်ကို တွေ့လိုက်ရသည်။ အေးမာတို့မိန်းမဆောင်မှာ အမှုကြီးကြီးမားမား တရားခံမရှိ၊ ဇိမ်နှန်းသူဇာတွေများသည်။ မရှုတီတို့လို ယစ်မျိုးမှုကသုံးယောက် ရှိသည်၊ ဒေါ်မြသိန်းလို နတ်ကတော်လုပ်ရင်း ဆွဲကြိုးခဏ ငှားပြီး ပြန်မပေးသဖြင့် လိမ်လည်မှုနှင့် ရောက်နေသူက တစ်ယောက်၊ ကလေးနားဆွဲဖြုတ်မှုက နှစ်ယောက်၊ မိန်းမခါးက လေးယောက်၊ သူတို့က အမှုတွဲ ခါးသက်သက် မဟုတ်၊ အတွဲလိုက် အထည်ဆိုင်တို့ ဘာတို့ကို

ဝင်ပြီး အလစ်သုတ်ကြသည်၊ သစ်ရင် ပိုက်ဆံအိတ်နှိုက်သည်၊ ဆွဲသည်၊ ဆွဲကြိုးဖြတ်သည်၊ အသေးအဖွဲ့ခိုးမှုက နှစ်ယောက်၊ ဒေါ်မြမြင့်ခိုင်လို နိုင်ငံရေးမှုက နှစ်ယောက်၊ တစ်ယောက်က ယောကျ်ားဖြစ်သူနှင့်အတူ တောထဲသို့လိုက်နေရင်း မိလာသူ၊ ဗိမ်နန်းသူဇာက တစ်ဆယ့်သုံးယောက်၊ စိန်ရင်တို့လို ခေါင်းက ငါးယောက်၊ အေးမာ အပါအဝင် စုစုပေါင်း နှစ်ဆယ့်ခုနစ်ယောက်ရှိရာ ထိုနေ့က အသစ်တစ်ယောက် ထပ်တိုးလာသည်၊ သူက အမှုကြီးသမား လူသတ်မှုတရားခံ၊ နာမည်က မငွေးမြင့်၊ အသက်က နှစ်ဆယ့်ရှစ်နှစ်၊ မငွေးမြင့်လို တရားခံမှာ မိန်းမဆောင်တွင် အတော်လေးရှားသည်၊ ရောက်လာခဲ့သည်၊ မငွေးမြင့်လို တရားခံမျိုး ရောက်လာလျှင် ဝါဒါမကြီးတွေ ခါတိုင်းလို သန်းတုပ်ခံပြီး၊ အနှိပ်အနယ်ခံပြီး ဇိမ်ခံနေလို့မရ၊ ဂရုတစိုက် ရှိရသည်၊ မျက်ခြည်မပြတ် စောင့်ကြည့်ရသည်၊ နောက်ပိုင်း အနေအထိုင် အသားကျသွားမှ အေးအေးနေလို့ရသည်၊

*

ညဘက် အိပ်ဆောင်ပိတ်ပြီး စကားဝိုင်းဖွဲ့ကြသည်၊ အဲသည်နေ့ည စကားဝိုင်းမှာ မငွေးမြင့်က ဇာတ်လိုက်၊ ဖြစ်ခဲ့ရသည့် မှုဖြစ်ကြောင်းကို မငွေးမြင့်က ဇာတ်လမ်းသွယ်ပြီး ပြောပြခဲ့သည်၊

အရပ်ပုသော်လည်း လုံးသွယ်ကျစ်လျစ်နေသည့် ကိုယ်လုံးမှာ သူ့အရပ်နှင့် အနေတော်သို့ရှိသည်၊ မျက်နှာမှ လှသည်တော့ မဆိုသာ၊ ယဉ်သည်၊ ကရုဏာမျက်နှာနှင့် နှစ်လိုဖွယ်ရာ အပြုံးမှာ မငွေးမြင့်၏ အလှဟု ဆိုနိုင်ရာသည်။



ဇာတိက သုံးဆယ်၊ ပန်းဆဲ့ရွာသူ၊

ချစ်ထွန်းက ဒေါ်ဂျစ်ဘော်ဒါ၊ တာမွေ ကျောက်မြောင်းဈေးမှ ကုန်စိမ်းရောင်းသူများက ကုန်စိမ်းအကြိုသွားရာတွင် ချစ်ထွန်းတို့ ဒေါ်ဂျစ်ကားကိုပင် ပင်တိုင် ငှားသားကြသည်၊ မနက် နှစ်နာရီလောက် ကီလီဈေးကို ကုန်စိမ်းသွားကြိုပြီး ခြောက်နာရီမထိုးခင် ဈေးအရောက် ပြန်ကြရသည်၊ မနက် နှစ်နာရီ ကားပေါ်ရောက်ဖို့ တစ်နာရီကတည်းက အိပ်ရာကထရသည်၊ အိပ်ရေးမဝ၊ ကားပေါ်ရောက်မှ မှေးအိပ်ကြရသည်၊ ကားထဲမှာက မီးမပါ၊ အမှောင်ထဲမှာ တစ်ယောက်ပေါ် တစ်ယောက်မှီပြီး ငိုက်ကြ အိပ်ကြရသည်၊

ချစ်ထွန်းက လူချောကလေးတစ်ယောက်၊ မငွေးမြင့်ထက် နှစ်နှစ်လောက်ငယ်သည်၊ ချစ်ထွန်းနှင့် မငွေးမြင့်တို့နှစ်ယောက်မှာ မှောင်မှောင်မည်းမည်းထဲမှာ သွားပါများတော့ ခရီးရောက်ခဲ့ကြသည်၊

ခရီးဆုံးတော့ အထွန်းနဲ့ မမြင့်တို့ အများအသိအမှတ်ပြုရသည့် ပုဆိုးတန်းတင်အကြင်လင်မယားအရာမြောက်ခဲ့ကြ၏။

နှစ်နှစ်လောက်အထိ ဒိုးတူပေါင်ဖက် ရှာကြ ဖွေကြ၊ ဝတ်ကြ စားကြ၊ ပျော်ကြပါးကြနှင့် လင်မယားတို့၏ အချစ်အနှစ်သာရကို ပြည့်ပြည့်ထင်ထင်ကြီး ခံစားခဲ့ရသည်၊

နှစ်နှစ်ကျော်တော့ အထွန်း ဖောက်လာသည်၊ အိမ်အပြန် အရက်နံ့လေး တသင်းသင်းနှင့်၊ မမြင့်က အထွန်း အရက်သောက်သည်ကို မကြိုက်၊ ဒါပေမဲ့ အထွန်းက အရက်

သောက်မှ ပိုပြီး ချွဲချွဲပျစ်ပျစ် ပြောတတ်လာသည်။ ကနုကနွဲ့ ပိုလုပ်လာသည်။ မငွေးမြင့်ကို ပို၍ ထွေးထွေးပိုက်ပိုက် လုပ်လာသည်။ မိန်းမသားတို့အကြိုက်မို့ အထွန်း အရက်သောက်သည်ကိုပင် သဘောကျသလိုလို ရှိလာသည်။

နောက်ပိုင်း တစ်ခွက်တစ်ဖလားကနေ နှစ်ခွက်နှစ်ဖလား၊ နှစ်ခွက်နှစ်ဖလားကနေ ပုလင်းကျတ် ဖြစ်လာသည်။ ကနုကနွဲ့ လုပ်တာတို့၊ ချွဲချွဲပျစ်ပျစ်တို့ မလာတော့၊ ပါးစပ်ကြမ်းလာ၏။ လက်ယမ်းလာသည်။ အလုပ်အကိုင် မည်မည်ရရမလုပ်၊ မငွေးမြင့်မှာ အထွန်း အရက်ဖိုးအတွက်ပါ ပိုပြီး ရှာဖွေခဲ့ရသည်။

ထမင်းလည်း ကျွေးရသည်။ အရက်ဖိုးလည်း ပေးရသည်။ သည်ကြားထဲက အဆဲအဆို အရိုက်အနှက်လည်း ခံရသေး၏။ သူ့ကိုဆဲ၊ သူ့ကို ရိုက်သည်ကို ကြိတ်မှိတ်ပြီး ခံနိုင်ခဲ့သော်လည်း စိတ်မထိန်းနိုင်စရာ မခံနိုင်စရာအဖြစ်ကို အထွန်းက ကျူးလွန်ခဲ့သည်။ တစ်နေ့ ဈေးရောင်းပြီး မောမောပန်းပန်း ပြန်လာသော တစ်ညနေခင်း အိမ်ပေါ်သို့ပင် မတက်ရသေး၊ ငယ်သံပါအောင် အော်လိုက်သော မိခင်ကြီး၏အသံကို ကြားလိုက်ရသည်။ ပါလာသည့် ဈေးခြင်းကို ဖြုတ်ခနဲ ပစ်ချပြီး အိမ်ပေါ်ကို အပြေးအလွှား တက်လိုက်ရသည်။

မြင်ကွင်းက တော်တော်ကို အရုပ်ဆိုးနေသည်။

အထွန်းက မငွေးမြင့် မိခင်ကြီး လည်ပင်းကို ပိုညှစ်ပြီး အဘွားကြီးနားကပ်ကိုအတင်းဖြုတ်ယူဖို့ လုပ်နေသဖြင့်အဘွားကြီးက လန့်ဖျပ်ပြီး ငယ်သံပါအောင် အော်လိုက်ခြင်းဖြစ်သည်။

"အထွန်း....ဒါ ဘာလုပ်တာလဲ"



မငွေးမြင့်မေးသံဆုံးသည်နှင့် အထွန်းက ဆတ်ခနဲ မငွေးမြင့်ဘက်ကိုလှည့်ပြီး ဘာမပြော ညာမပြော လွှဲရိုက်လိုက်သည့် ရိုက်ချက်မှာ မငွေးမြင့် မျက်နှာပေါ်သို့ ကန့်လန့်ဖြတ်ကျသွားသည်။

ထင်းခွဲဓားမက မငွေးမြင့် မြင်ကွင်းမှာ....

ဘာကိုမှ မစဉ်းစားနိုင်တော့။ ဓား လက်ထဲရောက်သည့်အချိန်နှင့် လွှဲခုတ်လိုက်သည်မှာ တစ်ချိန်တည်း။ အထွန်း၏ အော်သံနှင့်အတူ မငွေးမြင့်မှာ လက်ကို ဘရိတ်မအုပ်နိုင်တော့ဘဲ ဓားချက်သာ နောက်ထပ် သုံးလေးချက် ဆက်ဝင်သွားသည်။

မှုဖြစ်ကြောင်းကို ပြန်ပြောပြနေသည့် မငွေးမြင့်၏ မျက်နှာပေါ်တွင် မျက်ရည်များ စီးကျနေသည်။

"ညီမ ဘာမှ အားငယ်မနေနဲ့၊ ဒီလိုယောကျ်ားမျိုးတွေကို ဒီလိုပဲ လုပ်ပေးရမယ်၊ သူတို့ပြုသမျှ လည်စင်းခံနေရတာက ရှင်လျက်နဲ့ သေနေတာပဲဟာ၊ စိန်ရင်တို့ကျ ဒါမျိုးမှ ကြိုက်တယ်"

စိန်ရင်က လက်သီးလက်မောင်းတန်းပြီး ပြောလိုက်သည်။

"ကျွန်မတို့ကတော့ မှုပိုင်လာမလုပ်နဲ့ဘဲ၊ ဝမ်းတမ်း၊ ဝမ်းဂိုးပဲ"

ဝေဝေ အပြော။

"ကားနဲ့ အရှက်ကြီးပါရင် လှာခဲ့၊ အရှက်သေးဈေးနဲ့ ဟိုလျှောက် ဒီလျှောက် လျှောက်ရတာမျိုးဆိုရင် ကန်တော့ဆွမ်းပဲ"

မေခင်အပြော။

မရွှေတီက မငွေ့မြင့်မျက်နှာကို ငေးပြီး စူးစူးစိုက်စိုက် ကြည့်နေသည်။

နတ်ဓာတော် ဒေါ်မြသိန်းကွာ ‘ယောက်ျားတွေကဖြင့် ဆိုးကြပါတော်’ ဟု ပြောပြီး ထသွားသည်။

အေးမာဏွာ ဘာမှမပြောဘဲ ထလာပြီး ဆင်စွယ်ပုတီးလေးကို ကိုင်ဆိုက်သည်။

ဘုရားကြီးပေါ်မှ သံချောင်းခေါက်သံမှာ ကိုးနာရီ။

## အခန်း (နှစ်ဆယ့်ငါး)

မိုးလင်းလို့ မျက်လုံးနှစ်လုံး ပွင့်ကာတည်းက ညဥ့်အိပ်ရာဝင် မျက်လုံးနှစ်လုံး ပိတ်သည်အထိ ဘယ်မှသွားစရာမရှိဘဲ သည်ဝင်း၊ သည်အဆောင်လေးထဲမှာ ပစ်ပစပ်များသည့် အကျင့်ထုံမွှေ့သော အမျိုးသမီးများချည်း စုဝေးနေထိုင်ရသည်မှာ ပျော်စရာကောင်းသလို စိတ်ညစ်စရာလည်း ကောင်းသည်။ ပျော်စရာနှင့် စိတ်ညစ်စရာကို အလေးအဆ တင်ကြည့်လျှင် ပျော်စရာထက် စိတ်ညစ်စရာက ပို၍အလေးသာလိမ့်မည် ထင်ပါသည်။

မနက်ပိုင်းက ရယ်လား မောလား တစ်ယောက်ခါး တစ်ယောက်တို့၊ တစ်ယောက်ပါး တစ်ယောက်ဆွဲလိမ်ပြီး မမရွှေ၊ ညီမရဲ့၊ ယောက်မရဲ့နဲ့ ကြည်ကြည်သာသာ ရှိနေကြပေမယ့် မွန်းမတိမ်းခင် စကားများပြီး တစ်ယောက်အတင်း တစ်ယောက် အမနာပ ပြောကြဆိုကြသည်မှာ မိန်းမထောင်တွင် အဆန်းမတွေ့ဟ်။

"ဒီကောင်မနဲ့တော့လား တစ်သက် စကား မပြောဘူး၊ ဝါးစပ်သနုတယ်၊ ကြီးကြီးကျယ်ကျယ်ပြောလို့ မသိရင်ခက်မယ်၊ နေနှင့်ဦးပေါ့၊ အပြင်မှာတွေ့လို့များတော့လား ဆော်ပစ်ဦးမယ်"

"အဲဒီကောင်မပေါ့ ခွေးပါးစပ်ကနတ်စကားပြောတယ်ဆိုတာ၊ တစ်သက်လုံး လုပ်လာတာများ မသိတာမှတ်လို့၊ ကျောတစ်ခင်းစာ နေရာရတဲ့အဆင့် မရှိတော့လို့ လမ်းဘေးရောက်နေတဲ့ကောင်မက ခုမှ ဘာလေးညာလေးနဲ့ အပြင်မှာဆိုရင်လား ဒီကောင်မမျိုး အရေမခံတော်ဘင် ဆုတ်ပစ်သေးရဲ့"

အဲသည်ထက်ဆိုးသည့် မဖော်ပြအပ်သော တစ်ဘစ်ခွခွပယ်ပယ်နယ်နယ် နားမခံဝံ့စရာ စကားလုံးတွေသုံးပြီး အတင်းပြောလိုက်ကြသည်မှာ သူတို့နှစ်ယောက် ဘယ်လိုများပြန်ပြီးမျက်နှာချင်း ဆိုင်မှာပါ့ဟု ထင်စရာ။ ဒါပေသည့် နောက်တစ်နေ့ကျတော့ ကြည့်....။ သန်းတုပ်ရင်း ကြည်ကြည်ဌေးအကြောင်း၊ မြင့်မြင့်ခင်အကြောင်း၊ တင်တင်မူအကြောင်း၊ ထွန်းဝေအကြောင်း၊ ဈေးကြီးအကြောင်း၊ ကောလိပ်ဂျင်နေဝင်း အကြောင်းနှင့် သူတို့ပါသည့် ဇာတ်ကားတွေအကြောင်းပြောပြီး ဟဟီးဟီးဟဟားဟားနှင့် ဟီးလားတိုက်နေကြပြန်ရော။

မနေ့ကပြောခဲ့သည်များကို သတိမှရပါလေစတဲ့။ ကဲ... ဘယ်လောက် စိတ်ညစ်စရာကောင်းသလဲ။

ဟော....ဝမ်းတူမ်း၊ ဝမ်းဂိုး ဝေဝေတို့ကျတော့ တစ်မျိုး။ ဝေဝေကိုကြည့်။ သူ့အနေအထိုင်၊ သူ့အပြော၊ သူ့လှုပ်ရှားဟန်တွေက နေခက်ကျိနေသောစိတ်ကိုရှင်လာစေသည်။ လန်းဆန်းလာစေသည်။



ဝေဝေမှာ အလွန်လှပါ့ဟု ဆိုရမည်သော မိန်းကလေးတစ်ယောက်ဟု မဆိုသာသော်လည်း ရွှက်ကြွမ်းရေချို အဆင့်ထက်တော့ အများကြီးသာသည်။ ဖြူ ဝင်းသော အသားကြောင့် သိပ်မလှပေသည့် ရုတ်တရက်အမြင်တွင် အလှဆင်သည်။ ကိုယ်လုံးကိုယ်ပေါက်မှာ သူ့နေရာနှင့်သူ အချိုးကျသည်။ အဆက်အပေါက် ပြေပြစ်သည်။ သူမမျက်နှာတွင် စွဲစွဲထင်ထင် ပြောစမှတ်တင်လောက်အောင် လှပသည်မှာ သူမ၏ပျားရည်ဆမ်းအပြုံး၊ ပြုံးလိုက်ပြီဆိုလျှင် စိုစိုကြည်ကြည်ချိုမြိန်ရိပ်ထင်သည်။ ခပ်အုပ်အုပ် မလှုပ်မလှဲ ရယ်သံမှာသာသည်။ ထောင်ထဲရောက်နေမည့် သူမ၏မျက်နှာအလှနှင့် ကိုယ်လုံးအလှကိုတော့ တော်တော်ကို ဂရုစိုက်ပြီး ထိန်းသိမ်းသည်။ လုံးတီးထမင်းသတ် ရှည်လာရင် အသားပွစိစိနှင့် အဝတက်လာတတ်သမို့ ဝေဝေက ဘယ်တော့မှ လုံးတီးတစ်ပုံစံကုန်အောင် မစား။ သုံးပုံနှစ်ပုံကို သတ်သတ်ဖယ်ပြီးမှ စားသည်။ ကိုယ်အလှမပျက်အောင် ဖရီးဟင်းအိတ်(စ)စဆိုက် မှန်မှန်လုပ်သည်။ ကြိုးခုန်သည်။ သကြားမပါသော သံပုရာရည်ကို နှစ်ရက်တစ်ခါလောက် သောက်တတ်သည်၊ သံပုရာသီး မရသည့်အခါတော့ မသောက်ရဘူးပေါ့။ မိုးလင်းသည်နှင့် မျက်နှာမှာ သနပ်ခါးတင်ပြီးသား။ သံပုရာသီးရှိသော အခါများတွင် သနပ်ခါးမလိမ်းခင် သံပုရာအခွံနှင့်မျက်နှာအနှံ့ပွတ်ပြီးမှ သနပ်ခါးလိမ်းတတ်သည်။ ဝေဝေ၏လှုပ်ရှားဟန်မှာ ဖျတ်ဖျတ်

လတ်လတ် သွက်သွက်လက်လက် ရှိသော်လည်း ဆတ်ကော့ လက်ကော့ တန်မထင်။ နုနုနွဲ့နွဲ့ရှိသည်။

ဝေဝေရုပ်ရည်၊ ဝေဝေကိုယ်လုံး၊ ဝေဝေအပြုံးနှင့် ဝေဝေ တန်မှာ တည်တည်မြမြနေမည်ဆိုလျှင် လင်သားကောင်း တစ်ယောက်ကို အိမ်ထဲထိုင်နေရင်းရနိုင်သည်။ ဒါပေသည့် ဝေဝေက တစ်ယောက်တည်းသော ယောကျ်ား၏ ချစ်ခင်ယုယမှုကို မလိုချင်။ လက်ရှိ သူ့မူအတိုင်း ဝမ်းကမ်း၊ ဝမ်းကိုးပဲ။

ရှိခဲ့ဖူးသည့် အတိတ်အကြောင်း ဝေဝေ ပြောသည်မှာ စိတ်ဝင်စားစရာ။

"မမမာရယ်....ဝေဝေလဲ လင်နဲ့သားနဲ့ တည်တည်ငြိမ်ငြိမ် နေချင်တဲ့စိတ်ရှိတာပေါ့၊ သူ့ကြောင့် ဝေဝေ ဘယ်ယောကျ်ား ကိုမှ မယုံချင်သလို၊ ယောကျ်ားတွေအပေါ်ကိုလဲ အထင်ကြီး စိတ် လုံးဝမရှိဘူးလေ၊ ဒါကြောင့်လဲ ခုလို ဖြစ်တာပဲပေါ့၊ ဝေဝေရဲ့ တဇောက်ကန်း တစ်ဇွတ်ထိုးလုပ်တတ်တဲ့ စိတ်ဓာတ် ကြောင့်လို့လဲ ဆိုနိုင်ပါတယ်လေ၊ သူဆိုတာက ဝေဝေတို့ ဆယ်ကျော်သက်တွေ အသည်းစွဲ၊ နောက်တော့ ဝေဝေ တစ်ယောက်တည်းရဲ့ အသည်းစွဲ၊ စာရေးဆရာဇက္ကသိုလ်ဝင်းဝင်း ပါ၊ ရင်ထဲမှာ သိမ့်ခနဲ ငြိမ့်ခနဲ စိမ့်ခနဲ ခံစားရတယ်ဆိုတဲ့ ဝေဒနာဟာ ဘယ်လိုပုံ လိမ့်ဆိုတာကို သိခဲ့တာကတော့ သူ ရေးတဲ့ အချစ်ဝတ္ထုတွေကို ဖတ်တော့အချိန်က စတာပေါ့ပဲ၊ သူ့ရဲ့ဇာတ်လမ်းတွေက ဝေဝေတို့ကို အိပ်မက်ထဲထိအောင် ဆွဲခေါ်သွား ရုံမဟုတ်ဘူး ဇာတ်လမ်းထဲက မင်းသားကို တမ်း တမ်းငဲ့ငဲ့ စိတ်ကူးနဲ့ရှာခဲ့ရတာပေါ့၊ ဟိုတုန်းက စာအုပ်



ဈေးတွေက ပေါတယ်လေ၊ မုန့်ဖိုးကိုစုပြီး သူ့စာအုပ်မှန်သမျှ အပိုင်ဝယ်တာပဲ၊ သူ့စာသားတွေကို အလွတ်ကျက်ခဲ့တာကိုး၊ သူ့ရဲ့ဇာတ်ကောင် စကားပြောတာလေးတွေက သိပ်ချစ် စရာကောင်းတာ၊ စကားလုံးလေးတွေက နုမှနု၊ လှမှလှ၊ ကာယုကာယင်ပြောတတ် ဆိုတတ်ပုံမျိုးတော့ ဘယ်စာရေးဆရာ မှ သူ့အရေးကိုမမီဘူးလို့ပဲ စံတင်ထားခဲ့တယ်လေ၊ သူ့စာ တွေဖတ်ပြီး သူ့ကိုချစ်လာတယ်၊ ဇာတ်ကောင်အပြောကောင်း တာဟာ ဇာတ်ကောင်ကိုဖန်တီးသူက အပြောကောင်းလို့ပဲ လို့ စွဲထင်ခဲ့တာပေါ့၊ သူနဲ့အတူနေပြီး သူ့အပြော သူ့ စကားလုံး နုနုလှလှလေးတွေကို နားထောင်နေရရင်ဆိုတဲ့ စိတ်ကူးယဉ်ခဲ့ရာက သူနဲ့စာချင်းဆက်သွယ်ဖြစ်ခဲ့တာပဲ"

"ကိုယ့်မှာ ဝေ့လိုစာပြန်နေတဲ့ အချစ်ကလေးတွေအများ ကြီးရှိမှာပဲနော်" လို့ မေးလိုက်တော့.... 'ဝေထင်သလိုများ ပါတယ်တဲ့၊ ဒါပေမယ့် ဝေလောက်တော့ မစိတ်ဝင်စားဘူး တဲ့၊ နေရာလဲ မပေးချင်ဘူး၊ ဝေ့လောက်လဲ အလေးအနက် မထားဘူး၊ ကိုယ့်အသည်းတံခါးကို ဝေနဲ့ကျမှ ဖွင့်ရတော့ မယ်လို့ ထင်တယ်" တဲ့။

"ကဲ....မမမာ၊ ဝေ ဘယ်လိုခံစားရမလဲ၊ နောက် သူ ဝေဝေတို့မြို့ကိုရောက်လာတယ်၊ တွေ့ကြတယ်၊ ချစ်ကြတယ်၊ သူ့နောက်လိုက်ခဲ့တယ်၊ ယုံမိပြီကိုး၊ ရန်ကုန်ရောက်တော့ သူ့ သူငယ်ချင်းတစ်ယောက်အိမ်မှာ ဝေဝေကိုထားတယ်၊ ဝေဝေ ကလဲ သူ့မျက်နှာလေးကိုမြင်နေရရင် သူပြောတာလေးတွေကို နားထောင်နေရရင် ကျေနပ်နေတာကိုး၊ နောက်တော့ သူ့

မှာ ကလေးနှစ်ယောက်နဲ့ မယားကြီးအပြင် ဝေဝေလို ဟိုထား သည်ထား ထားတွေကလဲ အများကြီးရှိနေတယ်ဆိုတာ သိရတော့ ဝေဝေ့အခြေအနေက ပျက်အစဉ်ပြင်ခဏလုပ်လို့မရတဲ့ အနေအထားကိုရောက်နေပြီလေ၊ သူလဲ အလာကျဲသွားပြီ၊ ဝေဝေမှာ သူများမျက်နှာကြည့်ပြီး ထမင်းစားရတဲ့ ဘဝကို ရောက်ခဲ့ရတယ်လေ၊ အိမ်ကိုပြန်ဖို့ဆိုတာလဲ မဖြစ်တော့ဘူး၊ ဒီမှာတင် ဘဝကို လေပွေမှ လိုက်တော့တာပဲ”

တုတ် မဟုဘ်တော့မသိ၊ ဝေဝေပြောတာနားထောင်ပြီး ရင်ထဲမှာ နှင့်ခနဲဖြစ်သွားရသည်။

မိန်းမချင်းပေကိုး။

ခံစားချက်ကလည်း တူသယောင်ယောင်ရှိသည်။ ဒါပေသိ ဝေဝေမှိုင်နေတာတို့၊ စိတ်ညစ်နေတာကို မတွေ့ဖူးတော့ သူ့ကိုကြည့်ပြီး စိတ်လန်းခဲ့ရသည်။

ဝေပေက သူ့ဘဝရွှေ့ရေးကို မတွေးလေသလားမသိ၊ ပျော်ပျော်ရွှင်ရွှင်နေခဲ့သည်၊

* * *

“ကားနဲ့ အရွက်ကြီးကြီးပါရင် လာခဲ့၊ အရွက်သေးသေးလေးနဲ့ ဟိုလျှောက် ဒီလျှောက် လျှောက်ရတာမျိုးဆို တုနီတော့ဆွမ်းပဲ”

သည်သို့ဆိုခဲ့သော မေခင်ကျတော့တစ်မျိုး။



ဧပြားမလေး မေခင်မှာ နှာတံပေါ်သက်၊ မျက်လုံးလှသည်၊ အသားဖြူသည်၊ ကိုယ်လုံးကိုယ်ပေါက်မှာ ပါးပါးလျားလျား ငါးရံ့ကိုယ်၊ မေခင် ဘဝပေးအခြေအနေအရ ဒီလောကထဲကို ခြေကျွံလာသူမဟုတ်၊ ပျော်လို့တူဆိုရမည်မျိုး။

ကပွဲတက်နေရလျှင် မေခင် ပျော်သည်။

ဒရိုင်းဂျင်လေးသောက်ပြီး က ရမည်ဆိုရင် လာခဲ့၊ မေခင်လိုက်သည်၊ မေခင်ကိုခေါ်ရင် စမယ်ရှယ် ကျွေးနိုင်ရမည်၊ ဝယ်ခြမ်းပေးနိုင်ရမည်၊

ဒါကြောင့်လည်း မေခင်က အရွက်သေးလွေးဆိုရင် ကန်တော့ဆွမ်းလုပ်ပစ်သည်။

မေခင်က ပွင့်လင်းသည်၊ သဘောကောင်းသည်၊ ဘဝကို ရေစုန်မျှ လိုက်ရမလား၊ ရေဆန် တက်ရမလား၊ မေခင်က ပြုံးပြုံးပဲ၊ မေခင်တို့များ အက ဘယ်လောက်ဝါသနာပါသလဲဆို ထောင်ထဲရောက်နေတာတောင် က တုန်း၊ ထောင်ထဲရောက်မှ ဝေဝေကို အက သင်ပေးပြီး နေ့တိုင်း တစ်ချီနှစ်ချီတော့ ဒန့်(စ်)ကြသည်၊ တီးလုံးမပါဘဲ အက သက်သက် ကကြသည်၊ မည်သို့ပင်ရှိစေ အချိန်ကုန်ခဲလှသည့် ထောင်ထဲတွင် သူတို့ ဒန့်(စ်)ကကြည့်လို့ကောင်းသည်၊

ဝေဝေနှင့် သူကအတွဲ၊

သည်တစ်ခါအပြင်ရောက်ရင် ဘာလုပ်လုပ် ရှယ်ယာဆိုပြီး သဘောတူညီမှုရထားကြသည်၊

ဘဝခရီးကိုလျှောက်ရာတွင် ခေါင်လိုက်ကျတျ ပြားလိုက်ကျကျ ပျော်ပျော်ပါးပါး အပြုံးအရယ်မပျက် နေနိုင်ကြသူများကြောင့် အတူနေကြသူများသည်း ပြုံးနိုင် ရယ်နိုင်ကြသည်။

အပြင်မှာရှိနေသည့် လင်တစ်ယောက်အတွက် အမြဲတမ်း ပူပွင်နေသာကရောက်ပြီး တမှိုင်မှိုင်တတွေတွေနှင့် ဖျာလိပ်နတ်မေးရ၊ မနဲလေးပင့်ခိုင်းရနှင့် ဗျာများနေသူ မရှုတီတို့လို အမျိုးသမီးချည်းသာရှိမည်ဆိုလျှင် ခက်ရချည်ရဲ့။ စိတ်ဓာတ်တွေကျပြီးရင်း ကျရင်းသာဖြစ်တော့မည် မဟုတ်ပါလား။

* * *

နုနုအေးကျတော့ တစ်မျိုး။

နာမည်နှင့်လိုက်အောင် နုနုအေးအေးလေး နေတတ်သူ၊ စကားသိပ်မပြော၊ ဘယ်သူဘာပြောပြောပြုံးပြီးနားထောင်နေတတ်သူ နုနုအေးမှာ အသားညိုပေမယ့် မျက်နှာကျကဝိုင်းဝိုင်းတိတိ ကြည့်လှသည်။

ယောကျ်ားက အထက်တန်းစာရေး။

နုနုအေး မိဘက အိုးပိုင်အိမ်ပိုင်နှင့် ချောင်ချောင်လည်လည်ရှိသမို့ သူတို့လင်မယားမှာ မိဘများအိမ်မှာပင်နေကြသည်။

ကလေးမရှိ ဘာမရှိ၊ လင်ကိုယ်မယား တစ်စုံတွဲမှာ လောကကြီး၏ ပျော်စရာ အကောင်းဆုံး အချိန်များကို ရွေ



လက်တွဲပြီး အစွမ်းကုန်ပျော်ရမည့်အစား မယ်နှင့်မောင်ကြားမှာ အုတ်ရိုးကြီး ကန့်လန့်ခံနေသည်။

နုနုအေးယောကျ်ား ရုံးတက်သွားရင် မနက်တစ်ခေါက် ညနေတစ်ခေါက် ဆောင်ကြီးရှေ့ကဖြတ်သွားရသည်၊နုနုအေးယောကျ်ား ကိုအောင်သန်းမှာ ဆောင်ကြီးနားရောက်တိုင်း ခေါင်းလည်ပြီး ချစ်ဇနီးရှိသည့်နေရာကို ကြည့်ရစမြဲ၊

အုတ်ရိုးကြီး၊ကိုသာ တွေ့ရမည်မှန်းသိပါလျက် မကြည့်မိသော နေ့ဟူ၍ မရှိပေ။

နုနုအေးအမှုက ခိုးမှု၊

သည်လိုမိန်းကလေးတစ်ယောက်က ခိုးမှု ကျူးလွန်ခဲ့ပါသည်ဟု ဆိုခဲ့သော် ဟုတ်မှဟုတ်ပါ့မလားဆိုသော သံသယဝင်မိလိမ့်မည်သာ။

တကယ်တော့ နုနုအေးသည်က ပစ္စည်းကိုလိုချင်တပ်မက်မှုထက် အကျင့်ကြောင့်ဟု ဆိုရမည်။ စိတ်ပညာ စာပေလောဆရာတို့ ရှုထောင့်အမြင်အရဆိုလျှင် စိတ်ဖောက်ပြန်ရောဂါတစ်မျိုးဟု ဆိုလိမ့်မည် ထင်သည်။

သူများအိမ် အလည်သွားတိုင်း အဖိုးမတန်သည့် ဇွန်းကလေး တစ်ချောင်းကအစ ခိုးယူလာရမှ နေသာထိုင်သာရှိသည်။ ငယ်စဉ် ကျောင်းနေတုန်းကသည်း ခဲတံ၊ ခဲဖျက်တို့ကို နေ့တိုင်း ခိုးလာလေ့ရှိသည်၊ အိမ်ထောင်ကျသွားကျ၍ တင့်တောင့်တင့်တယ် နေရသည့်တိုင် သည်အကျင့်က မပျောက်။

ခုဖြစ်ခဲ့သည့် ခိုးမှုက စိန်ကျယ်သီးခိုးမှု၊ သည်တစ်ကြိမ်ပဲ ထောင်ထဲရောက်ဖူးသည်။ အသိအိမ်က ပစ္စည်းခိုးယူခဲ့ခြင်းဖြစ်သော်လည်း တစ်ဖက်က မညှာမတာ တိုင်ချက်ဖွင့်ခဲ့သော ကြောင့် ပုဒ်မ-၃၇၉ နှင့် ထောင်ထဲရောက်ခဲ့ရသည်။

နုနုအေးလည်း ခုတစ်ပတ်ရုံးထွက်တွင် အာမခံရမည်။

နုနုအေးယောကျ်ား ကိုအောင်သန်းမှာလည်း အခက်။ အကျည်းမတန်သော်လည်း အကျင့်တန်သူဇနီး မယားကြောင့် ခဏခဏ မျက်နှာပျက်နေရသည်။

နုနုအေး၏ ရောဂါကို ကုပေးနိုင်သူများရှိခဲ့ချင် ဘယ်လောက်ကောင်းလေမလဲ။

ဒါက အေးမာအတွေး။

* * *

မိန်းမထောင်ထဲက တစ်ဦးတည်းသော နတ်ကတော်ကြီး ဒေါ်မြသိန်းကိုလည်း တိုးတိုးတိတ်တိတ် နှစ်ကိုယ်ကြား မေးကြည့်ရသည်။

နတ်ဝင်သည်ဆိုတာ ဘယ်လိုပါလိမ့်။

"ဒေါ်ဒေါ်က ပင့်ချင်တဲ့နတ်ကို ပင့်လို့ရတာပေါ့နော်"

"ရတာပေါ့ တူမရဲ့"

"ဒါဖြင့် ဒေါ်ဒေါ်ခေါ်တိုင်း သူတို့က လာရတာဆိုတော့ ဒေါ်ဒေါ်က သူတို့ထက်ပိုပြီး အာဏာထက်တာပေါ့"

"ဒီလိုမပြောရဘူးလေ တူမရဲ့၊ ပင့်လို့ အကြွရောက်လာတာ"



"ပင့်တဲ့နတ်ဝင်လာပြီဆိုတာကို ဒေါ်ဒေါ်တို့ ဘယ်လိုလုပ်သိသလဲ"

"ကိုယ်တစ်ကိုယ်လုံး လေးလာတာပေါ့"

"ဘယ်သူဝင်လာတယ် ဆိုတာကကော"

"ဒါတော့ ကိုယ်ပင့်တဲ့ ပုဂ္ဂိုလ်ပဲ ဝင်တာပေါ့"

"ဘယ်လောက်ကြာအောင် ပင့်ရသလဲ"

"ဒေါ်ဒေါ်တို့က ပင့်နေကျဆိုတော့ ခဏပဲ တူမရေ"

"နတ်တွေကလဲ အဝေးကြီးရောက်နေပေမယ့် ချက်ချင်းသိတာပေါ့နော်"

"သိတာပေါ့"

"နတ်ဝင်လာတော့ ဒေါ်ဒေါ် လူစိတ် ပျောက်သွားကောလား"

"မပျောက်ပါဘူး"

"သတိတွေ ဘာတွေကော မေ့မသွားဘူးလား"

"မမေ့ပါဘူး"

"ဒါဖြင့် နတ်ကတော်ပြောတာတွေ ဒေါ်ဒေါ် အကုန်လုံး သိနေတာပေါ့"

"သိတယ်လေ"

"ဟင်....တစ်မျိုးကြီးပဲနော်"

"ဘာဖြစ်လို့လဲ တူမရဲ့"

"ဒေါ်ဒေါ်တို့စိတ်မှ မပျောက်ဘဲဟာ"

"ဒေါ်ဒေါ်တို့က ကိုယ်စားပဲဟာ အာဏာပေးထားတာပေါ့"

"ကျွန်မပင့်ရင်ကော ရမလား"

"ဘယ်ရမလဲ တူမရဲ့"

"မဝင်တဲ့အခါမျိုးကျတော့ ဘယ်လိုလုပ်မလဲ"

ဒေါ်မြသိန်းက မဖြေ၊ တဟဲဟဲ လုပ်နေသည်။

"နတ်တွေက ထောင်ထဲကို ကြွရတာ ပိုင်ပင်ပန်းမှာပေါ့နော်"

"အပြင်မှာလိုပဲပေါ့ တူမကြီးရဲ့"

"ဒါ ဒေါ်ကြူလဲ အကျိုတ်ရိုးက အမြင့်ကြီးဟာ"

"သူတို့ကျခတစ် ရတာပေါ့ တူမရဲ့"

"ဒေါ်ဒေါ် အမှုကျတော့ ဘာပြောသလဲ"

"သမီးတော်လွှတ်ချယ်လို့ အမိန့်ချထားတယ်"

"ချက်ချင်းလွှတ်အောင် လုပ်ပေးဖို့ ဒေါ်ဒေါ်က မပြောဘူးလား"

"တူမအလဲနော်"

ဒေါ်မြသိန်းက သည်သို့ပြောပြီး ထသွားသည်။

အိပ်မရသေးသည့် အေးမာ၏ အတွေးစဉ်ထဲမှာ ဟိုအကြောင်း သည်အကြောင်းတွေ အဆက်အစပ်မရှိ ပေါ်လာသည်။

အေးမာက မှတ်ချက်ချလိုက်သည်။

နတ်တွေလည်း သနားစရာ ထောင်ထဲကိုတောင် ကြွနေရပါပေါ့လားတူး

* * *



**မောင်ညိုယဉ်**

သည်နေ့ အိမ်ကထောင်ဝင်စာလာမည်မို့ စောစော ရေချိုးပြီး အဝတ်အစား လဲထားလိုက်သည်။

ရုံးထွက်သွားရမည့် ဒေါ်မြမြင့်ခိုင်လည်း အဆင်သင့် လုပ်ထားသည်။

အေးမာက သူ ဒေါ်မြသိန်းကို တိုးတိုးတိတ်တိတ် မေးခဲ့သည့်အကြောင်း၊ ရေချိုးသွားရင်း ဒေါ်မြမြင့်ခိုင်ကို ပြောပြခဲ့ရာ ဒေါ်မြမြင့်ခိုင်က အားရပါးရကြီး ရယ်မောပြီး ဒေါ်မြသိန်းတို့လို ပညာမဲ့သူများ မဆိုထားဘိ ပညာတတ်ဆိုသူများပင် ကိုးကွယ်မှုပိုင်းတွင် ယောင်ဝါးဝါး ရှိနေပုံများကို ပြန်လည် ပြောပြခဲ့၏။

ထောင်ဝင်စာခေါ်သည့် ဗဗရာရောက်လာသည်။ ရုံးထွက်သွားရမည့် ဒေါ်မြမြင့်ခိုင်ကိုပါ တစ်ပါတည်း ခေါ်လာသဖြင့် ဝါဒါမကြီးနှင့်အတူတူ ဘူးကြီးသို့ ထွက်ခဲ့ကြသည်။ အပြင်က ထောင်ဝင်စာတွေ့မည့်လူများ ဝင်မလာခင် အထဲကလူများက အဆင်သင့် စောင့်နေရသည်။

ထောင်ဝင်စာ တွေ့မည့် လူများ ဝင်လာကြသောအခါ ဒါတိုင်း လာနေကျ ဒေါ်စိန်ညွန့်နှင့် မလေးသီတို့ မလာ။ မောင်ညိုယဉ် တစ်ယောက်တည်း ရောက်လာသည်။ အိမ်က ပေးလိုက်သည့် ပစ္စည်းများကိုလည်း သယ်ပိုးလာသည်။

"မာ နေကောင်းတယ်နော်"

"ကောင်းပါတယ် ကိုညိုယဉ်၊ မေမေတို့ မလာကြဘူး နော်"

"ရုံးထွက်နေ့ကျမှပဲ လာလိမ့်မယ် မာ၊ အာမခံရဖို့လဲ သေချာတယ်တဲ့"

"ကိုညိုယဉ်ကော နေကောင်းရဲ့လား"

"ကောင်းပါ့မျာ၊ ရာထူးလဲ တက်ပြီလေ"

"ကွန်ဂရက်ကျူလေးရှင်းပေါ့၊ ဝမ်းသာစရာ သတင်းကို ယူလာတဲ့အတွက် ကိုညိုယဉ်ကို ကျေးဇူးတင်ပါတယ်လို့"

"ဒီနေ့ ကိုညိုယဉ်လာတာ အကြောင်းရှိလို့ပါ မာ၊ မာ့ကို ပြောချင်တာတွေ လွတ်လွတ်လပ်လပ် ပြောရအောင်လို့ပါ"

"နိဒါန်းအရှည်ကြီး ချီမနေနဲ့ ကိုညိုယဉ်၊ အချိန်စေ့သွားလိမ့်မယ်"

"ကိုညိုယဉ် စောင့်ခဲ့ရတဲ့ အချိန်အတိုင်းအတာဟာ ရှည်လျားလွန်းလှပါပြီ မာ၊ မျှော်လင့်ခြင်းရဲ့ ဆင်းရဲသူအဖြစ်က မျှော်လင့်ခြင်းရဲ့ ချမ်းသာသူအဖြစ် မေတ္တာလွှင်ပြင်မှာ တွဲလျှောက်ရသူ ဖြစ်ရပါစေလို့"

အေးမာက ပြုံးနေသည်။

"အေးမာအပေါ် ခွင့်လွှတ်နိုင်တုန်းပဲလား ကိုညိုယဉ်"

"မေတ္တာဆိုတာ ခွင့်လွှတ်ခြင်းရဲ့ သင်္ကေတပါ မာ"

"ကိုညိုယဉ်ရဲ့ သန့်စင်တဲ့မေတ္တာကို အေးမာ အများကြီး တန်ဖိုးထားပါတယ်၊ အမှုပြီးမှပဲ စဉ်းစားကြပါစို့လား ကိုညိုယဉ်"

"မျှော်လင့်ခြင်းရဲ့ ချမ်းသာသူ အဖြစ်ပေါ့နော်"



"အေးမာ ပွင့်ပွင့်လင်းလင်းပဲ ပြောပါရစေ၊ မုန့်အပဲ့ကြီး ပေးရမှာ အေးမာ ဝန်လေးနေပါတယ်"

"ကျွန်တော် လိုချင်တာက နှလုံးသားရဲ့ မေတ္တာပါ"

"ခိုင်ကျည်တဲ့ ကတိတော့ မပေးပါရစေနဲ့ ကိုညိုယဉ်၊ မျှော်လင့်ခြင်းရဲ့ ချမ်းသာသူတော့ ဖြစ်ရပါစေမယ်လို့"

"ကျွန်တော် မုန့်မရပေမယ့် မုန့်ပြထားတာကို တွေ့နေရတဲ့ ကလေးလို ဝမ်းသာရပါပြီလေ"

အေးမာ၏ အပြုံးမှာ ပျားရည်ဆမ်းသော အပြုံး၊ မေတ္တာလွှင်ပြင်ကို ဖြတ်သန်းရမည့် လမ်းကြောင်းမှာ ရေးရေးပျပျ ပေါ်လွင်ပါလေပြီ။

ကိုညိုယဉ်လည်း အပြုံးဆောင်ပြီး ပြန်သွားခဲ့သည်။ အတွေးစဉ်က ထွေးတစ်ပိုက်နှင့် ကျန်ရစ်ခဲ့ရသူမှာ အေးမာ။

## အခန်း (နှစ်ဆယ့်ခြောက်)

ထောင်ဝင်စာမှအပြန် အိပ်ဆောင်သို့အဝင်တွင် ခါတိုင်းလို စီစီညံညံအသံများ မကြားရဘဲ တူးထူးခြားခြား တိတ်ဆိတ်ငြိမ်သက်နေသည်။

အိပ်ဆောင်အဝင်မှာ အထဲကို လှမ်းကြည့်လိုက်တော့ မြင်ရပြီ၊ အလုပ်ဖြစ်နေကြသည်။

ဒေါ်မြသိန်းရှေ့မှာ မရှုတီက လက်အုပ်ချီပြီး ကျုံ့ကျုံ့လေး ထိုင်နေသည်။ အဆောင်ထဲတွင် ရှိသမျှအားလုံး ထိုနေရာတွင် ဝိုင်းစုနေကြသည်။ ပါလာသည့် အထုပ်အပိုးများချပြီး အေးမာလည်း သူတို့အနား ရောက်သွားသည်။

မရှုတီက တစ္ဆေကြီးနတ် ပင့်ခိုင်းသတဲ့။

ဒေါ်မြသိန်းက မဖြစ်နိုင်ဘူးလို့မငြင်း၊ သူတို့ ပိုင်ရာဆိုင်ရာ သုံးဆယ့်နှစ်မင်းနတ်ကိုသာမက မဆိုင်ရာနတ်ကိုလည်း ပင့်ပေးသည်။



အေးမာ စိတ်ဝင်စားသွားရသည်။

တရုတ်တစ္ဆေကြီး နတ်ဝင်သည်ဆိုတော့ တရုတ်လိုပဲ ပြောလိမ့်မည်ထင်သဖြင့် စိတ်ဝင်စားပြီး အခြေအနေကို အကဲခတ်ကြည့်နေခဲ့ရာ ဒေါ်မြသိန်းက တရုတ်လိုမပြောဘဲ မြန်မာလိုချည်း ပြောသည်၊ တစ်ခုတော့ ထူးသည်။ ဒေါ်မြသိန်းအာ တင်ပျဉ်ခွေကြီးထိုင်လို့ စာင်းထဒ၊လိုက်သည့် မျက်နှာထားကြီးအလည်း၊ ကြောက်စရာ လန့်စရာကြီး။ ဒေါ်ကလည်း ထန့်ပါပေ့။ မရှုတီကို ကြိမ်းလိုက် မောင်းလိုက်တာ ရစရာမရှိ၊ မရှုတီခမျာ ကြောက်လွန်းအားကြီးလို့ အသားတွေ တဆတ်ဆတ်တုန်နေရှာသည်။

ဒေါ်မြသိန်း အစွမ်းက ဒါလောက် ထက်တာ၊ တရုတ်တစ္ဆေကြီးကိုလည်း ရအောင် ပင့်တာပဲ၊ ယုံတဲ့သူကလည်း မျက်စိမှိတ် ယုံတာကိုး။

ဘုန်းကြီးရှူးနဲ့ လှလှ စကားပုံလိုသာပ။

အေးမာက သူတို့ကိစ္စကို ဆုံးအောင်ကြည့်မနေနိုင်၊ သူ့မှာ စဉ်းစားရမည့် ပြဿနာနှစ်ခု ရှိနေသည်။ အာမခံပြီးလျှင် အိမ်ကို ချက်ချင်း လိုက်နေလို့ ကောင်းပါ့မလား။ သူ့အတွက် မိခင်ကြီးနဲ့ အစ်မများ မျက်နှာအထားရ ခက်နေမလား။ စိတ်အနှောင့်အယှက် ဖြစ်နေမလား။ အမှုပြီးပြတ်မှပဲ အိမ်ပြန်နေရင် ကောင်းမလား။ နောက်တစ်ခုက ကိုညိုယဉ် ပြဿနာ။ ကိုညိုယဉ် သူ့အပေါ်ထားသည့် မေတ္တာမှာ သန့်စင်လွန်းပြီး ထူးထူးကဲကဲ စွဲစွဲပိုးပိုး ရှိလှသည်မို့ မေတ္တာတုံ့ပြန်ရမည်ကို လိပ်ပြာမသန့် ဖြစ်နေသည်။

အေးမာ အဆုံးဖြတ်ရခက်နေသည်။

ဒေါ်မြမြင့်ခိုင် ပြန်ရောက်လာတော့မှ သူ့ပြဿနာကို တင်ပြရသည်။

ဒေါ်မြမြင့်ခိုင်က အိမ်ကို ပြန်နှိနေသဖြင့်သည်။ မောင်ညိုယဉ်ပြဿနာကို အမိနှင့် အစ်မများ အဆုံးအဖြတ်အရ လုပ်သင့်ကြောင်း အကြံပေးခဲ့သည်။

* * *

**ရုံးထွက်ရမည့်နေ့....**

အကယ်၍များ အာမခံရခဲ့လျှင် သူပိုင် အဝတ်အစားများနှင့် အသုံးအဆောင်ပစ္စည်းများကို ဘယ်သူတွေ ဝေခြမ်းပေးဖို့ စာရင်းလုပ်ပြီး ဒေါ်မြမြင့်ခိုင်ကို အပ်နှံထားလိုက်သည်။

ရုံးထွက် ဝတ်ဆင်ရန် အေးမာ အကြိုက်ဆုံးကို ရွေးလိုက်သည်။

သန့်စင်သော အဖြူနှင့် တည်ငြိမ်သော အပြာ။

အယူခံ ပယ်ချခံရမလားဆိုသော စိုးရိမ်စိတ်ကြောင့်လားမသိ။ ခါတိုင်းရုံးထွက်နှင့်မတူ၊ စိတ်ထဲတွင် ပို၍ လှုပ်ရှားနေသည်။ အားလုံးက အေးမာကို ဝိုင်းပြီး နှုတ်ဆက်ကြရာ နက်ကြူတ်မက နှုတ်ဆက်စကားနှင့်အတူ တောင်းပန်စကား ဆိုခဲ့သမို့ နက်ကြူတ်မ၏ ပခုံးလေးနှစ်ဖက်ကိုကိုင်ပြီး ခွင့်လွှတ်ကြောင်း ဆိုခဲ့ရသေးသည်။



ဒေါ်မြမြင့်ခိုင်၊ ဝေဝေနှင့် မေခင်တို့က အဆောင်အထွက်အပေါက်ဝအထိ လိုက်ပို့ကြသည်။ အေးမာကလည်း သုံးယောက်စလုံးကို လိုက်လှိုက်လှဲလှဲ ဖက်လဲတကင်း တုံ့ပြန်နှုတ်ဆက်လိုက်၏။

ဒေါ်မြမြင့်ခိုင်ထံမှ မမျှော်လင့်သော မှာတမ်းလေးမှာ အေးမာ၏ နားထဲတွင် စွဲသင်သွားစေခဲ့သည်။ နိုင်ငံရေးသမား ဒေါ်မြမြင့်ခိုင်၏ နောက်ဆုံးမှာတမ်းမှာ ထူးထူးဆန်းဆန်း တရားသံပါလာသည်။

"ညီမရေ...ဘဝဆိုတာ ပန်းလိုပဲကွယ့်၊ ဖူးရာကပွင့်၊ ပွင့်ပြီးရင် နွမ်း၊ နွမ်းပြီးတော့ ကြွေတာပဲ၊ လူ့ဘဝဟာလဲ သန္ဓေတည်ရာက မွေး၊ မွေးပြီးရင် အို အိုပြီးရင် သေတာပဲ၊ ဖူး၊ ပွင့်၊ နွမ်း၊ ကြွေ ဆိုတာ ဖြစ်မြဲဓမ္မတာပဲ၊ ဒါပေမယ့် အပင်မှာ ရှရှလေးဖူးပြီး လှလှပပလေးပွင့်နေတာကို ဆုပ်ချေခြင်းမခံရဘဲ သူ့ဟာသူနွမ်းပြီး ကြွေတာဟာ အကောင်းဆုံးပေါ့ ညီမရယ်"

မြူတိမ်ကင်းသော နေမင်း၏အလှမှာမူ တောက်ပနေသည်။ အေးမာရင်ထဲမှာ အုံ့တနွေးနွေး။

ရုံးသို့ရောက်ပြီ။

မေမေ၊ မလေးသီနှင့် ကိုညိုယဉ်တို့ ရောက်နေကြသည်။ ဦးသည်အောင်မှာမူ ရောက်မလာသေး။ သည်နေ့ အားလုံး၏မျက်နှာတွင် အပြုံးဝင့်နေသည်။ တရားသူကြီး တရားခွင်ပေါ်သို့ တက်မလာခင် ဟိုအကြောင်းပြော သည်အကြောင်းပြောကြသည်မှာ စုံရော။

ဦးရည်အောင် ရောက်လာသည်။ ဦးရည်အောင် ရောက်လာပြီး မကြာမီ တရားသူကြီးလည်း တရားခွင်ပေါ် တက်လာသည်။

အာမခံပေးသည့်အကြောင်း အမိန့်ချမှတ်လိုက်သည်။

အားလုံး အပြုံးရိပ်များဝေဖြာလျက်။

ပို၍အပြုံးဝင့်ဖြာရသူက အေးမာ။

အာမခံအမိန့်နှင့်အတူ အေးမာ ထောင်သို့ ပြန်သွားရသည်။ သူ၏ပစ္စည်းများကို ယူစရာမလိုသော်လည်း ဒေါ်မြမြင့်ခိုင်နှင့် ဝေဝေတို့ကို တွေ့ချင်သေးသောကြောင့် အဆောင်ကို သွားခဲ့သည်။

အားလုံး တပျော်တပါးကြီး ဆူညံသွားသည်။ ထောင်ထဲတွင် နေကြရသူများမှာ တစ်ဦးတစ်ယောက် ထောင်ထဲက ထွက်ရတော့မည်ဆိုလျှင် ကိုယ်ကိုယ်တိုင် ထွက်ရဘိသို့ ဝမ်းသာအယ်လဲ ရှိကြ၏။

ဒေါ်မြမြင့်ခိုင် ဆန္ဒအရ အေးမာက သူပိုင်ပစ္စည်းများကို သူ့လက်နှင့် ကိုယ်တိုင်ဝေခြမ်းပေးခဲ့ရာ အသက်ငယ်သူများထံမှ ကျေးဇူးတင်အပြုံးနှင့် အသက်ကြီးသူများထံမှ ပေးဝေခဲ့သည့် ဆုတောင်းသံမှာ အေးမာ၏ တစ်ကိုယ်လုံးကို ရေခဲရေနှင့် လောင်းချလိုက်ဘိသို့ အေးအေးမြမြကြီး ခံစားလိုက်ရ၏။

ထောင်မှအထွက်တွင် အေးမာ၏မျက်နှာ ဘယ်လိုရှိလိမ့်မည်ကို ဖော်ပြရန် လိုအံ့မထင်။

မေမေ၏ဆန္ဒအရ အိမ်သို့လိုက်ခဲ့ရသည်။



အေးမာ၏ အနေအထိုင် အပြောအဆို လှုပ်ရှားဟန်များမှာ မှောက်ထားသော လက်ဝါးကို လှန်လိုက်ဘိသို့ရှိချေ၏။

ဥပုသ်ရက်ရှည် စောင့်သည်။

လက်နှင့် ပုတီးလုံးကလေးများမှာ စားချိန်နှင့် အိပ်ချိန်မှလွဲ၍ ထိတွေ့မှုမပြတ်။

မေမေ့ကို တရားစာအုပ်များ ဖတ်ပြသည်။ ခြေဆုပ်လက်နယ် ပြုသည်။

ရုံးထွက်နေ့နှင့် မဟာစည်ရိပ်သာသို့ သွားသောနေ့များမှလွဲ၍ အပြင်သို့လုံးဝမထွက်။ မလေးသီနှင့် ကိုညိုယဉ်တို့ နှစ်ယောက်မှလွဲ၍ တခြားလူများနှင့် လုံးဝစကားမပြော။ သိမ်မွေ့သော ဣန္ဒြေနှင့် အေးအေးမြမြ နေထိုင်ခဲ့သည်။

ကိုညိုယဉ် မန္တလေးသို့ အလုပ်ပြောင်းရတော့မည်။

ကိုညိုယဉ်က ဒေါ်စိန်ညွန့်ကို လက်ဆယ်ဖြာ ရင်မှာတင်၍ ခွင့်ပန်စကား ဆိုခဲ့သည်။

ဒေါ်စိန်ညွန့်က မငြင်း။ သမီးသဘောတူ အဖြေစကား ပေးခဲ့သည်။

အေးမာက အမှုပြီးသည်နှင့် ယတိပြတ်အဖြေပေးပါမည်။ မျှော်လင့်ခြင်း၏ ချမ်းသာသူ ဖြစ်ပါစေမည်ဟု ကတိပေးလိုက်သည်။

အေးမာ မဟာစည်တရားရိပ်သာသို့ အသွားစိပ်လာသည်။ အမှုပြီးပြီးချင်း ရက်ရှည်တရားဝင်မည်ဟု မေမေ့ကို ဖွင့်ပြောခဲ့သည်။

သုံးလ။

အပြင်မှာနေသည့်သုံးလအချိန်တာမှာ ဘာမှမကြားလိုက်။ မနေ့တစ်နေ့ကသို့ပင်ရှိချေ၏။

*　　*　　*

အမိန့်ချမှတ်မည့်ရုံးချိန်း၊

စီရင်ချက် အဖြေမှာ မည်သို့ရှိမည်ကို မသိသော်လည်း အေးမာမှာမူ စိတ်လှုပ်ရှားမှုမရှိတော့၊ တည်တည်ငြိမ်ငြိမ်ပင် ရှိနေသည်။

တရားခွင်ပေါ်သို့ တရားသူကြီးမင်း တက်လာသည်၊

စီရင်ချက်ကို ဖတ်ကြားနေသည့် တရားသူကြီး၏ အသံမှာ တည်ငြိမ်သည်။ မျက်လုံးအစုံမှာ စားပွဲပေါ်ရှိ စာရွက်ပေါ်မှာသာ စူးစိုက်ကျက်ရှိနေသည်။

"တရားလိုဘက်မှ တရားခံအပေါ် စွပ်စွဲချက်မှာ တိကျခိုင်မာမှု မရှိကြောင်း အမှုအကြောင်းအရာနှင့် စပ်လျဉ်း၍ တရားလိုပြ သက်သေများမှာ တစ်ခုနှင့် တစ်ခု အချိတ်အဆက်မမိဘဲ ရှိနေသော ဟာကွက် များကို တွေ့ခဲ့ရသည်၊ ပြင်ပမှာ အမှုမှန်သည် မမှန် သည်ကို အခြေခံ စဉ်းစားရမည်ထက် ရုံးတော်ရှေ့ မှောက်တွင် ထွက်ဆိုခဲ့သည့် ထွက်ဆိုချက်ပေါ်မူတည်၍ ထိုထိုသော သက်သေခံ ထွက်ဆိုချက်များမှာ ဒွိဟ ကင်းသော သံသယဖြစ်ပေါ်စေသည့် အချက်အလက် များ ရှိလာလျှင် ဒွိဟကင်းသော ယင်းသံသယအကျိုး ကို တရားခံဖြစ်သူအား ခံစားခွင့်ပေးရပေမည်၊



အမှုတစ်ခုကို စစ်ဆေးပြီးသည့်အခါ ကောက်ချက် နှစ်မျိုးထုတ်ယူနိုင်သောဒွိဟသံသယကင်းသောအချက် များ ရှိလာလျှင် တရားခံဘက်သို့ သက်ညှာခွင့်ပေး သင့်သည်ဟု ကျွန်ုပ်ယူဆသဖြင့် တရားခံဖြစ်သူ မအေး မာအား အမှုမှ အပြီးအပြတ် လွှတ်လိုက်ကြောင်း၊ ကျွန်ုပ်စီရင်ချက်ချလိုက်သည်။

ဦးရည်အောင် ပြုံးနေသည်၊

အေးမာ ပြုံးနေသည်။

အားလုံး ပြုံးနေသည်။

*　　*　　*

ဒေါ်စိန်ညွန့်က သမီးကို အမေးစကား ဆိုလာသည်၊

မောင်ညိုယဉ်နှင့်ကိစ္စ။

အေးမာပေးလာသည့်အဖြေမှာ ဒေါ်စိန်ညွန့်၏ မျက်လုံး နှစ်ဖက်ကို နဖူးထိပ်ဖျားရောက်အောင် ပင့်သက်သွားစေခဲ့ သည်၊

"ဖြစ်ပါ့မလား သမီးရယ်၊ စဉ်းစားပါဦး၊ ဖြစ်ရင်တော့ မေမေတာန့်ကွက်စရာ မရှိပါဘူး၊ စိတ်ကိုမနိုင်ရင် သမီးသာ"

"သမီးစိတ်ကိုနိုင်တဲ့အဆင့် ရောက်နေပါပြီ မေမေ"

ဒေါ်စိန်ညွန့်က ခေါင်းတညိတ်ညိတ်၊

မလေးသီက အေးမ၏ စိတ်ခေတ်ကိုသိသမို့ ဘာမှ မပြော၊ ဖြစ်နိုင်ရင် အကောင်းဆုံးဟူ အဆုံးအဖြတ် ပြုလိုက် သည်၊

●

## အခန်း (နှစ်ဆယ့်ခုနစ်)

မန္တလေး အမြန်အဆန် ရထားကြီး အထူးတန်းတွဲပေါ်တွင် ဒေါ်စိန်ညွန့် မလေးသီ အေးမာတို့ လိုက်ပါသွားကြသည်။

ကိုညိုယဉ်က မန္တလေး ဘူတာကြီးက စောင့်ကြိုနေမည်။

မန္တလေးရောက်ကြပြီ။ ကြိုဆိုနေသူ ကိုညိုယဉ်၏မျက်နှာပေါ်မှာ ဝင်းဝင်းလဲ့လဲ့ အပြုံးများ ဝေသီလျက်။

ညဉ့်ဘက်တွင် သူတို့ကိစ္စ ပြောကြဆိုကြသည်။

ဒေါ်စိန်ညွန့်က ပြောသည်။ မလေးသီက ပြောသည်။

အေးမာက မည်သို့မှမဆို။

ကိုညိုယဉ်က အေးမာမျက်နှာကိုသာ စိုက်ကြည့်နေသည်။

နောက်တစ်နေ့မနက် စစ်ကိုင်းတောင်ရိုးသို့ သွားသည်။ သည်ခရီးတွင် ကိုညိုယဉ်မပါ။



စိမ်းဖန့်သော ဦးပြည်းခေါင်းတုံး၊ သနပ်ခါးရောင် ခြုံထည်နှင့် ဆင်စွယ်နှစ်ပုတီးကို လက်မှာကိုင်ပြီး စက္ကူကြာခြံဆောင်ထားသည့် မအေးမာ၏ အမည်မှာ မခေမာဝတီ။

အသစ်ပေါက်ဖွားလာသော မခေမာဝတီ၊

အေးမာ မရှိပြီ၊

ပန်း၊ ဆိုတာ ဖူးရာမှပွင့်၊ ပွင့်ပြီးရင်နွမ်း၊ နွမ်းပြီးထော့ကြွေ၊

ဘဝဆိုတာလဲ သန္ဓေတည်ရာကမွေး မွေးပြီးရင်အို၊ အိုပြီးရင်သေ။

အပင်မှာ ရှုရှုလေးဖူးပြီး၊ လှလှလေးပွင့်နေတာကို ဆွတ်ချူခြင်းမခံရဘဲ သူ့ဟာသူနွမ်းပြီး သူ့ဟာသူ ကြွေတာဟာ အကောင်းဆုံးပါတည်း၊

## အခန်း (နှစ်ဆယ့်ရှစ်)

မိဘကျေးဇူးကို မဆပ်နိုင်သည့်တိုင် မိဘ၏ကျေးဇူးကို သိတတ်ရုံမျှနှင့် ကျေးဇူးဆပ်ဘိသို့ ရှိရချေ၏။

မိဘ၏ မေတ္တာကို မတုံ့ပြန်နိုင်သည့်တိုင် မိဘမေတ္တာကို တုံ့ပြန်ရမှန်း သိတတ်ရုံမျှနှင့် မေတ္တာတုံ့ပြန်ဘိသို့ ရှိရချေ၏။

မိဘကိုခြေဆုပ်လက်နယ်မပြုစုနိုင်သည့်တိုင်မိဘကို ခြေဆုပ်လက်နယ်ပြုစုဖို့ သတိရရုံနှင့် ခြေဆုပ်လက်နယ်ပြုဘိသို့ ရှိရချေ၏။

* * *

မခေမာဝတီမှ ဒေါ်ခေမာဝတီ။

ကိုညိုယဉ်မှ ဦးညိုယဉ် ဖြစ်လာသည့်တိုင် ဘဝနှစ်ခုမှာ မျဉ်းတစ်ကြောင်းတည်း ဆွဲလို့မရသေးပါလေ။

လူပျိုကြီး ဦးညိုယဉ်မှာ ဒေါ်ခေမာဝတီကို စောင့်မျှော်နေဆဲ ရှိလေမလား။

နားကြပ်ဦးစို့
မေတ္တာအထုအထည်ဖြင့်
**ကျော်မြသန်း**